၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၁၇) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက် ၊ ကြာသပတေး၊ (ဇူလိုင် ၅ ၊ ၂၀၁၂)



မြန်မာနိုင်ငံနှင့် နိုင်ငံတကာသို့ လေကြောင်းဆက်သွယ်မှုတွင် အများစုမှာ ထိုင်းနိုင်ငံမှ တစ်ဆင့်ခံပျံသန်းနေရသည်

# မြန်မာနိုင်ငံသို့ တိုက်ရိုက်ပျံသန်းရန် နိုင်ငံတကာလေကြောင်းလိုင်း ခုနစ်ခု ကမ်းလှမ်း

**အောင်သူရ**

**နေပြည်တော်၊ဇူလိုင်-၂**

လာမည့် ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံသို့ တိုက်ရိုက်ပျံသန်းရန် သက်ဆိုင်ရာနှင့် လာရောက်ညှိနှိုင်းမှုပြုလုပ်ထားသော နိုင်ငံတကာလေကြောင်းလိုင်း ခုနစ်လိုင်းအထိ ရှိကြောင်း သတင်းရရှိသည်။

ဂျပန်နိုင်ငံအခြေစိုက် ANA ၊ ကာတာနိုင်ငံ အခြေစိုက် Qatar ၊ ဂျာမနီအခြေစိုက် Condor ၊ ကိုရီးယားလေကြောင်း၊ ဟောင်ကောင် အခြေစိုက် PIA လေကြောင်း၊ ထိုင်ဝမ်အခြေစိုက် EVA လေကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်အခြေစိုက် Biman လေကြောင်းလိုင်းများဖြစ်သည်ဟု ပို့ဆောင်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်းကျော်က ပြောသည်။

"အများစုကတော့ ပျံဖြစ်မှာပါ။ မန္တလေးကို ပျံဖို့ တရားဝင်လျှောက်ထားတာတော့ Air Asia လေကြောင်းလိုင်းတစ်ခုပဲရှိသေးတယ်။ ဒါကိုလည်း ခွင့်ပြုပေးမှာဖြစ်ပါတယ်" ဟု ဒေါ်နွယ်နီဝင်းကျော်က ပြောသည်။

**စာ(၁၂)သို့**

---

**စီးပွားရေး၊ရင်းနှီးမြှုပ်နှံမှု**

# ထားဝယ်ရေနက်ဆိပ်ကမ်းတွင် မက်စ်မြန်မာ၏ ရင်းနှီးမြှုပ်နှံမှု ဖြည်းဖြည်းချင်း လျှော့ချသွားမည်

**အိဖြူမွန်၊ အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၂၈**

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင် ၂၅ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံမည့်မက်စ်မြန်မာကုမ္ပဏီက ၎င်းထည့်ဝင်ထားသော ရှယ်ယာများကိုတဖြည်းဖြည်း လျှော့ချသွားမည်ဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က 7Day News သို့ပြောသည်။

ဇွန်လ ၁၁ ရက်နှင့် ၁၆ ရက်အတွင်း နေပြည်တော်တွင် ရင်းနှီးမြှုပ်နှံသူများ တွေ့ဆုံဆွေးနွေးပွဲ၌ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်မှ မက်စ်မြန်မာကုမ္ပဏီနုတ်ထွက်ရန် တွေ့ဆုံခြင်းဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

"ကျွန်တော်တို့ထည့်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုကို ထွက်တာမဟုတ်ပါဘူး။ ဆက်လက်ရင်းနှီးမြှုပ်နှံမှုအပိုင်းကို တဖြည်းဖြည်းလျှော့ချသွားတာပါ"ဟု ဦးဇော်ဇော်က ပြောသည်။

**အချပ်ပို(D)သို့**

# ဂျက်ကီချန်း မြန်မာနိုင်ငံလာမည်

**အားမာန်**

**ရန်ကုန်၊ဇူလိုင်-၂**

ကမ္ဘာကျော်အက်ရှင်၊ ဟာသမင်းသား၊ ယူနီဆက်ဖ်၏ သံတမန်လည်းဖြစ်သူ ဂျက်ကီချန်းသည် လာမည့် ဇူလိုင် ၅ ရက်မှ ၈ ရက်အထိ သုံးရက်ကြာခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ကိုယ်ပိုင်လေယာဉ်ဖြင့် လာရောက်မည် ဖြစ်ကြောင်း သတင်းရရှိသည်။



အသက် ၅၈ နှစ်အရွယ် ကမ္ဘာကျော် တရုတ်(ဟောင်ကောင်) မင်းသား မြန်မာနိုင်ငံသို့ လာရောက်ခြင်း၏ အဓိက အကြောင်းရင်းမှာ လူကုန်ကူးခံခဲ့ရသော ကလေးငယ်များ၊

**စာ(၁၂)သို့**

# ခရီးပန်းနေသဖြင့် ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်သို့ သုံးရက်ခွင့်တိုင်

**အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင်-၂**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ကော့မှူးမြို့နယ် မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင် ၄ရက်တွင် စတင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများသို့ ၃ ရက်ခွင့်တိုင်ထားကြောင်း ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးဉာဏ်ဝင်းကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်စတင်ကျင်းပသည့် ဇူလိုင် ၄ ရက်မှ ၆ရက်ထိ အစည်းအဝေးများကို ကျန်းမာရေး အခြေအနေကြောင့် ၃ရက်ကြာမျှ မတက်ရောက်နိုင်ခြင်းအတွက် လွှတ်တော်သို့ ခွင့်တင်ထားခြင်းဖြစ်သည်။ **စာ(၁၂)သို့**



7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




ပုဂ္ဂလိကဘဏ်တစ်ခုတွင်တွေ့ရသည့် ငွေသွင်းငွေထုတ်သူများ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားငွေစာရင်း ဖွင့်ခွင့်ပြုပြီ

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန် ၃၀**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များကို ၂၀၁၂ ဇူလိုင်လ ပထမပတ်မှ စတင်ကာ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခြင်း ခွင့်ပြုပေးတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

လုပ်ကိုင်ခွင့်ရရှိသည့် ဘဏ် ၁၇ခုအနက် အဆိုပါလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန် အသင့်ဖြစ်နေပြီဖြစ်သည့် ဘဏ်အချို့ကို ဇူလိုင်လ ၂ ရက်မှစတင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခွင့်ကို ရရှိတော့မည့် ပုဂ္ဂလိကဘဏ်များသည် နိုင်ငံခြားငွေအမျိုးအစားသုံးမျိုးကို စတင်ပြီး စာရင်းရှင်အပ်ငွေအဖြစ် လက်ခံပေးတော့မည်ဖြစ်ကြောင်း လုပ်ကိုင်ခွင့်ရဘဏ်အချို့မှ သတင်းရရှိသည်။

ဗဟိုဘဏ်၏ နိုင်ငံခြားငွေ စာရင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်ကို ရရှိသည့် ဘဏ်များသည် အမေရိကန်ဒေါ်လာ၊စင်ကာပူဒေါ်လာ နှင့်ယူရိုငွေစသည့်နိုင်ငံခြားငွေ အမျိုးအစားသုံးမျိုးကို စာရင်းရှင်အပ်ငွေအဖြစ် လက်ခံဆောင်ရွက်ပေးတော့မည်ဟု

စာ(၁၂)သို့

# ၂၂နှစ်အတွင်းပထမဆုံး မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ဒဲရစ်မစ်ချယ်ကို အတည်ပြုခန့်အပ်

**အေးမြကျော်** **ရန်ကုန်- ဇွန် ၃၀**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်တို့က ဆယ်စုနှစ်နှစ်ခုကျော်အတွင်းပထမဆုံး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုထားသော မစ္စတာဒဲရစ်မစ်ချယ်ကို အမေရိကန်အထက်လွှတ်တော်က ဇွန် ၂၉ရက်တွင် အတည်ပြုခန့်အပ်လိုက်ကြောင်းအမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ဒဲရစ်မစ်ချယ်အား သံအမတ်အဖြစ် အတည်ပြုခန့်အပ်နိုင်ရန် ကြားနာစစ်ဆေးခြင်းကို ဇွန်လ ၂၇ရက်က ဝါရှင်တန်ဒီစီရှိ အထက်လွှတ်တော်၌ ပြုလုပ်ခဲ့ပြီး ဇွန်လ ၂၉ရက်တွင် အတည်ပြု ခန့်အပ်လိုက်ခြင်းဖြစ်သည်။



ဓာတ်ပုံ-Getty Image

မြန်မာနိုင်ငံတွင် အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးအဖြစ် တစ်နှစ်ကျော်ကြာဆောင်ရွက်ခဲ့သော ဒဲရစ်မစ်ချယ်က လွန်ခဲ့သောတစ်နှစ်အတွင်းမြန်မာနိုင်ငံတွင်ဖြစ်ထွန်းခဲ့သော အသိအမှတ်ပြုလောက်စရာပြောင်းလဲမှုများကိုမည်သူကမျှထင်မှတ်မထားခဲ့ကြောင်း ကြားနာစစ်ဆေးရာတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရပါက အရေးကြီးဆုံး ဦးစားပေးအနေဖြင့် ပွင့်လင်းမြင်သာမှုမရှိသော မြောက်ကိုရီးယားနှင့် မြန်မာနိုင်ငံ ဆက်ဆံရေးကိစ္စများကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်ပြီး မြောက်ကိုရီးယားနှင့်တရားမဝင်ဆက်သွယ်မှုများ လုံးဝချုပ်ငြိမ်းသွားခြင်း မရှိသေးသ၍ အမေရိကန်နှင့် မြန်မာနှစ်ဦးနှစ်ဖက်ဆက်ဆံရေးသည် ပုံမှန်အနေအထားရောက်ရှိမည်မဟုတ်ကြောင်း မစ္စတာဒဲရစ်မစ်ချယ်က ဇွန်လ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် မစ္စတာဒဲရစ်မစ်ချယ်ကို အတည်ပြုခန့်အပ်လိုက်ပြီး မြန်မာနိုင်ငံဘက်မှလည်း အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးတစ်ဦးပြန်လည်ခန့်အပ်သွားရန်ရှိကြောင်းလည်းသိရသည်။






7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

# ရွေးကောက်ပွဲကော်မရှင်က နိုင်ငံတော်၏ အမည်ခေါ်ဝေါ်သုံးစွဲမှု ဒီချုပ်ကို အသိပေးစာထပ်ပို့

**ဥက္ကာကိုကို၊ သန်းဌေး** **ရန်ကုန်၊ဇွန်-၃၀**

**နိုင်ငံတော်၏အမည်ကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ရေးသား၊ပြောဆို အသုံးပြုပါရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇွန် ၂၈ရက်စွဲဖြင့် ဒုတိယအကြိမ်မြောက် ထပ်မံစာပို့အကြောင်းကြားလိုက်သည်။**

ထိုင်းနိုင်ငံတွင်ပြုလုပ်သော ကမ္ဘာ့စီးပွားရေးညီလာခံတွင် ဒေါ်အောင်ဆန်းစုကြည်က အင်္ဂလိပ်ဘာသာစကားဖြင့် မိန့်ခွန်းပြောကြားရာနိုင်ငံအမည်အား‘Burma’ဟု သုံးနှုန်းသွားခြင်းကိုလည်းကောင်း၊ ဇွန် ၁၃ ရက်က စတင်ခဲ့သော ဥရောပခရီးစဉ်များအတွင်းမိန့်ခွန်းများ ပြောကြားရာတွင်လည်း ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံကိုBurma ဟုသာ သုံးနှုန်းနေခြင်းကိုလည်းကောင်း ထောက်ပြ၍နိုင်ငံအမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့်အတိုင်းပြောဆိုသုံးစွဲပါရန် အသိပေးစာပေးပို့ခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်၏အမည်ကိုရေးသားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (The Republic of the Union of Myanmar)ဟု အသုံးပြုရန်နှင့် ပြောဆိုရာတွင်လည်း မြန်မာ(Myanmar)ဟုသာ သုံးစွဲသွားရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသို့ ဇွန်၁ရက်က အသိပေးအကြောင်းကြားခဲ့ပြီး ဇွန် ၂၈ ရက်တွင် ထပ်မံအသိပေးအကြောင်းကြားလိုက်ခြင်း ဖြစ်သည်။

“ကျွန်မ ဗမာနိုင်ငံလို့ ဆက်ခေါ်နေရတာဟာ မြန်မာနိုင်ငံဆိုတဲ့နာမည်ကို မကြိုက်လို့မဟုတ်ပါဘူး။ ပြောင်းလိုက်တဲ့ပုံစံကိုမကြိုက်လို့ပါ။ နဝတအစိုးရဟာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှမတိုင်ပင်ပါဘဲနဲ့ ပြည်သူ့အခွင့်အရေးတွေကို ချိုးဖောက်ပြောင်းလဲလိုက်တဲ့ လုပ်နည်းလုပ်ဟန်ကို မနှစ်သက်လို့သာ ဗမာနိုင်ငံလို့ ဆက်လက်ခေါ်ဆိုနေတာပါ။ မိမိတို့နိုင်ငံအပေါ် ကမ္ဘာကြီးက ဘယ်လိုနာမည်နဲ့ တွဲသိမလဲဆိုတာ စိတ်တိုင်းကျရွေးချယ်ဖို့ အခွင့်အရေး ပြည်သူမှာ ရှိနေတာကို နဝတအစိုးရက ချိုးဖောက်ခဲ့တာ၊ဥပေက္ခာပြုခဲ့တာပါ”ဟု ဒေါ်အောင်ဆန်းစုကြည်က ဥရောပခရီးစဉ်အတွင်း ပြောဆိုခဲ့သည်။မြန်မာဟုခေါ်ဝေါ်ခြင်းသည် အစပထမလူမျိုးကို ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း၊ နေရာတစ်နေရာတွင် မြန်မာလူမျိုးများ အနေကြာလာပါက ၎င်းတို့နေထိုင်ရာနေရာကိုပါမြန်မာစု၊မြန်မာရွာ၊မြန်မာပြည်ဟုခေါ်ဆိုကြကြောင်း၊မြန်မာဆိုသည်မှာ မြန်မာလူမျိုးတို့၏ မူလအမည်ဖြစ်ပြီး တိုင်းပြည်အမည်မဟုတ်ကြောင်း ဒေါက်တာသန်းထွန်း၏ မြန်မာ့သမိုင်းရှာပုံတော်စာအုပ်စာမျက်နှာ (၁၀၃-၁၀၄)တွင် ဖော်ပြထားသည်။

“ဗမာနိုင်ငံသည် မြန်မာလူမျိုးတစ်မျိုးတည်း နေထိုင်သော နိုင်ငံမဟုတ်။ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ တောင်သူ၊ ပအိုဝ်၊ ပလောင်၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၊ မြန်မာပြည်ဟု မသုံး။ ဗမာနိုင်ငံ၊ ဗမာပြည်ဟုသာသုံးသည်။ သို့မှသာ ညီညွတ်မှန်ကန်မည်။ ဗမာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားအားလုံးကိုဗမာဟုခေါ်သည်”ဟူ၍ တို့ဗမာအစည်းအရုံးသမိုင်း ပထမတွဲတွင်လည်း ဖော်ပြထားသည်။

“အခုလောလောဆယ်တော့ သတ်မှတ်ချက်အရ ဖွဲ့စည်းပုံမှာ ပြဋ္ဌာန်းထားချက်အရ ‘မြန်မာ’လို့ ခေါ်သင့်တယ်။ ဒီကိစ္စက တိုင်းရင်းသားတွေကြားမှာ သဘောမတူနိုင်စရာရှိပေမယ့် ဒါကို လွှတ်တော်မှာပြင်နိုင်အောင် ကြိုးစားရမယ်။ နှစ်ဖက်စလုံး ပွင့်လင်းမြင်သာမှုရှိဖို့တော့ လိုပါတယ်။ နောက်တစ်ချက်က အင်္ဂလိပ်လိုကျတော့ 'Burma'လို့သုံးတာပိုနှုတ်ကျိုးတာကအမှန်ပဲ”ဟု အသက် ၂၇နှစ်အရွယ်မြန်မာလူမျိုးလူငယ်တစ်ဦးဖြစ်သူကိုအောင်ခိုင်မင်းကပြောသည်။

“ဒါက သမိုင်းပညာရှင်တွေ လုပ်ရမယ့် အရာပါ။ တိုင်းရင်းသားအားလုံး လက်ခံတဲ့ အခေါ်အဝေါ်ကို နောင်မှဆုံးဖြတ်ကြပါ။ အခုလွှတ်တော်ထဲမှာတင်လာရင်လည်း မတင်ကြပါနဲ့ဦး၊ မဆွေးနွေးကြပါနဲ့ဦးလို့ ပြောမယ်။ ဘားမားဆိုတာ မြန်မာအသံထွက်မဟုတ်ဘူး။ အင်္ဂလိပ်အသံထွက်ကြီးပါ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သုံးနှုန်းတဲ့အတိုင်း Union of Myanmar လို့ပြောင်းခေါ်ရင် ပျော့ညံ့တဲ့ခေါင်းဆောင်လို့ ဘယ်သူမှ မသတ်မှတ်ပါဘူး”ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ သီပေါမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ပြောသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၂ တွင် “နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟုခေါ်တွင်ရမည်”ဟု ပြဋ္ဌာန်းထားပြီး နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၅ (ခ)တွင် နိုင်ငံရေးပါတီတစ်ရပ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဟု ပြဋ္ဌာန်းထားသည်။

ထို့အပြင် နိုင်ငံရေးပါတီများကလည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၆(ဂ)တွင်ပါရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေးဟူသည့်အချက်အား ဝန်ခံချက်ပြုထားပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထောက်ပြထားသည်။

# လွှတ်ရန်ကျန်နေသည့် နိုင်ငံရေးအကျဉ်းသားစာရင်း ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့က အစိုးရထံတင်မည်

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၂၇**

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က အကျဉ်းထောင်အသီးသီးတွင် ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားများစာရင်းအားအစိုးရအဖွဲ့သို့တင်ပြရန် စာရင်းများ ပြန်လည်စုဆောင်းနေကြောင်း သတင်းရရှိသည်။

“ပိုပြီးတိကျတဲ့ စာရင်းဖြစ်အောင် ဒီလူတွေကို လွှတ်ပေးပါဆိုပြီး ထပ်တောင်းဆိုမလို့။ အစ်ကိုတို့က အဖြစ်အပျက်မှန်တော်တော်များများကိုသိတယ်”ဟု ၈၈ မျိုးဆက်သစ်ကျောင်းသားများအဖွဲ့ခေါင်းဆောင် တစ်ဦးဖြစ်သူ ကိုဂျင်မီက ပြောသည်။

ဇွန်လလယ်အတွင်း စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဇူလိုင်လတွင် ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန်ရှိသည်ဟုဥရောပနိုင်ငံရောက်ရှိစဉ် နိုင်ငံတကာ မီဒီယာများသို့ ပြောကြားခဲ့သည်။

“အစီအစဉ်ရှိပါတယ်။ သမ္မတကြီးအနေနဲ့ နိုင်ငံရေးအကျဉ်းသားမထားလိုပါဘူး။ အရင်လွှတ်ပေးတုန်းကလည်း သူတို့ပေးတဲ့စာရင်းအတိုင်း လွှတ်ပေးတာ။စိစစ်နေပါတယ်။ဆောင်ရွက်နေပါတယ်”ဟု ဇူလိုင်လ ၂ရက်နေ့တွေ့ဆုံပွဲတွင် ဦးစိုးသိန်းက ပြောသည်။ နော်ဝေနိုင်ငံတွင် ငြိမ်းချမ်းရေး နိုဗယ်ဆု လက်ခံရယူစဉ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းတစ်ရပ်တွင်လည်း နိုင်ငံရေးအကျဉ်းသားများနှင့်ပတ်သက်၍ ထည့်သွင်းပြောကြားထားသည်။

“ကျွန်မတို့ရဲ့ ယုံကြည်ချက်အကျဉ်းသားတွေအကြောင်းပြောချင်ပါတယ်။ ဒီလိုအကျဉ်းသားမျိုးတွေ မြန်မာနိုင်ငံမှာ ရှိနေဆဲပါပဲ။ လူသိများတဲ့ အထိန်းသိမ်းခံ အကျဉ်းသားတွေကို ပြန်လွှတ်ပေးခဲ့ပြီး ကျန်တဲ့ လူသိပ်မသိတဲ့သူတွေကို မေ့သွားကြမှာ ကြောက်ရပါတယ်”ဟု ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိပြုစုနေသော စာရင်းအရအကျဉ်းသား ၂၀၀ ကျော်ရရှိနေပြီး စုစုပေါင်း ၃၀၀ ကျော်ခန့်ရှိနိုင်ကြောင်းကိုဂျင်မီကပြောသည်။

အစိုးရသစ် တက်လာပြီး တစ်နှစ်အတွင်း အကျဉ်းသားနှစ်သောင်းရှစ်ထောင်ကျော်ကို ပြန်လွှတ်ပေးခဲ့ပြီး နောက်ဆုံးလွှတ်ပေးခဲ့သောဇန်နဝါရီလ ၁၃ရက်က ကျောင်းသားခေါင်းဆောင်များနှင့် နာမည်ကြီး အကျဉ်းကျခံရသူများ ပါဝင်လာခဲ့သည်။

# ရုပ်ရှင်လောကသားများ ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်လှူဒါန်း

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင်-၁**

ရခိုင်ပြည်နယ်ရှိဒုက္ခသည်များအား ကူညီရန်အတွက် ဇွန် ၃၀ ရက်ညပိုင်းက ကပြဖျော်ဖြေခဲ့သော နှင်းဆီရင်ခွင်အဖွဲ့မှ ရရှိသည့် အလှူငွေများအားမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း ခေါင်းဆောင်သည့် ရုပ်ရှင်လောကသားများက စစ်တွေမြို့သို့ ကမ္ဘောဇလေကြောင်းလိုင်းမှ ကူညီပံ့ပိုးမှုဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



အလှူငွေများ လှူဒါန်းရာတွင်ပြည်နယ်အစိုးရသို့ အလှူငွေကျပ် ၉၅၁ သိန်းနှင့် စစ်တွေမြို့ရှိ ဒုက္ခသည်စခန်း ၉ ခုသို့တစ်ခုလျှင် ကျပ်သိန်း ၄၀ကျော်နှင့် အဝတ်အထည်၊ဆေးဝါးနှင့်လူသုံးကုန်ပစ္စည်းများ လှူဒါန်းခဲ့သည်။ အဆိုပါလှူဒါန်းသည့်အဖွဲ့တွင် နှင်းဆီရင်ခွင်အဖွဲ့သား နေတိုးအပါအဝင် ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ ခန့်စည်သူ၊ မင်းသွေး၊ ကြည်ဖြူရှင်၊ ဝတ်မှုန်ရွှေရည် အစရှိသည့် အနုပညာရှင်များပါဝင်ပြီး ထိုနေ့ ညနေ ၅ နာရီတွင် ကမ္ဘောဇလေကြောင်း ဖြင့်ပင် စစ်တွေမြို့မှ ပြန်လည် ထွက်ခွာခဲ့ကြသည်။

# ကေအိုင်အိုက မြန်မာ့တပ်မတော်သား ၂၃ဦးအား သုံ့ပန်းအဖြစ် ဖမ်းထား

**အောင်သူရ၊ ရန်မျိုးနိုင်**

**နေပြည်တော်၊**

**ဇူလိုင် - ၁**

တစ်နှစ်ကျော်ကြာ တိုက်ပွဲဖြစ်ပွားနေသော ကချင်လွတ်လပ်ရေးအဖွဲ့(ကေအိုင်အို)က မြန်မာတပ်မတော်သား ၂၃ဦးအား သုံ့ပန်းအဖြစ် ဖမ်းဆီးထားကြောင်း သတင်းရရှိသည်။

“အရာရှိတွေတော့ မပါဘူး။ ဦးအောင်မင်း လိုချင်တဲ့အချိန်ပြော၊ ပြန်ပေးမယ်လို့ပြောတယ်။ ကောင်းကောင်းမွန်မွန်နဲ့ ပြန်လာမှာပါ”ဟုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌဦးအောင်မင်းကပြောသည်။

ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့သစ် ဖွဲ့ပြီးနောက် ဦးအောင်မင်း ခေါင်းဆောင်သောအဖွဲ့နှင့် ကေအိုင်အိုတို့သည် သုံးကြိမ်တွေ့ဆုံခဲ့ပြီးနောက် တိုက်ပွဲကြီးများဖြစ်ပွားမှုမရှိတော့ကြောင်း သိရသည်။

“ဦးအောင်မင်းနဲ့ ထပ်တွေ့ချင်တယ်ဆိုတော့ အခြေအနေကောင်းတာပေါ့။ သူတို့ခေါ်တဲ့အချိန်ထပ်တွေ့မှာပေါ့”ဟုဦးအောင်မင်းကပြောသည်။

စတုတ္ထအကြိမ် တွေ့ဆုံမှုတွင် နှစ်ဖက်မှ စစ်ခေါင်းဆောင်များ ပါဝင်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

# နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေပြဌာန်းပေးရန် စီးပွားရေးလုပ်ငန်းရှင်များ လွှတ်တော်ဥက္ကဌထံ တင်ပြတောင်းဆို

**ပြည့်သိမ်း**

**ရန်ကုန်၊ ဇူလိုင်-၁**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ယှဉ်ပြိုင်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များက နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ရပ်ပြဌာန်းပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဌ သူရဦးရွှေမန်းထံ တင်ပြတောင်းဆိုလိုက်ကြောင်း သတင်းရရှိသည်။

ကဏ္ဍအသီးသီးမှ လုပ်ငန်းရှင်များနှင့် ပြည်သူ့လွှတ်တော်ဥက္ကဌတို့ဇွန်လ၃၀ရက်က တွေ့ဆုံပွဲတွင် အထက်ပါအတိုင်း တင်ပြတောင်းဆိုလိုက်ခြင်းဖြစ်သည်။

ယင်းသို့တောင်းဆိုရခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းတွင် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခွန်သက်သာခွင့်များပါဝင်သောကြောင့်အဖက်ဖက်မှအားနည်းနေသည့်ပြည်တွင်းလုပ်ငန်းရှင်များ ဆုံးရှုံးမည်ကို စိုးရိမ်၍ တောင်းဆိုရခြင်းဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမူကြမ်းတွင် ကုန်ထုတ်လုပ်ငန်းသို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ်စတင်သောနှစ်မှ တစ်ဆက်တည်း ငါးနှစ်စာ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိပြီး နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိလျှင် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအပေါ်မူတည်၍ သင့်လျော်သောကာလတစ်ခုအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ်သက်သာခွင့် ပေးထားသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါအခွင့်အရေးတွေကတိုင်းရင်းသားရင်းနှီးမြှုပ်နှံမှု ဥပဒေထက်မပိုစေချင်ဘူး။ ဒါမှလွတ်လပ်စွာနဲ့တန်းတူမျှတစွာနဲ့ ယှဉ်ပြိုင်နိုင်မယ်"ဟု တော်ဝင်မိသားစုကုမ္ပဏီ ပိုင်ရှင် ဦးကိုကိုထွေးက ပြောကြားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားပေးခွင့်ပြုရာတွင် ပြည်တွင်းလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်ခြင်းမရှိသည့် လုပ်ငန်းမျိုးကိုသာ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှု ပေးသင့်သည်။ ပြည်တွင်းလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်သည့် လုပ်ငန်းများတွင်မူ ရာခိုင်နှုန်းအချိုးအစားအလိုက်သာ ခွင့်ပြုသင့်ကြောင်း မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဒုဥက္ကဌ ဒေါက်တာအောင်သိမ်းက ပြောကြားသည်။

ဥပဒေကြမ်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့်ရန်ပုံငွေထားပြီး အဆိုပါလုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပေးထားသည်။ ကုန်ထုတ်လုပ်ငန်းတစ်ခုခုမှ ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့ တင်ပို့ရောင်းချလျှင် အမြတ်ငွေအပေါ် ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန်သက်သာခွင့်လည်း ပေးထားသည်။

**TRADEMARK CAUTION**
Otsuka Pharmaceutical Co., Ltd., a Company incorporated in Japan at 2-9 Kanda-Tsukasamachi, Chiyoda-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-

**DELAWIN**

**Reg: 4/5294/2012**

In respect of : " Pharmaceutical preparation; Antitubercu-lous agents."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 5.July.2012

**TRADEMARK CAUTION**
Otsuka Pharmaceutical Co., Ltd., a Company incorporated in Japan at 2-9 Kanda-Tsukasamachi, Chiyoda-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-

**DELASERA**

**Reg: 4/5295/2012**

In respect of : " Pharmaceutical preparation; Antitubercu-lous agents."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 5.July.2012

# ညမထွက်ရအမိန့် မရုပ်သိမ်းသေးသော်လည်း အရေးပေါ်ကျန်းမာရေးကိစ္စ ပေါ်လာပါက ခွင့်ပြုချက်တောင်းနိုင်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇူလိုင်-၁**

အရေးပေါ်အခြေအနေနှင့် ညမထွက်ရအမိန့် မရုပ်သိမ်းသေးသော်လည်း ကျန်းမာရေးကိစ္စကဲ့သို့ အရေးကြီးသော အခြေအနေများကြောင့် ဆေးရုံ၊ ဆေးခန်းသွားလိုသူများသည် လုံခြုံရေးယူထားသော ရဲကင်းများ၊ လှည့်ကင်းများကို သတင်းပို့ကာ သွားရောက်နိုင်ကြောင်း ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

"မြို့ပေါ်က လမ်းဆုံလမ်းခွတွေမှာ တာဝန်ကျတပ်ဖွဲ့တွေ၊ ရဲတွေ၊ လှည့်ကင်းတွေရှိပါတယ်။ ကျန်းမာရေးကိစ္စပေါ်လာရင် သတင်းပို့ရင် မှန်ကန်ကြောင်း စစ်ဆေးပြီး သွားခွင့်ပြုပါတယ်"ဟု သံတွဲမြို့မှ စခန်းမှူးဦးအေးမင်းက ပြောသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျှက်ရှိသည့် ပဋိပက္ခများကြောင့် ဘူးသီးတောင်မြို့၊ မောင်တောမြို့၊ စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ သံတွဲမြို့နှင့် ရမ်းဗြဲမြို့များတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ကို မြို့နယ်အသီးသီး၏ အုပ်ချုပ်ရေးမှူးများ၏ အမိန့်အာဏာဖြင့် ရုံးတံဆိပ်နှိပ်၍ ဇွန်လ ၁၀ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ယင်းအရေးပေါ်အခြေအနေ ပြန်လည်ရုပ်သိမ်းခြင်း မရှိသေးသည့် ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် ကန့်သတ်ချိန်အတွင်း သွားလာမှုကြောင့် ဇွန်လနောက်ဆုံးပတ်အတွင်း လူနှစ်ဦး ဖမ်းဆီးခံခဲ့ရကြောင်း ဒေသခံတစ်ဦးကပြောသည်။

"နှစ်ယောက်ကတော့ထောင်ချပ်ကျနေတယ်။ သူတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးက တရားလိုလုပ်ပြီး တရားစွဲထားတယ်။ နောက်လ ၅ ရက်မှာ ရုံးချိန်းရှိတယ်"ဟု အထက်ပါစခန်းမှူးကပြောသည်။

နံနက် ၆ နာရီမတိုင်မီနှင့် ည ၆ နာရီနောက်ပိုင်း အပြင်ထွက်ခွင့် ကန့်သတ်ထားသည့်စည်းကမ်းကို ဖောက်ဖျက်ကာ ည ၇ နာရီကျော်တွင် မြို့တွင်းလမ်းမပေါ်တွင် သွားလာမှုကြောင့် အဖမ်းခံရခြင်းဖြစ်ကြောင်း သူကဆက်ပြောသည်။

စခန်းမှူးဦးအေးမင်းက "လုံခြုံရေးတာဝန်နဲ့ကလွဲရင်ဌာနဆိုင်ရာကအစ အားလုံးကိုစစ်ပါတယ်။ အဲဒီအချိန်မှာ ဂေါက်ကွင်းက ပြန်လာတဲ့သူ မရှိနိုင်ပါဘူး"ဟုပြောသည်။

သံတွဲမြို့နယ်သည်အရေးပေါ်အခြေအနေထုတ်ပြန်ထားသော်လည်း ပုံမှန်ကဲ့သို့ပင် အေးဆေးတည်ငြိမ်မှုရှိသောမြို့ဖြစ်ကြောင်း ဒေသခံ မွတ်စလင်အမျိုးသားတစ်ဦးကပြောသည်။

သံတွဲမြို့ရှိ လမ်းဆုံလမ်းခွများတွင် တပ်မတော်၊ ရဲတပ်ဖွဲ့များ၊ ရဲကင်းများရှိပြီး လှည့်လည်သွားလာနေသောလှည့်ကင်းများလည်း ရှိကြောင်း အမှတ်(၅)ရပ်ကွက်မှ ဒေသခံတစ်ဦးကပြောသည်။



ဇွန်၃၀ရက်က ရဲတပ်ဖွဲ့ဝင်များကို စစ်တွေမြို့ပေါ်၌ တွေ့ရစဉ်
ဓာတ်ပုံ-ဖိုးသီဟ

# ဟိုတယ်ကြီးများ၏ အခြေခံအခန်းခများ ဝန်ကြီးဌာနက ကန့်သတ်ပေးထားသော်လည်း ဈေးနှုန်းပြင်ဆင်ခြင်းမရှိ

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၂၈**

ဝန်ကြီးဌာနက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ၏ အခြေခံအဆင့်ရှိသော အခန်းခနှုန်းထားများကို အမေရိကန်ဒေါ်လာ ၁၅၀ ထက် မပိုစေရန် သတ်မှတ်ပေးသော်လည်း ဟိုတယ်များက ပြင်ဆင်ပေးခြင်း မရှိသေးကြောင်း သတင်းရရှိသည်။

"ဘယ်ဟိုတယ်မှမလျှော့သေးဘူး။ အခန်းခတွေက ဒေါ်လာ ၂၀၀ အထက်တွေပဲ ရှိနေသေးတယ်" ဟု ကျောက်တံတားမြို့နယ် အခြေစိုက်ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ရန်ကုန်မြို့ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တာဝန်ခံများနှင့် ဇွန်လ ၂၅ရက်က နေပြည်တော်တွင် တွေ့ဆုံပြီး ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

"GM(အထွေထွေမန်နေဂျာ) နဲ့ DOS (အရောင်းညွှန်ကြားရေး)မှူးတို့ ပြန်လည်ညှိနှိုင်းမှုတွေ လုပ်နေပါပြီ"ဟု ကုန်သည်ကြီးများ ဟိုတယ်မှ လူထုဆက်သွယ်ရေးမန်နေဂျာ မလွင်မာအောင်က ပြောသည်။

သို့သော် ဆီးဒိုးနားဟိုတယ်ကမူ ဝန်ကြီးနှင့် တာဝန်ခံများ တွေ့ဆုံသောနေ့တွင် ခရီးသွားကုမ္ပဏီတချို့သို့ ယခင်ပေးထားသော ဈေးနှုန်းဖြင့် ပိုသောဈေးနှုန်းများဖြင့် စာချုပ်များ ချုပ်ဆိုလာကြောင်း စာချုပ်ခဲ့ရသော အေးဂျင့်များက ပြောသည်။ ရန်ကုန်မြို့ရှိ ဟိုတယ်များ ဈေးနှုန်းကြီးမားခြင်း၊ တိုင်းရင်းသား လုပ်ငန်းရှင်များအား အခန်းမရောင်းချပေးခြင်းတို့ကြောင့် တိုင်းရင်းသားပိုင် ကုမ္ပဏီများ လုပ်ငန်းပိတ်ရတော့မည့် အခြေအနေနှင့် ရင်ဆိုင်နေရသဖြင့် ခရီးသွားကုမ္ပဏီ ၄၀ ခန့်က ဝန်ကြီးဌာနသို့စာရေးအကြောင်းကြားခဲ့သည်။

ထို့ကြောင့် ဝန်ကြီးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တာဝန်ခံများအား ခေါ်ယူ၍ အချက်ငါးချက် အား လိုက်နာရန် ညွှန်ကြားခဲ့သည်။

ထိုကဲ့သို့ မလိုက်နာပါက ဟိုတယ် GM များ၏ ဗီဇာသက်တမ်းတိုးမြှင့်ရေးကိစ္စများကို ထောက်ခံပေးမည်မဟုတ်ကြောင်း နှင့် BOT စာချုပ်အရ ဟိုတယ်လုပ်ငန်း လုပ်ခွင့် သက်တမ်းတိုးခြင်းအား ပြန်လည်သုံးသပ်သွားမည်ဟု ပြောကြားခဲ့သည်။

ဟိုတယ်ခန်းများ ဈေးနှုန်းကြီးမြင့်မှုကြောင့် မြန်မာနိုင်ငံသို့ လာရောက်မည့် ဧည့်သည်များမှာ ခရီးစဉ်ဖျက်သိမ်းခြင်းများရှိလာပြီး တိုင်းရင်းသားပိုင်ခရီးသွားကုမ္ပဏီများ ဆက်လက်ရပ်တည်ရန် အခက်အခဲဆုံး အခြေအနေကိုရောက်ရှိနေပြီဟု ခရီးသွားကုမ္ပဏီများက ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012



# ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရေးအတွက် စင်ကာပူအခြေစိုက်ကုမ္ပဏီ ကန်ဒေါ်လာ၁၀သန်းထောက်ပံ့မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၃၀**

ရေအောက်တွင် နှစ်ပေါင်းလေးရာကျော် နစ်မြုပ်နေခဲ့သော ကမ္ဘာ့အကြီးဆုံးဓမ္မစေတီခေါင်းလောင်း ဆယ်ယူရေးအတွက် စင်ကာပူအခြေစိုက်ကုမ္ပဏီတစ်ခုက အမေရိကန်ဒေါ်လာ ၁၀ သန်း ထောက်ပံ့မည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ပြောကြားသည်။

" S.D Mark Internation LIP ကုမ္ပဏီက ငွေကြေးကိစ္စကူညီပေးမယ့် ဘာအကျိုးအမြတ်မှ မယူဘူး။ နိုင်ငံတော်က ချီးမြှင့်တာပဲ ယူမယ်လို့ ပြောပါတယ်"ဟု ဓမ္မစေတီခေါင်းလောင်းဆယ်ယူမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသော အကြံဉာဏ်နည်းလမ်းများကို လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ပြီး ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ခေတ်မီစက်ကိရိယာများ ကူညီပေးမည်ဖြစ်ကြောင်း ဝန်ကြီးက ထပ်မံပြောကြားသည်။

ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရေးအတွက် ယင်းစင်ကာပူအခြေစိုက် ကုမ္ပဏီမှ ကူညီရန် ကမ်းလှမ်းခဲ့ကြောင်း၊ ယင်းအကူအညီကိုလက်ခံရန် ဝန်ကြီးဌာနတစ်ခုတည်း ဆုံးဖြတ်၍ မရသောကြောင့် အစိုးရအဖွဲ့သို့ တင်ပြရမည်ဖြစ်ကြောင်း ထို့ကြောင့် ဆယ်ယူမည့်အချိန်ကို အတိအကျပြောရန် ခဲယဉ်းကြောင်း သမိုင်းသုတေသနဦးစီးဌာနအကြီးတန်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ဓမ္မစေတီခေါင်းလောင်းကြီး ရေထဲနစ်မြုပ်နေခဲ့သည်မှာ နှစ်ပေါင်း ၄၀၀ ကျော်ကြာမြင့်ခဲ့ပြီးဖြစ်သောကြောင့် ရှာတွေ့သည့်အချိန်ထိ ကူညီရန် ယင်းကုမ္ပဏီက ပြောကြားခဲ့ကြောင်း ကြားခံဆောင်ရွက်ပေးနေသူ ဆရာချစ်စံဝင်းက ပြောသည်။

အမေရိကန်ဒေါ်လာ ၁၀ သန်းကူညီရန် ကမ်းလှမ်းခဲ့သော S.D Mark International LIP ကုမ္ပဏီသည် အင်ဒိုနီးရှား၊ အရှေ့တောင်အာရှ၊ အာဖရိက၊ မြန်မာနိုင်ငံတို့တွင် သဘောလုပ်ငန်းနှင့် အဏ္ဏဝါလုပ်ငန်းများ၊ နိုင်ငံတကာကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဈေးကွက်ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်ကုမ္ပဏီဖြစ်သည်။

နိုင်ငံတော် အစိုးရက ဓမ္မစေတီခေါင်းလောင်းဆယ်ယူရန် ခွင့်ပြုပါက ယင်းကုမ္ပဏီသည် ရေမြုပ်သင်္ဘော ဆယ်ယူရာတွင် နာမည်ကြီးသည့် ကပ္ပတိန်တစ်ဦးကို ငှားရမ်းရန် စကားကမ်းလှမ်းထားကြောင်း ယင်းကုမ္ပဏီဥက္ကဌ မစ္စတာ Dean Lim က ပြောသည်။

ရှေးဟောင်းသုတေသနသမိုင်းပညာရှင်များက ယင်းခေါင်းလောင်း၌ ကမ္ဘာပေါ်တွင် ရှေးကျသော ရှေးဟောင်းပန်းတည်းလက်ရာများ၊ ယင်းခေတ်ကာလကို ထင်ဟပ်စေသည့် သမိုင်းအထောက်အထား ကျောက်စာများရှိကြောင်း၊ ဆယ်ယူရရှိပါက ခေါင်းလောင်းသွန်းလုပ်ရာတွင် နာမည်ကြီးသည့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအနုပညာကို ချပြနိုင်မည်ဖြစ်ကြောင်း ပြောဆိုကြသည်။

ယင်းခေါင်းလောင်း၏ အလေးချိန်မှာ ပိဿာတစ်သိန်းရှစ်သောင်း (တန်ချိန် ၂၉၀) ရှိ၍ ၁၄၇၆ ခုနှစ်တွင် ဓမ္မစေတီမင်းက သွန်းလုပ်ပြီးစီးခဲ့ပြီး ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်တွင် ထားရှိပူဇော်ခဲ့သည်။ ၁၆၁၂ခုနှစ်တွင် သန်လျင်မြို့စားပေါ်တူဂီလူမျိုး ဖိလစ်ဒီဘရစ်တိုနီကိုတီက လက်နက်ခဲယမ်းများပြုလုပ်ရန် သန်လျင်သို့ သယ်ယူရာမှ ပဲခူးမြစ်၊ ငမိုးရိပ်ချောင်းနှင့် ရန်ကုန်မြစ်တို့ဆုံရာ ဒေါပုံမြစ်ဝပန်းလှဲဒေသတွင် နစ်မြုပ်ခဲ့သည်။



# ဦးခွန်ထွန်းဦး ပတ်စပို့ရပြီး ထိုင်းနိုင်ငံသို့ သွားရောက်ဆေးစစ်မည်

**အိဖြူလွင်**

**ရန်ကုန်၊ဇူလိုင်-၂**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦးသည် ဇွန်လ ၂၆ ရက်က နိုင်ငံကူးလက်မှတ်ရရှိခဲ့ပြီး ယနေ့ညနေတွင် ထိုင်းနိုင်ငံသို့ဆေးစစ်မှုခံယူရန် သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပါတီဥက္ကဋ္ဌနှင့် ပါတီအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်တို့ နှစ်ဦးလုံး နိုင်ငံကူးလက် မှတ်ရရှိခဲ့ခြင်းဖြစ်သည်ဟု ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုင်းလိတ်က ပြောကြားသည်။ ဦးခွန်ထွန်းဦးတို့ပြည်ထဲရေးဝန်ကြီးဌာနတွင်နိုင်ငံကူးလက်မှတ်ကိုဧပြီလ ၂၇ ရက်တွင်စ၍ လျှောက်ထားခဲ့ခြင်းဖြစ်ပြီး နှစ်လအကြာ ဇွန်လ ၂၆ရက်တွင် နိုင်ငံကူးလက်မှတ် ရရှိခဲ့ ခြင်းဖြစ်သည်။ ဦးခွန်ထွန်းဦးတို့ နိုင်ငံကူးလက်မှတ် လျှောက်ထားခြင်းကို ခွင့်ပြုပေးရန် နိုင်ငံတော်သမ္မတက ပြည်ထဲရေးဝန်ကြီးဌာနသို့တိုက်ရိုက်ညွှန်ကြားချက်ပေးပို့ခြင်းဖြစ်သည်ဟု သတင်းရရှိသည်။

နိုင်ငံရေးနှင့် မသက်ဆိုင်သောသူများ နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် ပုံမှန်သုံးပတ်သာကြာမြင့်ပြီး အမြန်လျှောက်ထားလိုသူများကိုလည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ကျောင်း၊ တက္ကသိုလ်တို့၏ ထောက်ခံချက်များ၊ ခေါ်စာများ ပူးတွဲတင်ပြနိုင်ပါက အမြန်လမ်းကြောင်းမှ လျှောက်ထားခွင့်ပြုပေးသည်ဟု သိရသည်။



7DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

## ၂၀၁၂ ဇူလိုင် ၄ မှ ၁၀ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အခြေအနေဆက်လက်လျော့နည်းနေနိုင်သော်လည်း တောင်တရုတ်ပင်လယ်ပြင်မှာတော့ မုန်တိုင်းတစ်လုံးဖြစ်လာနိုင်ပါတယ်။ အနောက်တောင် မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ အားကောင်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ မကြာခဏမိုး သက်လေပြင်းများကျရောက်ပြီး တစ်ခါတစ်ရံမှာ လှိုင်းကြီးနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ (၂၅)မိုင်နဲ့ (၃၅) မိုင်နှုန်း တိုက်ခတ်နိုင်ပါတယ်။ လှိုင်းအမြင့်(၈)ပေမှ(၉)ပေအထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဗြိုဟ်တုမှ တိုင်းတာချက်အရ ပြီးခဲ့တဲ့ ဇွန်လ ၂၂ ရက် မှ ဇွန်လ ၂၈ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ဧရာဝတီတိုင်း အနောက်ပိုင်းမှာ မိုးရေချိန်(၂)လက်မမှ (၈) လက်မခန့်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းအရှေ့ပိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်း တွေမှာ မိုးရေချိန် (၂)လက်မမှ(၆)လက်မခန့် ရရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းအရှေ့ပိုင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနဲ့ တောင်ပိုင်းနဲ့ ကယားပြည်နယ်တို့မှာ မိုးရွာသွန်းမှု လျော့နည်းနေပြီး တစ်ပတ်အတွင်း မိုးရေချိန်(၀ဒသမ၈)လက်မခန့်သာ ရရှိခဲ့ပါတယ်။ ကျန်ဒေသတွေမှာ မိုးရေချိန်(၁)လက်မမှ (၂) လက်မခန့် ရွာသွန်း ခဲ့ပါတယ်။

**မိုးရွာသွန်းမှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းတို့မှာ ရွာသွန်းမှုမြဲထက် ပိုနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ မကွေးတိုင်းအရှေ့ပိုင်း၊ မန္တလေးတိုင်း၊ ကယားပြည်နယ်တွေမှာ ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ ရွာသွန်းမှုမြဲခန့်ရှိနိုင်ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ နေရာကွက်ပြီး မိုးကြီးနိုင်ပါ တယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ တဖြည်းဖြည်းလျော့နည်းလာနိုင်ပါတယ်။ မကွေးမြောက်ပိုင်း၊ ချင်းပြည်နယ် တောင်ပိုင်း၊ ရှမ်းပြည်နယ်အနောက်မြောက်ပိုင်း၊ မန္တလေးတိုင်းတွေမှာ မိုးတိမ်တောင်များဖြစ်ပေါ်ဖို့ အလားအလာအများဆုံးဖြစ်နိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

ကချင်ပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ အပူချိန် လျော့နည်းနိုင်ပါတယ်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ အပူချိန်မြင့်မားနိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန်အပူချိန်ခန့်သာ ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ပိုမိုမြင့်တက်လာနိုင်ပြီး အထူးသဖြင့် ဧရာဝတီမြစ်ရေဟာ မြစ်အထက်ပိုင်း ဒေသများနဲ့ ကချင်ပြည်နယ်၊ မကွေးတိုင်းအတွင်းရှိ မြစ်ချောင်းများမှာ ဒေသအလိုက် ရေလျှံမှုကြုံတွေ့နိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများ ဆက်လက်ဖြစ်လာနိုင်ပေမယ့် မြန်မာနိုင်ငံဘက်ကိုတော့ ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

## တရုတ်နှင့်ထိုင်းနယ်စပ်တွင် FDA က ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေးစခန်း ဖွင့်မည်

**ထွန်းခိုင်၊ ရန်မျိုးနိုင်၊ သန်းဌေး**
**ရန်ကုန်၊ ဇွန်-၂၈**



မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးစခန်းတွင် တွေ့ရသောကုန်တင်ကားများ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA)က ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးသည့်စခန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ယင်းဌာနတာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ စစ်ဆေးရေးစခန်းများကို လတ်တလောတွင် နယ်စပ်သွင်းကုန်အများဆုံး ဝင်ရောက်နေသည့် ကုန်သွယ်ရေးစခန်းနှစ်ခုဖြစ်သည့် မူဆယ် ၁၀၅ မိုင်နှင့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ဖွင့်လှစ်ရန် စီစဉ်နေကြောင်း အဆိုပါ တာဝန်ရှိသူက ပြောသည်။

"ကုန်ပစ္စည်း အများဆုံးဝင်တဲ့ နယ်စပ်စခန်းနှစ်ခုမှာ ဖွင့်ဖို့စီစဉ်ထားတယ်" ဟု ၎င်းက တယ်လီဖုန်းမှတစ်ဆင့် ဖြေကြားသည်။

အများပြည်သူ ကျန်းမာရေး ထိခိုက်စေနိုင်သည့် ကုန်စည်များ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့်ပြည်တွင်းသို့မဝင်ရောက်စေရန် FDA ၏ တိုက်ရိုက်စောင့်ကြည့်စစ်ဆေးမည့် အဆိုပါ အစီအစဉ်ကို ပြည်တွင်းမှ စားသောက်ကုန်ထုတ်လုပ်သူများက ကြိုဆိုလိုက်ပြီး FDA ကို လုပ်ပိုင်ခွင့်အပြည့်အဝ ပေးအပ်ရန် လိုအပ်ကြောင်း ၎င်းတို့ကဆိုသည်။

"ကျန်းမာရေးထိခိုက်မယ့် ပစ္စည်းတွေသွင်းလာရင်ဘာလူကြီးပဲဖြစ်ဖြစ်၊ ဘယ်လူကြီးပါတဲ့ကုမ္ပဏီပဲဖြစ်ဖြစ် ဖြတ်သန်းခွင့်မပြုနဲ့၊ FDA မှာ လုပ်ပိုင်ခွင့် အပြည့်ရှိရမယ်။ ချက်ချင်းတုံ့ပြန်နိုင်ရမယ်။ အခုစားသုံးဖို့ မသင့်တဲ့ ဆီတွေရောက်နေတယ်။ ပေးမဝင်ဘူးဆိုရင် ပြန်သယ်မလား၊ ဒါမှမဟုတ် ဖျက်ဆီးမလား။ အဲဒီလောက်အထိ ဆုံးဖြတ်ပိုင်ခွင့် FDAကို ပေးထားရမယ်" ဟု ဧရာဝတီမြေပဲဆီလုပ်ငန်းရှင် ဦးခင်စိုးက 7Day News သို့ပြောသည်။

FDA မှ ဖွင့်လှစ်မည့် အဆိုပါ စခန်းနှစ်ခုအတွက် ဝန်ထမ်းများ လေ့ကျင့်သင်ကြားမှုကို တစ်လခန့်ပြုလုပ်ပြီးနောက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအားလုံး၌ ဖွင့်လှစ်ရန်စီစဉ်နေကြောင်း FDA တာဝန်ရှိသူက ပြောသည်။

"မြို့နယ်တိုင်းမှာ ရှိရင်ပိုတောင်ကောင်းသေးတယ်" ဟု မြန်မာနိုင်ငံ နို့လုပ်ငန်းအသင်းအတွင်းရေးမှူးက ပြောသည်။

ထို့အပြင် တရားမဝင် ဝင်ရောက်လာသောစားသောက်ကုန်များအား မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှလည်း FDA နှင့်ပူးပေါင်းကာ စစ်ဆေးပြီး တင်သွင်းလာသူများအား တရားစွဲဆိုနိုင်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းက ပြောကြားသည်။

"ဘယ်သူမဆို ဒီကိုဝင်လာတာကို တွေ့တယ်ဆိုရင် တရားဝင်မဟုတ်ဘူးဆိုရင် တရားစွဲရမယ်။ အဓိက တာဝန်အရှိဆုံးလူတွေက မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှာပါ။ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က ဒီဥစ္စာတွေကို လက်မခံဘူးဆိုရင် စီးပွား/ကူးသန်းဝန်ကြီးဌာနအနေနဲ့ အချိန်မရွေး သူ့ဆီကို အကြောင်းကြားစာရေးပြီး အချိန်မရွေး တိုင်ကြားနိုင်တယ်လို့ ၃၀-၅-၂၀၁၂ ရက်စွဲနဲ့ အမိန့်ထုတ်ထားတာရှိပါတယ်" ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (၁၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပသော ဇူလိုင် ၁ ရက်နေ့တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့၌ဒေါက်တာမြင့်သန်းက ပြောသည်။

ပြည်တွင်းဈေးကွက်အတွင်းသို့ နယ်စပ်မှတစ်ဆင့် စားသုံးရန် မသင့်လျော်သောပြုပြင်ထားသည့် ဆီများဝင်ရောက်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇွန်လအတွင်း ထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း စားသုံးရန်နှင့် သုံးစွဲရန်မသင့်တော်သည့် ကုန်ပစ္စည်းများ မကြာခဏ စစ်ဆေးတွေ့ရှိခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်းတွင် အသင့်စားမုန့်ထုပ်အချို့တွင် ဆိုးဆေးများပါဝင်ခြင်း၊ စားသုံးဆီများအတွင်း ပင်လယ်ရေများ ရောနှောကာဈေးလျှော့ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းသည့်ခံတွင်းသန့်ဆေးရည်အချို့တွင် စံနှုန်းမကိုက်ညီသည့် အဏုဇီဝပိုးမွှားများ ပါဝင်ခြင်း၊ ရန်ကုန်မြို့ရှိဈေးများတွင် ရောင်းချသည့် ဝက်အူချောင်း၊ မုန့်ညင်းချဉ်၊ နွယ်ချိုမှုန့်၊ ငရုတ်သီးမှုန့်၊ ငါးပိစိမ်းစား၊ ငရုတ်သီးအစိမ်းမှုန့်၊ ပုစွန်ချဉ်၊ မျှစ်စသည်တို့တွင် ဆိုးဆေးများပါဝင်ခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း FDA နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနတို့မှ ထုတ်ပြန်ချက်များကို ကိုးကားပြီး ပြည်တွင်း မီဒီယာများက ရေးသားခဲ့ကြသည်။

## တောင်ကုတ်တွင် အုပ်စုဖွဲ့ သတ်ဖြတ်ခံရသည့် လူ ၁၀ ဦးသေဆုံးမှု မျက်မြင်သက်သေထွက်ဆိုပေးမည့်သူမရှိ၍ အခက်ကြုံ

**မြတ်စုမွန်၊ ဘုန်းကံအောင်**
**ရန်ကုန်၊ ဇူလိုင်-၂**

တောင်ကုတ်မြို့တွင် အုပ်စုဖွဲ့ သတ်ဖြတ်ခံရသည့် လူ ၁၀ ဦး သေဆုံးမှုအတွက် မျက်မြင်သက်သေအဖြစ် ထွက်ဆိုပေးမည့်သူမရှိ၍ တရားခံဟု ယူဆသူများအား လူသတ်မှုဖြင့် ဖမ်းဆီးတရားစွဲဆိုနိုင်ရန် အခက်အခဲရှိနေသေးကြောင်း တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

"အမှုကတော့ လူသတ်မှုနဲ့ ဖွင့်ထားရတယ်။ မျက်မြင်သက်သေမရှိတဲ့ အတွက် လူသေမှု ပြောင်းမယ်ဆိုရင် တရားရုံးကို ရောက်မှပဲ ပြောင်းလို့ရမှာပါ" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးက ဇွန်လနောက်ဆုံးပတ်တွင်ပြုလုပ်သော အစည်းအဝေး၌ ပြောကြားခဲ့သည်။

ဇွန်လ နောက်ဆုံးပတ်က တောင်ကုတ်မြို့နယ်တွင် မြို့မိမြို့ဖများနှင့် အဖွဲ့အစည်းအသီးသီး ပါဝင်သည့် တည်ငြိမ်ရေးနှင့် အေးချမ်းရေးအဖွဲ့တစ်ခု ဖွဲ့စည်းသည့် အစည်းအဝေးတစ်ခုတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့်အရေးယူ စုံစမ်းဖော်ထုတ်ရာတွင် ဖြစ်မှုကျူးလွန်ရာ၌ ပါဝင်နိုင်သူ ၃၀ ဦးအား ဖော်ထုတ်ရရှိထားကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည်။

တရားခံဟု ယူဆရသူများအား ဖမ်းဆီးတရားစွဲဆိုမှု ပြုလုပ်ပါက မြို့နယ်အတွင်း ဆူပူမှုများ ထပ်မံမဖြစ်ပွားအောင် ဝိုင်းဝန်းထိန်းသိမ်းပေးရန်လည်း မြို့နယ်အုပ်ချုပ်ရေးမှူးက မေတ္တာရပ်ခံခဲ့ကြောင်းလည်း ကိုယ်တိုင်တက်ရောက်ခဲ့သူတစ်ဦးက ပြောသည်။

"ဥပဒေအရ အရေးယူဆောင်ရွက်တဲ့အတွက်ဥပဒေမဲ့တုံ့ပြန်မှုတွေ မဖြစ်အောင် ဝိုင်းထိန်းသိမ်းပေးဖို့မြို့နယ်အုပ်ချုပ်ရေးမှူးက မေတ္တာရပ်ခံပါတယ်" ဟု မီဒီယာကိုယ်စားလှယ်တစ်ဦးအနေဖြင့် တက်ရောက်ခဲ့သည့် စာရေးဆရာမောင်ချစ်အောင်(တောင်ကုတ်)က ပြောသည်။

ဇွန် ၃ ရက်တွင် ဖြစ်ပျက်ခဲ့သည့်ယင်းဖြစ်ရပ်မှာ အဓိကရုဏ်းဖြစ်ပွားစဉ် သေဆုံးမှုဖြစ်ခဲ့သဖြင့် လူသတ်မှုဖြင့် တရားစွဲဆိုခြင်း မပြုဘဲ လူသေမှုဖြင့် ပြောင်းလဲတရားစွဲဆိုရန် တာဝန်ရှိသူများအား တင်ပြထားကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစံလှိုင်က ပြောသည်။

အဆိုပါ လူ ၁၀ ဦး ဝိုင်းဝန်းရိုက်နှက်ခံရ၍ သေဆုံးခြင်းနှင့်ပတ်သက်၍ မျက်မြင်သက်သေများအား တွေ့ဆုံမေးမြန်းမှုများကို စုံစမ်းစစ်ဆေးရေးအဖွဲ့က အမှတ်(၅)၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ တောင်ကုတ်တွင် ဇွန် ၁၆ ရက်က စတင်ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ကျောက်နီမော်တွင် ဖြစ်ပွားခဲ့သည့် ရခိုင်အမျိုးသမီးတစ်ဦးအား ဧည့်နိုင်ငံသား၊ အမျိုးသားသုံးဦးက အဓမ္မပြုကျင့်ကာ ပစ္စည်းလုယက်၊ သတ်ဖြတ်ခဲ့မှုဂယက်ကြောင့် တောင်ကုတ်မြို့တွင် ယင်းသို့နောက်ဆက်တွဲပြဿနာဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှုများ၊ ဆူပူသောင်းကျန်းမှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး နိုင်ငံတော်မှ နေဝင်မီးငြိမ်း အမိန့်သာမက အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့ရသည်။

# Life

7DAY NEWS JOURNAL
Vol.11, No.17 • JUL[Y 5, 20]12



## သဘင့်ဥသျှောင်ကြီး၏ နှစ်(၁၃၀)ပြည့် (သို့မဟုတ်) သမိုင်းစဉ်တွင် တာဝန်ကျေခြင်း

**ဂျေလှသင်**

'ပွဲကိုက်ခြင်း'ဆိုတဲ့စကားလုံးကိုကြားဖူးကြပါသလား၊ အခုခေတ်လိုတီဗီ၊ ဗီဒီယိုတွေခေတ်မစားခင်အချိန်က ပွဲကြည့်ချင်ရင် အငြိမ့်တို့ ဇာတ်သဘင်ပွဲတို့ကို ကြည့်ကြရတယ်။ တစ်ညလုံး မိုး အလင်းကပြကြတာဆိုတော့ ပွဲကြည့်တဲ့သူဟာ နောက်နေ့တစ်နေကုန် ထမင်းမစား ဘာမစားအိပ်တော့တယ်။ အဲဒီလိုဖြစ်တာကို'ပွဲကိုက်တယ်' လို့ နောက်ပြောင် ပြောလေ့ရှိကြတယ်။ ကျွန်မလည်း ဇွန်လ ၂၃/၂၄ နှစ်ရက်လုံး အိုးမကွာ၊ အိမ်မကွာ အိမ်က တီဗီရှေ့မှာ ပွဲထိုင်ကြည့်ပြီးနောက်နေ့ ပွဲကိုက်ပါတော့တယ်။

အဲဒီလို တီဗီရှေ့မှာ တစ်နာရီကြာအောင် ထိုင်မကြည့်ဖြစ်တာ အတော်ကြာပါပြီ။ (FREE TO AIR) ဆိုတော့လည်း ကိုယ်ကြိုက်ရာရွေးကြည့်ခွင့်မရှိ သူပြတာ ကြည့်။ တစ်နေ့ကို ကိုးကြိမ်လောက် အပြန်ပြန်အလှန်လှန်ပြနေတဲ့ ကိုရီးယားကားတွေကို စိတ်ကုန်လွန်းလို့ပိတ်ထားတာများတယ်။ မနက်ဖက် MRTV-3က လွှင့်တဲ့ အင်္ဂလိပ်ပိုင်း အစီအစဉ်လေးခဏ၊ သတင်းလေးခဏ၊ တစ်ခါတစ်ရံ Sunday Talk လေး ဒါတွေလောက်ပဲ ကြည့်ဖြစ်တော့တယ်။

ဒါပေမဲ့ အခု ထုတ်လွှင့်ပြသသွားတဲ့ သဘင့်ဥသျှောင်ဂရိတ် ဦးဖိုးစိန် နှစ်(၁၃၀)ပြည့် အထိမ်းအမှတ်ဇာတ်သဘင်တင်ဆက်မှုအတွက်တော့ မြန်မာ့ရုပ်သံကို အထူးကျေးဇူးတင်မိပါတယ်။ အိမ်က ကလေးတွေပါ စိတ်ဝင်တစားကြည့်ပြီး သဘောကျနေကြတာ မြင်ရလို့လည်း ကျေနပ်မိပါရဲ့။ ကျွန်မတို့ကိုရန်ကုန်သူတွေအတွက် ဇာတ်ပွဲကြည့်ဖို့ဆိုတာ မလွယ်ပါဘူး။ အရင်လိုဇာတ်သဘင်တွေအတွက် သီးသန့်ပဒုမ္မာပြဇာတ်ရုံကြီးမှာလည်း ကြည့်လို့မရတော့ဘူး။ ဟိုးခေတ်တွေတုန်းကတော့ ရွှေတိဂုံစေတီတော်ကြီးရဲ့တပေါင်းပွဲတို့၊ ပြည်ထောင်စုအလံတော်ခေတ္တနားတဲ့ ကျိုက္ကဆံကွင်းတို့မှာ ဇာတ်သဘင်အစုံရုံသွင်းပြတာစိတ်ကြိုက်ကြည့်ပဲ။ အိမ်က မိသားစုနဲ့အတူ ပွဲဈေးလျှောက်၊ ပြီးရင် ပွဲကြည့်။ အခုတော့ ရန်ကုန်မြို့ကြီး ဇာတ်သဘင်ပွဲနဲ့ ကင်းကွာလာလိုက်တာ အခုခေတ်လူငယ်တွေ ဇာတ်ပွဲဆိုတာ ကြည့်စရာလို့တောင် မထင်ကြတော့ဘူး။ အခုတော့ ကျွန်မတို့ ရန်ကုန်ပရိသတ်ကြီး မြန်မာ့ရုပ်သံရဲ့ကျေးဇူး၊ ဦးဖိုးစိန်မိသားစုရဲ့ အားထုတ်မှုကြောင့် နှစ်ညဆက်တိုက် တစ်ဝကြီးပွဲကြည့်ခွင့်ရခဲ့ပါတယ်။

ကောင်းလိုက်တဲ့ ဇာတ်ပွဲ၊ နှစ်ပေါင်း(၁၃၀)ပြည့်ပြီဖြစ်တဲ့ သဘင်လောကရဲ့ ဥသျှောင်မင်းသားကြီး ဂရိတ်ဦးဖိုးစိန်ကို သတိတရနဲ့ ဂုဏ်ပြုဖျော်ဖြေပွဲ၊ ဇာတ်သဘင်အစုံ ဇာတ်မင်းသားမင်းသမီးအစုံ ရုပ်ရှင်ဂီတအနုပညာရှင်တွေပါ ပါဝင်ဂုဏ်ပြုကြတဲ့ပွဲ မြန်မာ့ဇာတ်သဘင်စစ်စစ်ကို မျက်ဝါးထင်ထင်မြင်ခွင့်ရခဲ့တယ်။ ဆက်တင်တွေ၊မီးအလင်းအမှောင်၊ ဇာတ်ခုံအထူးပြုလုပ်ချက်တွေနဲ့ တင်ဆက်သွားလိုက်တာကြည့်လို့ကောင်းလိုက်တဲ့ဖြစ်ခြင်း။

ဇာတ်သဘင်များရဲ့ ထုံးစံအတိုင်း ရတနာသုံးပါးနဲ့ ဘုရားကန်တော့ခန်း၊ နတ်ပြတဲ့ စတော်တိုက်အက၊ အပျိုတော် အလှအကတွေနဲ့အတူ ဂရိတ်ဦးဖိုးစိန်ရဲ့ နာမည်ကျော် မြေဝိုင်းအက၊ ရှင်ဘုရင်ဆိုတာမျိုးက ဘုရားရဟန်း၊ သံဃာမှတစ်ပါး ဘယ်သူ့ကိုမှ မော်ကြည့်ရိုးထုံးစံမရှိ အဲဒီတော့ ရှေးခေတ်သဘင်သည်များဟာ မင်းမိဘုရားကို ဖျော်ဖြေဖို့ရာ မြေပြင်ပေါ်မှာ ဆီးမီးတိုင်တွေ ဝိုင်းပတ်ထွန်းညှိပြီး ကပြခဲ့ကြတဲ့အတွက် မြေဝိုင်းအကရယ်လို့ နာမည်တွင်လာခဲ့တဲ့အက၊ အဲဒီအကကို ဂရိတ်ဦးဖိုးစိန် ကခဲ့တဲ့အတိုင်း အတတ်နိုင်ဆုံး တူအောင် ကပြဂုဏ်ပြုခဲ့ကြတယ်။ နောက် ဇာတ်သေတ္တာတွေအပေါ် တက်ကတဲ့ သေတ္တာအက၊ အဲဒီသေတ္တာအကရဲ့ နှစ်ပါးသွားမှာ မင်းသမီး အောင်ဗလဟာ မိန်းမ မဟုတ်ဘဲ ယောကျာ်းမင်းသမီးဆိုတာ အခုမှပဲသိတော့တယ်။ ယောကျာ်းမင်းသမီး မယ်အောင်ဗလဟာ မင်းသမီးအကကိုမိန်းမနဲ့မခြားပိုင်ပိုင်နိုင်နိုင် ကနိုင်ခဲ့တယ်တဲ့။ အခုမယ်အောင်ဗလနေရာမှာ ကတဲ့ မင်းသားစွမ်းဇာနည်ကလည်း တော်လိုက်တာ နွဲ့နွဲ့နှောင်းနှောင်း လှလှပပ သေတ္တာအကကို ကသွားကြတယ်။

စာ(၁၁)သို့

## ဈေးဝယ်ထွက်မယ် — ကိုရီးယားထုတ် သဘာဝအလှကုန်များ ဆုံစည်းရာ

**အိဖြူလွင်**









ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဈေးဝယ်ရတာ ဝါသနာပါသူတွေက အမျိုးသမီးတွေသာဖြစ်လေ့ရှိပြီး အမျိုးသားတွေကတော့ လိုအပ်မှသာ ဈေးဝယ်ထွက်တတ်သူတွေဖြစ်လို့ ဈေးဝယ်ထွက်မယ် ကဏ္ဍက လမ်းညွှန်ပေးနေတာ အမျိုးသမီးတွေအတွက်သာ ဖြစ်နေတယ်လို့တော့ မငြိုငြင်စေချင်ပါဘူး။

ဒီတစ်ပတ်မှာလည်း အမျိုးသမီးတွေ အကြိုက်တွေ့မယ့် ကိုရီးယားနိုင်ငံထုတ် အသားအရေထိန်းပစ္စည်းများနဲ့ အလှကုန်တွေ ရနိုင်မယ့် နေရာလေးကို လမ်းညွှန်ပေးချင်ပါတယ်။

Beauty Credit ဆိုတဲ့အမှတ်တံဆိပ်နဲ့ အလှကုန်ပစ္စည်းတွေ အားလုံးက သဘာဝကရရှိတဲ့အသီးအနှံသစ်ဥသစ်ဖုတွေကနေ အဓိကထုတ်လုပ်ထားတာဖြစ်ပြီး ဓာတုပစ္စည်းပါဝင်မှုနှုန်းထားကိုလည်း အတိအကျသိရှိနိုင်တယ်လို့ သိရပါတယ်။

ဒီအလှကုန်ပစ္စည်းဆိုင်မှာက အသားအရေအမျိုးအစားစုံပိုင်ရှင်ဖြစ်တဲ့ အမျိုးသမီးတွေ အသက်အရွယ်မရွေး၊ အချိန်ရာသီမရွေး အဆင်ပြေအောင် အသားအရေအလိုက် အမျိုးအစား ရှစ်မျိုးထိ ရှိတဲ့ အသားအရေထိန်းပစ္စည်းတွေကို အစုံလိုက်ရနိုင်ပါတယ်။ ဝက်ခြံများလွန်းတဲ့သူတွေ၊ တင်းတိပ်မှဲ့ခြောက်ပိုင်ရှင်တွေ၊ အသားအရေခြောက်သူတွေ၊ အဆီပြန်တတ်သူ၊ ထိခိုက်လွယ်သော အသားအရေပိုင်ရှင်များ၊ အရေးအကြောင်းများတဲ့သူတွေ စသဖြင့် အသားအရေမျိုးစုံ အတွက် ရှိတာပါ။

အသားအရေထိန်းပစ္စည်းတွေထဲမှာဆိုရင် နို့ရည် တိုနာ၊ မျက်နှာသစ်ဆပ်ပြာ၊ မျက်နှာလိမ်းကရင်၊ မျက်လုံးကရင် စသဖြင့် အမျိုးစုံရှိပြီး အလှကုန်တွေထဲမှာဆိုရင် မိတ်ကပ်၊ ပေါင်ဒါစသဖြင့်ရှိတာပါ။

စာ(၁၁)သို့

## ဒီလိုလေး ချက်ကြရအောင်

**ဝိုက်ဗီ**

### ငှက်ပျောဖူးချဉ်စပ်ချက်



ဒီတစ်ပတ် ဝိုက်ဗီက ရခိုင်ရိုးရာဟင်းတစ်မျိုးကို အခြေခံချက်ပြုတ်ထားတဲ့ ငှက်ပျောဖူးသီးသန့်ကိုပဲ ခပ်စပ်စပ်လေး ချက်ထားတာပါ။

လိုအပ်တာကတော့ ရခိုင်ငှက်ပျောဖူးတစ်ဖူး၊ မန်ကျည်းမှည့်နဲ့ငရုတ်သီးစိမ်းတို့ပဲလိုပါတယ်။

ပထမဆုံး ငှက်ပျောဖူး အပေါ်က အခွံတွေကို တစ်ဝက်လောက်ကိုခွာပစ်ပြီးမှ အတွင်းက နူးတဲ့အပိုင်းကို ခပ်ရိပ်ရိပ်လှီးပါမယ်။ လှီးပြီးတဲ့ ငှက်ပျောဖူးတွေကို ဆားနဲ့ ပွတ်နယ်ရေဆေးပါမယ်။ ပြီးရင် မန်ကျည်းရေထဲကို ငါးမိနစ်လောက်စိမ်ပါမယ်။ စိမ်ထားတဲ့အချိန်မှာ ကြက်သွန်နီ ငရုတ်သီးစိမ်းကို ရောထောင်းပြီး ငါးပိလက်တစ်သစ်စာလောက်နဲ့ဆီသတ်ပါ။ ဆီသတ်ပြီး ငှက်ပျောဖူးထည့်ပြီးမှ ဆား၊ ဟင်းခတ်မှုန့်အနေတော်ထည့်၊ ရေထည့်ပြီး ငှက်ပျောဖူးလေးတွေ နူးအိပြန်သွားတဲ့အခါ မီးဖိုပေါ်ကနေချပြီး သုံးဆောင်လို့ရပါပြီ။

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

## မျက်နှာဖုံး-မြန်မာနိုင်ငံသို့ တိုက်ရိုက်ပျံသန်းရန် နိုင်ငံတကာလေကြောင်းလိုင်း ခုနစ်ခု ကမ်းလှမ်း မှ

ထို့အပြင် မန္တလေးမြို့သို့ တိုက်ရိုက်ပျံသန်းလိုသော လေကြောင်းလိုင်းများအားလုံးကိုလည်း ဖိတ်ခေါ်ကြောင်းနှင့် ခွင့်ပြုပေးရန် အစီအစဉ်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဝင်းဆွေထွန်းကပြောသည်။

လက်ရှိစီစဉ်နေသော လေကြောင်းလိုင်း ၆ လိုင်းမှ ကာတာလေကြောင်းလိုင်းမှာ အောက်တိုဘာလ ၁ ရက်တွင် စတင်ပျံသန်းမည်ဖြစ်ပြီး Condor လေကြောင်းလိုင်းမှာလည်း အောက်တိုဘာလတွင် စတင်ပျံသန်းမည်ဖြစ်သည်ဟု သတင်းရရှိသည်။

ရန်ကုန်လေဆိပ်သို့ဝင်ထွက် သွားလာနေသော ဧည့်သည်ဦးရေမှာ ဇွန်လကုန်ထိ တစ်သန်းခွဲခန့်ရှိပြီး ယခုနှစ်တွင် သုံးသန်းခန့်ဝင်ထွက်သွားလာနိုင်ကြောင်းနှင့် ထိုပမာဏမှာ ရန်ကုန်လေဆိပ်၏ လက်ခံနိုင်သော ပမာဏထက် ကျော်လွန်နေကြောင်း ဒေါ်နွယ်နီဝင်းကျော်ကပြောသည်။

လက်ရှိတွင် ရန်ကုန်လေဆိပ်သို့ ပြည်တွင်းလေကြောင်းလိုင်း ၆ လိုင်း၊ နိုင်ငံတကာ လေကြောင်းလိုင်း ၁၄ လိုင်းပျံသန်းပေးနေပြီး ၂၀၁၁ ခုနှစ်က ခရီးသည် ၂ ဒသမ ၄ သန်း ဝင်ထွက်သွားလာခဲ့သည်ဟုသတင်းရရှိသည်။

## မျက်နှာဖုံး-ဂျက်ကီချန်းမြန်မာနိုင်ငံလာမည် မှ

နှင့် တွေ့ဆုံအားပေးရန်၊ လူကုန်ကူးခံနေရသော ကလေးငယ်များ အရေး ဆောင်ရွက်နေသူများနှင့်တွေ့ဆုံဆွေးနွေးရန်ဖြစ်သည်။

ဂျက်ကီချန်း၏ မြန်မာနိုင်ငံ ခရီးစဉ်ကို ယူနီဆက်ဖ် ( ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ -Unicef) က စီစဉ်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံပီကင်းမြို့မှ မန္တလေးမြို့သို့ ဇူလိုင် ၅ ရက်တွင် ကိုယ်ပိုင်လေယာဉ်ဖြင့်လာမည်ဖြစ်ကာ၊ထိုညနေတွင် မန္တလေးတောင်နှင့်မြို့ဝန်ကျင် ရှုခင်းများကို လိုက်လံကြည့်ရှုမည်ဖြစ်သည်။မန္တလေးမြို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအချို့သို့လည်း သွားရောက်မည်ဖြစ်ကာ ဇူလိုင် ၆ ရက်တွင် အဓိကအစီအစဉ်ဖြစ်သော လူကုန်ကူးခံရသည့် ကလေးငယ်များ၊ ကလေးငယ်အခွင့်အရေး ဆောင်ရွက်နေသူများနှင့် တွေ့ဆုံဆွေးနွေးအားပေးမည်ဖြစ်သည်။

ဇူလိုင် ၇ ရက်တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့လာပြီး လူကုန်ကူးခံရသောကလေးငယ်များ၊ ကလေးငယ် အခွင့်အရေး ဆောင်ရွက်နေသူများနှင့်တွေ့ဆုံမည်ဖြစ်သည်။

ရန်ကုန်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ပြီး ထိုညနေတွင် ဆီဒိုးနားဟိုတယ်၌မြန်မာ သရုပ်ဆောင်များ၊ လူမှုရေးဆောင်ရွက်နေသောအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ အစိုးရမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညစာစားမည်ဖြစ်သည်။

ဂျက်ကီချန်းနှင့် တွေ့ဆုံမည့် မြန်မာသရုပ်ဆောင်များထဲတွင် ဇင်ဝိုင်း၊ လူမင်း၊ ပြေတီဦး၊ နေထက်လင်း၊ ရဲတိုက်၊ ထွန်းအိန္ဒြာဗို၊ ချစ်သုဝေ၊ ဝတ်မှုန်ရွှေရည် စသော သရုပ်ဆောင်များ ပါဝင်ကြောင်း ဖိတ်ကြားခံထားရသော သရုပ်ဆောင်များက ပြောသည်။ ယူနီဆက်ဖ်က သရုပ်ဆောင်များကို တိုက်ရိုက်ဖိတ်ကြားခြင်းဖြစ်ပြီး ဂျက်ကီချန်းမှာ သရုပ်ဆောင်ဖြစ်၍ သရုပ်ဆောင်များကိုသာ အဓိက ဖိတ်ကြားခြင်းဖြစ်နိုင်ကြောင်း အကယ်ဒမီလူမင်းက ပြောသည်။

ထိုညနေတွင် ဂျက်ကီချန်းမှာ မြန်မာသိုင်းပညာရှင်များနှင့် တွေ့ဆုံရန်စီစဉ်ထားကြောင်း သတင်းရရှိသည်။ ၂၀၁၁ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာအရ ၂၀၁၂တွင် လူကုန်ကူးခံရသူ ၂၆၅ ဦးရှိရာတွင် ကလေး ၆၁ ဦးပါဝင်ပြီး၊ စုစုပေါင်း ၂၃ ရာခိုင်နှုန်းရှိသည်။

ဂျက်ကီချန်းအတွက် ယခုခရီးစဉ်မှာ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်ပြီး ၎င်းကိုယ်တိုင်က မြန်မာနိုင်ငံသို့ လာရောက်ရန် စိတ်အားထက်သန်၍ ခရီးစဉ်ဖြစ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ ဇူလိုင် ၈ရက်တွင်ရန်ကုန်မှဟောင်ကောင်သို့ ကိုယ်ပိုင်လေယာဉ်ဖြင့် ပြန်မည်ဖြစ်သည်။

ဂျက်ကီချန်းမှာသရုပ်ဆောင်ခြင်းအပြင် ဒါရိုက်တာ၊ ထုတ်လုပ်သူ၊ဇာတ်ညွှန်းရေးသူ၊ကိုယ်ခံပညာရှင်၊ တေးဆိုစသော အနုပညာနှင့်ပတ်သက်၍ ဘက်စုံလုပ်ကိုင်သူဖြစ်သည်။ ၎င်းတွင် အသက် ၂၀ အရွယ် ဂျေစီချန်းဟူသော သားတစ်ဦးရှိသည်။ ၁၉၉၈ခုနှစ်တွင် ၎င်း၏အမည်ဖြင့် ဖောင်ဒေးရှင်းတည်ထောင်ထားပြီး လူမှုရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

MTV ရုပ်ရှင်ထူးချွန်ဆုကို Rush Hour, Rush Hour 2 ဇာတ်ကားဖြင့်လည်းကောင်း၊MTV တစ်သက်တာထူးချွန်ဆု၊ MTV အာရှဆု၊ ရွှေမြင်း ရုပ်ရှင်ထူးချွန်ဆုကို Police Story, Crime Story တို့ ဖြင့်လည်းကောင်း၊ Golden Rooster Awards အကောင်းဆုံးသရုပ်ဆောင်မင်းသားဆုကို New Police Story ဖြင့်လည်းကောင်း၊ ဟောင်ကောင်ရုပ်ရှင်ထူးချွန်ဆု သုံးဆုနှင့် အခြားသော ရုပ်ရှင်ထူးချွန်ဆုများစွာ ရရှိထားသည်။

ဟောလိဝုဒ်၏ ကျော်ကြားသူများ၏လျှောက်လမ်းတွင်ကြယ်တစ်ပွင့်ချခွင့်ရခဲ့သည်။ ၂၀၀၉ခုနှစ်တွင်ကိုလံဘီယာတက္ကသိုလ်၏ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ရရှိခဲ့သည်။ ဂျက်ကီချန်းမှာ တရုတ်စကားအပြင် အင်္ဂလိပ်စကားကောင်းစွာ ပြောတတ်ပြီး ဂျာမန်၊ ကိုရီးယား၊ဂျပန်စကားလည်းပြောတတ်ကာ စပိန်စကား အနည်းငယ် ပြောတတ်သည်။

## စာ-၄၊ အသက်မပြည့်သည့် စက်ရုံလုပ်သား ၄၀ကျော်ကို အလုပ်ထုတ် မှ

၁၉၅၁ ခုနှစ် အလုပ်ရုံအက်ဥပဒေပုဒ်မ ၇၇အရ ၁၅ နှစ်နှင့် အထက်လူငယ်လုပ်သားများအား လူကြီးလုပ်သားအဖြစ် အလုပ်လုပ်ကိုင်ရန် သင့်လျော်ကြောင်း တာဝန်ခံဆရာဝန်လက်မှတ်ဖြင့် တစ်နှစ်တစ်ခါဆေးစစ်ချက်ယူ၍ အလုပ်လုပ်ကိုင်ခွင့်ရှိပြီး တာဝန်ခံဆရာဝန် လက်မှတ်အား စက်ရုံမန်နေဂျာက သိမ်းဆည်းထားရန်လိုအပ် ကြောင်း သိရသည်။

“လက်ရှိတည်ဆဲဥပဒေအရဆိုရင် အသက် ၁၅နှစ်ပြည့်ပြီး ၁၈ နှစ်အတွင်းက အလုပ်လုပ်ကိုင်ခွင့်ရှိတယ်။ သူတို့ကို လူကြီးကဲ့သို့အလုပ်လုပ်ကိုင်ရန်သင့်တော်ကြောင်း၊ ပြဋ္ဌာန်းထားသည့် ကာယဗလအဆင့်အတန်းရောက်ရှိပြီဖြစ်၍ အလုပ်လုပ်ရန်သင့်တော်ကြောင်း တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်ထံဆေးစစ်ချက်ယူရတယ်။ ၁၈ နှစ်ကျော်ရင်တော့ ဒီလိုလုပ်စရာမလိုတော့ဘူး” ဟု ဦးဝင်းရှိန်က ပြောသည်။

အလုပ်ရုံဥပဒေအရအသက် ၁၅နှစ်မပြည့်သေးသူများအားကလေးဟု သတ်မှတ်ပြီး ၁၅နှစ်မှ ၁၈နှစ်တွင်းရှိသူများအား လူရွယ်ဟုသတ်မှတ်ကာ ၁၈ နှစ်ပြည့်ပြီးသူများအား လူကြီးအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

“အသက်၁၅နှစ်အောက်တွေ့လို့အရေးယူပြီးအလုပ်ကအင်အားလျှော့လိုက်တာကတော့ မျှတမှုမရှိဘူး။ ကျောင်းနေတဲ့အရွယ်မှာ စာမသင်နိုင်ဘဲအလုပ်လုပ်ရတာ။ အလုပ်ကနေအင်အားလျှော့ပြီးမဖြေရှင်းဘဲကလေးတွေရဲ့ဘဝကိုစဉ်းစားပြီး နိုင်ငံတော်က ဘယ်လိုတာဝန်ယူပေးမလဲစဉ်းစားဖို့လိုပါတယ်”ဟု အလုပ်သမားအရေးဆောင်ရွက်နေသူ ရှေ့နေဦးဌေးက ပြောသည်။

စက်မှုအလုပ်သမားများအရေးလိုက်ပါဆောင်ရွက်နေသော ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် မသက်သက်အောင်က ထိုကိစ္စနှင့် ပတ်သက်၍ ယခုကဲ့သို့မှတ်ချက်ပြုသည်။

“အရှင်းဆုံးပြောရမယ်ဆိုရင် အသက်မပြည့်ဘဲ အလုပ်ခန့်ထားပြီး အခုမှ အလုပ်က အင်အားလျှော့လိုက်တော့ ဒီကလေးတွေ ဘယ်ကိုရောက်သွားမလဲပဲစိတ်ပူတယ်။ သူတို့ရဲ့အနာဂတ်ကို စိတ်ပူတယ်။ ဥပဒေအရဆိုရင်က ဒီအသက်အရွယ်က မိဘပိုင်အလုပ်မဟုတ်ဘူးဆိုရင် တခြားအပြင်မှာအလုပ်လုပ်ခွင့်မရှိဘူး။ သူတို့ရဲ့ အနာဂတ်တွေအရ သူတို့ရောက်မယ့်နေရာတွေက ကောင်းတဲ့နေရာကို ရောက်ဖို့အရေးကြီးတယ်”

လှိုင်သာယာစက်မှုဇုန်-၁ တွင်းရှိတော်ဝင်မြန်မာအထည်ချုပ်စက်ရုံ၌ စုစုပေါင်းလုပ်သား ၁၀၀၉ ဦးရှိသည့်အနက် ၁၅နှစ်မှ ၁၈ နှစ်ကြားရှိ အလုပ်သမားဦးရေ၉၁ဦးအား စစ်ဆေးတွေ့ရှိပြီး ၁၅ နှစ်အောက် အလုပ်သမားဦးရေ ၄၀ ကျော်ရှိကြောင်း သတင်းရရှိသည်။

## စာ-၅၊ ဥရောပခရီးမှအပြန် ဒေါ်အောင်ဆန်းစုကြည်ကို ထောင်နှင့်ချီသောထောက်ခံသူတို့ လေဆိပ်တွင် ကြိုဆို မှ

ဒေါ်အောင်ဆန်းစုကြည်၏ ယခုခရီးစဉ်သည် မြန်မာနိုင်ငံ၏ လယ်သမားအရေး၊ ကျောင်းသားအရေးနှင့် အလုပ်သမားအရေးတို့ကို ကောင်းစွာနားလည်သိရှိသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံအကြောင်း ကမ္ဘာ့ခေါင်းဆောင်များရှေ့တွင် ကျယ်ကျယ်ပြန့်ပြန့် ပြောနိုင်ခဲ့သူဖြစ်သောကြောင့် အကျိုးရှိသည့်ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်း အမျိုးသမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ နာယကဦးဝင်းတင်က ပြောကြားသည်။

ဇွန် ၁၃ရက်တွင် စတင်ခဲ့သော ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၁ ခုနှစ်က ရရှိခဲ့သော ငြိမ်းချမ်းရေးနိုဗယ်ဆုကို နော်ဝေနိုင်ငံ အော်စလိုမြို့၌ ကိုယ်တိုင်လက်ခံရယူခဲ့ပြီး သမိုင်းဝင်မိန့်ခွန်းပြောကြားခဲ့သလို ဗြိတိန်နိုင်ငံတွင်လည်း နိုင်ငံ့ခေါင်းဆောင်များကိုသာ မိန့်ခွန်းပြောကြားခွင့်ပေးသည့် ဝက်မင်စတာခန်းမ၌ ဗြိတိန်နိုင်ငံ၏အထက်အောက်လွှတ်တော်နှစ်ရပ်လုံးတွင် မိန့်ခွန်းပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် သည် သူမကဲ့သို့ပင် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်ဖြစ်သော ဒလိုင်းလားမားနှင့်လည်း တွေ့ဆုံခဲ့ပြီး အောက်စဖို့ဒ်တက္ကသိုလ်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို လက်ခံရယူခဲ့သည်။

## စာ-၂၊ ပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားငွေစာရင်း ဖွင့်ခွင့်ပြုပြီ မှ

ယင်း ဝန်ဆောင်မှုကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်မှ ဒါရိုက်တာ (Customer Service Depatment)ဦးသက်လွင်ရွှေကပြောသည်။

ယခုကဲ့သို့နိုင်ငံခြားသုံးငွေစာရင်းရှင်အပ်ငွေစာရင်းကိုလုပ်ကိုင်ခွင့်ပြုလုပ်ခြင်းဖြင့် သွင်းကုန်များအတွက် Letter of Credit များဖွင့်လှစ်နိုင်ခြင်း၊ နိုင်ငံခြား ငွေစာရင်းတစ်ခုမှ တစ်ခုသို့စာရင်း ပြောင်းခြင်း၊ ပို့ကုန်လုပ်ငန်းအတွက် ပို့ကုန်ရငွေများကို နိုင်ငံခြား ငွေစာရင်းတွင် ထည့်သွင်းနိုင်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဘဏ်တာဝန်ရှိသူတို့ကဆိုသည်။

မကြာမီ အသုံးပြုနိုင်တော့မည့် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်နိုင်ခြင်း ဝန်ဆောင်မှုတွင် တစ်ဦး (သို့) နှစ်ဦးတွဲဖက်ပြီး စာရင်းဖွင့်လှစ်နိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံသားများအပြင် နိုင်ငံခြားသားများလည်း အဆိုပါ နိုင်ငံခြားငွေစာရင်းကို ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

“မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီလုပ်ငန်းတွေအပြင် တရားဝင်ဖွဲ့စည်းထားတဲ့ နိုင်ငံခြားသားပိုင်ကုမ္ပဏီတွေ၊ သံရုံးနဲ့ သံရုံးဝန်ထမ်းတွေလည်း ဒီစာရင်းကိုဖွင့်လှစ်နိုင်မှာပါ”ဟု အေဂျီဒီဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းဦးကပြောသည်။

နိုင်ငံခြားငွေစာရင်းဖွင့်လှစ်တွင်ကနဦးပေးသွင်းငွေအဖြစ် အမေရိကန်ဒေါ်လာစာရင်းအတွက် ကန်ဒေါ်လာ ၁၀၀၊ စင်ကာပူဒေါ်လာစာရင်းအတွက် စင်ကာပူဒေါ်လာ ၁၀၀ နှင့် ယူရိုငွေစာရင်းအတွက် ယူရိုငွေ ၁၀၀ဖြင့် အသီးသီးစတင်ဖွင့်လှစ်နိုင်ကြမည်ဖြစ်သည်။

အဆိုပါ နိုင်ငံခြားသုံးငွေ စာရင်းရှင် အကောင့်ကို ဖွင့်လှစ်ထားသူများအနေဖြင့် ငွေသွင်း၊ ငွေထုတ်ပြုလုပ်သည့်ငွေပမာဏနှင့် အကြိမ်အရေအတွက်ကိုကန့်သတ်မထားဘဲ အွန်လိုင်းမှလည်း ပေးသွင်းခြင်း၊ ထုတ်ယူခြင်းကိုပြုလုပ်နိုင်ကြမည်ဟု ဗဟိုဘဏ်မှ စုံစမ်းသိရှိရသည်။

ဗဟိုဘဏ်၏ အထက်ပါလုပ်ငန်းလုပ်ကိုင်ခွင့်ကို ရရှိထားကြသည့် ဘဏ်များမှာ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်(AGD)၊ ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊မြဝတီဘဏ်၊သမဝါယမဘဏ်တို့ဖြစ်ပြီး ယင်းတို့အနက် AGD ဘဏ်နှင့် ကမ္ဘောဇဘဏ်တို့မှာ အထက်ပါလုပ်ငန်းလုပ်ကိုင်ရန်အတွက် အသင့်ဖြစ်နေပြီဖြစ်ကြောင်းသိရသည်။

## မျက်နှာဖုံး-ခရီးပန်းနေသဖြင့်ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်သို့ သုံးရက်ခွင့်တိုင် မှ

ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင် ၉ ရက်တွင်မှ လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးများကို စတင်တက်ရောက်မည်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေသည် စိုးရိမ်စရာမရှိဘဲ ဥရောပခရီးစဉ် ရက်ရှည်ခြင်းကြောင့် ခရီးပန်းနေခြင်းသာရှိသည်ဟု ခရီးစဉ်တစ်လျှောက်လုံး အနီးကပ်ရှိခဲ့သည့် ဆရာဝန်တစ်ဦးဖြစ်သော ဒေါက်တာတင်မာအောင်က ပြောကြားသည်။

အသက် (၆၇)နှစ်ရှိပြီဖြစ်သော ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၁၃ရက်မှစ၍ ၁၇ ရက်ကြာမျှ ဥရောပနိုင်ငံများသို့ ခရီးထွက်ခဲ့ပြီး ခရီးစဉ်အတွင်း မိန့်ခွန်းလေးကြိမ် ပြောကြားခဲ့ကာ တွေ့ဆုံပွဲဆွေးနွေးပွဲများ နေ့စဉ်ပြုလုပ်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကြားဖြတ်ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ် ၄၄ဦးအနက် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်းသာ လွှတ်တော်သို့ ၃ရက် မတက်ရောက်နိုင်ခြင်းဖြစ်ပြီး ကျန်ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး လွှတ်တော်အစည်းအဝေးများကို ပုံမှန်တက်ရောက်မည်ဟု ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးအုန်းကြိုင်က ပြောကြားသည်။

ယခုကျင်းပသည့်စတုတ္ထအကြိမ်ပုံမှန်လွှတ်တော်အစည်းအဝေးများသည် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် လွှတ်တော်တွင်ဆွေးနွေးမှုများ၊ တင်ပြမှုများပြုလုပ်ရန်အတွက် ပထမဆုံးတက်ရောက်ရမည့် အစည်းအဝေးများဖြစ်သည်။ကြားဖြတ်ရွေးကောက်ပွဲရလဒ်များ ကြေညာပြီး လွှတ်တော်တတိယပုံမှန်အစည်းအဝေးကျင်းပစဉ်ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် လွှတ်တော်သို့ မတက်ရောက်ခဲ့သောကြောင့် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပါတီဝင်လွှတ်တော်ကိုယ်စားလှယ်များ သက်ဆိုင်ရာ လွှတ်တော်များတွင် ကျမ်းသစ္စာကျိန်ဆိုရုံသာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

# Health

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012



## လေဆာဓာတ်မီးများ အန္တရာယ်ရှိ

**အိုတာဝါ၊ ဇွန် - ၂၅**

စာသင်ခန်း၊ လက်ချာခန်းမများတွင် အသုံးပြုသောလေဆာဓာတ်မီးငယ်များမှာ ကျန်းမာရေးအန္တရာယ်ကြီးမားကြောင်း ကနေဒါနိုင်ငံမှ ကျန်းမာရေးအရာရှိများကပြောကြားသည်။

ဘက်ထရီနှင့် အသုံးပြုပြီး လက်တစ်ကိုင်စာ လေဆာရောင်ခြည်တန်း ကိရိယာလေးများမှာ အများအားဖြင့် လက်ချာခန်းများနှင့် အစည်းအဝေးတင်ပြမှုများတွင် အသုံးပြုလေ့ရှိကြောင်း၊ သို့သော် အခြားနေရာများတွင်ပါ အသုံးပြုနိုင်သည်ဟု ကြေငြာမှုများရှိနိုင်ကြောင်း ကနေဒါအရာရှိများက ပြောကြားသည်။

ယင်းလေဆာရောင်ခြည်အမျိုးအစားမှာ အဆင့်နိမ့်သော်လည်း ရောင်ခြည်နှင့်တိုက်ခိုက် ထိတွေ့မှုသို့မဟုတ်ပါက ရောင်ပြန်နှင့် တစ်စက္ကန့်မျှ အပုံအနည်းငယ် ထိတွေ့လျှင်ပင် ပြန်မကောင်းနိုင်သည့် မျက်စိပျက်စီးမှုကြုံတွေ့နိုင်ကြောင်း ကနေဒါ ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။ ထို့အပြင် ယင်းလေဆာရောင်ခြည်အသုံးပြုသော ပစ္စည်းများ ကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း၊ တင်သွင်းခြင်း၊ ကြော်ငြာခြင်းများမှာ ကနေဒါနိုင်ငံစားသုံးသူကာကွယ်ရေး ဥပဒေအရပိတ်ပင်တားဆီးထားကြောင်း ကနေဒါအရာရှိများက သတိပေးထားသည်။ —Ref: UPI

# အယူအဆအလွဲများနှင့် ကလေးပြုစုစောင့်ရှောက်မှု

**ဝတ်ရည်အောင်**

မိခင်လောင်းတစ်ယောက်၏ အပြုအမူအနေအထိုင်အားလုံးတို့သည် ကလေးငယ်တို့၏ဘဝတစ်လျှောက်လုံးအပေါ် သက်ရောက်မှုရှိစေသည်။ မိခင်၏ မရည်ရွယ်သော အမှားတစ်ချက်သည်ကလေးငယ်အတွက်ပြင်ဆင်ရန်မလွယ်တော့သည့် ဆိုးကျိုးများကို သက်ရောက်ခံစားရစေမည်ဖြစ်သည်။

အရာရာအား အထူးဂရုပြုသည့်အချိန်တွင် အချို့သော အယူအဆမှားများ၊ အတွေ့အကြုံရှိပြီး ပူပန်သည့် လူကြီးများ၏ မှတ်ယူထားသော မမှန်ကန်သည့် အယူအဆအချို့လည်း ယခုချိန်ထိများပြားနေဆဲဖြစ်ပြီး ထိုအယူအဆမှားများ၏ နောက်ဆက်တွဲဆိုးကျိုးများကိုလည်း ခံစားနေရဆဲဖြစ်သည်။

မိခင်လောင်းများ ပထမဆုံးမှားသည့်တစ်ချက်မှာ ကိုယ်ဝန်အပ်နှံခြင်းကို ကိုယ်ဝန်လအနည်းငယ်ရင့်သည့်အချိန်မှသာအပ်နှံရမည်ဟုထင်မှတ်ခြင်းဖြစ်ကြောင်း သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာစိုးလွင်ကပြောသည်။

မိခင်လောင်းများသည်ကိုယ်ဝန်ယူရန်အစစအရာရာ ကြိုတင်ပြင်ဆင်မှု မရှိသလောက် အနေအထားမှ များသောအားဖြင့် မမျှော်လင့်ဘဲကိုယ်ဝန်ရရှိသွားခြင်းဖြစ်ပြီး အစာအာဟာရ၊ ကျန်းမာရေးအခြေအနေ၊ ကိုယ်ဝန်နှင့်ဆိုင်သည့် ဗဟုသုတစသည့် လိုအပ်သော အရာများ အဆင်သင့်မဖြစ်သေးသည့်အချိန်တွင် ကိုယ်ဝန်ရရှိသွားပြီး လိုအပ်သည့်ရှောင်ရန်၊ ဆောင်ရန်များကို သတိမပြုမိသည့်အတွက် ကလေးငယ်အတွက် အရေးကြီးဆုံးအရာများအား လက်လွှတ်ဆုံးရှုံးကြရသည်။

သန္ဓေသားအတွက် အရေးကြီးဆုံး အချိန်သည် ပထမကိုယ်ဝန် သုံးလအရွယ်ဖြစ်ကြောင်းခေတ်မီလှပမိခင်ဘဝဆိုသည့် ကျန်းမာရေးဟောပြောပွဲတွင် ဒေါက်တာစိုးလွင်ကပြောသည်။ ထိုအရွယ်သည် ကလေးငယ်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ စတင်ဖွံ့ဖြိုးနေသည့်အချိန်ဖြစ်ပြီး ထိုအချိန်တွင် အမှားအယွင်းတစ်ခုသည် ကလေးငယ်အား ကိုယ်လက်အင်္ဂါချို့တဲ့ခြင်းများ၊ လူစဉ်မမီ၊ ဉာဏ်ရည်မသွက်၊ ဒုက္ခိတအဖြစ်မွေးဖွားလာနိုင်ကြောင်း ဒေါက်တာစိုးလွင်ကပြောသည်။

“ဒီသုံးလအတွင်းမှာ ကလေးငယ်ရဲ့ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်စတဲ့ အစိတ်အပိုင်းတွေ ဖြစ်ပေါ်လာတာဖြစ်တဲ့အတွက် အဲဒီချိန်မှာ လိုအပ်နေတဲ့ ဖောလစ်အက်ဆက်တွေ လုံလုံလောက်လောက် မရခဲ့တာ၊ ကိုယ့်မှာနဂိုရှိနေတဲ့ ရောဂါတွေကို မသိခဲ့တာ ပျောက်ကင်းအောင် မကုသဖြစ်ခဲ့တာတွေကနေ ကလေးငယ်ကို ရောဂါတွေနဲ့ ရှင်သန်သွားစေနိုင်တယ်”ဟု ဒေါက်တာစိုးလွင်က ပြောသည်။



နောက်မှားယွင်းမှုတစ်ခုသည် ကိုယ်ဝန်ဆောင်ချိန်နှင့် နို့တိုက်ချိန်များတွင် အများဆုံးဖြစ်ပေါ်သည့် အစားရှောင်ခြင်းဖြစ်သည်။ ထိုအစားရှောင်ခြင်းသည် လူကြီးများနှင့်တူတူနေသည့်မိခင်လောင်းတိုင်းလိုလိုကြုံတွေ့ရသည့်ပြဿနာ တစ်ခုဖြစ်ပြီး မြို့ပေါ်နေလူနည်းစုအတွင်း တဖြည်းဖြည်းဗဟုသုတများပြားလာပြီဆိုသော်လည်း လူဦးရေများပြားသည့် ကျေးလက်နေပြည်သူများကြားတွင် ထိုပြဿနာသည် ယခုထက်တိုင်ကြီးထွားနေဆဲပင်ဖြစ်သည်။

“တပည့် ဆရာဝန်မလေးတောင်မှ ကိုယ်ဝန်ဆောင်နေတုန်း အိမ်က ဟိုဟာလည်း မစားခိုင်း၊ ဒီဟာလည်း မစားခိုင်း ပြဿနာတော်တော်ကြုံရတာရှိတယ်။

စာ(၁၄)သို့






7DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

# မန္တလေးမြို့ရှိ ဧရာဝတီမြစ်နှင့်နီးကပ်သော နေရာများ ငလျင်အန္တရာယ် သတိပြုသင့်

**ထွန်းခိုင်**

**ရန်ကုန်၊ ဇွန်-၂၈**

မန္တလေးမြို့ရှိ ဧရာဝတီမြစ်နှင့်နီးကပ်သော နေရာများသည် မြို့၏ အခြားသောဒေသများထက် ငလျင်အန္တရာယ်ကို ပိုမိုသတိထားရမည်ဖြစ်ပြီး အဆောက်အအုံများ မြစ်နှင့် နီးကပ်စွာ ဆောက်မည်ဆိုပါက သတိပြုသင့်ကြောင်း မြန်မာနိုင်ငံမြေငလျင် ကော်မတီအတွင်းရေးမှူး ဦးစိုးသူရထွန်းက ပြောကြားသည်။

"သာမန်အလွယ်ဆုံး ပြောရရင် ဧရာဝတီမြစ်နဲ့နီးတဲ့ အနောက်ဘက်ခြမ်းက ပိုပြီးခံရနိုင်ခြေ များတယ်။ ဧရာဝတီမြစ်နဲ့ ဝေးသွားလေလေ ပိုပြီးတော့သက်သာလေပဲ" ဟု မြန်မာနိုင်ငံ အလယ်ပိုင်းဒေသရှိ လူဦးရေထူထပ်သည့် မြို့တော်ကို တစ်နှစ်ခွဲနီးပါးခန့် သုတေသနလုပ်ငန်းများ လုပ်ဆောင်အပြီး တွေ့ရှိချက်ကို ၎င်းက ပြောကြားခြင်း ဖြစ်သည်။

အဆိုပါသုတေသနလုပ်ငန်းများကို ထိုင်းနိုင်ငံ အခြေစိုက်အာရှသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနနှင့် မြန်မာပညာရှင်များ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ မန္တလေးမြို့တွင် ဧရာဝတီမြစ်နှင့် နီးစပ်သော နေရာများ၌ အဆောက်အအုံများ ဆောက်လုပ်နေထိုင်မည်ဆိုပါက ကောင်းမွန်စနစ်ကျသည့် အင်ဂျင်နီယာ စနစ်များ သုံးစွဲဆောင်လုပ်ပြီးမှသာ နေထိုင်သင့်ကြောင်း ၎င်းက အကြံပြုသည်။



ဓာတ်ပုံ - စိုင်းသာအောင်

"စစ်ကိုင်းပြတ်ရွေ့က မြစ်ဘက်မှာရှိတာကိုး။ အဲဒါတစ်ချက်ပေါ့။ နောက်တစ်ခါ မြစ်နားတစ်ဝိုက်က မြေတွေကဖို့မြေတွေ၊ သက်နုနုန်းမြေတွေ ဖြစ်တာများတယ်" ဟု ဦးစိုးသူရထွန်းကပြောသည်။

ပညာရှင်များအနေဖြင့် မန္တလေးမြို့နှင့် စစ်ကိုင်းပြတ်ရွေ့ ဆက်စပ်ပုံ၊ အောက်ခံကျောက်နှင့် မြေအနေအထား၊ ငလျင်ဖြစ်ပေါ်လာပါက မည်ကဲ့သို့ စီမံခန့်ခွဲဆောင်ရွက်ရမည်တို့ အပါအဝင် အသေးစိတ်ကိုလေ့လာခဲ့ကြောင်း သိရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ယင်းကဲ့သို့ လုပ်ဆောင်ရန်လိုအပ်သော်လည်း အချိန်နှင့် ကုန်ကျစရိတ် အခက်အခဲများကြောင့် မန္တလေးမြို့ကို နမူနာအဖြစ် ဦးစားပေးလေ့လာခဲ့ကြောင်း ဦးစိုးသူရထွန်းကပြောသည်။

"မန္တလေးက မြန်မာပြည် အလယ်ပိုင်းမှာလည်း ရှိတယ်။ ငလျင်ရပ်ဝန်းထဲမှာလည်း ပါတယ်။ နောက်တစ်ခါ လူဦးရေလည်း များတယ်။ နောက်တစ်ခုက ဒီဘက်ခေတ်မှာ အဆောက်အအုံအသစ် ဆောက်လုပ်မှုတွေကလည်း များပြားနေတယ်" ဟု သုတေသန စီမံကိန်းအတွက် မန္တလေးမြို့ကို ရွေးချယ်ရသည့် အကြောင်းရင်းကို ၎င်းက ပြောကြားသည်။




# မန္တလေးတွင် ပုံစံ ၁၉ ရုံးဖွင့်

**ညီညီဇော်**

**မန္တလေး၊ဇွန်-၃၀**

ပြည်ပသို့ထွက်ခွာမည့်သူများ စိစစ်ရေးအဖွဲ့ မန္တလေးရုံး (ယခင် ပုံစံ ၁၉ ရုံး)ကို အောင်မြေသာစံမြို့နယ် ၆၅ လမ်း၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန မြေညီထပ်တွင် ဇူလိုင်လ ၂ ရက်မှစတင်၍ ဖွင့်လှစ်လိုက်ကြောင်း သတင်းရရှိသည်။

"အရင်က ပြည်ပထွက်မယ်ဆို ရန်ကုန်က ရုံးချုပ်မှာပဲ သွားလုပ်ရတယ်။ ခုမန္တလေးမှာပဲ လုပ်လို့ရပြီ။ နောက်မန္တလေးတံတားဦးလေယာဉ်ကွင်းကနေ ပြည်ပတစ်ခါတည်းထွက်လို့ ရတော့မယ်ဆိုရင် အဆင်ပြေသွားအောင်လို့ပါ" ဟု တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်ပသို့ ထွက်ခွာမည့်သူများသည် သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးသို့ သွားရောက်ပြီး ပထခ(ဝင)-၁၀ ပုံစံ(က)(ယခင် ပုံစံ ၁၇)ဟုခေါ်သည့် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ရယူမည်ဖြစ်သည်။ အဆိုပါ ပုံစံ(က)ဖြင့် ယခုရုံးသို့တင်ပြပြီး ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် သက်သေခံလက်မှတ် ပထခ(ဝင)-၁၂ ပုံစံ(ဂ)ကို ထုတ်ယူရမည်ဖြစ်သည်။ ၎င်း ပုံစံ(ဂ)လက်မှတ်အား နိုင်ငံကူးလက်မှတ် (Passport)ရုံးသို့တင်ပြပြီး နိုင်ငံခြားသို့ထွက်ခွာနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်ဟု တာဝန်ရှိသူက ရှင်းပြသည်။

"ခုလိုလာဖွင့်တာ ပိုအဆင်ပြေတာပေါ့ဗျာ။ ပတ်စပို့ရုံးကလည်း ဒီမှာလာဖွင့်ပြီဆိုတော့ တစ်ခါတည်းတွဲလုပ်လို့ရတာပေါ့။ မြန်မြန်ဆန်ဆန် လုပ်ပေးနိုင်မယ်ဆိုရင်အကောင်းဆုံးပါပဲ"ဟုမန္တလေးမြို့မှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ယခုလက်ရှိတွင် မန္တလေးတံတားဦးလေဆိပ်မှ တရုတ်နိုင်ငံသို့ သွားသည့် ခရီးစဉ်တစ်ခုသာရှိပြီး ဩဂုတ်လတွင်မူ မန္တလေး-ဘန်ကောက်တိုက်ရိုက်ခရီးစဉ်ကို ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုက ပြေးဆွဲရန် စီစဉ်နေသည်ဟု ခရီးသွားကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မန္တလေးမြို့တွင် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(ပတ်စ်ပို့ရုံး)ကို ဇူလိုင်လ ပထမပတ်အတွင်း ဖွင့်လှစ်မည်ဖြစ်၍ ရန်ကုန်နှင့် မန္တလေး မြို့ကြီးနှစ်မြို့တွင် နိုင်ငံကူးလက်မှတ်လျှောက်ထားပြုလုပ်နိုင်တော့မည်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

# ခုနစ်ရက် ဗီဇာဖြင့် ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်ခဲ့ပြီး သောင်တင်နေသော ဒေသခံများ မောင်တောပြန်ရောက်

**မောင်ကံ**

**မောင်တော၊ဇွန်-၂၆**

ဇွန်လ ၈ ရက်မတိုင်မီမောင်တောနယ်စပ်မှဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခုနစ်ရက်ဗီဇာဖြင့် သွားရောက်နေသူများမှာမောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သည့်အကြမ်းဖက်ဆူပူမှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သောင်တင်လျက်ရှိနေရာမှ ဇွန် ၂၄ ရက်တွင် မောင်တောသို့ ပြန်လည်ရောက် ရှိလာကြပြီဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သည်များအသင်းမှ သတင်းရရှိသည်။

"ဇွန်လ ၈ ရက် ဆူပူအကြမ်းဖက်မှုတွေ မဖြစ်ခင်ကတည်းက မောင်တောကနေ ဘင်္ဂလားကို ရောက်နေကြတဲ့ ခုနစ်ရက်ဗီဇာသမား လေးဆယ်ကျော် ဇွန် ၂၄ ရက်က ရောက်လာကြပါပြီ။ အများစုကတော့ ဘင်္ဂါလီတွေဖြစ်တဲ့အတွက် မောင်တောဘက်မှာတော့ မိမိနေအိမ်တွေကို လုံခြုံရေးဝန်ထမ်းတွေ သွားရောက် ပို့ပေးခဲ့ပါတယ်"ဟုမောင်တောနယ်စပ်ကုန်သည်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိမောင်တောနယ်စပ်တွင်ခုနစ်ရက်ဗီဇာဖြင့်နယ်စပ်ဖြတ်ကျော်သွားလာသူများနှင့် တစ်ရက်ဗီဇာဖြင့် နယ်စပ်ဖြတ်ကျော်သွားလာနေသူများမှာ တစ်ဖက်နှင့်တစ်ဖက် သွားလာမှုမရှိသေးကြောင်း သိရသည်။ မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ် ဖြတ်ကျော်သွားလာသူများကို မောင်တောနယ်စပ်ကုန်သည်များအသင်း၏ ထောက်ခံချက်ဖြင့်ခုနစ်ရက်ဗီဇာများထုတ်ပေး သွားလာ ခွင့်ပြုနေခြင်းဖြစ်သည်။

# ဆိုင်ကယ်မှတ်ပုံတင်လုပ်ဆောင်ရာတွင် အကျိုးဆောင်ပွဲစားများကြောင့် အခက်ကြုံ

**ရန်နိုင်ကျော်**

**မုံရွာ၊ဇွန်-၂၈**

မုံရွာမြို့ ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း တရားမဝင်လိုင်စင်မဲ့ ဆိုင်ကယ်များအား တရားဝင်မှတ်ပုံတင် ဆိုင်ကယ်အဖြစ် ယခုနှစ် ဇွန်လ ၅ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယာဉ်မှတ်ပုံတင် ဆိုင်ကယ်လိုင်စင်ပြုလုပ်ရာတွင် အကျိုးဆောင်ပွဲစားများကြောင့် ကိုယ်ပိုင်ဆိုင်ကယ်လိုင်စင် လျှောက်ထားသူများ အခက်ကြုံနေရကြောင်း မုံရွာဒေသခံယာဉ်မှတ်ပုံတင်ယာဉ် လိုင်စင်လျှောက်ထားသူများ ပြောကြားချက်အရ သိရသည်။



**ပြီးခဲ့သည့်အကြိမ် လိုင်စင်ထုတ်ပေးစဉ်က လိုင်စင်ရရန် တန်းစီနေသည့် ဆိုင်ကယ်များ**

ဓာတ်ပုံ - မျိုးမင်းဦး

"ဆိုင်ကယ်လိုင်စင်လျှောက်ဖို့တန်းစီတဲ့နေရာမှာ ရှေ့ဆုံးတန်းဆိုရင် တစ်သောင်းလောက် ပေးရတယ်။ နောက်ပိုင်းတန်းစီတဲ့ နေရာဝယ်ချင်ရင် ငါးထောင်၊ သုံးထောင်၊ နှစ်ထောင်နဲ့ ရောင်းစားတယ်။ နေရာတန်းစီတာရော ယာဉ်မှတ်ပုံတင်လျှောက်တာရော အပြီးအစီးဆိုရင် တစ်သောင်းခွဲလောက်ပေးရတယ်။ ဆိုင်ကယ်လိုင်စင်လျှောက်တဲ့နေရာမှာကိုယ်တိုင်လိုင်စင်လျှောက်ဖို့တန်းစီတဲ့သူတွေထက်ဝန်ဆောင်ခယူတဲ့အကျိုးဆောင်ပွဲစားတွေရဲ့ ဆိုင်ကယ်တွေကပိုများတယ်"ဟုမုံရွာဒေသခံဆိုင်ကယ်လိုင်စင်လျှောက်ထားသူတစ်ဦးက ပြောသည်။

"နယ်တွေက ဆိုင်ကယ်တန်းစီပြီး လိုင်စင်လျှောက်တဲ့သူတွေ သုံးရက်၊ လေးရက်ကြာမှ ဆိုင်ကယ်လိုင်စင်ရတဲ့သူတွေရှိတယ်။ ပွဲစားနဲ့ ဆိုင်ကယ်လိုင်စင်လျှောက်တဲ့သူတွေက ချက်ချင်းရတယ်"ဟု ဇွန်လ ၂၇ ရက်တွင် အကျိုးဆောင်ပွဲစားနှင့် ကိုယ်တိုင်မှတ်ပုံတင် လျှောက်ထားသူများအကြား ပဋိပက္ခဖြစ်ပွားပြီး ယာဉ်လိုင်စင်အသစ် လျှောက်ထားမှုယာယီရပ်နားထားခြင်းနှင့်ပတ်သက်၍ ကိုယ်တိုင်လိုင်စင်လျှောက်ထားသူတစ်ဦးက ပြောသည်။

မုံရွာမြို့ ကုန်တင်ယာဉ်ရပ်နားစခန်းကွင်းအတွင်း ဆိုင်ကယ်မှတ်ပုံတင်လျှောက်ထားခြင်း လုပ်ငန်းများကို ဇွန်လ ၅ ရက် မှစ၍ (One Stop Service) နေ့ချင်းပြီး သတ်မှတ်ထားသော အခွန်နှုန်းထားများဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယာဉ်ပိုင်ရှင်ကိုယ်တိုင် မှတ်ပုံတင်လျှောက်ထားကြရန် နှိုးဆော်ထားပြီး အကျိုးဆောင်ပွဲစားများကြောင့်ကုန်ကျစရိတ်ပိုမိုကုန်ကျလျက်ရှိကြောင်း ဒေသခံယာဉ်လိုင်စင်လျှောက်ထားသူများ၏ ပြောကြားချက်အရ သိရသည်။

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှစ်ခုမှတောင်သူများကို မက်စ်မြန်မာက ချေးငွေထုတ်ပေးမည်

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၂၈**

မက်စ်မြန်မာကုမ္ပဏီက ယခုနှစ်မိုးစပါးရာသီအတွက် ရေကြည်နှင့် ကျုံပျော်မြို့နယ်များရှိ တောင်သူများကို မြန်မာကျပ်ငွေ ၂ ဒသမ ၅ ဘီလီယံ (ကျပ်သန်းပေါင်း ၂၅၀၀) ချေးပေးမည်ဟု ကုမ္ပဏီဥက္ကဋ္ဌဦးဇော်ဇော်က ပြောသည်။

"ကေငါးသောင်း၊ လယ်သမားရှစ်ထောင်ကျော်ကို တစ်ဧက ငွေသားသုံးသောင်း၊ သွင်းအားစုတစ်သောင်းနဲ့ ရိတ်သိမ်းစရိတ်တစ်သောင်းစီချေးပေးမှာပါ"ဟု ဦးဇော်ဇော်က ပြောသည်။

ပြီးခဲ့သည့်နှစ် မိုးစပါးရာသီနှင့်ပဲစိုက်ရာသီတွင် ရာသီဥတုဖောက်ပြန်ခြင်းနှင့်သီးနှံဈေးနှုန်းများကျဆင်းခြင်းတို့ကြောင့် တောင်သူအများစု ကြွေးပြန်မဆပ်နိုင်သဖြင့် ယခုနှစ် မိုးစပါးရာသီတွင် အထူးပြုကုမ္ပဏီအများစုမှာ ငွေချေးငှားခြင်းကို ရပ်ဆိုင်းခဲ့သည်။

"ပေးမယ်လို့ကြားတယ်။ ပေးသင့်နေပြီ၊ တောင်သူတွေ ကောက်စိုက်ခမရှိလို့ ပျိုးနုတ်ခမရှိလို့ လိုက်ရှာနေကြတယ်"ဟု ငသိုင်းချောင်းဒေသမှ တောင်သူကြီးတစ်ဦးက ပြောသည်။

ဆန်စပါးအထူးပြုကုမ္ပဏီများအား ၂၀၀၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး သုံးနှစ်အတွင်း ကျပ်ငွေ ၁၀၀ ဘီလီယံခန့် ချေးပေးခဲ့ပြီး ယခုနှစ်တွင် အထူးပြုကုမ္ပဏီ ၅၇ ခုထဲမှ သုံးခုသာတောင်သူများအား ချေးငွေထုတ်ချေးနိုင်တော့သည်။

# မိုးဦးသီးနှံစိုက်ခင်းများ မိုးလယ်သီးနှံ ပြန်လည်စိုက်ပျိုးရန် ပြင်ဆင်

**မျိုးမင်းဦး**

**မုံရွာ၊ဇွန်-၂၈**

ချောင်းဦးမြို့နယ်နှင့် မြောင်မြို့နယ်မှ ကုန်းမြင့်ပိုင်းကျေးရွာများတွင် ယခုနှစ် မိုးဦးရာသီက မိုးရေရရှိမှု နည်းပါးခဲ့သဖြင့် မိုးဦးသီးနှံစိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ခဲ့ရပြီး လာမည့်မိုးလယ်သီးနှံအဖြစ် ပြန်လည်စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း အဆိုပါ ကျေးရွာဒေသခံ တောင်သူများ၏ ပြောကြားချက်အရ သိရှိရသည်။

"ပြီးခဲ့တဲ့ နှစ်တွေတုန်းက ဖရဲတွေအလွန်အကျွံ စိုက်ကြတာပဲ၊ ပြောင်းသီးနှံထက်တော့ ငွေပိုရတယ်ဆိုပေမယ့် နောက်ပိုင်းနှစ်တွေမှာ တရုတ်အဝယ်နည်းတော့ အရှုံးနဲ့ ရင်ဆိုင်နေရတယ်။ ဒါကြောင့် မိုးဦးမှာ ဖရဲခင်းတွေမှာ မြေပဲအများဆုံးစိုက်တာ ဒီရက်ပိုင်း ပဲစင်းငုံ ဈေးလေးလှုပ်တော့ လာမယ့်မိုးလယ်ကာလမှာ ပဲစင်းငုံစိုက်ခင်းတွေ ပြန်စိုက်မယ့် သူတွေလည်းရှိတယ်"ဟု ချောင်းဦးမြို့နယ် ငါးယှန်ကျေးရွာဒေသခံ တောင်သူတစ်ဦးက ပြောသည်။

"မိုးဦးမှာစိုက်တာ ရာသီမကောင်းလို့ အပင်တွေ သေကုန်ပြီ။ လာမယ့်မိုးတော့ မျှော်နေကြတယ်။ မိုးကောင်းရင် သီးနှံပြန်ချသင့် ပြန်စိုက်ရမှာပေါ့။ အခုလောလောဆယ်ငြိမ်နေတဲ့ ပဲဈေး၊ နှမ်းဈေး နည်းနည်းလှုပ်တော့ တောင်သူတွေ ပဲပြန်စိုက်မယ့်သူတွေ ပိုများလာတယ်။ စိုက်ပျိုးစရိတ်ကလည်း တစ်နှစ်ထက်တစ်နှစ်ပိုတက်လာတော့ ပဲဈေးကောင်းချိန်ကို တောင်သူတွေ ဈေးမျှော်စိုက်နေကြတယ်။ ပဲဈေးနှမ်းဈေး မကောင်းရင်တော့ မိုးဦးသီးနှံတွေ ရလိုရငြား စောင့်ချင်စောင့်နေဦးမှာ၊ အခုသီးနှံဈေးကောင်းတော့ သီးနှံအထွက် မလျော့အောင်ပြန်စိုက်ကြမှာ များတယ်"ဟု မြောင်မြို့နယ် ငါးမြောင်တောင်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ကုန်းမြင့်ပိုင်း ယာလုပ်ငန်းများတွင် စိုက်ပျိုးရေ ရရှိရေးအတွက် မိုးမျှော်စိုက်ပျိုးကြပြီး ကောက်ပဲသီးနှံ ဈေးကွက်ကျဆင်းချိန်များတွင် ပဲဈေး၊ နှမ်းဈေး ပြန်လည်မြင့်တက်ချိန် ဈေးကွက်မျှော်စိုက်ပျိုးခဲ့ရကြောင်း ဒေသခံ တောင်သူများက ဆိုသည်။

ယခုနှစ် မိုးဦးရာသီတွင် စိုက်ပျိုးရေ ကောင်းစွာမရရှိခဲ့သဖြင့် မိုးဦးသီးနှံစိုက်ခင်းများ ပြန်လည်စိုက်ပျိုးရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။

# မန္တလေးတွင် အိတ်ချ်အိုင်ဗီရောဂါပိုး သက်ရောက်ခံစားရနေသော ကလေးများအတွက် ပရဟိတဂေဟာ ဖွင့်မည်

**ညီညီဇော်**

**ရန်ကုန်၊ ဇွန် - ၃၀**

မန္တလေးမြို့တွင် အိတ်ချ်အိုင်ဗီရောဂါပိုးကြောင့် ရောဂါဝေဒနာခံစားနေရသော ကလေးငယ်များနှင့်အိတ်ချ်အိုင်ဗီရောဂါပိုး၏ ဆိုးကျိုးများ သက်ရောက်မှုခံယူနေရသော ကလေးငယ်များကိုစောင့်ရှောက်ရန်အတွက် သုခရိပ်မြုံပရဟိတဂေဟာကို ယခုနှစ် အောက်တိုဘာလခန့်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း သတင်းရရရှိသည်။

ယင်းဂေဟာကို ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီမင်းကြီးကျောင်းတိုက်ဝင်းအတွင်း တည်ဆောက်နေပြီဖြစ်ပြီး ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဟု ဂေဟာအမှုဆောင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။ ကျန်ရှိနေသော ဂေဟာဆောက်လုပ်ရေးအပိုင်းနှင့်ကလေးများ ပြုစုစောင့်ရှောက်ရေးပိုင်းဆိုင်ရာ လိုအပ်မှုများ များစွာရှိနေသေးသည်ဟု သိရသည်။

ယခုလက်ရှိတွင် ဂေဟာမဖွင့်နိုင်သေးသော်လည်း ယာယီဂေဟာတွင်ပင် မန္တလေးမြို့မှ အိတ်ချ်အိုင်ဗီရောဂါပိုးရှိနေသူ သုံးနှစ်မှ ၁၂နှစ်အရွယ် ကျားနှစ်ဦးနှင့် မ သုံးဦးပေါင်း ကလေးငယ်ငါးဦးကိုလက်ခံစောင့်ရှောက်ပေးနေပြီး မိုးကုတ်နှင့်ရှမ်းပြည်နယ်မှကလေးအချို့ လာရောက်ရန်ရှိသည်ဟု ဆိုသည်။




Education
7DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

# ကောလင်းမြို့နယ် ပညာရေးဌာနက ဆရာ / ဆရာမများ ကျူရှင်မသင်ကြားရန် တားမြစ်

**စိုင်းလူမင်း**

**ကောလင်း၊**

**ဇွန် - ၂၇**

ကလေးဗဟိုပြုစနစ်မကျင့်သုံးဘဲ ကျူရှင်ဗဟိုပြုစနစ်ကို ကျင့်သုံးနေသဖြင့် ကလေးအခွင့်အရေး ဆုံးရှုံးကာ အမျိုးသားပညာရည်နိမ့်ကျအောင် ဆောင်ရွက်နေကြောင်း မိဘတစ်ဦးက တိုင်းဒေသကြီး ပညာရေးမှူးထံ တင်ပြသဖြင့် မြို့နယ်ပညာရေးမှူးက မည်သည့်ပညာရေးဝန်ထမ်းမျှ ကျူရှင်မသင်ကြားရန် တားမြစ်ပိတ်ပင်ထားကြောင်း သိရသည်။

အဆိုပါ ကျောင်းသားမိဘတစ်ဦး၏ တင်ပြချက်၌ ကောလင်းမြို့ပေါ်တွင်မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၌ အင်္ဂလိပ်၊ သင်္ချာဘာသာရပ်ကိုလည်းကောင်း၊ အထက်တန်းအဆင့်၌ သိပ္ပံဘာသာရပ်များကိုလည်းကောင်းပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဆရာ/ဆရာမများက အခကြေးငွေယူ၍ ကျူရှင်သင်ကြားနေသဖြင့် ကျူရှင်မတက်နိုင်သော ကလေးများအတွက် အခွင့်အရေးဆုံးရှုံးနေသောကြောင့်ကျူရှင်တက်သောကလေးများနှင့် တန်းတူညီမျှ အခွင့်အရေးရစေချင်ကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာရေးဌာန၏ ညွှန်ကြားချက်များကိုအခကြေးငွေယူ၍ ဆက်လက်သင်ကြားနေမည်ဆိုပါက ကျူရှင်သင်ကြားနေသော ဆရာ/ဆရာမအမည်စာရင်းများအား နိုင်ငံတော်သမ္မတကြီးထံ ဆက်လက်တင်ပြသွားမည်ဟု တင်ပြထားကြောင်း ပညာရေးဝန်ထမ်းများထံမှ သိရသည်။

"ကျူရှင်သင်ကြားနေကြတာတော့ ကောလင်းတစ်မြို့နယ်မှ မဟုတ်ပါဘူး။ အနီးစပ်ဆုံး ဝန်းသို၊ ပင်လည်ဘူးမြို့တွေမှာလည်း သင်နေကြတာပါပဲ။ တချို့က စားဝတ်နေရေးအရ သင်နေကြသလို တချို့ကလည်း လောဘကြီးပြီး ကိုယ်ပိုင်စီးပွားရေးအနေနဲ့ သင်နေကြတာတွေ ရှိပါတယ်။ ကျူရှင်သင်ကြားတဲ့ကိစ္စတွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုဆိုးလာတာက ဆရာ/ဆရာမချင်း သူ့ကျူရှင်ကကျောင်းသား၊ ငါ့ကျူရှင်ကကျောင်းသားဆိုတဲ့ ခွဲခြားဆက်ဆံတဲ့ အမှုအကျင့်တွေ၊ မျက်နှာလိုက်မှုတွေဖြစ်နေကြတော့ ကျူရှင်မတက်နိုင်တဲ့ကလေးအတွက် စိတ်ဓာတ်ခွန်အား ယုတ်လျော့သွားစေတဲ့ ဆိုးကျိုး ခံစားရပါတယ်။ ကျူရှင်မတက်နိုင်တဲ့ ကလေးတွေအတွက် အခွင့်အရေးတွေ ဆုံးရှုံးနေတာကြောင့် ကျောင်းသားမိဘတစ်ဦးက အခုလိုတင်ပြတိုင်ကြားရတဲ့ ပြဿနာပေါ်ခဲ့တာပဲလို့ယူဆမိပါတယ်"ဟု အငြိမ်းစားဆရာမကြီး တစ်ဦးက သုံးသပ်ပြောကြားသည်။

ကျူရှင်သင်ကြားနေခြင်းကိစ္စအပေါ် ကျောင်းသားမိဘတစ်ဦးက တိုင်းဒေသကြီး ပညာရေးမှူးတို့ထံ တင်ပြတိုင်ကြားရာတွင် ပုဂ္ဂိုလ်ရေးအရ မဟုတ်ဘဲ ကျူရှင်မတက်နိုင်သည့် ကလေးများအတွက် အခွင့်အရေးများ ဆုံးရှုံးရသောကြောင့်ကျူရှင်တက်သည့်ကလေးများနှင့် ကျူရှင်မတက်နိုင်သည့် ကလေးများကို တန်းတူအခွင့်အရေး ရရှိစေရန် ရည်ရွယ်၍ တင်ပြခြင်းဖြစ်သည်။ ကျူရှင်သင်ကြားခြင်းသည် ကောလင်းမြို့တစ်မြို့တည်းသာ သင်ကြားနေခြင်းမဟုတ်ဘဲ ကျန်မြို့နယ်တိုင်းနီးပါးတွင်လည်း သင်ကြားနေခြင်းဖြစ်ပြီး ကျူရှင်ကို ပိတ်ရမည်ဆိုပါက ကောလင်းတစ်မြို့တည်းသာ နစ်နာစေသောကြောင့် ကျန်မြို့နယ်များ အားလုံးကိုလည်း အမျိုးသားပညာရည် မြင့်မားရေးနှင့် ကျူရှင်ဗဟိုပြု သင်ကြားနည်း ပပျောက်ရေး စီမံချက်များအား ရေးဆွဲ၍ တစ်ပြေးညီဆောင်ရွက်နိုင်မှသာလျှင် ကျူရှင်သင်ကြားခြင်း လျော့နည်းပပျောက်သွားနိုင်သည်ဟု ကျောင်းသားမိဘတစ်ဦးကထောက်ပြပြောဆိုသည်။

အခြေခံပညာကျောင်းများတွင် သင်ကြားနေသော သင်ကြားနည်းပုံစံ Child Centre ဆိုသည့် ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်းနှင့်သင်နေကြသည်ဖြစ်၍ အဆိုပါ နည်းစနစ်အရ ကလေးများ၏ သိမှုနယ်ပယ်ကျယ်ဝန်းလာသဖြင့် သင်ခန်းစာကိုလည်း ပိုမိုကျေညက်စေပြီး သင်ခန်းစာနှင့် ဆက်စပ်သော အတွေးအခေါ်သစ် အသိသစ်များ ရလာစေသလို ဉာဏ် ရည်ဉာဏ်သွေးလည်း ပိုမိုမြင့်တက်လာနိုင်သည်ဟုဆိုသည်။



# မူဝါဒအပြောင်းအလဲများနှင့် တက္ကသိုလ်ပညာရေး

**နေလင်းထွန်း**

လတ်တလော တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာခဲ့ရာ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် အောင်ချက်ရာခိုင်နှုန်း အနည်းငယ်ကျဆင်းသွားသည်။ တက္ကသိုလ်ဝင်တန်းအောင်ချက် ၃၄ ရာခိုင်နှုန်းကျော်တွင် ပါဝင်အောင်မြင်ခဲ့သော ကျောင်းသားများသည် မိမိအမှတ်စာရင်းရရှိမှုပေါ် အခြေခံ၍ ဝိဇ္ဇာ၊ သိပ္ပံနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူကြရမည်ဖြစ် သည်။

ယခုတက္ကသိုလ် ပညာသင်နှစ်သည် ယခင်တက္ကသိုလ်ပညာသင်နှစ်များနှင့် မတူခြားနားသော အပြောင်းအလဲများ ရှိနေသည်။ ယင်းတို့မှာတက္ကသိုလ်ပညာသင်ဆုများပေးအပ်ရန်ကြေညာထားခြင်း၊ ပညာသင်နှစ်များ တိုးမြှင့်သတ်မှတ်လိုက်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်အချို့သည် ကျောင်းသားလက်ခံမှု လျှော့ချရန် စီစဉ်နေခြင်းတို့ ဖြစ်သည်။

တက္ကသိုလ်တက်ရောက်ရန် ပြင်ဆင်နေသော ကျောင်းသားများသည် အဆင့်မြင့်ပညာရေး မူဝါဒအပြောင်းအလဲများအတွက် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ကြုံတွေ့ရမည်ဖြစ်သည်။

တက္ကသိုလ်ပညာသင်နှစ်များ ပြန်လည်တိုးမြှင့်သတ်မှတ်လိုက်ခြင်းသည် ကျောင်းသားများအတွက် အဓိကကျသော ပြောင်းလဲမှုဖြစ်လာမည်ဖြစ်ပြီး သက်ဆိုင်ရာဒီဂရီဘွဲ့ရရှိရန် တစ်နှစ်အချိန်ပိုယူရတော့မည်ဖြစ်ကာ ပညာရေးအတွက် အသုံးစရိတ်များလည်း မြင့်တက်လာမည် ဖြစ်သည်။

"အင်္ဂလန်မှာ ဘွဲ့ကြိုဆို သုံးနှစ်နဲ့ ပြီးတယ်။ အမေရိကားမှာတော့ လေးနှစ်မှပြီးတယ်။ ကာလကြည့်ဖို့ မလိုဘူး။ အဓိကက အရည်အသွေးပဲ။ တစ်နှစ်တိုးပြီး အရည်အသွေးမရှိရင် လေးနှစ်က အလကားပဲ။ သုံးနှစ်နဲ့ သင်ပြီး အရည်အသွေးရှိရင် တန်ဖိုးရှိတာပဲ။ အနှစ်ချုပ်ပြောချင်တာက အတွေးအခေါ်တွေ ပြင်မှရမယ်"ဟု ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

ပညာသင်နှစ်များ တိုးမြှင့်လိုက်ခြင်းကြောင့် ကျောင်းသားများအတွက် အချိန်နှင့်ငွေကြေး စိန်ခေါ်မှု မြင့်တက်လာခြင်းဖြစ်ပြီး ပညာသင်ကာလတွင် ထိုက်သင့်သော ပညာအရည်အသွေးများရရှိရန် လိုအပ်လာခြင်းဖြစ်သည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ပြီး အဆင့်မြင့်ပညာဆက်လက်သင်ယူရန် ငွေကြေးအခက်အခဲရှိနေသော ကျောင်းသားများအတွက် အစိုးရမှပေးအပ်သောတက္ကသိုလ်ပညာသင်ဆုအခွင့်အလမ်း ယခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီ ဖြစ်သည်။

ယခုပညာသင်နှစ်မှ စတင်၍ အဆင့်မြင့်ပညာအတွက် ထူးချွန်ကျောင်းသား ၄၈ ဦးအား ကျပ်ငါးသောင်းမှကျပ်တစ်သိန်းထိ လစဉ်ပညာသင်ဆုချီးမြှင့်သွားမည်ဟု ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြည်သူ့လွှတ်တော်တွင် ပြောကြား ထားသည်။

တက္ကသိုလ်ဝင် စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သိပ္ပံဘာသာတွဲ အုပ်စုတွင် ပထမရရှိသူ ၁၄ ဦးနှင့် ဝိဇ္ဇာဘာသာတွဲအုပ်စုတွင် ပထမရရှိသူ ၁၄ ဦး စုစုပေါင်း ၂၈ ဦးကို စိစစ်ရွေးချယ်၍လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ တက္ကသိုလ်ဝင် စာမေးပွဲတွင် အဆင့် ၁ မှ ၁၀ အတွင်း ထူးချွန်စွာအောင်မြင်ကြသည့် သိပ္ပံဘာသာတွဲမှ ကျောင်းသား ၁၀ ဦးနှင့် ဝိဇ္ဇာဘာသာတွဲမှ ကျောင်းသား ၁၀ ဦးတို့ကိုလည်းကောင်း တက္ကသိုလ်ပညာသင်ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနရှိ ဆေးတက္ကသိုလ်(သို့မဟုတ်)သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့ တက်ရောက်လိုသူအတွက် ကျပ်တစ်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ကောလိပ်သို့ တက်ရောက်လိုသူအတွက် ကျပ်ရှစ်သောင်း၊ ကျန်းမာရေးဝန်ကြီးဌာနရှိ ကျန်တက္ကသိုလ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များသို့ တက်ရောက်သူအတွက် ကျပ်ခုနစ်သောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့ရှိတက္ကသိုလ်၊ ဒီဂရီ ကောလိပ်များသို့

စာ(၃၀)သို့

**ပညာရေးသတင်းတိုများ**

## အစွန်အဖျားဒေသများမှ ကျောင်းသားများ ဆေးတက္ကသိုလ်သင်ယူခွင့် ဆောင်ရွက်ပေးမည်

**ရန်ကုန်၊ ဇွန် - ၂၉**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများမှ ကျောင်းသားများ ဆေးတက္ကသိုလ်တက်ရောက်ပညာသင်ယူခွင့် အစီအစဉ်ကို ယခုပညာသင်နှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ခုဖြစ်သော နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ ဒေသများနှင့် ဒေသစရိတ်ခံစားခွင့်ပြုထားသောဒေသတွင် အမြဲနေထိုင်ပြီး ယခင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ထားသော ကျောင်းသားများအနေဖြင့် ဇူလိုင် ၂၇ရက် နောက်ဆုံးထား၍ ဆေးသိပ္ပံပညာဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရန် ဇွန် ၁၆ ရက် ထုတ်နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

## ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ ဇွန် - ၂၉**

Project Management (Theory and Practice) အမည်ဖြင့် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၇ ရက် နေ့လယ် ၂နာရီတွင် စတင်၍ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ RUMFCCI ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ် သည်။ ဂျာမနီနိုင်ငံတွင် အကြံပေးပညာရှင်အဖြစ် လုပ်ကိုင်နေသော ဒေါက်တာသိန်းဝင်းက ဆွေးနွေးပြောကြားမည်ဖြစ်ပြီး စိတ်ဝင်စား သူများ တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

## အင်္ဂလိပ်စာဆရာများနှီးနှောဖလှယ်ပွဲ အခပေးတက်ရောက်နိုင်

**ရန်ကုန်၊ ဇွန် - ၂၉**

"အပြောင်းအလဲသဘောကို လက်ခံကျင့်သုံးခြင်း အခက်အခဲကို အခွင့်အလမ်းအဖြစ်သို့ ပြောင်းလဲယူခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည့် အင်္ဂလိပ်စာ ဆရာ၊ဆရာမများ နှီးနှောဖလှယ်ပွဲသို့ ကျပ်ငါးသောင်းပေးသွင်းတက်ရောက်နိုင်ကြောင်း ဗြိတိသျှ ကောင်စီ (မြန်မာ)မှ သတင်းထုတ်ပြန်ထားသည်။ ဩဂုတ် ၁၁ရက် နှင့် ၁၂ ရက်တို့တွင်ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်မည့် နှီးနှောဖလှယ်ပွဲတွင် လူဦးရေ ၃၀၀ကိုသာ လက်ခံသွားမည်ဖြစ် ပြီး တက်ရောက်လိုသူများအနေဖြင့် ဇူလိုင် ၁၆ ရက်တွင် စတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။

## ဇူလိုင်လကုန်တွင် Galaxy S3 ဖုန်းလုံးရေ ၁၀ သန်းအထိရောင်းချရန် ဆမ်ဆောင်း မျှော်မှန်း

**ဆိုးလ်၊ ဇွန် - ၂၅**



ကမ္ဘာ့အကြီးဆုံး စမတ်ဖုန်းထုတ်လုပ်သည့်ကုမ္ပဏီဆမ်ဆောင်းက လာမည့်ဇူလိုင်လကုန်တွင်ကုမ္ပဏီ၏ နောက်ဆုံးထုတ် စမတ်ဖုန်း Galaxy S3 ကိုလုံးရေ ၁၀ သန်းအထိ ရောင်းချနိုင်ရန် မျှော်မှန်းထားကြောင်း ပြောကြားလိုက်သည်။ ဆမ်ဆောင်း၏ မိုဘိုင်းဆက်သွယ်ရေးဌာနခွဲအကြီးအကဲဂျေ၊ ကေ၊ ရှင်က Galaxy S3 ရောင်းချရမှုမြင့်တက်ခြင်းကြောင့် ကုမ္ပဏီ၏ အမြတ်ရာနှုန်းသည် ယခုနှစ် ပထမသုံးလပတ်ကာလထက် ဒုတိယသုံးလပတ်ကာလတွင် ပိုမြင့်တက်လာမည်ဟုဆိုသည်။

၎င်းက မြောက်ကိုရီးယားပြည်တွင်းတွင် S3 ဖုန်းမော်ဒယ်အား စတင်ဖြန့်ချိသည့်ပွဲ၌ "ကျွန်တော်တို့ဟာအရင်မော်ဒယ်ဟောင်းတွေဖြစ်တဲ့ Galaxy S1 နဲ့ S2 ထက် S3 ကို ဥရောပမှာ စဖြန့်ကတည်းက အကောင်းမြင်တဲ့ သုံးသပ်မှုတွေ ရနေပါတယ်။ S3 ကို အရှေ့အလယ်ပိုင်းနဲ့အရှေ့တောင်အာရှမှာတော့ မေ ၂၉ ကစပြီး ဖြန့်ချိခဲ့ပါတယ်" ဟုပြောသည်။

၎င်းက S3 မော်ဒယ်ဖုန်းကို လက်ရှိတွင်နိုင်ငံပေါင်း ၁၄၇ နိုင်ငံ၌ ရောင်းချနေပြီး ဇူလိုင်လတွင် လုံးရေ ၁၀ သန်းကျော်ရောင်းချရမည်ဟု ခန့်မှန်းထားသည်။ ဆမ်ဆောင်းသည် ဝင်ငွေအရ ကမ္ဘာ့အကြီးဆုံး နည်းပညာကုမ္ပဏီကြီးဖြစ်ပြီး ၎င်း၏ လုပ်ငန်းအားလုံးမှ ဝင်ငွေမှာ ယခုနှစ် ပထမသုံးလပတ်တွင် ဝမ် ၅ ဒသမ ၀၅ ထရီလီယံ (ဒေါ်လာ ၄ ဒသမ ၄၄ ဘီလီယံ) အထိရှိခဲ့သည်ဟု သိရသည်။

—Ref: AFP

### စာ(၂၃) - ဆယ်သွယ်ရေးဆိုင်ရာ အားနည်းချက်များကြောင့် အေတီအမ်ကတ်ဝန်ဆောင်မှု ကျယ်ကျယ်ပြန့်ပြန့်မပေးနိုင်သေး မှ

ကြပြီဖြစ်သည့် ပုဂ္ဂလိကဘဏ်အချို့မှ တာဝန်ရှိသူများက ဆိုသည်။

"ဒီမှာက ဖိုက်ဘာက မသုံးနိုင်သေးဘူး။ အိုင်ပီစတားပဲ သုံးနိုင်သေးတော့ စက်တွေနဲ့ဘဏ်တွေနဲ့ ချိတ်ဆက်တဲ့နေရာတွေမှာတော့ ဆက်သွယ်မှုပိုင်းဆိုင်ရာ အားနည်းချက်တွေ ရှိနေပါတယ်" ဟုကမ္ဘောဇဘဏ်ဒုဥက္ကဋ္ဌဦးသန်းလွင်ကလည်း ပြောသည်။

လက်ရှိအချိန်တွင် အွန်လိုင်းနက်ဝ့ခ်ချိတ်ဆက်မှု၌ အကောင်းဆုံးဖြစ်နေသည့် ဖိုက်ဘာလိုင်းကို ရန်ကုန်မြို့တွင် ချထားမှုမရှိသေးခြင်းနှင့် အေတီအမ်စက်များအတွက် iPstar အသုံးပြုခများကို တစ်လလျှင် အမေရိကန်ဒေါ်လာ ၃,၀၀၀ မှ ၄,၀၀၀ ကြား ကုန်ကျနေကြောင်း ဦးသက်လွင်ရွှေက ပြောသည်။

၁၉၉၀ ခုနှစ် ဝန်းကျင်ကာလများက ပြည်တွင်းပုဂ္ဂလိကဘဏ်လုပ်ငန်းတွင် ခေတ်စားခဲ့သည့်အေတီအမ်ကတ်ဝန်ဆောင်မှုသည် ယင်းနောက်ပိုင်း ဘဏ်လုပ်ငန်းပြိုကွဲမှုဖြစ်ပေါ်ပြီး နောက်နှစ် ၂၀ အကြာ ၂၀၁၁ ခုနှစ်တွင် ပြန်လည်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနှင့် စင်ကာပူကဲ့သို့နိုင်ငံများရှိ အစိုးရ၊ ပုဂ္ဂလိကဘဏ်များသည် ၎င်းတို့၏ အေအီအမ်ကတ်စနစ်များကို လူသွားလာမှုရှိသည့် နေရာတိုင်း၌ ထားရှိပေးထားခြင်းဖြင့် အပြိုင်အဆိုင် ဝန်ဆောင်မှုပေးနေကြသည်။

### စာ(၂၃) - Apple ထုတ်ကုန်များ ပြည်တွင်း၌ တရားဝင်ဖြန့်မည် မှ

နိုင်ငံတကာဈေးနှုန်းများအတိုင်းဖြစ်မည်ဟု ကေအမ်ဒီကုမ္ပဏီ၏ ဒုတိယအထွေထွေမန်နေဂျာက ပြောသည်။

ယခုလက်ရှိအချိန်တွင် ပြည်တွင်း၌ Apple က တရားဝင်ခန့်အပ်ထားသည့် Authorized Distributor တစ်ဦးမျှ မရှိသေးပေ။










**■ မိုးမရွာ၊ ပိတောက်မပွင့်သည့်သင်္ကြန် (မေ ၂ ရက်မှ မေ ၂ ရက်သို့)**

ဧပြီ၁ ရက်က ကျင်းပခဲ့သောကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမတ်နေရာ ၄၄ နေရာပါဝင်ယှဉ်ပြိုင်ခဲ့ရာ နောက်တစ်နေ့ ဧပြီ ၂ ရက်တွင် အဖြေထွက်လာသည်။ အင်န်အယ်လ်ဒီ ၄၃ နေရာနိုင်။ ဤသို့ဆိုလျှင်ဒေါ်အောင်ဆန်းစုကြည်အပါအဝင်အင်န်အယ်လ်ဒီအမတ်များ လာမည့်နှစ်ဦးတွင် လွှတ်တော်တက်ကြပေတော့မည်။ မြန်မာ့နိုင်ငံရေး အင်အားစုအားလုံးနီးပါး လွှတ်တော်နိုင်ငံရေးတွင် စုစည်းမိကြချေပြီ။

အားတက်ရွှင်လန်းစိတ်ဖြင့် The Waves ခေါင်းကြီးကိုစာရေးသူ ယခုလိုဖွင့်လိုက်သည်။ "နှစ်ကူးတော့မည်။ သင်္ကြန်လက်ဆောင် မိုးလေးတစ်ပြိုက်နှစ်ပြိုက်ရွာသည်နှင့်ပိတောက်တွေ ထိန်ထိန်ဝေတော့မည်။ နောက်သင်္ကြန်ရေအေးဖြင့်နှစ်သစ်ကိုကြို" သို့နှင့်တိုင်သင်္ကြန်ရက်တွေသာကုန်သွားသည်။ သင်္ကြန်မိုးက မလာ၊ ပိတောက်က မပွင့်။ နှစ်ဦးနေကား အပြုံးတကြီးပူဆဲ။

အင်န်အယ်လ်ဒီအမတ်များ၊ လွှတ်တော်တက်သင့်၊ မတက်သင့်။ မတက်သင့်ဆုံးဖြတ်လိုက်သည်ဟုကြားရသည်။ ၂၀၁၀ ရွေးကောက်ပွဲ အကြိုကာလက စိုးရိမ်မှုတွေ၊ တစ်ကျော့လည်လာရသည်။ တစ်ဖက်ပိတ်လမ်းအန္တရာယ်။ မေ ၂ ရက်ရောက်တော့မှ ဟင်းချနိုင်တော့သည်။ တိုင်းရင်းသားပါတီများနှင့် မဲဆန္ဒရှင် လူထု၏ဆန္ဒအရ လွှတ်တော်တက်တော့မည်ဟု ဒေါ်အောင်ဆန်းစုကြည်က ကြေညာသည်။ အင်န်အယ်လ်ဒီ လွှတ်တော်တက်ပြီ။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့မှ မိုးစရွာသည်။ ပိတောက်ဦးကို မြင်ရသည်။



■ ကျော်ဝင်း

# လွှတ်တော်နိုင်ငံရေးသည်သာ အဘယ့်ကြောင့်

(ဘေးမှ ရပ်ကြည့်သူတစ်ဦး၏ နိုင်ငံရေးဒိုင်ယာရီ ၂၀၁၂)

**■ ရင်တမမ မေလ (မေ မှသည် ဇွန်လဆန်း)**

နှစ်ပေါင်း ငါးဆယ်၊ ဆယ်စုငါးစု ရာစုတစ်ဝက်။ နည်းတဲ့နှစ်တွေမှ မဟုတ်လေဘဲ။ ဤမျှရှည်လျားသော နွေကန္တာခရီးကို တေမိထုံးနှလုံးမူကာ လျှောက်ခဲ့ရသူများအတွက် လွတ်လပ်မှုလေပြည် လေညင်းလေး ထိတွေ့ခွင့်ရသည်နှင့် ပြောချင်၊ ဆိုချင်၊ ဆန္ဒဖော်ထုတ်ချင်ကြမည်မှာ လွန်စွာမှပင် သဘာဝကျပါသည်။ ပြောစရာ၊ ဆိုစရာ၊ ဆန္ဒဖော်ထုတ်စရာတွေကလည်း လူတိုင်းကိုယ်စီရင်နှင့် အပြည့်။ အားလုံးမှာက 'သုမနကျောမှာ ဒဏ်ရာတွေနဲ့' ဆိုသလို။

ပထမဆုံး အပြောင်းအလဲကာလ၏ ဘေးထွက်ဆိုးကျိုးဒဏ် အခံရဆုံး အလုပ်သမားတွေက စသည်။ လုပ်ခလစာတိုးပေးဖို့။ နောက် မြို့ပြဒေသ၏ နိစ္စဓူဝ ဒုက္ခဟုဆိုအပ်သော လျှပ်စစ်မီးပြဿနာ၊ ၂၁ ရာစု၏ မြို့ပြကို ဖယောင်းတိုင်မီး မှိတ်တုတ်မှိတ်တုတ်ဖြင့် အန်တုရင်း ဆန္ဒဖော်ထုတ်လာကြသည်။ ထိုသည်၏နောက် ကျောင်းသားလူငယ်များ။ နှစ်ပေါင်းငါးဆယ်က ဖြိုချခံခဲ့ရသော ဆယ်စုများစွာ၊ မျိုးဆက်များစွာ၊ စဉ်ဆက်မပြတ် မက်ခဲ့ရသောအိပ်မက်။ အားလုံးမှာအလွန်သဘာဝကျသော ဖြစ်စဉ်ဖြစ်ရပ်များဟု ဆိုရပါလိမ့်မည်။ မိမိတို့ဖြတ်သန်းခဲ့ရာ ဘဝတွေနှင့်လည်း ဆက်စပ်နေသည်မို့ ပို၍ပင်စာနာမိသည်။

တစ်ပြိုင်နက်တည်းမှာပင် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ် ဝန်းကျင်က အကျည်းတန်အဖြစ် သနစ်များကလည်း သွေးစိမ်းရှင်ရှင် ခြောက်လှန့်ဆဲ။ သည်လိုပဲ လမ်းပေါ်ကစသည်။ နောက်လမ်းပေါ်မှာပဲ ရှင်း။ အချို့ တောနှင့်တောင်၊ အချို့နံရံတံတိုင်း။ စာရေးသူက လူငယ်တွေကို ကိုယ်လိုအမြီးပြတ်ဖို့ သေဖော်မညှိချင်။ ထို့ထက် ဖြစ်တည်ခါစ ဒီမိုကရေစီ သန္ဓေသား ကတိမ်းကပါးဖြစ်မှာကိုလည်းစိုးရိမ်သည်။ တော်ပါသေးသည်။ စာရေးသူ စိုးရိမ်သလိုကား မဖြစ်။ အစိုးရသစ်၏ ကိုင်တွယ်ပုံနှင့် လူထု၏ နိုင်ငံရေး ရင့်ကျက်မှုကို အသိအမှတ်ပြု ကျေးဇူးတင်ရပေလိမ့်မည်။ မိုးနတ်မင်းကိုလည်း ကျေးဇူးတင်ရပါလိမ့်မည်။ (ကျွန်တော်တို့အခြေအနေက မိုးရွာမှ မီးလာ မဟုတ်ပါလား)

**■ အနောက်မှလာသော တန်ပြန်လှိုင်း (ဇွန်လ၏ မိုးရေစက်များ)**

ဇွန်လ၏ မိုးရေစက်များတွင် ပြန်လည်လန်းဆန်းလို့မှ မဝတတ်သေးခင် နောက်ထပ် စိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်လိုက်ရပြန်သည်။ ပြောရလျှင် စိန်ခေါ်ချက်သက်သက်မက ရိုက်ချက်ဟူ၍ပင် ဆိုနိုင်လောက်သည်။ ရခိုင်ပြည်နယ် ဘူးသီးတောင် မောင်းတောဒေသမှ စလိုက်သော ပြဿနာ။ ပြဿနာ၏အစမှာ ရှောင်တခင်မတော်တဆဟု ဆိုနိုင်စရာရှိပါသည်။ အမှန်စင်စစ် လူမျိုးရေး၊ ဘာသာရေးသာမက သစ္စာခံမှုပါ ထွေပြားသော ဘူးသီးတောင် မောင်းတောလို 'ထိစပ်နယ်မြေ' (borderland)များတွင် ယခုလိုတိုးမိတိုက်မိ ဖြစ်တတ်သည်မှာ ဘာမှမဆန်း။ ဖြစ်လေ့ဖြစ်ထရှိသည်သာ ဖြစ်သည်။

သို့တိုင်အောင် မူလအစက ရေပွက်ငယ်မျှကို ဝဲဂယက်ကြီးဖြစ်လာစေရန် ရည်ရွယ်ချက်ရှိရှိ မောင်းတင်လာသော တန်ပြန်လှိုင်းတွေကို တွေ့လာရသည်။ အနောက်မှ လာသောလှိုင်း။ မြန်မာ့ဒီမိုကရေစီရေစီးကို အရှိန်မရမီမှာပင်အမှိုက်သရိုက်ဒိုက်သရောများဖြင့် ရေသေဖြစ်စေရန် ချိန်ခါသင့် ကြိုးပမ်းမှုမျိုးပင် ဖြစ်နိုင်သည်။ ဤတွင် ပြဿနာမှာ ရိုးရိုးလေးမဟုတ်တော့။ ထွေပြားလာရတော့သည်။ ကိုလိုနီစနစ်မှ စတင်သော သမိုင်းနှင့် ဆက်စပ်လာသလို စစ်အေးလွန်ခေတ် ရှုပ်ထွေးပွေလီ ဆန်းပြားသော နိုင်ငံတကာ အခင်းအကျင်းနှင့်လည်း ပတ်သက်လာသည်။ ထို့ထက်ပို၍ အရေးကြီးသည်မှာ မြန်မာ့ဒီမိုကရေစီရေး၏ အနာဂတ်။

ဤသို့ရင်လေးစရာ သတင်းများနှင့် နပန်းလုံးနေရစဉ်မှာပင် ရင်အေးစရာ သတင်းအချို့ကိုလည်း ကြားဖြတ်ကြားရသည်များ ရှိပါသည်။ ဒေါ်အောင်ဆန်းစုကြည်၏ပြည်ပခရီးစဉ်နှစ်ခု။ ပထမခရီးစဉ်(ထိုင်းခရီးစဉ်)တွင် ဘဝင်မကျသံအချို့ ခပ်သဲ့သဲ့ ကြားရသော်လည်း ဒုတိယခရီး(ဥရောပခရီးစဉ်)မှာမူ မြန်မာ့ဒီမိုကရေစီအနာဂတ် အတွက် အတိတ်ကောင်း နိမိတ်ကောင်းဟု ဆိုချင်သည်။ ဤခရီးစဉ်တွင် သူမက သမ္မတဦးသိန်းစိန်ကို ထုတ်ဖော်ချီးကျူးသည်။ သမ္မတဦးဆောင်သော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ကြိုဆိုအားပေးကြဖို့ တိုက်တွန်းသည်။ နိုင်ငံရေးကွဲပြားခြားနားမှုများကို တွေ့ဆုံဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်မည်ဟု ကတိပြုသည်။ အဆိုပါစိတ်ဓာတ် အဆိုပါ သဘောထားဖြင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အင်န်အယ်လ်ဒီ အမတ်များ လွှတ်တော်တက်ကြပေတော့မည်။ ဇူလိုင် ၄ ရက်။

**■ ဒီမိုကရေစီပင်မရေစီး (ဇူလိုင်မိုးကိုကြို)**

စာရေးသူတို့ လူငယ်ဘဝဖြတ်ခဲ့ရသော ခေတ်တွင် မည်သည့် ပါတီအဖွဲ့အစည်းမှ မရှိပါ။ (အာဏာရပါတီမှလွဲ၍)မည်သည့် လွှတ်တော်မှ မရှိပါ။ (ရာဘာတံဆိပ်တုံး လွှတ်တော်မှလွဲ၍) သို့နှင့် အမျှထွက်ပေါက်ပိတ်နေသောဆန္ဒအထွေထွေမှာအခါအားလျော်စွာ လမ်းမများပေါ် သို့သာ လျှံကျကုန်ရပါသည်။ သည်တော့လည်း လမ်းပေါ်တွင်သာ ဖြေရှင်းခဲ့ကြရာမှ ဆန္ဒတွေမှာ အာဃာတတွေဖြစ်ကုန်ရတော့သည်။ အကျိုးဆက်ကားလူထုနှင့် အစိုးရကြား ယုံကြည်မှု ပျောက်ဆုံးသွားခြင်း၊ ပေးဆပ်လိုက်ရသည်ကား တိုင်းပြည်၏ ကံကြမ္မာနှင့် ဂုဏ်သိက္ခာ။

ဒီမိုကရက်တစ် လွှတ်တော်မှာ လူထု၏ ဆန္ဒဖော်ထုတ်ရာ ဆွေးနွေးညှိနှိုင်းရာ ဆုံးဖြတ်အဖြေရှာရာ ဖိုရမ်ကြီးဖြစ်ရပါလိမ့်မည်။ ယခုထက်တိုင် အပြီးအပြတ် အဖြေမရသေးသော အလုပ်သမားထုလိုလားချက်၊ ကျောင်းသားလူငယ်များ၏ ဆန္ဒနှင့် လျှပ်စစ်မီးကိစ္စများကိုလာတော့မည့်လွှတ်တော်တွင် ဦးနှောက်မုန်တိုင်း ဆင်ကြရပါလိမ့်မည်။ မဟာဗျူဟာနည်းဗျူဟာအဆင့်ဆင့်ဖြင့် ပေါ်လစီခင်းနိုင်ဖို့လိုပါလိမ့်မည်။ ရခိုင်ပြည်နယ်မှ ဘူးသီးတောင်၊ မောင်းတောအရေးကိုလည်း ပို၍ ကြီးမားသော အမြော်အမြင်၊ ပို၍အားကောင်းသော ဝါယမဖြင့် ပီပီပြင်ပြင် ကိုင်တွယ်ရပါလိမ့်မည်။ လိုအပ်လျှင် နှစ်နိုင်ငံ စားပွဲဝိုင်းသာမက နိုင်ငံတကာအဆင့် ညှိနှိုင်းအဖြေရှာသည်အထိ ကောင်းကောင်းပြင်ဆင်ကြရပါလိမ့်မည်။

ဆိုခဲ့ပါ ပြဿနာများမှာ အဓိကအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည်ဖြစ်ရာ အင်န်အယ်လ်ဒီ၏ ရွေးကောက်ပွဲအကြိုမဲဆွယ်ကာလ၊ ကြွေးကြော်သံနှင့် သဘောညီပါသည်။ မြန်မာ့ဒီမိုကရေစီ၏ နောက်ထပ်အရေးကြီးသော ပြဿနာတစ်ရပ်မှာ တိုင်းရင်းသား လူမျိုးစုများအရေးဖြစ်ပါသည်။ ကေအိုင်အေအဖွဲ့နှင့် အမြန်ဆုံး အပစ်အခတ်ရပ်စဲနိုင်ဖို့ လိုသလို အပစ်အခတ်ရပ်စဲရေးရပြီး အဖွဲ့အားလုံးနှင့်လည်း နိုင်ငံရေးအရ ဆက်လက်ဆွေးနွေးကြဖို့ လိုပါသည်။ ဤကိစ္စမှာလည်း အင်န်အယ်လ်ဒီ၏ ဒုတိယကြွေးကြော်သံ (ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး)နှင့် ထပ်တူပင်ဖြစ်ရာ ပူးပေါင်းဆောင်ရွက်ကြရမည့် 'ဘုံတူညီချက်'(Common Ground) ပင်ဖြစ်ပါသည်။ ဒီမိုကရက်တစ်ဖိုရမ်ကြီးဖြစ်သော လွှတ်တော်တွင် အဆိုပါ ဘုံတူညီချက်ကို ညှိနှိုင်းဆွေးနွေးအဖြေရှာ၊ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ယုံကြည်မှုမဏ္ဍိုင်ပို၍ပင် ခိုင်လာနိုင်စရာရှိပါသည်။ သို့သော် . . . ။ ဤသို့သော်ကား အရေးကြီးလိမ့်မည် ထင်သည်။


**■ သုံးပွင့်ဆိုင် ညီညွတ်ရေးမှသည် ဒီမိုကရေစီ အနာဂတ်ခရီး (ဇူလိုင်-အလွန်)**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ရွေးကောက်ပွဲ မဲဆွယ်ကာလ တတိယ ကြွေးကြော်သံမှာ၊ 'အခြေခံဥပဒေ ပြင်ဆင်ရေး' ဖြစ်သည်။ ဒီမိုကရက်တစ်နှုန်းစံများနှင့် ချိန်ထိုးစဉ်းစားလိုက်လျှင် ၂၀၀၈ အခြေခံဥပဒေတွင် အားနည်းချက်အချို့အမှန်ပင် ရှိပါသည်။ (အလုပ်ထောင့်မှ ကြည့်လျှင်မူ လူးသာလွန့်သာသည့် လှုပ်ရှားခွင်များလည်း ရှိသလောက်ရှိသည်သာဖြစ်သည်)တစ်ချိန်ချိန်တွင် ပြင်သင့် ပြင်ထိုက်သည်များကို ပြင်ကြရမည်သာ ဖြစ်သည်။ သို့တစေ ယခု လောလောဆယ်တွင်မူ အခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စမှာ ရှေ့ကဖော်ပြခဲ့သော ပြဿနာများ(တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းစစ်ရပ်စဲရေး) မှာလို ဘုံတူညီချက် ရဖို့မလွယ်လှသေးဟု သဘောရပါသည်။ ယုံကြည်မှုခိုင်ဖို့ထက် ယိုင်ဖို့က ပိုများနိုင်သည်။ အချင်းချင်း နီးဖို့ထက် ဝေးဖို့က ပိုများနိုင်စရာ ရှိသည်။ လက်ရှိ အခြေခံဥပဒေဘောင်အတွင်း ဘုံတူညီချက်များကို လက်တွဲဆောင်ရွက်ကြရင်း ပိုခိုင် ပိုနီးလာမှ ဤကိစ္စကို ကိုင်လျှင် ပိုအဆင်ပြေလွယ်ကူလေမည်လားစဉ်းစားမိသည်။

အမှန်စင်စစ် လက်ရှိအခင်းအကျင်း၏ မြစ်ဖျားခံရာမှာ ၂၀၁၀ ရွေးကောက်ပွဲပင်ဖြစ်သည်။ နိုင်ငံတကာအသိအမှတ်ပြု ဒီမိုကရက်တိုင်ဇေးရှင်းဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင် ဖိလစ်ပီရှမစ်ထာက မြန်မာ့ ပုံစံအရွေ့ကို 'သတ်မှတ်ပြဋ္ဌာန်းပြီး အပြောင်းအလဲ' (im-pored transition)ဟု ဆိုပါသည်။ တည်ဆဲအီလစ်များကိုယ်တိုင်က ဦးဆောင်သည်ဖြစ်၍ အထက်မှလာသော အပြောင်းအလဲ (transformation from above)နှင့် စတင်သည်။ ယခင်တပ်မတော်အစိုးရက ကြီးမှူးကျင်းပပေးခဲ့သော ၂၀၁၀ ရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများ အပါအဝင် နိုင်ငံရေးပါတီများ ပါဝင်ယှဉ်ပြိုင်ခဲ့၍ (ကြားဖြတ်ရွေးကောက်ပွဲတွင် အင်န်အယ်လ်ဒီပါ ပါဝင်လာ၍) elite led change သက်သက်မဟုတ်တော့ဘဲအထက်နှင့်အောက် ပူးတွဲလာသော အပြောင်းအလဲ (transformation from above and below)ဖြစ်လာသည်။ ဤတွင် ပြောလိုသည်မှာမြန်မာ့ဒီမိုကရက်တိုင်ဇေးရှင်းသည် သွေးတူမွေးတူ တစ်ဖွဲ့တစ်ပါတီတည်းမောင်းနှင်သောအရွေ့မဟုတ်၊ ဖြတ်သန်းပုံရော၊ စဉ်းစားတွေးခေါ်ပုံပါကွဲလွဲနိုင်သည့် အင်အားစုပေါင်းစုံဝိုင်းတွန်းကြရသော အရေးတော်ကြီးဟု ဆိုလိုရင်းဖြစ်ပါသည်။

စာ(၂၆) သို့

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012



စာရေးသူတို့နိုင်ငံတွင် ငွေစက္ကူတန်ဖိုးအမြင့်ဆုံးအဖြစ် ကျပ်တစ်သောင်းတန်များအထိ ထုတ်ဝေပေါ်ထွက်ခဲ့ပြီဖြစ်သည်။ ငွေစက္ကူများသည် စာရေးသူတို့အားလုံးနေ့စဉ်မဖြစ်မနေ ထိတွေ့ကိုင်တွယ် အသုံးပြုကြရပါသည်။ ကျပ်ငါးထောင်တန်နှင့် ကျပ်တစ်သောင်းတန်များမှအပ ကျန်ငွေစက္ကူများသည် လူတန်းစားအားလုံး၏ လက်ထဲသို့ နေ့စဉ်ရောက်ရှိကူးလူးဖလှယ်လျက်ရှိပါသည်။

ငွေစက္ကူသည်နိုင်ငံတစ်နိုင်ငံအတွက်ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေး အသုံးအဆောင်ပစ္စည်းတစ်ခုဟု ဆိုချင်ပါသည်။ နိုင်ငံတကာနှင့်ဆက်စပ်နှိုင်းယှဉ်အသိအမှတ်ပြုရသည့်ပစ္စည်းလည်းဖြစ်လို့နေပါသည်။ ရေရှည်တည်တံ့ပြီး မျိုးဆက်အဆက်ဆက်ဖြတ်သန်းကြုံတွေ့သုံးစွဲရသည့် ငွေစက္ကူများဖြစ်ပါသည်။ သို့ဖြစ်၍ ငွေစက္ကူများသည် တစ်မျိုးသားလုံးက မြတ်နိုးတန်ဖိုးထားကာ ရိုရိုသေသေ ကိုင်ဆောင်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ငွေစက္ကူများသည်လည်း တိုင်းပြည်အတွက် ရတနာတစ်ပါးပင် ဖြစ်ပါသည်။

**လွင်ချန်ဖြိုး(နတ်မောက်)**

# ကျွန်ုပ်တို့၏ တန်ဖိုးများလည်း မြင့်တက်ပါ

၂၀၁၀ ပြည့်နှစ် ဝန်းကျင်အတွင်းကဆိုလျှင် စာရေးသူတို့နိုင်ငံ၏ ကျပ်ငါးဆယ်တန်၊ တစ်ရာတန်နှင့် နှစ်ရာတန် ငွေစက္ကူများသည် အခြားတိုင်းတစ်ပါးသားများ အမြင်မခံဝံ့လောက် အောင်ပင် ဆိုးဆိုးရွားရွား ပျက်စီး စုတ်ချာခဲ့ရပါသည်။ စက္ကူနှင့် ပလာစတာ အဖာအထေးများ၊ ပလတ်စတစ်အိတ်များဖြင့် ထုပ်ထားသော ယိုယွင်းနွမ်းရိနေသည့် ငွေစက္ကူများသည် ကာလအတော်ကြာသည်အထိ ကျင်လည်ခဲ့ရပါသည်။

မျိုးဆက်သစ် လူငယ်များအတွက် ငွေစက္ကူဆိုသည်မှာ စက္ကူစုတ်တစ်ခုဟုပင် ထင်မှတ်မှားစေနိုင်ခဲ့ပါသည်။ ဤအခြေအနေသို့ ရောက်ရှိစေသည်မှာ စာရေးသူတို့အားလုံး၏ ငွေစက္ကူအပေါ် တန်ဖိုးထား ကိုင်တွယ်မှု အားနည်းခြင်းကြောင့်သာ ဖြစ်ပါသည်။ ငွေစက္ကူများအား ချိုးခေါက်လုံးချေကိုင်တွယ်ခြင်းနှင့် ပေကျံညစ်ပတ်သော လက်များဖြင့် ကိုင်တွယ်ခြင်းမှာ အလျင်အမြန် စုတ်ပြဲပျက်စီးရခြင်း၏ အဓိကအကြောင်းအရင်း ဖြစ်ပါသည်။

စာရေးသူတို့ နိုင်ငံတွင် ဒေါ်လာနှင့် အက်ဖ်အီးစီငွေစက္ကူများကို ချိုးခေါက်ရာ မရှိ၊ အစွန်းအထင်း ညစ်နွမ်းမှုမရှိမှသာ ငွေစက္ကူအဖြစ် တရားဝင်လက်ခံကြပါသည်။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်များတွင်လည်း ကိုယ့်ကိုကျွန်ပြုထားသူ၏ ခေါင်းဆောင်ရုပ်ပုံများပါသော သူတို့နိုင်ငံမှ ထုတ်ဝေသော ငွေစက္ကူများကိုပင် ပခြုပ်များ၊ ထန်းခေါက်ဖာများအတွင်း ထည့်သိမ်းကာ တရိုတသေ အသုံးပြုခဲ့ကြရကြောင်း၊ ထောင်မလဲ သဲကော်ထားရှိခဲ့ကြရကြောင်း စာရေးသူ၏ မိဘဘိုးဘွားများက ပြောပြပါသည်။

ဤသို့ဆိုလျှင် လက်ရှိစာရေးသူတို့နိုင်ငံ၏ တရားဝင်ငွေစက္ကူများကိုလည်းထိုနည်းတူစွာသဘောမထားနိုင်ကြတော့သည်မှာ စာရေးသူတို့နှောင်းလူများ၏ ညံ့ဖျင်းမှုဟုပင် ဆိုရပါတော့မည်။ နောက်ပိုင်းထုတ်ဝေသော ငွေစက္ကူများတွင်ပါရှိသည့် တိရစ္ဆာန်အကောင်ပုံများကြောင့်ဟုလည်းဆိုလာသူများရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိ၏ ငွေကြေးသည် မိမိတို့၏ မြတ်နိုးလေးစားဖွယ်သော အရာဝတ္ထုဟု ခံယူကြရမည်သာ ဖြစ်ပါသည်။

ကျပ်ငါးထောင်တန်နှင့်ကျပ်တစ်သောင်းတန် ငွေစက္ကူတစ်ရွက်သည် သာမန်အခြေခံပြည်သူတစ်ဦးအတွက် သုံးရက်မှ ငါးရက်စာ လုပ်အားခဝင်ငွေဖြစ်ပါသည်။ ကာယအား၊ ချွေးများ၊ ပင်ပန်းမှုများ၊ အချိန်များပေးဆပ်ပြီးမှ ရရှိနိုင်သည့် ငွေကြေးပမာဏလည်း ဖြစ်ပါသည်။ ထိုငွေစက္ကူတစ်ရွက်ကို လုံးချေကိုင်တွယ်ညစ်ပတ်စေခြင်းသည် မိမိတို့၏ လုပ်အားကို မိမိတို့ အသိအမှတ်မပြု၊ တန်ဖိုးမထားခြင်းပင် ဖြစ်ပါသည်။ နောက်ဆုံးအဆင့် စကားကြီးစကားကျယ်ဆိုရလျှင် မိမိတို့၏ နိုင်ငံဂုဏ်သိက္ခာကို ညှိုးနွမ်းကျဆင်းအောင် လုပ်ဆောင်မှုတစ်ခုပင် ဖြစ်ပါသည်။

စည်းကမ်းသတ်မှတ်ချက်များထက်ပို၍ ထိရောက်စေသည်မှာ အသိစိတ်ဓာတ်ဖြစ်ပါသည်။ မိမိတို့ဆီ ရောက်ရှိလာသော ငွေစက္ကူတစ်ရွက်အား စနစ်တကျ သန့်ရှင်းစွာ သိမ်းဆည်း၊ လက်ဆင့်ကမ်းခြင်းအားဖြင့် ကြီးမားသော ကောင်းကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ငွေစက္ကူများအား ငွေကြေးတန်ဖိုးအရသော်လည်းကောင်း၊ နိုင်ငံ၊ လူမျိုး၊ ယဉ်ကျေးမှုနှင့်ယှဉ်သော တန်ဖိုးအရသော်လည်းကောင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ်များ ကိန်းအောင်းကြရန် လိုပါသည်။ တိုင်းတစ်ပါး ငွေစက္ကူများနှင့်ယှဉ်လျှင် ပုံပန်းသွင်ပြင် ကိုင်တွယ်မှုမှအစ သတ္တိရှိရှိပြသရန် လိုပါသည်။

တစ်ယောက်ကစ တစ်ရာဖြစ်နိုင်သလို တစ်ရာဖြစ်ရန်အတွက် တစ်ယောက်မကျန် ပါဝင်ဖို့ လိုအပ်လှပါသည်။ နိုင်ငံတော်သည် အားနှင့်မာန်နှင့် အရှိန်အဟုန်မြင့် ပြုပြင်ပြောင်းလဲလျက်ရှိပါသည်။ ကိန်းဂဏန်း အရေအတွက်တန်ဖိုးများမြင့်မားလာရုံဖြင့် အရာခပ်သိမ်းပြည့်စုံပေါ်ထွန်းလာမည် မဟုတ်ပေ။

စာရေးသူတို့တစ်ဦးချင်းစီ၏ အနေအထိုင်၊ အကျင့်အကြံ၊ အရည်အသွေးများ လိုက်ပါပြောင်းလဲတိုးတက်မှသာလျှင် ပတ်ဝန်းကျင်နိုင်ငံများထက် များစွာနောက်ကျသော အနေအထားမှ မြန်မြန်ဆန်ဆန်အမီလိုက်နိုင်မည်ဖြစ်ပါသည်။ ဘက်ပေါင်းစုံမှ နည်းမှန်လမ်းမှန်ဖြင့် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာသည်ဟုနိုင်ငံတကာ အသိုင်းအဝိုင်းမှ လက်ခံနိုင်ရန် ကြိုးပမ်းကြရပါမည်။ အသေးအဖွဲ့များမှစကာ မည်သည့်အရာကိုမျှ ပေါ့ပေါ့တန်တန် မထားဘဲ တစ်မျိုးသားလုံး ကောင်းစားရေးကို ရှေးရှုကြရပါမည်။ စာရေးသူတို့အားလုံး မိမိတို့၏ အသုံးဝင်မှုတန်ဖိုး၊ အကျိုးပြုမှုတန်ဖိုးများကို မြင့်တက်အောင် လုံ့လစိုက်အားထုတ်ခြင်းဖြင့် အမိမြန်မာနိုင်ငံတော်အပေါ် သမိုင်းတာဝန်ကျေပွန်သူများဖြစ်နိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# မြောင်မြို့နယ် ကျေးရွာသုံးရွာ၏ သောက်သုံးရေအခက်အခဲ စေတနာရှင်များ ရေလှူဒါန်း

**ရန်နိုင်ကျော်**
**မုံရွာ၊ ဇွန်-၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း ဇေယျာကုန်းကျေးရွာ၊ တမဆေးကန်ကျေးရွာ၊ ငါးမြှောင်တောင်ကျေးရွာစသည့် ကျေးရွာများတွင် မြေအောက်ရေတွင်းများမှ ရေအလွယ်တကူခပ်ယူသုံးစွဲခွင့် ရရှိခဲ့သော်လည်း အဆိုပါရေများမှာ ရေငန်ခြင်း၊ ရေခါးခြင်းစသည်တို့ကြောင့် သောက်သုံး၍မရသောကြောင့် သောက်သုံးရေအခက်အခဲကြုံတွေ့ခဲ့ရသဖြင့် မြောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အနီးဝန်းကျင် ကျေးရွာများမှ စေတနာရှင်များ စုပေါင်း၍ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေလှူဒါန်းခဲ့ကြောင်း သိရသည်။

"ရေကမရှားပါဘူး။ သောက်မရတာဆိုးတယ်။ ရေတွင်းတွေနဲ့ အစိုးရက စက်ယန္တရားကြီးနဲ့ တူးပေးတဲ့ ရေတွင်းတွေမှာ ရေကအလွယ်တကူရပါတယ်။ အဲဒီရေတွင်းတွေက ရေကရေငန်တယ်၊ ခါးတယ်။ ထမင်း၊ ဟင်းလည်း ချက်လို့မရဘူး။ သောက်လို့မရဘူး။ ရွာမှာရှိတဲ့ရေက ရေချိုးဖို့နဲ့ အဝတ်လျှော်ဖို့လောက်ရတယ်။ အရင်နှစ်တွေတုန်းက သောက်ရေကို မိုးရေလှောင်ကန်တွေကနေ ခပ်ယူတာ။ ဒီနှစ်မိုးခေါင်တော့ ရွာကမိုးရေလှောင်ကန်ကြီးကလည်း ရေနည်းနေပြီး အမှိုက်သရိုက်တွေနဲ့သောက်ရေလုပ်ဖို့မလွယ်ဘူး။ လောလောဆယ်ရွာနဲ့လေးမိုင်လောက်ဝေးတဲ့ နဘတ်ကျေးရွာကို သွားပြီးခပ်ရတယ်။ ရေအလှူရှင်တွေက သောက်သုံးရေ လာလှူပေမယ့် ရွာသုံးရွာမှာ အိမ်ခြေနှစ်ထောင်ကျော်ရှိတော့သောက်ရေ လုံလုံလောက်လောက် မရပါဘူး" ဟု ဇေယျာကုန်းကျေးရွာ ဇာနည်မော်ဘုန်းတော်ကြီးကျောင်းနာယကဆရာတော်ဦးဝိသုဒ္ဓက မိန့်ကြားသည်။

"မိုးခေါင်တော့ သောက်ရေလှောင်ကန်တွေက ရေခန်းကုန်တော့ သောက်ရေအခက်ဖြစ်ပြီပေါ့။ ရွာရဲ့တောင်ဘက် လေးမိုင်လောက်ဝေးတဲ့နဘတ်ဆိုတဲ့ရွာကို မိုးမလင်းခင် လှည်းတွေနဲ့ ရေသွားခပ်ကြတာ။ ရွာမှာအလွယ်တကူခပ်လို့ရတဲ့ ရေခါးရေငန်တွေကို သောက်ရေအဖြစ် ပြောင်းလဲနိုင်မယ့် ရေသန့်စက်တွေ တပ်ဆင်နိုင်မယ်ဆိုရင် အခုလိုသောက်သုံးရေ အခက်အခဲကြုံမှာ မဟုတ်ဘူး"ဟု ဇေယျာကုန်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

"အနီးပတ်ဝန်းကျင် ကျေးရွာတွေနဲ့ မြောင်မြို့နယ် စည်ပင်သာယာအဖွဲ့ ရေသယ်ယာဉ်တွေရော မုံရွာက ရေသန့်ရေသယ်ယာဉ်တွေပါ သောက်သုံးရေလာလှူတယ်။ ရွာမြောက်ပိုင်းမှာသောက်သုံးရေလာလှူရင် ရွာတောင်ပိုင်းက သောက်သုံးရေ မရဘူးဖြစ်နေတယ်"ဟု မြောင်မြို့နယ် ငါးမြှောင်တောင်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

"ဇေယျာကုန်းမှာ လက်တူးတွင်းတွေက ပေ(၆၀)အနက်ရှိတယ်။ ပိုက်ရိုက်တွင်းတွေက အများဆုံးပေ(၃၀၀)ကနေပေ(၄၅၀)ကျော်အထိ တူးကြတယ်။ ပြီးခဲ့တဲ့ ၁၀ နှစ်လောက်က အစိုးရက စက်ယန္တရားတွေ အကူအညီနဲ့ ပေ(၁၂၀၀)အနက်ရှိတဲ့ ရေတွင်းကြီးလည်း အခြားတွင်းတွေလို ရေအလွယ်တကူတော့ သုံးလို့ရတယ် သောက်လို့မရဖြစ်နေတယ် "ဟု ဇေယျာကုန်းကျေးရွာ ရေတွင်းတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

မြောင်မြို့နယ်အတွင်း ဇေယျာကုန်းကျေးရွာ၊ ငါးမြှောင်တောင်ကျေးရွာနှင့် တမဆေးကန်ကျေးရွာတို့၌ သောက်ရေအခက်အခဲကြုံတွေ့နေရချိန်တွင် မြောင်မြို့နယ်ဌာနဆိုင်ရာ ရေသယ်ယာဉ်များ၊ အနီးပတ်ဝန်းကျင်မှ ရေသယ်ယာဉ်များ၊ မုံရွာမြို့မှ ရေသယ်ယာဉ်များဖြင့် ဇွန်လကုန်ရက်ပိုင်းက သွားရောက် လှူဒါန်းလျက်ရှိပြီး အဆိုပါ ကျေးရွာများတွင် မိုးရေကန်များဖြင့် သောက်သုံးရေစနစ် အဓိက အသုံးပြုခဲ့ရာမှ တစ်နှစ်ပတ်လုံး သောက်ရေအခက်အခဲ မရှိစေရန် ရေသန့်စက်များ လှူဒါန်းသွားရန် စီစဉ်လျက်ရှိကြောင်း မုံရွာမြို့ဒေသခံ စေတနာရှင် ရေအလှူရှင်များ၏ ပြောကြားချက်အရ သိရသည်။

### *စာ(၂၅) လွှတ်တော်နိုင်ငံရေးသည်သာ အဘယ့်ကြောင့် မှ*

ပြိုင်တူတွန်းမှ ရွေ့နိုင်မည့် မြန်မာ့ဒီမိုကရေစီရေးတွင် ပလေယာအချင်းချင်းညီညွတ်ရေးမှာ သော့ချက်အကျဆုံးဟု ဆိုချင်ပါသည်။ အစိုးရလွှတ်တော်နှင့် နိုင်ငံရေးပါတီများ၊ လူပုဂ္ဂိုလ်အရဆိုလျှင် ဦးသိန်းစိန်၊ သူရဦးရွှေမန်း(ဦးခင်အောင်မြင့်လည်း အပါအဝင်)နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ သုံးပွင့်ဆိုင် ညီညွတ်ရေး။ ဤညီညွတ်ရေးဖြင့်သာမြန်မာ့ဒီမိုကရေစီခရီးကိုနောက်မပြန်တမ်း ရှေ့ဆက်ချီနိုင်ပါလိမ့်မည်။ ဆိုရလျှင် စာရေးသူတစ်သက်အိပ်မက်ပင် မမက်ဖူးသော လက်ရှိနိုင်ငံရေးရာသီဥတုကို ဘယ်လိုနည်းနှင့် ပြန်မဆိုးစေချင်တော့ပါ။ ပို၍ပို၍ သာတောင့်သာယာဖြစ်သည်ကိုသာ မြင်လိုတွေ့လိုပါတော့သည်။ သို့နှင့်အမျှ ယခုလာတော့မည့် လွှတ်တော်တွင်ဆိုခဲ့ပါ သုံးပွင့်ဆိုင် ညီညွတ်မှုဖြင့် အနာဂတ်မြန်မာ့ဒီမိုကရေစီ ဗိမာန်တော်ကို ခိုင်ခိုင်မာမာ မြိုင်မြိုင်ဆိုင်ဆိုင်အုတ်မြစ်ချနိုင်ကြပါစေ . . . ဟူ၍သာ။

**စာပြီးနေ့-၂၇-ဇွန်-၂၀၁၂**


7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

# အစိုးရပြောတာတစ်မျိုး တပ်ကလုပ်တာ တစ်ပိုင်းဖြစ်နေတယ်

## RCSS/SSA မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် စိုင်းဘောင်ခေးနှင့်တွေ့ဆုံခြင်း

**သီဟ**

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ရှမ်းပြည်တပ်မတော် RCSS/SSA နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် လက်ရှိအစိုးရ၏ မူဝါဒအရ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် လေးကြိမ်တွေ့ဆုံမှုပြုလုပ်ခဲ့ပြီးဖြစ်သည်။

ထိုသို့လေးကြိမ်တွေ့ဆုံရာတွင် ပြည်ထောင်စုအဆင့် တွေ့ဆုံမှုနှစ်ကြိမ်ပါရှိသည်ဟု သိရသည်။ ထာဝရငြိမ်းချမ်းရေးအတွက် ပဏာမအနေဖြင့် အပစ်အခတ်ရပ်စဲရန်အတွက် နှစ်ဦးနှစ်ဖက်သဘောတူညီမှုများ ရရှိခဲ့သော်လည်း RCSS/SSA နှင့် တပ်မတော်စစ်ကြောင်းများ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိနေကြောင်းသိရသည်။

ထို့ကြောင့် လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်ရေး အခြေအနေများအပေါ် သုံးသပ်ချက်အား RCSS/SSA မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်စိုင်းဘောင်ခေးနှင့် တွေ့ဆုံမေးမြန်းထားမှုကို ပြန်လည်ဖော်ပြအပ်ပါသည်။

**လက်ရှိရာထူး၊ အမည်နဲ့ တာဝန်ကိုပြောပြပေးပါ။**

နာမည်က စိုင်းဘောင်ခေးပါ။ ရာထူးက ဗိုလ်မှူးချုပ်ပါ။ တာဝန်ကတော့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင်ပါ။

**ကျိုင်းတုံမှာ တွေ့တုန်းက ဝန်ကြီးဦးအောင်မင်းက RCSS/SSA အဖွဲ့ဟာ အစိုးရနဲ့ ပထမအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပြီးတဲ့ အချိန်ကစပြီး တရားဝင်အဖွဲ့အစည်းဖြစ်သွားပြီဆိုပြီးပြောခဲ့ပါတယ်။ ဒါပေမဲ့ တကယ်တမ်းမှာ မတရားအသင်းဆိုတာကို တရားဝင် မဖျောက်ဖျက်ပေးသေးတဲ့ အပေါ် ဘယ်လိုမြင်ပါသလဲခင်ဗျ။**

အဲဒါတစ်ခုတော့ ကျွန်တော်တို့လည်း စိတ်မကောင်းဘူးပေါ့။ ဒီလိုမတရားအသင်းလို့ အခေါ်ခံနေရတာ ဦးအောင်မင်းလည်း မတရားအသင်းမဟုတ်တော့ဘူးလို့တော့ ပြောထားတာပေါ့။ ဒါပေမဲ့ အဲဒါကို ထပ်ပြီးတော့ ကျွန်တော်တို့လည်း ကြေညာပေးစေချင်တယ်ပေါ့။

**ငြိမ်းချမ်းရေးဆွေးနွေးမှု အားလုံးဘယ်နှကြိမ်ပြုလုပ်ပြီးပြီလဲခင်ဗျ။**

ပထမအကြိမ်က ထိုင်းနိုင်ငံ ချင်းရိုင်မြို့မှာ ကျွန်တော်တို့ဥက္ကဋ္ဌနဲ့ ဝန်ကြီးဦးအောင်မင်းနဲ့ တွေ့တယ်။ ဒုတိယအကြိမ်ကတော့ တောင်ကြီးမှာ ဗိုလ်မှူးချုပ်စိုင်းလူးနဲ့ ဝန်ကြီးဦးအောင်မင်းနဲ့ တွေ့ဖြစ်တယ်။ တတိယအကြိမ်ကတော့ ကျွန်တော်ကိုယ်တိုင် တောင်ကြီးမှာတွေ့တယ်။ တပ်နေရာချထားရေးတွေ ဆွေးနွေးတယ်။ စတုတ္ထအကြိမ်ကတော့ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးကိုယ်တိုင်နဲ့ တောင်ကြီးမှာတွေ့တယ်။ စတုတ္ထအကြိမ်မှာတော့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တာတွေ အဓိကဆွေးနွေးဖြစ်တယ်။

**တွေ့ဆုံမှုအကြိမ်တွေတိုင်းမှာ ထူးခြားမှုတွေ ရှိခဲ့လားခင်ဗျ။**

အခုထိတော့ ငြိမ်းချမ်းနိုင်တဲ့ အရိပ်အမြွက်တွေ ပေါ်လာတယ်လို့တော့ ထင်တယ်လေ။ တကယ်လက်တွေ့လုပ်တာတော့ အဲဒီလို မဖြစ်လာဘူး။

**စတင်တွေ့ဆုံမှုပြီးဆုံးချိန်ကစပြီး အခုအချိန်အထိ တိုက်ပွဲ ဘယ်နှကြိမ်လောက် ထပ်ဖြစ်ခဲ့ပြီလဲ။**

တိုက်ပွဲ အားလုံး နှစ်ဆယ်ကျော်ပြီ ခင်ဗျ။

**တိုက်ပွဲတွေက ဘယ်လိုအကြောင်းတွေကို အခြေခံပြီးဖြစ်တာလဲ ခင်ဗျ။**

ချိတ်ဆက်မှုတွေ မရှိလို့ဖြစ်တာပါ။ တကယ်တမ်းလက်တွေ့မှာတော့ ကျွန်တော်တို့ဘက်ကလည်း ငြိမ်းချမ်းရေးလိုချင်တယ်။ တပ်မတော်ပိုင်းကလည်းငြိမ်းချမ်းရေးလိုချင်တယ်လေ။ ဒါပေမဲ့ သူတို့လှုပ်ရှားတဲ့နေရာမှာ ဆက်ဆံတဲ့နေရာမှာ ပြတ်သွားလို့ အချိတ်အဆက်မမိတော့လည်း အဲဒီလို ထိပ်တိုက်သွားတွေ့တာပါ။ ကျွန်တော် ထင်တယ်လေ။ အဲဒီအကြောင်းအရင်းပါပဲ။

**ကျိုင်းတုံမှာတွေ့တဲ့ အချိန်မှာ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ကိုယ်တိုင်ပါဝင်လာတဲ့ အပေါ် ဘယ်လိုမြင်ပါလဲခင်ဗျ။ နောက်ပြီး တပ်နေရာချထားရေး ကိစ္စတွေလည်း ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာရော ဘာများပြောချင်ပါလဲ။**

ဗိုလ်ချုပ်ကြီးကိုယ်တိုင်လာပြောတဲ့စကားကို ကျွန်တော်တို့ လေးလေးနက်နက် နာခံပါတယ်။ နောက်ပြီးတော့ ဂုဏ်လည်းယူတာပေါ့နော်။ ဒီလိုအာဏာရှိတဲ့တစ်ယောက်က လာပြီးဆွေးနွေးတယ်ဆိုတော့လေ။ ဒါပေမဲ့ သူပြောတဲ့အတိုင်းနဲ့ တကယ့်လက်တွေ့မှာ အဲဒီလိုမဖြစ်တော့ဘူး။

**ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဘာတွေပြောခဲ့လဲခင်ဗျ။**

အခုကစပြီးတော့ ဆွေးနွေးပြီးတဲ့နောက်ပိုင်း ဘယ်တပ်ဖြစ်ဖြစ် RCSS နဲ့ သေနတ်ဖောက်ဖို့ လမ်းမရှိတော့ဘူးပေါ့။ တကယ်လို့ အဲဒီတပ်ခွဲ တပ်ရင်းတွေက RCSSနဲ့ သေနတ်ဖောက်ခဲ့လို့ရှိရင် အဲဒီတပ်ရင်းမှူးဖြစ်ဖြစ်၊ ဗျူဟာမှူးဖြစ်ဖြစ်၊ တိုင်းမှူးအထိပေါ့ ဖြုတ်ပစ်မယ်လို့ သူကသေသေချာချာကို ကတိကဝတ်နဲ့ပြောတာ။ ဒါပေမဲ့ ငြိမ်းချမ်းရေးဆွေးနွေးပြီးနောက်ပိုင်း တစ်လတောင်မရှိဘူး။ ပြဿနာပြန်ဖြစ်တာ။



ဗိုလ်မှူးချုပ်စိုင်းအောင်ခေးကို တောင်ကြီး RCSS/SSA ဆက်ဆံရေးရုံးတွင်တွေ့ရစဉ်

**ဗိုလ်မှူးချုပ်တို့ကို ဘယ်နယ်မြေတွေမှာ လှုပ်ရှားခွင့်ပေးထားပါလဲခင်ဗျ။**

ခုထက်ထိ ကျွန်တော်တို့ကို သတ်မှတ်ထားတဲ့နေရာမရှိဘူးလေ။ ကျွန်တော်တို့တပ်ရောက်နေတဲ့နေရာအားလုံးက ကျွန်တော်တို့ တပ်ရဲ့ဧရိယာလို့ပဲ သတ်မှတ်ထားတာ။ ဒီခွင် ဒီခွင်ရယ်လို့ သတ်မှတ်ထားတာ မရှိသေးဘူး။

**ဒါဆိုစတုတ္ထအကြိမ်တုန်းက တပ်နေရာချထားရေးကို အဓိက ဆွေးနွေးခဲ့တယ်လို့ ပြောတာက . . .**

အဲဒါကတော့ ကျွန်တော်တို့ တောင်းဆိုထားတဲ့ ဟိုမုန်းနဲ့ မုန်းထားကိစ္စ။ အဲဒါကတော့ကျွန်တော်တို့ဌာနချုပ်ဧရိယာပေါ့။ အဲဒါတစ်ခုတော့ ကျွန်တော်တို့ သတ်မှတ်ပေးဖို့ဆိုပြီးတော့ တောင်းဆိုတယ်လေ။ အဲဒါတစ်ခုပါပဲ။

**ငြိမ်းချမ်းရေးဆွေးနွေးပွဲပြီးတိုင်း တိုက်ပွဲတွေဖြစ်နေတာက ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုများ ထိခိုက်မှုရှိနိုင်ပါသလဲ။**

ကျွန်တော်တို့ကတော့ ထာဝရငြိမ်းချမ်းရေးဖြစ်ဖို့ဆိုတာတော့ အားသွန်ခွန်စိုက်လုပ်တာပဲလေ။ စေတနာရှိရှိနဲ့ လုပ်တာပဲ။ ဒါပေမဲ့ ဒီလိုတပ်ပိုင်းတွေက တပ်မတော်ပိုင်းတွေကတပ်ကိုမထိန်းဘဲနဲ့ ဆက်ပြီးတော့ တိုက်ပွဲဖြစ်သွားမယ်ဆိုရင် အနာဂတ်အတွက်တော့ နည်းနည်းတော့ ရင်လေးတာပေါ့။

**ငြိမ်းချမ်းရေးကို အစိုးရအဖွဲ့နဲ့ ဆွေးနွေးပြီး တိုက်ပွဲကို တပ်နဲ့ ဖြစ်တယ်ဆိုတော့ အစိုးရအဖွဲ့၊ တပ်နဲ့ကြားက ကွာဟမှုကို ဗိုလ်မှူးချုပ်တို့ ဘယ်လိုမြင်လဲ ခင်ဗျ။**

အသေးစိတ်တော့ကျွန်တော်တို့မသိဘူးလေ။ ဒါပေမဲ့ အဲဒီနှစ်ဖွဲ့မှာ ကွာဟချက်တွေတော့ရှိတယ်လို့တော့ ကျွန်တော်ထင်တယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရပြောတာတစ်မျိုး၊ တပ်ပိုင်းကလုပ်တာတစ်မျိုး ဖြစ်နေတယ်လေ။

**ငြိမ်းချမ်းရေးဆွေးနွေးပွဲပြီးတိုင်းမှာ တိုက်ပွဲဖြစ်နေတဲ့အပေါ် ဘယ်အတိုင်းအတာအထိ သည်းခံစောင့်ဆိုင်းမလဲခင်ဗျ။**

ကျွန်တော်တို့ကတော့မြန်မာနိုင်ငံကြီး အားလုံးအထိပေါ့လေ။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအားလုံး ထာဝရငြိမ်းချမ်းရေးဖြစ်နိုင်တဲ့အထိပေါ့။ ပြီးတော့ ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့အစည်းတွေ အားလုံး လွှတ်တော်အထိ နိုင်ငံရေးစကားပြောနိုင်တဲ့အထိ စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းသွားမှာပါ။

**တောထဲပြန်ဝင်သွားဖို့တော့ အစီအစဉ်တော့မရှိတော့ဘူးပေါ့. . .**

အဲဒါတော့ ကျွန်တော်တို့ မစဉ်းစားပါဘူး။ တောဝင် တဲ့ အလုပ်ဆိုတာ မကောင်းတဲ့အလုပ်ပေါ့လေ။ ပြီးတော့လည်း ပြည်သူလူထုလည်း သိပ်နာတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း ရှောင်နိုင်သလောက်ရှောင်မှာပါ။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ထပ်မံဖြည့်စွက် ပြောချင်တာများရှိပါလားခင်ဗျ။**

ရှမ်းပြည်သားတစ်ယောက်အနေနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကို ကောင်းရာကောင်းကြောင်း လုပ်ပေးဖို့တာဝန်ရှိတယ်။ ပြည်ထောင်စုသားတွေ အားလုံးဝိုင်းဝန်းကူညီမှပဲ ကျွန်တော်တို့မြန်မာနိုင်ငံကြီးက အေးချမ်းမယ်။ တိုင်းရင်းသားတွေကိုလည်း လူ့အခွင့်အရေးဖြစ်ဖြစ်၊ နိုင်ငံရေးဖြစ်ဖြစ်၊ စာပေယဉ်ကျေးမှုဖြစ်ဖြစ်ပေါ့ ကိုယ်လုပ်ချင်တဲ့ဆန္ဒ၊ ကိုယ်လုပ်ချင်တဲ့ လမ်းစဉ်ကိုဖြစ်မြောက်သွားရင် ဘယ်တိုင်းရင်းသားမဆို ကျွန်တော်ထင်တယ်၊ ဒီမြန်မာနိုင်ငံကြီးကို ခွဲထွက်မှာ မဟုတ်ပါဘူး။

## နိုင်ငံရေးပါတီ ခုနစ်ပါတီမှ လူငယ်၄၀ကျော် ဂျပန်သွားမည်

**ခင်ငြိမ်းချမ်းစိုး** **ရန်ကုန်၊ ဇွန်-၂၉**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ခေါ်မှုဖြင့် နိုင်ငံရေးပါတီ ခုနစ်ပါတီမှ ပါတီဝင်လူငယ် ၄၂ယောက်သည် ဇူလိုင် ၂ရက်တွင် ဂျပန် နိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ဦးစောသန်းမြင့်က ပြောသည်။

အဆိုပါဂျပန်လေ့လာရေး ခရီးစဉ်တွင်ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ စသည်တို့အပါအဝင် ပါတီခုနစ်ခုမှ ပါတီဝင်များဖြစ်သည်။

ဂျပန်နိုင်ငံက ၂၀၁၁ ခုနှစ်က စတင်ပြီး မြန်မာနိုင်ငံမှ လူငယ်နိုင်ငံရေးသမားများကို ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကာ ယခုနှစ်တွင် ပြီးခဲ့သည့်နှစ်ကထက်နှစ်ဆတိုးခေါ်ယူထားသည်။ ယခုနှစ်ကဲ့သို့နှစ်စဉ်ခေါ်ယူရန်ရှိပြီး နောင်နှစ်များတွင် ယခုနှစ်ထက် ထပ်တိုးခေါ်ယူသွားဖွယ်ရှိကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ဦးစောသန်းမြင့်က ပြောသည်။

၎င်းက ခရီးစဉ်နှင့်ပတ်သက်ပြီး "အခုလို တစ်ပါတီတည်း မဟုတ်ဘဲ ပါတီကြီးတွေက လူငယ်တွေ အတူတကွ သွားရမယ်ဆိုတော့ ကောင်းပါတယ်။ ဒီနှစ်မှာ ထူးခြားတာက အင်အယ်လ်ဒီပါတီက ၁၀ ယောက်ပါတယ်။ ဒီနှစ်မှာ လူရွေးတာမျှတတယ်။ မနှစ်ကဆိုရင် USDP ကပဲ ၁၀ယောက်လောက်ဖြစ်နေတော့ မမျှဘူးပေါ့"ဟု ဆိုသည်။

ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင်းမှ ပါတီဝင်များ အချင်းချင်း ရင်းနှီးချစ်ကြည်မှုရှိစေရန်လည်း ရည်ရွယ်ပြီး ဂျပန်နိုင်ငံ၏ အလှအပများနှင့် သမိုင်းဝင်အဆောက်အအုံများကို လေ့လာစေလိုသောကြောင့် ခေါ်ယူခြင်းဖြစ်ကြောင်း USDP မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယခု ခရီးစဉ်သည် ဂျပန်အစိုးရကပါတီများသို့ တရားဝင်ဖိတ်ခေါ်သည့် ဒုတိယခရီးစဉ်ဖြစ်ပြီး ခရီးစဉ်တွင် လူငယ်ပါတီဝင်များနှင့်တကွ မြန်မာအကအဖွဲ့တစ်ဖွဲ့ပါ လိုက်ပါသွားမည်ဖြစ်သည်။

## ရွှေဝါရောင်တော်လှန်ရေးနောက်ခံ ဝတ္ထုစာအုပ် ထုတ်ဝေခဲ့သည့် စာအုပ်တိုက်ကို ထုတ်ဝေခွင့်ယာယီပိတ်

ဥက္ကာကိုကို

ရန်ကုန်၊ဇွန်-၂၉

လူငယ်စာရေးဆရာမြေမှုန်လွင် ရေးသားသည့် 'ကျောက်စာကို ခဲဖျက်နှင့် ဖျက်၍မရ' လုံးချင်းဝတ္ထုစာအုပ်ကို ထုတ်ဝေခဲ့မှုကြောင့် 'ငါတို့'စာပေကို အထွေထွေထုတ်ဝေခွင့်ယာယီပိတ်သိမ်းလိုက်ကြောင်းထုတ်ဝေသူကိုစန်းမွန်အောင်ကပြောသည်။

အဆိုပါစာအုပ်သည် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးနောက်ခံ ရေးဖွဲ့ထားခြင်းဖြစ်ပြီး လူငယ်တစ်ယောက်၏ ဘဝတော်လှန်ရေးမှတ်တမ်းဟု စာအုပ်မျက်နှာဖုံးတွင် ရေးသားထားကာ ယာယီရပ်ဆိုင်းကြောင်းစာကို ဇွန် ၂၉ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငါတို့စာပေအား ထုတ်ဝေခွင့်ယာယီပိတ်သိမ်းမှုနှင့်အတူပင် ထုတ်ဝေသူကိုစန်းမွန်အောင်အမည်ဖြင့် မကြာမီက ချထားပေးခဲ့သော Tarအမည်ရှိ ဂျာနယ်ထုတ်ဝေခွင့်ကိုလည်း ခေတ္တဆိုင်းငံ့လိုက်ကြောင်း သိရသည်။

စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက ချမှတ်ထားသော စာပေစိစစ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပြဆောင်ရွက်ခြင်းမရှိသည့်အတွက်ငါတို့စာပေအားဇွန် ၂၈ရက်မှစ၍ ထုတ်ဝေခွင့်ယာယီရပ်ဆိုင်းခြင်းဖြစ်ပြီး လိုက်နာမှုမရှိပါက ၁၉၆၂ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၏ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်မောင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ အဆိုပါ လုံးချင်းဝတ္ထုတွင် အချို့သောရေးသားချက်များမှာ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်သည့် ရေးသားချက်များနှင့်ငြိစွန်းသည်များစိစစ်တွေ့ရှိရသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ငါတို့စာပေသည် စာအုပ်ထုတ်ဝေရေး သက်တမ်း၇နှစ်ကျော်ပြီဖြစ်သည်။



ရန်ကုန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်

## စက်သုံးဆီခွဲတမ်း လျှော့ချလိုက်ခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာ

သိမ့်သိမ့်စိုး

ရန်ကုန်၊ဇူလိုင်-၂

စွမ်းအင်ဝန်ကြီးဌာနက ပုဂ္ဂလိက စက်သုံးဆီဆိုင်များကို ရောင်းချပေးသော ခာတ်ဆီခွဲတမ်းများ ယခုလအတွက် ထက်ဝက်လျှော့ချလိုက်ခြင်းကြောင့် ပြင်ပစက်သုံးဆီဈေးနှုန်းများ မြင့်တက်သွားကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"ဆီခွဲတမ်းလျှော့မယ်ဆိုတာကို လမကုန်ခင်တုန်းကတော့ ဆိုင်တွေကို ခေါ် အကြောင်းကြားတာတော့ရှိတယ်။ ဘယ်လောက်လျှော့မယ်ဆိုတာတော့ ကြိုမပြောဘူး။ အခုတော့ ဒီလအတွက် ပုံမှန်ဝယ်နေတဲ့နှုန်းထက် တစ်ဝက်ပဲ ငွေသွင်းခိုင်းတယ်။ ဒါကြောင့် ကားတွေကို ပေးတဲ့နှုန်းလဲလျှော့လိုက်တာ" ဟု ကောင်းဇော်ဟိန်းဆီဆိုင်မှ မန်နေဂျာဦးအေးကျော်ကပြောသည်။

ယခုကဲ့သို့ဆီခွဲတမ်းလျှော့ချခြင်းသည် လက်ရှိသုံးစွဲနေသော ခာတ်ဆီများ နေရာတွင် အဆင့်မြင့်ဆီဖြစ်သော ၉၂ အဆင့်ရှိဆီကို ပြောင်းလဲထုတ်ပေးရန်အတွက် လက်ကျန်ဆီကို ခွဲတမ်းဖြင့်ရောင်းခြင်းလည်း ဖြစ်နိုင်ကြောင်း ယင်းက ခန့်မှန်းပြောသည်။

ထို့ကြောင့် ပြင်ပစက်သုံးဆီဈေးနှုန်းများမှာလည်း တစ်ဂါလံ ၁၆၅၀ ကျပ်ဝန်းကျင်ရှိနေရာမှ ၁၇၅၀-၁၈၀၀ ကျပ်ထိမြင့်တက်သွားကြောင်း စက်သုံးဆီဝယ်ယူသုံးစွဲနေသူတစ်ဦးကပြောသည်။

ဆီခွဲတမ်းများ လျှော့ချလိုက်ခြင်းကြောင့် ကားသမားများသည် စက်သုံးဆီလုံလောက်ရန် အောက်တိန်းဆီများကိုသာ ဝယ်ယူသုံးစွဲနေရသောကြောင့် ကုန်ကျစရိတ် ပိုများနေကြောင်း တက္ကစီယာဉ်မောင်းများက ပြောသည်။

ဆီဆိုင်အချို့တွင် ဆီလာထုတ်စဉ်တွင် စမတ်ကတ်မပါသော သူများကိုသာ ဆီခွဲတမ်းလျှော့ချသော်လည်း ဆိုင်အချို့က ကားအားလုံးကို ယခင်က တစ်ရက်လျှင် ၂ ဂါလန်ပေးနေရာမှ ၁ ဂါလန်သာပေးတော့ကြောင်း သိရသည်။

ဆီခွဲတမ်းလျှော့ချသော်လည်း ပုဂ္ဂလိကဆီဆိုင်များတွင် ရောင်းချသောဆီဈေးနှုန်းမှာ ပြောင်းလဲခြင်းမရှိဘဲ တစ်ဂါလန်၃,၅၅၀ ကျပ်သာဖြစ်သည်။






## ၁၀ နှစ်အတွင်း ကလေးစစ်သား ၅၀၀ကျော်ကို တပ်မတော်က ပြန်လွှတ်ပေးခဲ့ဟုဆို

မေဝင်းမွန်

ရန်ကုန်၊ ဇွန် -၂၉

**အရွယ်မရောက်သေးသည့် အသက်၁၈နှစ်အောက် ကလေးသူငယ်များကိုတပ်သားအဖြစ် စုဆောင်းခဲ့သည့် တပ်မတော်အရာရှိနှင့်အခြား အဆင့်ရှိသူ ၁၀၃ ဦးကို ၁၀နှစ်(၂၀၀၂ ခုနှစ်မှ ယခုချိန်အထိ)အတွင်း အရေးယူဆောင်ရွက်ခဲ့ပြီး ကလေးစစ်သား၅၀၀ကျော် ပြန်လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။**

**တပ်သားစုဆောင်းခြင်းဆိုင်ရာ ဥပဒေများ ထုတ်ပြန်ထားသော်လည်း စည်းမျဉ်းဥပဒေများကို မလိုက်နာဘဲ စုဆောင်းခဲ့သူများကို ယခုလိုအရေးယူခဲ့ခြင်းဖြစ်ကြောင်းဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက ပြောကြားလိုက်ခြင်းဖြစ်သည်။**

၂၀၀၂ခုနှစ်ကနေ ၂၀၁၂အတွင်းတပ်မတော်အတွင်း ရောက်ရှိနေသည့် အသက်မပြည့်သေးသူ ကလေးစစ်သား ၅၈၂ ဦးကိုပြန်လည်စေလွှတ်ပေးခဲ့သည်ဟုလည်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အရွယ်မရောက်သေးသော ကလေးစစ်သားများကို မြန်မာ့တပ်မတော်၊ ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာစစ်တပ်၊ ကချင်လွတ်မြောက်ရေးတပ်(ကေအိုင်အေ)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်-ငြိမ်းချမ်းရေးကောင်စီ၊ ကရင်နီတပ်၊ ရှမ်းပြည်နယ်တပ် (အက်စ်အက်စ်အေ) တောင်ပိုင်းနှင့် ဝအမျိုးသားတပ်မတော်တို့က စုဆောင်းအသုံးပြုလျက်ရှိကြောင်း ကုလသမဂ္ဂ၏ စာရင်းပြုစုချက်များအရ သိရသည်။

"အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကို လက်မှတ် ရေးထိုးနိုင်ဖို့ကို ၂၀၁၀ ဇွန်လကနေ စတင်ဆောင်ရွက်ခဲ့ပါတယ်။ Technical Working Group လုပ်ပြီးတော့အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ ယူနီဆက်ကလည်း နည်းပညာပိုင်းဆိုင်ရာတွေကို အကူအညီပေးခဲ့ပါတယ်။ ဒါကြောင့်လည်း Plan of Action ကိုလက်မှတ်ရေးထိုးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ဒုတိယဗိုလ်ချုပ်ကြီးလှမင်းကပြောကြားသည်။

ကလေးသူငယ်များ မြန်မာ့တပ်မတော်တွင် စစ်မှုထမ်းခြင်းမှ ကာကွယ်ရန်နှင့်အသက်မပြည့်သေးသောတပ်သားသစ်များလွတ်မြောက်ခွင့်ပြုရန် လုပ်ငန်းအစီအစဉ်ကို ယူနီဆက်ဖ်အပါအဝင် UNDP၊ UNHCR၊ UNOCHA ၊ ILO၊ WFP၊ UNFPA၊ World Vision နှင့် Save the Children တို့ပါဝင်သည့် Country Task Force on Monitoring and Reporting အဖွဲ့က စောင့်ကြည့်လေ့လာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

## အများပိုင် စားသုံးဆီကုမ္ပဏီ တည်ထောင်မည်

သိမ့်သိမ့်စိုး၊ သန်းဒွေး

ရန်ကုန်၊ ဇွန်-၃၀



မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းအနေဖြင့် အများပိုင်စားသုံးဆီကုမ္ပဏီတည်ထောင်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ ဥက္ကဋ္ဌဦးသိန်းဟန်က ပြောသည်။

"ကုမ္ပဏီတည်ထောင်ခွင့်ကို လာမယ့် အပတ်ထဲမှာပဲ သက်ဆိုင်ရာကို တင်ပြီး အမြန်ဆောင်ရွက်သွားမှာပါ" ဟု ဦးသိန်းဟန်ကပြောသည်။

၂၀၁၅ ခုနှစ်တွင် AEC နှင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဇုန် AFTA တို့ဝင်ရောက်လာပါက ပြည်တွင်းလုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာရန်ရည်ရွယ်ပြီး အရင်းအနှီးများကိုစုစည်း၍ စနစ်တကျပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ယင်းက ဆက်လက်ပြောကြားခဲ့သည်။

ယင်းအများပိုင် ကုမ္ပဏီသည် ဆီထွက်သီးနှံကုန်ကြမ်းများမှ စားသုံးဆီကုန်ချောထုတ်လုပ်မှုများ၊ နိုင်ငံတကာ အဆင့်မီဆီစက်များ၊ Refinery Plant နှင့် Solvent Plan အများထုပ်ပိုးဖြန့်ချိရေးလုပ်ငန်းများ၊ ဆီသိုလှောင်ကန်များနှင့် ဆိပ်ခံတံတားများ တည်ထောင်လုပ်ကိုင်ခြင်း၊ စားသုံးဆီ ကုန်ချောထုတ်လုပ်ပြီး ဆက်စပ်ပစ္စည်းများဖြစ်သော အလှဆီ၊ ဆပ်ပြာဆီနှင့် မွေးမြူရေးအစားအစာ လုပ်ငန်းများ စသည်တို့ကို ကုမ္ပဏီမှ ၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံ၍ဖြစ်စေ၊ ပြည်တွင်းပြည်ပကုမ္ပဏီများ အဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီကို ခွင့်ပြုမတည်ရင်းနှီးငွေ ကျပ်ဘီလျံ ၁,၀၀၀ ဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀,၀၀၀ နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်သည်။

မည်သူမဆို ရှယ်ယာဝင်နိုင်ရန်နှင့်တစ်ဦးတစ်ယောက် အဖွဲ့အစည်းများမှ လက်ဝါးကြီးအုပ်လုပ်ဆောင်မှုမျိုး မဖြစ်စေရန် အစုရှယ်ယာဝင်တစ်ဦးလျှင် အနည်းဆုံး အစုရှယ်ယာ တစ်စုမှ အများဆုံးအစုရှယ်ယာ တစ်သိန်းစုအထိသာပါဝင်ရန် သတ်မှတ်ထားကြောင်း သိရသည်။

လတ်တလောတွင်ပြည်တွင်းဆီဈေးကွက်အတွင်း အဓိက ဆီထွက်သီးနှံဖြစ်သော မြေပဲများကို တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားများပြီး ပြည်တွင်းသုံးစွဲမှုအတွက် ပစ္စည်းပြတ်လပ်မှုများ ဖြစ်နေသောကြောင့် ပြည်တွင်းဆီ စက်လုပ်ငန်း ၉၀ ရာခိုင်နှုန်းနီးပါး လုပ်ငန်းရပ်ဆိုင်းလိုက်ရခြင်းများ ရှိနေကြောင်း ဆီစက်လုပ်ငန်းရှင်များကပြောသည်။

ထိုသို့ ဆီစက်လုပ်ငန်းများ လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းလိုက်ရသောကြောင့် ဆီစက်များတွင် လုပ်ကိုင်နေသော အလုပ်သမားများ ၃,၀၀၀ နီးပါး အလုပ်ဖြုတ်ခံသည်အထိ ဖြစ်ကြောင်း ဆီလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



## ပါတီများ ရန်ပုံငွေသုံးစွဲမှုများနှင့် ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင် ညွှန်ကြားချက်ထုတ်

**အိဖြူလွင်**

**ရန်ကုန်၊ ဇွန် - ၃၀**

ပါတီပိုင် ရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့ကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် လိုအပ်၍ စစ်ဆေးသည့်အခါ စစ်ဆေးခံနိုင်ရေးအတွက်အတည်ပြုဆောင်ရွက်ထားရမည်ဟုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများကို ညွှန်ကြားချက် ထုတ်ပြန်လိုက်သည်။

ထိုကဲ့သို့ဥပဒေတွင်ပါရှိပြီးသည့်အချက်ကို ရွေးကောက်ပွဲကော်မရှင်မှ ထပ်မံညွှန်ကြားချက် ထုတ်ပြန်ခြင်းသည် စစ်ဆေးလိုသည့်အခါတွင် ပါတီများကို ဝင်ရောက်စစ်ဆေးမည့်အတွက် ပါတီအားလုံးကို ကြိုတင်သတိပေးခြင်းပင်ဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဥက္ကဋ္ဌဦးခင်မောင်ဆွေကပြောကြားသည်။

နိုင်ငံရေးပါတီများ လိုက်နာရမည့်ဥပဒေများတွင် နိုင်ငံခြားအထောက်အပံ့ယူသည့်ကိစ္စနှင့်အခြားစည်းကမ်းချက်များလည်း ပါရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌ ငွေကြေးနှင့်ပတ်သက်ပြီး မမှန်မကန်လုပ်မှုများ၊ နိုင်ငံခြားငွေရရှိမှုနှင့်ပတ်သက်သည့် အထောက်အထားများ ရှိနေနိုင်ခြင်းကြောင့် ယခုကဲ့သို့ ညွှန်ကြားချက် ထပ်မံထုတ်ပြန် ခြင်းဖြစ်နိုင်သည်ဟု ဒီမိုကရေစီပါတီသစ်မှဥက္ကဋ္ဌဦးသိန်းညွန့်က ခန့်မှန်းမှတ်ချက်ပြု ပြောကြားသည်။

နိုင်ငံရေးပါတီများသည်ပါတီရန်ပုံငွေနှင့်ပတ်သက်သည့် လစဉ်စာရင်းများကို ပြုစုထားလေ့ရှိပြီး နှစ်ချုပ်များသာ ကျန်လေ့ရှိသည်ဟု နိုင်ငံရေးပါတီများက ပြောသည်။

နိုင်ငံရေးပါတီများသည် လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း ပါတီစည်းရုံးရေး နှင့် ပါတီကို ကိုယ်စားပြုယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် သတ်မှတ်ထားသော အသုံးစရိတ်များကို ကျခံသုံးစွဲခွင့်ရှိသော်လည်း စာရင်းများအားလုံးကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မများအရ စနစ်တကျ စာရင်းပြုစု၍ စာရင်းစာအုပ်များ၊ မှတ်တမ်းစာအုပ်များ၊ အထောက်အထားများ ထားရှိဆောင်

## စာ- ၂၁၊ မူဝါဒအပြောင်းအလဲများနှင့် တက္ကသိုလ်ပညာရေး မှ

တက်ရောက်သူအတွက် လစဉ်ကျပ်ငါးသောင်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး တက္ကသိုလ်ပညာသင်နှစ်စတင်ချိန်တွင် ကြိုတင်ပြင်ဆင်စရိတ် တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးက ပြောကြားထားသည်။

ယခင် ပညာသင်နှစ်၌ အဆင့်မြင့်ပညာအဆင့်တွင် အခြေခံသိပ္ပံပညာချွန်ဆု၊ စီးပွားရေးပညာချွန်ဆုနှင့် တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေးဆုဟူ၍ ပညာသင်ဆုသုံးမျိုး ခွဲခြားထားရာမှ ယခုပညာသင်နှစ်မှစတင်၍ ပညာသင်ဆုအတွက် ငွေကြေးပံ့ပိုးမှုများ တိုးမြှင့်ချီးမြှင့်ရန် သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာတက္ကသိုလ်များ၏ ကျောင်းဝင်ခွင့်လက်ခံမှု အပြောင်းအလဲသည် တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသော ကျောင်းသားများ၏ ဘဝရည်မှန်းချက်အပေါ် သက်ရောက်မှုရှိနေသည်။

ရန်ကုန်၊ မန္တလေးနှင့် မကွေးမြို့တို့ရှိ ဆေးတက္ကသိုလ်လေးခု၌ ပညာသင်ယူမည့် ကျောင်းသားလက်ခံမှုကိုထက်ဝက်ထိ လျှော့ချသွားရန် သတ်မှတ်လိုက်ခြင်းသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ထားပြီး ဆေးပညာသင်ယူရန် ရည်မှန်းထားသော ကျောင်းသားများအတွက် အကြီးမားဆုံး စိန်ခေါ်မှု ဖြစ်လာသည်။

ဆေးတက္ကသိုလ်များတွင် ပညာသင်ယူရန် ကျောင်းသားဦးရေ ၂,၄၀၀ လက်ခံခဲ့ရာမှ ယခုနှစ်တွင် ကျောင်းသားများ၏ အရည်အသွေးကို စိစစ်ရန် ကျောင်းသားဦးရေ ၁,၂၀၀ ကိုသာ လက်ခံတော့မည်ဖြစ်ကြောင်း ဆေးသိပ္ပံပညာဦးစီးဌာနက ပြောကြားလိုက်သည်။

ယခင်နှစ်တွင်လည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာတက္ကသိုလ်များ၏ ကျောင်းသားလက်ခံမှု အပြောင်းအလဲ ရှိခဲ့သည်။ ရန်ကုန်နှင့် မန္တလေးမြို့များရှိ နိုင်ငံခြားဘာသာတက္ကသိုလ်များနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း)တို့သည် ကျောင်းသားများ တိုးမြှင့်ခေါ်ယူခဲ့သည်။ သစ်တောတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့်နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ စက်မှုလက်မှုသိပ္ပံများသည် ကျောင်းသားများခေါ်ယူမှု လျော့ကျခဲ့သည်။

ယခုနှစ်တွင်ဆေးတက္ကသိုလ်ကျောင်းသားလက်ခံမှု သိသိသာသာ လျော့ကျသွားမှုနှင့်ပတ်သက်၍ "ဆေးကျောင်းဝင်ခွင့် ကျပ်သွားမယ်။ ဆေးပညာသင်ချင်ပြီး ကျောင်းဝင်ခွင့် မရလို့ ငွေကြေးတတ်နိုင်တဲ့ ကျောင်းသားတွေ ပြည်ပနိုင်ငံတွေကို ရွေးချယ်လာနိုင်ပါတယ်။ အခုလည်း နိုင်ငံခြားမှာ ဆေးပညာသင်ယူချင်လို့ စုံစမ်းမေးမြန်းတဲ့ ကျောင်းသားတွေများလာပါတယ်" ဟု နိုင်ငံတကာ ပညာရေးအတိုင်ပင်ခံတစ်ဦးက ဆိုသည်။

ဆေးတက္ကသိုလ်ဝင်ခွင့် ကန့်သတ်လိုက်ခြင်းကြောင့် ဆေးကျောင်းဝင်ခွင့်မရသော ကျောင်းသားများသည် အခြားအသက်မွေးကျောင်းတက္ကသိုလ်များကို ရွေးချယ်လာဖွယ်ရှိနေပြီး ယင်းတက္ကသိုလ်များတွင်လည်း ကျောင်းဝင်ခွင့်အတွက် အမှတ်လိုအပ်ချက်များ မြင့်မားလာမည်ဖြစ်သည်။

ယင်းအခြေအနေသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်ကိုဦးစားပေးရွေးချယ်သည့် ကျောင်းသားများအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲရမှတ်မြင့်မားနေစေရန် တွန်းအားတစ်ခု ဖြစ်ပေါ်လာလျက်ရှိသည်။

အဆင့်မြင့် ပညာသင်ယူကြမည့် ကျောင်းသားများအတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရာတွင် အမှတ်ကန့်သတ်ချက်ဖြင့်ဆုံးဖြတ်နေခြင်းကို ပြန်လည်စဉ်းစားသုံးသပ်ရန်နှင့် ကျောင်းသားများအား မိမိဝါသနာနှင့်စိတ်ဝင်စားမှုကို အခြေခံ၍ ရွေးချယ်ဆုံးဖြတ်စေရန် ပညာရှင်များက အကြံပြုလျက်ရှိသည်။

"အန်ကယ်တို့ ခေတ်တုန်းက တက္ကသိုလ်ဝင်တန်းအောင်ချက်က အင်မတန်နည်းတယ်။ ရန်ကုန်တက္ကသိုလ်က ကျောင်းသားငါးရာလက်ခံတယ်။ မန္တလေးတက္ကသိုလ်က ကျောင်းသားငါးရာလက်ခံတယ်ဆိုရင် တစ်ထောင်ပဲ အအောင်ပေးတယ်ပေါ့။ သူ့ဘာသာ ကျောင်းသားတစ်သိန်းဖြေဖြေ၊ နှစ်သိန်းဖြေဖြေပေါ့။ တက္ကသိုလ်ကို ရောက်ပြီဆိုရင်လည်းဆရာဝန်တို့၊ အင်ဂျင်နီယာတို့ ဘာမှမရှိဘူး။ ကြိုက်တဲ့လိုင်းကို တက်လို့ရတယ်။ ပထမတစ်လမှာ ဘာသာစုံက ဆရာတွေက ကြေညာပြီးသင်တယ်။ သူတို့သင်တဲ့ ဘာသာတွေ ဘယ်လောက်အကျိုးရှိတယ်။ အသုံးဝင်တယ်ပေါ့။ ကျောင်းသားတွေက လိုက်တက်ပြီး မြည်းကြည့်ရတယ်။ ကိုယ်စိတ်ဝင်စားတဲ့ ဘာသာတွေကို မှတ်ထားပြီး တစ်လပြည့်တဲ့အခါ ဘယ်ဘာသာဝါသနာပါတယ်။ မပါဘူး ရွေးလို့ရသွားပြီ။ အဲဒါဆိုတွဲနိုင်တဲ့ ဘာသာတွေ ကြည့်ပြီးတော့ ဘာသာတွဲတင်ပြီး ဆက်တက်ရတယ်။ အရင်တုန်းက အဲ့ဒီလို လွတ်လပ်ခွင့်တွေ ရှိခဲ့ပါတယ်" ဟု စီးပွားရေးလုပ်ငန်းအကြံပေး ပညာရှင်တစ်ဦးက ဆိုသည်။



## ILBC ……………..is recruiting!

**An Assistant Business Manager**

**For the ILBC Junction Square Operations.**

Position Description:

This position will require the Assistant Business manager to.....

- be familiar with cost management ,bookkeeping and office administration procedures
- be able to effectively & efficiently complete the directions of the Business manager
- be able to communicate in English fluently & maintain good interpersonal relations with both the ILBC expat & local instructors.
- be able to effectively & efficiently manage a reception area and two receptionists
- be familiar with basic marketing related to student recruitment and academic attainment

Qualifications

- Hold at least a bachelor's Degree or Diploma from a prestigious institution(Local or foreign). A business major is a plus but not necessarily required. Other acceptable majors: English on Secondary education.
- non-smoker & non-drinker
- skillful & knowledgeable in computing
- be of outstanding & good character ( two local references required )

Additionally: Candidate should live in Yangon, be emotionally mature, trustworthy, patient, persuasive and energetic. Being in the ILBC family requires employees to be dedicated and loyal!

Interested candidate please phone, in English to : 09-43114111, UNIVERSITY FOUDATION PROGRAMME OFFICE.

Submit your brief resume to the above office at Junction Square, Kamayut.

**Vacancy Announcement**

**(Local Service Only)**

We are one of the leading companies in Information & Communications Technology sector in Myanmar. Now we are searching new staff for REDLINK and its subsidiaries who are looking to join a dynamic company with excellent growth respect. We offer right candidate with good remuneration package and have a chance for future career development. We are looking for qualified and talent applicants to fill the following positions which work located at Yangon. Also we are welcome applicants from outskirts area. Applicant who is qualified to selection will be reward by **Attractive Salary.**

**ASSISTANT GENERAL MANAGER (HUMAN RESOURCES DEPT. ) M/F (1) Post**

-Must be any graduate, M.B.A or M.P.A or diploma in HR Management is preferred,
-At least 5 years experience in HRM and HRD, Fluent in English (4) skills.
- Age should be 30-45 years.
-Good leadership and Communication skill.
-Experienced in all HR function like Recruitment & Selection, HR Policies, Performance Appraisal, Compensation & Benefits, Job Evaluation system & Remuneration Package System, Training & Development, Succession Plan etc.

**SALES MANAGER (SALARY Ks. 6 LAKH PLUS INCENTIVE) M( 1 ) Post**

-Must be any graduate with strong ICT knowledge.
- At least 3-5 years experience. Prefer in sales & marketing in ICT industry sector.
-Age should be 30-35 years.
-Experience in sales strategy & sales plan well. Have management skill, Good PR skill, well operate in MS Office, Internet, E-mail etc. Can apply citizen, or Foreigner.
-Attractive salary & reward bonus.

**Applicants can apply with current CV and other testimonies within 2 weeks to following address**


**Contact Address, -No 20 , Building (B),Mya Yeik Nyo Hotel, Pa-le Road, Bahan Township,Yangon,**

**Contact Phone- (95-1)551162~64,401081~82**




# ပြဇာတ်တစ်ပုဒ်ကိုများ သရုပ်ဆောင်ခဲ့ကြလေရော့သလား

**မောင်သာချို**



**(တစ်)**

ပြဿနာကောင်က ပထမ၊ နိုင်ငံတော်သမ္မတက သူ့လက်အောက်မှာ ဒုတိယတဲ့။ ဟုတ်မှဟုတ်ရဲ့လားဟု မေးယူရလောက်အောင် ထူးခြားဆန်းပြားသော သမိုင်းဇာတ်ခုံပေါ်က အဖြစ်အပျက်တစ်ခုပင် ဖြစ်ပါ၏။

ပြဇာတ်တစ်ပုဒ်ထဲမှာများ ဝင်ရောက်သရုပ်ဆောင်နေကြလေရော့သလားဟု မေးရမည့်အနေအထားမျိုး။

ဟုတ်ပါသည်။

ပြဿနာကောင်က ပထမ၊ နိုင်ငံတော်သမ္မတက ဒုတိယ။

**(နှစ်)**

ရိုလီဟာဟာ (Rolihlahla) ဆိုသည့် အာဖရိကစကားလုံးကို အင်္ဂလိပ်ဘာသာဖြင့် Trouble Maker ဟု ဘာသာပြန်ဆိုနိုင်ပေရာ မြန်မာလိုကျတော့ ပြဿနာကောင်။

ဟုတ်ပါသည်။ ထိုရိုလီဟာဟာ(Rolihlahla)ဆိုသော စကားလုံးသည် နယ်လ်ဆင်မင်ဒဲလား၏ နာမည်တစ်ခုပင် ဖြစ်ပါသည်။ အလွယ်ဆုံးခေါ်တော့ မင်ဒဲလား (Mandela)၊ သူ့ထက်နည်းနည်းပိုပြီး ပြည့်စုံအောင်ခေါ်တော့ နယ်လ်ဆင်မင်ဒဲလား(Nelson Mandela)ပို၍ပို၍ ပြည့်စုံအောင်ခေါ်တော့ နယ်လ်ဆင်ရိုလီဟာဟာ မင်ဒဲလား(Nelson Rolihlahla Mandela)။ သို့ဖြစ်ရာ အပြည့်အစုံခေါ်သော နာမည်ထဲက ရိုလီဟာဟာ(Rolihlahla) ကို ရည်ညွှန်းကာပြဿနာကောင်ဟု တင်စားလိုက်ရခြင်းပင် ဖြစ်ပါသည်။

ထိုပြဿနာကောင် နယ်လ်ဆင်မင်ဒဲလားကို သမ္မတအဖြစ်လက်ခံက မိမိကိုယ်တိုင်က သမ္မတအဖြစ်ကနေဆင်းပြီး ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ဖို့ လက်ခံခဲ့သူက ဒီကလပ်။ နာမည်အပြည့်အစုံက ဖရက်ဒရစ်ဝီလျံဒီကလပ် (Frederik Willem de Klerk)။ တောင်အာဖရိကဆိုတဲ့ မြေပေါ်မှာ။

**(သုံး)**

နိုင်ငံတကာ ရေးရာကို စိတ်ဝင်စားသူမှန်သမျှ သိနှင့်ပြီးသားဖြစ်နေနိုင်သော အကြောင်းအချက်တချို့ကိုပဲ ထပ်၍ တစ်ဖန် တင်ပြပါရစေ။

နယ်လ်ဆင် မင်ဒဲလားက တောင်အာဖရိကနိုင်ငံ Transkei ပြည်နယ် Umtata ဒေသ Eastern Cape အနီး ရွာကလေးတစ်ရွာ၌ မွေးဖွားခဲ့သူ။ ဖခင်က Gadla Henry Mpha Kanyiswa။ မိခင်က Nose Keni Fanny။ ၁၈ ဇူလိုင် ၁၉၁၈ မွေး။

သူ တစ်နှစ်သား အရွယ် ၁၉၁၉ ၌ လူဖြူတရားသူကြီးတစ်ဦး၏ အမိန့်ဖြင့် မြေများ၊ ငွေများ အသိမ်းခံရတာကို သူအမှတ်ရနေသည်။

သူ ကိုးနှစ်သား အရွယ် ၁၉၂၇ ကျတော့ အဖေဆုံးသည်။ ၁၉၃၇ မှာ ဝိဇ္ဇာဘွဲ့အတွက် Fort Hare တက္ကသိုလ်တက်နေတုန်း လူမည်းအခွင့်အရေးအတွက် လှုပ်ရှားသဖြင့် ကျောင်းကထွက်ရ။ တောင်အာဖရိကတက္ကသိုလ်ကနေ စာပေးစာယူနှင့်ဘွဲ့ရ။ ၁၉၄၃ မှာ အာဖရိက အမျိုးသားကွန်ဂရက် (ANC)နှင့် ဆက်သွယ်။ ၁၉၄၄ မှာ ANC လူငယ်အဖွဲ့တည်ထောင်။ ၁၉၆၂ မှာ ပထမဦးဆုံး အကြိမ် အဖမ်းခံရ။ ၁၉၆၄ မှာ Cape Town ကမ်းခြေအလွန် ၇ ကီလိုမီတာအကွာက Robbn Island Prison သို့ တစ်သက်တစ်ကျွန်းပြစ်ဒဏ်ဖြင့် ရောက်လာကာ ထိုကျွန်းအကျဉ်းထောင်ထဲမှာ ၁၈ နှစ်နေလိုက်ရသည်။ ထို့နောက် Cape Town အကျဉ်းထောင်သို့ ၁၉၈၄ ဧပြီ၌ ရွှေ့ခဲ့ရပြန်သည်။ အကျဉ်းထောင်နာမည်က Pollsmoor ။ ၁၉၈၈ တွင် Victor Verster အကျဉ်းထောင်သို့ ရွှေ့ခဲ့ရပြန်ပြီး ၁၉၉၀ ဖေဖော်ဝါရီတွင်မှ ထောင်ကလွတ်မြောက်ခဲ့ခြင်းဖြစ်ပါသည်။ အကျဉ်းစံနှစ်စုစုပေါင်း ၂၇ နှစ်။ သူ့ကိုလွှတ်ပေးလိုက်သူက တောင်အာဖရိကသမ္မတ ဒီကလပ်။

ဒီကလပ်၏ ဘဝပုံရိပ်ကလေးကိုလည်း အကျဉ်းမျှဖော်ပြပါရစေ။ အမည်အပြည့်အစုံကဖရက်ဒရစ်ဝီလျံဒီကလပ်(Frederik Willem de Klerk)။ Johanesburg မြို့သား။ ၁၈ မတ် ၁၉၃၆ မွေး။ Monument High School ကနေ ဆယ်တန်းအောင်ကာ Potchef Stroom တက္ကသိုလ်ကနေ ဝိဇ္ဇာဘွဲ့၊ ဥပဒေဘွဲ့များရသည်။ ၁၉၇၈ မှာ အစိုးရအဖွဲ့ဝင်ဝန်ကြီး။ ၁၉၈၂ မှာ National Party ခေါင်းဆောင်။ ၁၉၈၉ မှာတော့ တောင်အာဖရိကနိုင်ငံ၏ သမ္မတ။

လူဖြူနှင့် လူမည်းကို ပြတ်ပြတ်သားသား ခွဲခြားကာ လူမည်းမှန်သမျှ လူ့အခွင့်အရေး ဆုံးရှုံးနေရသည့် တောင်အာဖရိကမြေပေါ်၌ သမ္မတဒီကလပ်က ၁၉၉၀ ဖေဖော်ဝါရီထဲမှာ နယ်လ်ဆင်မင်ဒဲလားကို လွှတ်ပေးလိုက်ပါသည်။ အာဖရိကအမျိုးသားကွန်ဂရက် (ANC) ကို တားဆီးပိတ်ဆို့ထားတာ မှန်သမျှ ပယ်ဖျက်ပစ်လိုက်သည်။ ယင်းမှာ ၁၅ ဩဂုတ် ၁၉၈၉ ၌ သမ္မတဖြစ်လာသူ ဒီကလပ်က သမ္မတဖြစ်ပြီးပြီးချင်း လေးငါးခြောက်လ အကြာ၌ ခပ်သွက်သွက်လုပ်ပစ်လိုက်ခြင်းဖြစ်ကြောင်း သတိပြုကြည့်နိုင်ပါ၏။

သို့ဖြင့် ၁၀ မေ ၁၉၉၄ ၌ ဒီကလပ်သမ္မတသက်တမ်းဆုံးသည်။ ၁၉၉၄ မှာပင် ရွေးကောက်ပွဲလုပ်ပေးလိုက်သည်။ မျှော်လင့်ထားသည့်အတိုင်း နယ်လ်ဆင်မင်ဒဲလား အနိုင်ရသည်။

အံ့ဩစရာဟုဆိုနိုင်ပါသည်။ သို့သော်ပို၍အံ့ဩစရာက . . . ။

**(လေး)**

၁၉၉၄ ရွေးကောက်ပွဲအပြီး တောင်အာဖရိကအစိုးရဖွဲ့တော့ နယ်လ်ဆင်မင်ဒဲလားက သမ္မတ၊ အရင်သမ္မတဟောင်း ဒီကလပ်က ဒုသမ္မတတဲ့။

ပို၍ အံ့ဩစရာဆိုတာက ယင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ယခင် လူဖြူသမ္မတ အဆက်ဆက်တို့က ဖိနှိပ်ချုပ်နှိမ်ထားသော လူမည်းတို့ကို လူ့အခွင့်အရေးပြန်ပေး၊ လူမည်းခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားကို ထောင်က လွှတ်၊ ရွေးကောက်ပွဲလုပ်ပေးစသည်စသည်များကြောင့် လူစိတ်ရှိသော ဒီကလပ်ကို မင်ဒဲလားနှင့်တွဲ၍ပင် ၁၉၉၃ ငြိမ်းချမ်းရေးနိုဗယ်ဆုပေးခဲ့ခြင်းကို သာမန်အံ့ဩမှုတစ်ခုလို လူတိုင်းအံ့ဩနိုင်ကြပါသည်။

သို့သော် အစိုးရအဖွဲ့ပြန်ဖွဲ့စဉ် မိမိထောင်က လွှတ်ပေးလိုက်သူက သမ္မတ၊ မိမိက သူ့လက်အောက် ဒုသမ္မတအဖြစ် တာဝန်ထမ်းဆောင်ရမည်ဆိုသော အခါ မငြင်းဆန်ဘဲ ကျေကျေနပ်နပ်နှင့် လက်ခံသောဒီကလပ်ကမူသာမန်အံ့ဩရုံမျှနှင့် မလုံလောက်တော့ပါ။

မင်းသားကြီး မလုပ်ရ၍ ပတ်မကို ထိုးဖောက်သူတို့များသော လောကဇာတ်ခုံပေါ်၌ ဒုတိယမင်းသားကလေး နေရာကပဲဖြစ်စေ ပွဲလှအောင်ဝင်ရောက်ကပြအသုံးတော်ခံလိုသော စိတ်က နိုဗယ်ဆုမက မြင့်မြတ်လှပါသည်။

**(ငါး)**

ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု၊ ဇာတ်တော်အမှတ်စဉ် ၄၂၁၊ အဒ္ဒနိပါတ်တော်လာ ဂင်္ဂမာလဇာတ်ကို ကုန်းဘောင်ခေတ်၏ ပြဇာတ်ဆရာကြီး ဦးပုညလက်စွမ်းပြ ပြန်လည်ရေးသားထားသည့်ရေသည်ပြဇာတ်ကို လူသိများပါသည်။ ကျောင်းသင်ခန်းစာထဲမှာလည်း ပါဇာတ်စင်ပေါ်ကိုလည်းရောက်။

ပြဇာတ်ထဲတွင် ညီတော်အာနန္ဒာအလောင်းအလျာ ရေသည်ယောက်ျားက ရေသည်မနှင့်လက်ထပ်ဖို့ ငွေလေးရွေးကို သွားအယူ ဘုရားလောင်းဥဒယမင်းကြီးက တွေ့မြင်သွားကာ သနားကရုဏာသက်ပြီး ငွေရှစ်ရွေးမှ တစ်ဆင့် အဆင့်ဆင့်တိုး၍ ပေးသွားခဲ့ရာ နောက်ဆုံးအိမ်ရှေ့မင်းရာထူးအထိ တိုးပေးပါလျက် မိမိကို သတ်ပြီး တိုင်းပြည်ကိုသိမ်းဖို့ ရေသည်အိမ်ရှေ့မင်းကြံစည်ကြောင်း သိရှိသွားလေသောအခါ မိန့်ပုံမှာ ဤသို့ဖြစ်ပါ၏။

"လုံးလုံးပိုင်လို၊ အမောင်ဆိုလျှင်
ပဟိုရ်ထီးစည်၊ တိုင်းပါပြည်ကို
မရှည်ရက်ချိန်း၊ ယနေ့သိမ်း၍
အုပ်ထိန်းအမောင်စံလေတော့။
စိတ်လျှော့မာန်ပျောက်၊
မောင်မင်းအောက်က
လက်ထောက်ယ်သား၊
ငါ့ကိုပင် ထားပါတော့"

ဟူ၍ ဖြစ်ပါ၏။ ခေါင်းလိုချင်က ခေါင်းဖြတ်ယူပါ။ ရင်ကို ခွဲပြီး အသည်းနှလုံးယူလိုက ယူပါဟု ပြောပြီးနောက် ဆက်ပြောသည့်စကားများဖြစ်ပါ၏။ မောင်မင်းက တိုင်းပြည်ကို အုပ်ချုပ်ပြီး မိမိကို လက်ထောက်အဖြစ် ထားမည်ဆိုလျှင်လည်း နေပါ့မည်တဲ့။ ကိုယ် မင်းသားကြီး မလုပ်ရလည်းနေ။

တောင်အာဖရိက ဇာတ်ဝင်ခန်းက သည်ရေသည်ပြဇာတ် ဇာတ်ကွက်နှင့် ဆင်ဆင်တူမနေဘူးလား။

ကိုယ်က လွတ်မြောက်ခွင့်ပေးလိုက်သူ နယ်လ်ဆင်မင်ဒဲလားက သမ္မတတဲ့။ သမ္မတတာဝန်ယူခဲ့ဖူးသူ မိမိဒီကလပ်က ဒုသမ္မတတဲ့။ စိတ်သဘောထားကြီးမြတ်ပုံက ပြဇာတ်ဆန်လွန်းလှပါရဲ့။ Moral Courage စိတ်သတ္တိဆိုတာ ဒါမျိုးပဲ မဟုတ်ဘူးလား

အော်. . တောင်အာဖရိကဇာတ်ဝင်ခန်းက လွမ်းစရာကြီး။

## ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးအတွက် ပြည်နယ်အစိုးရထံ လာရောက်လှူဒါန်းငွေကျပ် သိန်း ၆,၀၀၀ ကျော်

**ယုဇနကိုကို**

**ရန်ကုန်၊ဇွန်-၂၅**

ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခဖြစ်ပွားရာနေရာများ ပြန်လည်ထူထောင်ရေးအတွက်ပြည်နယ်အစိုးရအဖွဲ့ထံ လှူဒါန်းလာသည့် လှူဒါန်းငွေပမာဏမှာ ကျပ်ငွေသိန်းပေါင်း ခြောက်ထောင်ကျော်ရှိပြီဖြစ်ကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က 7 Day News သို့ပြောသည်။

အဆိုပါ လှူဒါန်းငွေ ကျပ်သိန်းပေါင်းခြောက်ထောင်ကျော်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ တိုက်ရိုက်လှူဒါန်းလာသည့်အလှူငွေများဖြစ်ပြီး ပြည်တွင်းနေထိုင်သူများက လှူဒါန်းကြခြင်းဖြစ်ကြောင်းသိရသည်။

ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ၎င်းတို့ထံ တိုက်ရိုက်လှူဒါန်းလာသည့် အလှူငွေသားများအနက်မှ ကျပ်သိန်းပေါင်းသုံးထောင်ခန့်ကို လတ်တလောတွင် နေရပ်များကို စွန့်ခွာနေထိုင်နေကြရသည့် ရခိုင်တိုင်းရင်းသားများနှင့် စားဝတ်နေရေးနှင့်နေထိုင်ရေးဒုက္ခရောက်နေသူများအတွက် သုံးစွဲထားပြီးဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောသည်။

ယင်းပြည်နယ်အစိုးရသည် ယခုအချိန်ထိ သုံးစွဲထားရသော လှူဒါန်းငွေကျပ်သိန်းသုံးထောင်ကို အစားအစာများနှင့် အဝတ်အထည်များနှင့် နေရာထိုင်ခင်းများအတွက် အဓိကလိုအပ်သော အသုံးအဆောင်ပစ္စည်းများအတွက် သုံးစွဲထားရခြင်းဖြစ်သည်ဟု သိရသည်။

အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလာ ငွေကျပ် သိန်းခြောက်ထောင်သည် ယခုလ ၂၄ ရက်အထိရရှိလာသော လှူဒါန်းငွေများဖြစ်ပြီး ၎င်းတို့အစိုးရအဖွဲ့ထံ မရောက်ရှိသေးသည့် လှူဒါန်းငွေများလည်း ကျန်ရှိသေးကြောင်း အထက်ပါဝန်ကြီးချုပ်က ဆက်လက်ပြောသည်။

ယခုအချိန်အထိ မပြီးဆုံးသေးသော ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခ အခြေအနေများကြောင့် အိုးအိမ်ပျက်စီးဆုံး ရှုံးခြင်းများနှင့် အသက်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လာသဖြင့် ပြည်တွင်းနေ မြန်မာနိုင်ငံသားများက ရခိုင်တိုင်းရင်းသား လူမျိုးများအတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ တိုက်ရိုက်လှူဒါန်းခြင်းများ ပြုလုပ်လာကြသည့်အပြင် လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပနေထိုင်သည့်မြန်မာနိုင်ငံသားများကလည်း စုပေါင်းလှူဒါန်းမှုများကို ယခုအချိန်ထိ ဆက်တိုက်ပြုလုပ်နေကြသည်။

ထို့အပြင် လူမှုရေးအဖွဲ့အစည်းမဟုတ်သောလူငယ်များသည်လည်း ရခိုင်ပြည်နယ် ထူထောင်ရေးအတွက် လူစည်ကားရာ ပွဲလမ်းများတွင် ပုံစံအမျိုးမျိုးဖြင့် အလှူငွေများကို ကောက်ခံပေးလျက်ရှိသည်။

# အိမ်နီးချင်းနိုင်ငံများမှ ဝင်နေသည့် အရည်အသွေးနိမ့်ကုန်များကြောင့် ကုန်ထုတ်လုပ်ငန်းများ အခက်တွေ့

**ထွန်းနိုင်**

**ရန်ကုန်၊ ဇွန်-၂၈**

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံဘက်မှဝင်ရောက်သည့်အရည်အသွေးနိမ့် ကုန်ပစ္စည်းများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဆက်လက်ရပ်တည်ရေးအတွက်အခက်အခဲများ ဖြစ်ပေါ်နေရကြောင်း စက်မှုဇုန်ကုန်ထုတ်လုပ်ငန်းရှင်များက ပြောသည်။

"စက်ရုံတော်တော်များများပိတ်နေပြီ" ဟု အရည်အသွေးနိမ့်ကုန်ပစ္စည်းများ ဝင်ရောက်မှု၏အကျိုးဆက်ကိုရှေ့ပြည်သာစက်မှုဇုန် အပိုင်း ၂၊ ၃၊ ၄ ဒုတိယ ဥက္ကဋ္ဌ ဦးခင်စိုးက ပြောသည်။

ပြည်တွင်းထုတ်လုပ်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ မရရှိခြင်း၊ အလုပ်သမားပြဿနာများ ဖြေရှင်းနေရခြင်း၊ ကုန်စည်ပို့ဆောင်သည့်ဈေးနှုန်းများ တက်လာခြင်းနှင့် အခြားပြဿနာများအကြား ရုန်းကန်နေချိန်တွင် နယ်စပ်မှ တင်သွင်းသူများက လက်ရှိဈေးကွက်ပေါက်ဈေးထက် သက်သာသည့်မည်သည့်ပစ္စည်းမဆို တင်သွင်းနိုင်သည့် အခွင့်အရေးရနေကြောင်း ကုန်ထုတ်လုပ်ငန်းရှင်များက ပြောသည်။

"ဥပမာဗျာ မြန်မာတစ်ပြည်လုံးပြန့်နေတဲ့ ယိုးဒယားနဲ့ တရုတ်ခေါက်ဆွဲခြောက် ထုပ်တွေ မော်တော်ကားအစီး ၁၀၀ စာလောက်ရှိတယ်။ အဲဒါ မှောင်ခိုလို့ပြောလို့ရမလား။ သူတို့ကွာလတီကို ဘယ်သူစစ်လို့လဲ။ ဒီကလူတွေ ဘယ်လိုယှဉ်ရောင်းမလဲ သူတို့နဲ့" ဟု ခေါက်ဆွဲခြောက်ထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရက်လွန်နှင့် စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများ၏ တိုက်ရိုက်အကျိုးဆက်အဖြစ် စားသုံးသူများ၏ ကျန်းမာရေးထိခိုက်နေပြီး ပြည်တွင်းကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့်လည်း ယင်းနယ်စပ်သွင်းကုန်များနှင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ရန် အရည်အသွေး လျှော့ချထုတ်လုပ်ရင်း ပြည်တွင်းထုတ်ကုန်များ၏ နာမည်လည်းကျဆင်းလာကြောင်း လုပ်ငန်းရှင်များက ပြောသည်။

"ကွာလတီ မမီတဲ့ ပစ္စည်းတွေ ပေးဝင်ခြင်းဟာ ပြည်တွင်းမှာ အမှန်တကယ်လုပ်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ စိတ်ဓာတ်ပျက်ပြားအောင်၊ သိမ်ငယ်သွားအောင်၊ သေးသိမ်သွားအောင် ဖန်တီးတာနဲ့ အတူတူပဲ" ဟု ရောဝတီမြေပဲဆီလုပ်ငန်းရှင်လည်းဖြစ်သူ ဦးခင်စိုးကပြောသည်။

ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများပေါ်တွင် သက်တမ်းကုန်ဆုံးရက်နှင့် ပါဝင်သည့်ပစ္စည်းများကို မြန်မာဘာသာဖြင့် ရှင်းလင်းစွာ ရေးသားရန် အချက်သတ်မှတ်ရန်လည်းလိုအပ်ကြောင်း ကုန်ထုတ်လုပ်ငန်းရှင်များက ဆိုသည်။ အဆီထုတ်ထားသော နို့မှုန့်နှင့် စားအုန်းဆီများ ရောစပ်ထုတ်ထားသည့် နို့ဆီနှင့် နို့စိမ်းဘူးအချို့တွင်လည်း မြန်မာဘာသာဖြင့် မည်သည့်ပစ္စည်းများဖြင့် ထုတ်လုပ်သည်ကို မရေးသားထားသောကြောင့် စားသုံးသူများ နစ်နာလျက်ရှိကြောင်းမြန်မာနိုင်ငံ နို့လုပ်ငန်းအသင်းအတွင်းရေးမှူးက ပြောသည်။

"အင်္ဂလိပ်လိုရေးထားတော့ ပြည်သူက မသိဘူး။ ဘူးမြင်လိုက်တာနဲ့ နို့ဆီဘူး၊ နို့စိမ်းဘူးပဲ ထင်တယ်" ဟု ၎င်းက ပြောသည်။

နယ်စပ်သွင်းကုန်များကြောင့် ပြည်တွင်းလုပ်ငန်းများ အထိနာခဲ့သည်မှာ ၂၀၁၀ပြည့်နှစ်ဝန်းကျင်မှ စတင်ပြီး သိသာလာခဲ့ကြောင်း၊ အစိုးရသစ်တက်လာအပြီး နယ်စပ်ကုန်သွယ်မှုလုပ်ငန်းစဉ် အချို့ ဖြေလျှော့ပေးပြီးနောက် ပိုင်း ၂၀၁၂ တွင် အဆိုးရွားဆုံးအခြေအနေထိ ဖြစ်လာခဲ့ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

"ကြာဆံစက်တွေ တစ်ပတ်မှာ နှစ်ရက်လောက်ပဲ လည်တာရှိတယ်။ ဂျုံစက်တွေ တစ်ပတ် မှာ နှစ်ရက်၊ သုံးရက်လောက်ပဲ လည်တာ ရှိတယ်။ ခေါက်ဆွဲစက်တွေလည်း ဒီအတိုင်းပဲ" ဟု ဦးခင်စိုးက ပြောသည်။ စက်မှုဇုန်များရှိ မီးချောင်းစက်ရုံ၊ ခေါက်ဆွဲခြောက်စက်ရုံ၊ ဝါယာကြိုးစက်ရုံ၊ ဆီစက်၊ အသင့်စားမုန့်စက်ရုံများလည်း ထုတ်လုပ်မှုများ လျှော့ချနေရကြောင်း သိရသည်။




## စာ(၃၃) - ဥရောပကားများ ပြည်တွင်းဈေးကွက်ဝေစုရရန် ကြိုးပမ်းရမည် မှ

ဥရောပထုတ်ကားများ နှိုင်းယှဉ်ကြည့်ပါက လတ်တလောတွင် လူကြိုက်နည်းနေသေးခြင်း၊ ဈေးနှုန်းအားဖြင့် ကွာခြားနေသေးခြင်း၊ ဈေးကွက်အတွင်း၌ ကားစုတ်၊ ကားညံ့များသာ ရှိနေသေးသောကြောင့် လတ်တလောဈေးကွက်၌ ယှဉ်ပြိုင်နိုင်ဖွယ် မရှိသေးကြောင်း ဝါရင့်ကားပွဲစားတစ်ဦးက ပြောသည်။

"UK က ကားတွေက ကိုယ်ထည်အောက်ပိုင်းဆွေးနေပြီး သံချေးတက်နေတာတွေ ရှိတယ်။ သူတို့နိုင်ငံရဲ့ ရာသီဥတုက အရမ်းအေးတော့ နှင်းခိုးနှင်းငွေ့တွေ ရိုက်ထားတဲ့ သဘောပေါ့။ ဒါကြောင့် ဝယ်ပြီးရင် ကိုယ်ထည်ကို ပြန်ပြင်ရတာက များတယ်" ဟု အထက်ပါပွဲစားကပင်ပြောသည်။

၂၀၁၂ ခုနှစ်အတွင်း ပြည်တွင်းကားဈေးကွက်၌ မူဝါဒအပြောင်းအလဲများကြောင့် ဇုန်ထုတ်ကားလုပ်ငန်းအချို့ ရပ်နားခဲ့ရပြီး လက်ရှိဈေးကွက်အတွင်း၌ ရှိသော ကားဈေးနှုန်းများမှာလည်း ဈေးနှုန်းများ တစ်စထက်တစ်စ ကျဆင်းလာကာ ကားဝယ်ရောင်းအချို့နှင့် ကားထုတ်လုပ်ငန်းရှင်အများစု အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

## စာ(၃၃) - ဈေးကစားသူများစိတ်ကြိုက် အတက်အကျဖြစ်ဆဲ အိမ်ခြံမြေဈေးကွက် မှ

"အိမ်ခြံမြေဈေးကွက်က အခုထက်နွေးသွားနိုင်သလိုသွက်လည်းပိုသွက်နိုင်တယ်။ လောလောဆယ်တော့ ဘယ်လိုမှ မှန်းလို့မရသေးဘူး" ဟု ကမာရွတ်မြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြို့ရွာဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ဆောင်ရွက်ရာတွင် မြေအသုံးချမှု၊ မြေကစားမှုစသည့် ပြဿနာများကြောင့် အခြားနိုင်ငံများနှင့် မတူဘဲ အခက်အခဲတွေ့နေရကြောင်းပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတဦးသိန်းစိန်က နေပြည်တော်ရှိနိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်း၌ ပြောကြားသော မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။

ပြည်ပမှ ရင်းနှီးမြှုပ်နှံ ရန် လာရောက်သူများသည် မြေဈေးကြီးခြင်းကြောင့် လက်လျှော့ကာ ပြန်သွားမှုများရှိကြောင်းကိုလည်း နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဦးမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရုံး၌ ပြုလုပ်သော ဟောပြောပွဲတွင်ပြောကြားဖူးသည်။ မြေဈေးကြီးရခြင်းမှာ ငွေကြေးတတ်နိုင်သူများက ဝယ်ရောင်းပြုလုပ်၍ ဈေးကစားနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ထိုအခြေအနေကို နိုင်ငံတော်အစိုးရက ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပြီး ဈေးသက်သက်သာသာနှင့် မြေရရှိရေး ပြုလုပ်ပေးရန် လိုအပ်သည် အကယ်၍ မပြုလုပ်ပါက ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်နိုင်မည်မဟုတ်ကြောင်း ဦးမြင့်က ပြောကြားခဲ့သည်။



# 7DAY BOOK REVIEW




**စာရေးဆရာ မိုးသက်ဟန်၏ စိတ်ဝင်စားဖွယ်ကောင်းသော ပင်ကိုရေး ဝတ္ထုရှည်စာအုပ်ဖြစ်သည်။ နိုင်ငံတကာ ခေတ်ပြိုင်ဝတ္ထုတို၊ ဝတ္ထုရှည်များကို ဘာသာပြန်တင်ဆက်ပေးနေရုံမျှမက ပင်ကိုရေးဝတ္ထုတိုများလည်း အစဉ်တစိုက်ရေးသားနေသော လူငယ်စာရေးဆရာမိုးသက်ဟန်၏ ပထမဆုံး ပင်ကိုရေး လုံးချင်းဝတ္ထုဖြစ်ပြီး သမားရိုးကျ အစဉ်အလာ ဝတ္ထုများနှင့် မတူဘဲ ပို့စ်မော်ဒန်စာပေလက်ရာတစ်ခုဟု ဆိုရပေမည်။**

## ကမ္ဘာအတု၊ ကောင်းကင်အတု (မိုးသက်ဟန်)

မိုးသက်ဟန်သည် ဗလာမိုးကောင်းကင်ရဲ့အစွန်းတစ်ဖက်မှာ၊ သိုးကျောင်းသားရဲ့ အနတ္တလွင်ပြင်၊ နိုင်ငံတကာပို့စ်မော်ဒန်ဝတ္ထုတိုများ စသည့် ခေတ်ပြိုင်ကမ္ဘာ့စာပေများကို ဘာသာပြန်ဆိုထားပြီး ဖြစ်သလို 'ငါတွေးသည်၊ ထို့ကြောင့်ဒေးကားမရှိ' ဟု အမည်ရသော ပင်ကိုရေးဝတ္ထုတိုစုစည်းမှုစာအုပ်တစ်အုပ်လည်း ထုတ်ဝေခဲ့ပြီးဖြစ်သည်။ နိုင်ငံတကာ ပို့စ်မော်ဒန်အရေးအသားများကို စိတ်ဝင်စားသော ၎င်း၏ ကိုယ်ပိုင်အရေးအသားများတွင် ပို့စ်မော်ဒန် အတွေးအခေါ်များ စီးဝင်နေသည်ကိုလည်း သိမြင်ရသည်။

'ကမ္ဘာအတု၊ ကောင်းကင်အတု'ဝတ္ထုတွင် အဓိကဇာတ်ကောင်မှာ အိပ်မက်ဆန်သောမြို့တစ်မြို့သို့ ရောက်ရှိရာမှ ပြန်ထွက်မရတော့သည့် အခြေအနေကို ဇာတ်အိမ်တည် ရေးသားထားသည်။

အဓိကဇာတ်ကောင်များ၏ အမည်များကို'ဂျွန်'၊'မေဖရိုင်းဒေး'အစရှိသဖြင့်မှည့်ခေါ်ထားသည်ကလည်း တစ်မျိုးဆန်းနေသည်။ ဝတ္ထုထဲမှ ဇာတ်ကောင် 'ဂျွန်' ၏ လွတ်မြောက်မှုရှာဖွေရေး ကြိုးပမ်းမှုမှာ လူသားဘဝ၏ အခြေအနေ၊ စိတ်အကျဉ်းအကျပ်များကို ဖော်ကျူးနေသည်ဟုပင် ထင်ရသည်။ လောကကြီးထဲတွင် ယုံကြည်နိုင်လောက်သောအရာ၊ လူတို့၏ သတ်မှတ်ချက် စံချိန်စံညွှန်းများနှင့် ပဋိပက္ခဖြစ်မှု၊ အထီးကျန်ဆန်မှုနှင့် ငြင်းဆန်လိုမှုများ အကြောင်းကို သမားရိုးကျမဟုတ်သောရေးဖွဲ့မှုဖြင့် ဖတ်ရှုရပါမည်။ ဝတ္ထုကိုခြုံငုံသုံးသပ်ရလျှင် ပဥ္စလက်သရုပ်မှန် အရေးအဖွဲ့ဟုဆိုရပေမည်။ အသစ်ကိုလိုလားသော၊ ရေးဖွဲ့မှုပုံသဏ္ဌာန်သစ်ကိုနှစ်သက်သူများ စိတ်အာလျှပြေလျော့စေမည့် စာအုပ်မျိုးဖြစ်သည်။

သရုပ်ဖော် ဝလုံး၏ ဆာရီရယ်လစ်ပန်းချီဆန်သည့် စာအုပ်မျက်နှာဖုံး၊ ငုအိမ်ထက်မြက်၏ အတွင်းပန်းချီများမှာ စာအုပ်ပါ အတွေးအခေါ်များနှင့် ထပ်တူကျအောင် ဖန်တီးရေးဆွဲထားသည်ကိုမြင်ရသည်။ စံမီရာစာအုပ်တိုက်က တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## လိမ္မော်ဖျော်ရည်အစ ဘယ်က

လိမ္မော်ဖျော်ရည်သည် အမေရိက၏ နာမည်ကျော်ဖျော်ရည်တစ်မျိုးဖြစ်ပြီး အနံ့အရသာနှင့်ပြည်စုံသည့်အပြင် ကျန်းမာရေးနှင့်သင့်လျော်သည့်အကျိုးအာနိသင်ကြောင့် လူတိုင်းနှစ်သက်ကြသည်။ စပိန်လူမျိုးနယ်မြေသစ်ရှာဖွေသူများသည် ၁၅၀၀ ခုနှစ်များမှစ၍ ပထမဆုံးလိမ္မော်ပင်များကိုစတင်စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။ ၎င်းနောက်ဖလော်ရီဒါ၏ ရာသီဥတုနှင့်ကိုက်ညီခြင်းကြောင့် အမေရိကတွင် စတင်စိုက်ပျိုးလာခဲ့ကြပြီး ကမ္ဘာတစ်လွှားနာမည်ကျော်လာခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်များသည် ဖလော်ရီဒါလိမ္မော်သီးများကို မိသားစုများနှင့်မိတ်ဆွေ၊ သူငယ်ချင်းများကိုလက်ဆောင်ပေးရန်အတွက် ယူဆောင်သွားလေ့ရှိကြပြီး လိမ္မော်သီးဖျော်ရည်၏အရသာမွှန်ကိုနှစ်ခြိုက်ကြသဖြင့် လူကြိုက်များဖျော်ရည်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ ယင်းနောက် လိမ္မော်ရည်၏အကျိုးအာနိသင်နှင့်အရသာကို လူတိုင်းနှစ်သက်ကြကာ ကမ္ဘာ့နေရာတိုင်းတွင် မပါမဖြစ် ဖျော်ရည်အဖြစ် တွင်ကျယ်စွာသောက်သုံးလာခဲ့ခြင်းဖြစ်သည်။

—*Source:orangejuicefacts.com*

# တစ်ပတ်တာကံကြမ္မာ

ဇူလိုင် ၄ ရက် မှ ၁၀ ရက် အထိ

စံဇာကီဘို

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အဆက်အသွယ်ကောင်းများရမည်။ မထင်မှတ်ထားသော ကိစ္စရပ်များဖြစ်ပေါ်မည်။ အခွင့်ကောင်းနှင့် တက်လမ်းပေါ်မည်။ ငွေလက်လွှန်မှုသတိရှိပါ။ ရှုပ်ရှုပ်ထွေးထွေး ပြဿနာများ ဖြေရှင်းရမည်။ လက်ဝယ်ရရှိထားသော အခွင့်အရေးအား စနစ်တကျသုံးစွဲရန်ကာလဖြစ်သည်။ အရာရာကိုယ်တိုင်ကိုယ်ကျ စနစ်တကျလုပ်ပါ။ ရင်းနှီးသူများနှင့် စကားများရမည်။ ငွေကြေးကိစ္စအဆင်ပြေမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

သတိနှင့် ဖြတ်သန်းရမည့်ကာလဖြစ်သည်။ အန္တရာယ်အတိုက်အခံများ ဝန်းရံနေသည်။ ကျန်းမာရေးကို မပေါ့အပ်။ ပစ္စည်းအလွယ်တကူ ဝယ်ယူခြင်း၊ မြှုပ်နှံခြင်းမပြုရ။ အလွယ်တကူ စနစ်တကျချိန်ဆ တွက်ဆပြီးမှ ဆောင်ရွက်ပါ။ လုပ်နေသော လုပ်ငန်းလမ်းကြောင်းမှ လမ်းကြောင်းသစ်ပြောင်း၍ တိုးချဲ့ရန် ဆောင်ရွက်သင့်၏။ မိဘအကြီးအကဲ ကျန်းမာရေးအညံ့အား ဂရုစိုက်ရမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အထူးကောင်းသော ကာလဖြစ်သည်။ စိတ်ကူးရှိသည်များကို လက်တွေ့ဆောင်ရွက်၍ အဆင်ပြေမည်။ မိမိလုပ်သမျှ ထင်ရှားဝင့်ကြွားစရာ ကောင်းလောက်သော အောင်မြင်မှုကိုရမည်။ ထူးခြားသော အဆက်အသွယ် လမ်းကြောင်းများပွင့်သော ကာလဖြစ်သည်။ မိသားစုလုပ်ငန်း စီးပွားရေးတွင် အောင်မြင်မှုကြုံရသော အနေအထားရှိသည်။ အောင်မြင်မှုအတိုင်းအတာကို မနာလိုနှောင့်ယှက်မှုများကြုံတွေ့မည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

မှန်းသည်နှင့် လက်တွေ့ကွာခြားသည်။ ကာလရှည်ကြာ စီမံပြီးလုပ်သော အလုပ်များအကျိုးမပေးပါ။ ပစ္စည်းဝယ်ယူမှု မှားယွင်းတတ်သည်။ အပျောက်အရှများတတ်သည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများအား သတိနှင့် ကိုင်တွယ်ပါ။ မတော်တဆထိခိုက်မှု အန္တရာယ်ရှိတတ်သည်။ ရေနှင့် ပတ်သက်သော အပျော်ခရီးရှောင်ပါ။ ပညာရေးနှင့် ပတ်သက်သော ကံကောင်းသည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်ကူးထားသည့်ကိစ္စများ လက်တွေ့ဆောင်ရွက်ပါ။ အလုပ်ကံ၊ ငွေကြေးကံကောင်းသည်။ ဘဝတိုးတက်မည်။ စိတ်ကူးသစ်များ အကောင်အထည်ဖော်နိုင်သည်။ မိတ်ဆွေအကြီးအကဲ အထောက်အကူရမည်။ ခရီးကိစ္စများ စီစဉ်ထားက ရက်ရွှေ့ရမည်။ လုပ်သမျှ၊ ကြံစည်သမျှ ကူညီသောသူ ပေါ်တတ်သည်။ အိမ်ထောင်သည်များ ကလေးရကိန်းကြုံသည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ဘဝတိုးတက်မည်။ အလုပ်အကြံအောင်မည်။ လူပင်ပန်း၊ စိတ်ပင်ပန်းဖြစ်မည်။ ကိုယ့်အတွက်သာမက တစ်ပါးသူအတွက်ပါ ပူပင်ရသော အနေအထားရှိသည်။ သို့သော် အရာရာအဆင်ပြေပြီးမြောက်သွားမည်။ ငွေကြေးရင်းနှီးမြှုပ်နှံ၍ အကျိုးရှိသော ကာလဖြစ်သည်။ ထူးခြားသော အခွင့်အရေးများ ပေါ်ပေါက်မည်။ အတတ်ပညာနှင့်ပတ်သက်သော ကံကောင်းသည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

စိတ်ထင်ရာစိုင်းတတ်သည်။ သူတစ်ပါးကြောင့် မိမိတွင် စိတ်ပင်ပန်းရကိန်းကြုံမည်။ အလုပ်ကိစ္စများ မနားမနေလုပ်ကိုင်ရမည်။ ယုံကြည်၍ လွှဲအပ်ထားသောငွေကို အလွဲသုံးသောကိစ္စများ ကြုံမည်။ သူတစ်ပါးက အတန်တန် သတိပေးသည့်ကြားမှ ထင်ရာစိုင်းပြီး လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှားသော အနေအထားရှိသည်။ အနီးကပ်လူဒုက္ခပေးမည်။ အိမ်တွင် ငွေဖြုန်းသူရှိမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်ကူးထားသည်များ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်၍ရသည်။ ဘာသာရေးနှင့် ပတ်သက်သော ကိစ္စများ ရုတ်တရက် ဆောင်ရွက်ရမည်။ ခရီးနှင့် ပတ်သက်သော ကံကောင်းသည်။ လူမျိုးကွဲ၊ လူမျိုးခြား ကောင်းကျိုးပေးသော အနေအထားရှိသည်။ ထူးခြားသော အတွေ့အကြုံသစ်များ ရရှိမည်။ ပတ်ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ ပစ္စည်းပျောက်တတ်သည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ထူးခြားသော ကောင်းခြင်းများ ကြုံမည်။ ရည်ရွယ်ချက်အောင်မည်။ ငွေကြေးနှင့်တိုင်းတာ သတ်မှတ်ချက်ထား၍ မရသော အကျိုးကောင်းများ ဖန်တီးရရှိမည်။ အလုပ်အကြံအောင်မည်။ ရုတ်တရက်တိုးတက်သော အနေအထားကောင်းကြုံမည်။ လုပ်အားကြောင့်သာမက ကံကြောင့်ပါ ငွေဝင်မည်။ တစ်ပါး သူအလှူအတန်းကိစ္စများ ကူညီရမည်။ အနုပညာပစ္စည်းလက်ဆောင်ရမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ရည်မှန်းထားသည်နှင့် မတူသော လမ်းကြောင်းမှ တိုးတက်မှု အဆင့်ဆင့်ရရှိမည်။ ထက်မြက်သော အစွမ်းအစနှင့် အကြံသစ်များ အောင်မြင်အောင် ဆောင်ရွက်နိုင်သော အနေအထားရှိသည်။ ငွေကြေးအတွက် ဆောင်ရွက်သော ကိစ္စများ အောင်မြင်မှုရမည်။ စိတ်ရှည်စွာ ဆောင်ရွက်၍ တက်လမ်းပွင့်မည်။ အကြီးအကဲများထံမှ အကြံဉာဏ်ကောင်း၊ အထောက်အကူကောင်းများ ရရှိမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လုပ်သမျှလမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်နေသည်ဖြစ်ရာ အပြောင်းအလဲ မပြုပါနှင့်။ ရှေ့တိုးဆောင်ရွက်ပါ။ တစ်ပါးသူ၏အကြံကို မယူဘဲ ကိုယ်ပိုင်ဟန်ဖြင့် ရှေ့တိုးလုပ်ပါ။ မှန်ကန်သောအကြံ၊ ဖြူစင်သော စိတ်ဓာတ် အချိန်ကာလအား စည်းချက်ညီညီပြုတတ်မှု ဤသုံးချက်အား အသုံးချ၍ ဘဝတိုးတက်မှုရအောင် ဖန်တီးနိုင်မည်။ မေတ္တာကံကောင်းမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်ကူးသစ်များ လက်တွေ့ဆောင်ရွက်ပါ။ ငွေကြေးကံကောင်းမည်။ ထူးခြားသော အပြောင်းအလဲနှင့် တက်လမ်းပွင့်မည်။ ကာလအတန်ကြာ ပိတ်နေသောလမ်းကြောင်းများ ပြန်ပွင့်မည်။ နေအိမ်နေရာ လုပ်ငန်းနေရာကိစ္စများ အဆင်ပြေအောင် ဆောင်ရွက်၍တိုးတက်မှုရနိုင်ပါသည်။ မူလတစ်ကြိမ်တစ်ခါမှမတွေ့ကြုံဖူးသော အတွေ့အကြုံသစ်များ ရမည်။ အိမ်တွင်းမကြာခဏ စကားများရခြင်းများရှိမည်။

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

# နယူးယောက်မှ ဆီလီကွန်ကျွန်း

ကြည်နေဝင်းမင်း



ရူစဗဲ့လ်ကျွန်းမှာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ မန်ဟက်တန်ဒေသတွင်တည်ရှိသော ရှည်မျောမျော မြေနေရာလေးဖြစ်သည်။ East River မြစ်ထဲတွင် တစ်စုံတစ်ယောက်က ဖောင်တိန်လေးပြုတ်ကျသွားသလို ပုံစံလေးဖြစ်သည်။ ၎င်းကျွန်းလေးကို အကျဉ်းထောင်အဖြစ်လည်း အသုံးချခဲ့သည်။ စိတ်ကျန်းမာရေး ဆေးရုံလည်း ဖြစ်ခဲ့ဖူးသည်။ လူနာများ သီးသန့်ခွဲထားသည့် ဆေးရုံလည်းဖြစ်ခဲ့သည်။

သို့သော် ၎င်းနှစ်မိုင်အရှည်ကျွန်းလေးမှာ မကြာခင်မှာပင် ကန်ဒေါ်လာ နှစ်ဘီလီယံတန် နည်းပညာအဆင့်မြင့် တီထွင်ဖန်တီးမှုများ သန္ဓေတည်ရာ နေရာလေးဖြစ်လာတော့မည်ဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်အတွက် စက်မှုလုပ်ငန်းများကို မွေးဖွားပေးမည့် ဆီလီကွန်ကျွန်းလေးဖြစ်လာတော့မည်ဖြစ်သည်။ နယူးယောက်မြို့ နည်းပညာနယ်မြေအဖြစ် ပုံဖော်မည့် နေရာမှာ နည်းပညာကုမ္ပဏီကိုတစ်စုတစ်ဝေးတည်း စုစည်းထားရန်ပုံဖော်မည့် ရည်မှန်းချက်ကြီးမားသော စီမံကိန်းကြီးပေါ်ထွက်လာမည့် နေရာဖြစ်သည်။

ယင်းစီမံကိန်း၏ မူလအစကို ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးပြိုလဲမှုဆီသို့ ခြေရာကောက်နိုင်ပါသည်။ ထိုအချိန်က နယူးယောက်မြို့တော်အာဏာပိုင်များမှာ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းများ အပေါ် မှီခိုလွန်းနေခဲ့သော စီးပွားရေးကို ရင်တမမနှင့် စောင့်ကြည့်နေခဲ့ပါသည်။ ထိုအချိန်တွင် ဒစ်ဂျစ်တယ်ခေတ်အင်အားကြီး ကုမ္ပဏီကြီးများဖြစ်သော ဂူးဂဲလ်နှင့် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီတို့မှာ ဆီလီကွန်တောင်ကြားရှိ စတန်းဖို့ဒ်တက္ကသိုလ်တစ်ဝိုက် နည်းပညာအစုအဝေးဒေသမှ ပေါ်ထွက်လာခဲ့သလို ဘော်စတွန်မြို့ ရေးယာရှိ ဟားဗတ်နှင့် မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်များမှလည်း ပေါ်ထွက်လာခဲ့ကြသည်။

ပါတီပွဲတွင် နောက်ကျမကျန်ရစ်လိုသော နယူးယောက်မြို့တော်ကလည်း ယင်းနယ်ပယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှ ဖြစ်မည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းနောက် နယူးယောက်မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘာ့ဂ်က သိပ္ပံနှင့် နည်းပညာနယ်ပယ်သစ် တစ်ရပ် ထူထောင်နိုင်ရေး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကမ္ဘာတစ်ဝန်းမှတက္ကသိုလ်များကို ဖိတ်ကြားခဲ့သည်။ ယင်းပြိုင်ပွဲတွင် အနိုင်ရရှိသွားသူမှာ ကော်နယ်လ်တက္ကသိုလ်ဖြစ်ပြီး တက်နီယန် အစ္စရေး နည်းပညာအင်စတီကျုဒ်နှင့်အတူ ယခု ဆောင်းဦးပေါက်မှာပင် ပထမဆုံး အတန်းများ စတင်ဖွင့် လှစ်တော့မည်ဖြစ်သည်။

ယင်းနယ်မြေမှာ နည်းပညာ အမှတ်တံဆိပ်ပွဲတော်အဖြစ် ထင်ရှားလာနေပြီဖြစ်သည်။ ရူစဗဲ့လ်ကျွန်းတက္ကသိုလ်နယ်မြေအား စတင်တည်ဆောက်နေချိန်မှာပင် ယင်းတက္ကသိုလ်အား မန်ဟက်တန်ရှိ ဂူးဂဲလ်ကုမ္ပဏီက နေရာယူတော့မည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်အထိအဖိုးအခ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုပေ။

တက္ကသိုလ်အသစ်ကလည်း လူမှုရေးဝက်ဘ်ဆိုက် တွစ်တာ၏ နည်းပညာအရာရှိချုပ်ဂရက်ပတ်စ်အား ၎င်း၏ စီးပွားရေး လုပ်ငန်းနယ်ပယ်ဆိုင်ရာ အရာရှိအဖြစ် ငှားရမ်းထားပြီဖြစ်သည်။ ယင်းမှာ တတ်သိပညာရှင်လောကအား နည်းပညာလုပ်ငန်းနယ်ပယ်နှင့် ချိတ်ဆက်ပြီး စီးပွားရေးလုပ်ငန်းရှင်ယဉ်ကျေးမှုကို မြှင့်တင်ခြင်းဖြစ်သည်။

ယခုမှစတင်မည့်နည်းပညာနယ်မြေမှာခေတ်ဟောင်းငွေကြေးစွန့်ကြဲပေးကမ်းသူတစ်ဦး၏ အထောက်အပံ့ပင်ရရှိမည်ဖြစ်သည်။ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားပင် မရှိဟု နာမည်ကြီးသော မစ္စတာချားလ်စ်ဖီနီက ၎င်းနယ်မြေအတွက် ကန်ဒေါ်လာသန်း ၃၅၀ စိုက်ထုတ်ထားပြီဖြစ်သည်။

ယင်းသို့ကြီးကျယ်ခမ်းနားသော အစီအစဉ်က နယူးယောက်မြို့သို့ မည်သည့်အရာများ သယ်ဆောင်လာမည်နည်း။ တစ်စုံတစ်ယောက်ပြောခဲ့သလိုပင် ဦးနှောက်သုံးသော စီးပွားရေးလုပ်ငန်းပင်ဖြစ်ပါသည်။ ယင်းသို့ ပြောကြားခဲ့သူ မစ္စတာဆက်ပင်စကီးမှာ နယူးယောက်မြို့တော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌဖြစ်ပါသည်။ မြို့တော်၏ စီးပွားရေးအား မောင်းနှင်ရေးနှင့် အလုပ်အကိုင်များ ဖန်တီးရေးအတွက်အဆိုပါ ကော်ပိုရေးရှင်းအားတာဝန် အပ်နှင်းထားပါသည်။ ထို့အပြင် ယင်းစီမံကိန်းကို တစ်မူထူးခြားစေသော အချက်မှာ နယူးယောက်မြို့ စီးပွားရေးရည်မှန်းချက်အား အဆင့်မြင့်ပညာရေး၏ ပခုံးပေါ်တွင် တည်မှီစေခြင်းဖြစ်သည်။ ယင်းတက္ကသိုလ်နယ်မြေမှာ တတ်သိပညာရှင်များ စုစည်းထားသည်ဆိုသော နေရာထက် စီးပွားရေးကို မောင်းနှင်မည့် နယ်ပယ်ပင်ဖြစ်သည်။

နည်းပညာတက္ကသိုလ်နယ်မြေထူထောင်ခြင်းမှာ ၁၉ ရာစုအတွင်း နယူးယောက်မြို့က ‘Erie တူးမြောင်း’ တည်ဆောက်၍ ရင်းနှီးမြှုပ်နှံခဲ့သော ကာလနှင့်ဆင်တူကြောင်း မစ္စတာပင်စကီးက ဆိုပါသည်။ ထိုအချိန်က ယင်းမဟာဗျူဟာ မြောက်သော တူးမြောင်းကြောင့် နယူးယောက်မြို့မှာ အမေရိက အရှေ့ဘက်ကမ်းရိုးတန်းအားစိုးမိုးနိုင်သော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်လာခဲ့သည်။

ဘဏ္ဍာရေးပြိုလဲမှု မတိုင်မီတွင် နယူးယောက်မြို့ ပုဂ္ဂလိကဝန်ထမ်းလစာ ၃၄ ရာခိုင်နှုန်းကို ဝေါလ်စထရိပေါ်၌ မှီခိုခဲ့ကြောင်း မစ္စတာပင်စကီးက ပြောပြပြီး အခြားနယ်ပယ်များသို့ဖြန့်ကြက်ရန် လိုအပ်နေပြီဖြစ်ရာ ကစားပွဲအပြောင်းလဲသွားစေမည့် လုပ်ငန်းမျိုးကို နယူးယောက်မြို့က ရှာဖွေခဲ့သည်။

“ကျွန်တော်တို့ စိတ်ကူးလို့ရသမျှ လူတွေကို စကားပြောကြည့်တယ်။ တတ်သိပညာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လူမှုအဖွဲ့အစည်းအုပ်စုတွေ၊ စီးပွားရေးလုပ်ငန်းခေါင်းဆောင်တွေကိုတွေ့ပြီး အခြေခံကျတဲ့ မေးခွန်းလေးတစ်ခုပဲမေးတယ်။ “နယူးယောက်မြို့ရဲ့ စီးပွားရေးကို ပြောင်းလဲနိုင်မယ့် အရာတစ်ခုရှိတယ်ဆိုရင် အဲဒါဟာ ဘာဖြစ်မလဲ” ဆိုပြီးတော့ မေးတယ်။ သတင်းစကားတစ်ခုပဲထွက်လာပါတယ်။ ကမ္ဘာတစ်ဝန်းက တီထွင်ဆန်းသစ်မှုစင်တာတွေကို လိုက်ကြည့်မယ်ဆိုရင် သူတို့ရဲ့ အလယ်ဗဟိုချက်မှာ အင်ဂျင်နီယာနဲ့ လက်တွေ့အသုံးချသိပ္ပံပညာ၊ သုတေသနနဲ့တီထွင်မှု၊ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်မှုတွေပေါင်းစပ်ထားတာတွေ့ရလိမ့်မယ်ဆိုတာပါပဲ” ဟုမစ္စတာပင်စကီးက ဆိုပါသည်။

ထို့အတွက် နယူးယောက်မြို့တော်က သူ့ကိုယ်ပိုင်နည်းပညာရပ်ဝန်းတစ်ခုအလိုရှိလာသည်။ နယူးယောက်၏ အခြားထင်ရှားသောမီဒီယာလုပ်ငန်း၊ ဘဏ္ဍာရေးနှင့် ဖက်ရှင်နယ်ပယ်များနှင့် နှိုင်းယှဉ်နိုင်သော နည်းပညာနယ်ပယ်ကိုလိုချင်လာသည်။ “ဒီလုပ်ငန်းတွေအားလုံးမှာ နည်းပညာလောကက အပြောင်းအလဲတွေရဲ့ ရိုက်ခတ်မှုခံနေရတယ်။ ဒီနယ်ပယ်တွေ အားလုံးမှာ နည်းပညာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရှေ့ရောက်နေမှ ဖြစ်မယ်” ဟုမစ္စတာပင်စကီးက ဆိုပါသည်။

ယင်း ရူစဗဲ့လ်ကျွန်းနည်းပညာနယ်မြေနှင့် နယူးယောက်တက္ကသိုလ်က ဦးဆောင်မည့် အခြားစီမံကိန်းများမှာ စီးပွားရေးကို မောင်းနှင်မည့် အင်ဂျင်များဖြစ်လာလိမ့်မည်ဟု ၎င်းကဆိုပါသည်။ ၎င်းနယ်ပယ်များက ထူးချွန်ထက်မြက်သော အလုပ်သမားများ၊ ရင်းနှီးမြှုပ်နှံသူများ၊ နည်းပညာကုမ္ပဏီများကို ဆွဲဆောင်ပြီး ထိုမှတစ်ဆင့် တီထွင်ဖန်တီးမှု မင်္ဂလာစက်ဝန်းအတွင်းဝင်ရောက်ကာ နည်းပညာသစ်များဖြင့် လုပ်ငန်းလုပ်ကိုင်လိုသော စွမ်းအင်များ ပေါ်ထွက်လာပြီး ဆယ်စုနှစ်များစွာလည်ပတ်သွားမည်ဟု မစ္စတာပင်စကီးက ဆိုပါသည်။

ရူစဗဲ့လ်ကျွန်းတက္ကသိုလ်က အမြဲတမ်း အလုပ်အကိုင်ပေါင်း ၈,၀၀၀ ဖန်တီးနိုင်မည်ဟု မျှော်လင့်ထားပြီး ယင်းမှ နေ၍နောက်ထပ် ကုမ္ပဏီပေါင်း ၆၀၀ ပေါ်ထွက်လာကာ ၎င်းတို့နှင့် ဆက်စပ်နေသော လုပ်ငန်းများနှင့် အခြားအထောက်အပံ့ဝန်ဆောင်မှုများကြောင့် အလုပ်အကိုင်ပေါင်း ၃၀,၀၀၀ ပေါ်ထွက်လာမည်ဟု မျှော်မှန်းထားပါသည်။

—*Ref: It's the economy, Clever' Says New York*

**TRADEMARK CAUTION**

Fonterra Brands (Singapore) Pte Limited., at 1 Pickering Street, #06-01, Great Eastern Centre, Singapore 048659, Singapore is the Owner and Sole Proprietors of the following Trade mark:-

ANLENE

Reg.No. 4/5925/2008

In respect of :Int'l Class 29: “Milk and milk products including milk powder, cream, butter, cheese and casein; proteins and protein products; edible oils and fats; products for use in creaming coffee and like drinks; margarine and other food spreads; dessert products; preserves and jams.”

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 5.July.2012

**Asia Metal Company Limitd.**

VACANCY ANNOUNCEMENT(LOCAL ONLY)

**Mechanical Engineer (5) Post**

1. B.E Mechanical
2. At least 3 to 5 years experience at machine jobs.
3. Good skill for English Language. Can use English Communication by telephone.
4. Can draw mechanical drawings and Auto CAD.
5. Need to have the sense about by using CNC machine to produce products.
6. Have good communication and interactive mode.

(Address : No.(106),Pan Pe Khaung Mg Khtet Road, Industrial Zone (4),Shwe Pyi Thar Township, Yangon.
Ph : (01) 618422, 618790 ~ 798 )

**Request for Quotation for Construction Services**

Request for quotation is extended to all qualified contractors to provide the following services:

- **Repairing services of Parking Area at the U.S Embassy**
- **Teak Floor Replacement at a U.S Embassy-owned property.**

If you are interested in these opportunities, please follow the instructions in the solicitation description provided at the following website ***between July 04 and July 11, 2012***:

http://burma.usembassy.gov/contract_opportunities.html

**Please direct any inquiries to GSO by telephone # 01- 536509/505113 ext: 4104 during office hours.**

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012



## မြောက်ကိုရီးယားနှင့်နီးသော ကျွန်းတစ်ကျွန်းတွင် ရေတပ်စခန်းဆောက်လုပ်ရန် တောင်ကိုရီးယားစီစဉ်




**ဆိုးလ်၊ ဇွန် - ၂၆**

တောင်ကိုရီးယားရေတပ်သည် မြောက်ကိုရီးယားနှင့် ပိုင်ဆိုင်မှု အငြင်းပွားနေသော ပင်လယ်ဝါ နယ်စပ်အနီး ရှေ့တန်းကျွန်းတစ်ခုပေါ်တွင် ရေတပ်အခြေစိုက်စခန်းတစ်ခုဆောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

တောင်ကိုရီးယားရေတပ်သည် စခန်းဆောက်လုပ်ရန် ဒေသခံအစိုးရထံမှ အတည်ပြုချက်ရရှိထားပြီး ထိုဘန်နီယွန်းကျွန်းတွင် အကျယ်အဝန်း ၂၃,၄၈၉ စတုရန်းမီတာရှိသောစခန်းကိုတည်ဆောက်မည်ဟု အင်ချွန်းမြို့မှတာဝန်ရှိသူတစ်ဦးက ပြောသည်။ တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနကလည်း ရေတပ်သည်ထိုကျွန်းတွင် စစ်သင်္ဘောငယ်များအတွက်ဆိပ်ကမ်းဆောက်လုပ်မည်ဟုဆိုထားပြီး အသေးစိတ်ထုတ်ဖော်ရန်ကိုမူ ငြင်းဆန်ထားသည်။ ယုံဟပ်သတင်းဌာနက ထိုရေတပ်စခန်းသည် စစ်တန်းလျားများ၊ စစ်ရေးလေ့ကျင့်ကွင်းတစ်ခုနှင့် တပ်သားတစ်ရာခန့်နေနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၄ နှစ်ကုန်တွင် တည်ဆောက်ပြီးစီးကာ ကုန်ကျစရိတ် ဝမ် ၄၂ ဒသမ ၅ ဘီလီယံ (ဒေါ်လာ ၃၆ ဒသမ ၆ သန်း) ရှိမည်ဟုဆိုသည်။

ဘန်နီယွန်းကျွန်းသည်ကုလသမဂ္ဂတပ်ဖွဲ့များက ကိုရီးယားစစ်ပွဲ (၁၉၅၀-၅၃) အပြီးရေးဆွဲပေးထားသော နှစ်နိုင်ငံနယ်စပ်အနီး တောင်ကိုရီးယားပိုင် ကျွန်းငါးခုမှ တစ်ခုဖြစ်သည်။ —*Ref: AFP*

## ပက်စီအချိုရည်တွင် ဓာတုပစ္စည်း ပါဝင်နေမှုကို ဗြိတိန်စားသုံးသူများ ဝေဖန်



**လန်ဒန်၊ ဇွန် - ၂၇**

အမေရိကန်အချိုရည် ပက်စီသည် ဗြိတိန်နိုင်ငံတွင် ရောင်းချနေသော ၎င်း၏ အချိုရည်များ၌ကင်ဆာဖြစ်စေနိုင်သည်ဟုဆိုသော ဓာတုပစ္စည်းအချို့ပါဝင်နေမှုကို ပယ်ဖျက်ပေးရန် ငြင်းဆန်ခဲ့ရာ ကလေးအစားအစာလုံခြုံစိတ်ချရေးစည်းရုံးလှုံ့ဆော်သူများက ဝေဖန်နေကြသည်။ ယင်းအမေရိကန်ကုမ္ပဏီသည် အမေရိက၌ ၎င်း၏ အချိုရည်ဖျော်စပ်မှုတွင် 4-methylimidazole (4MI) ပါဝင်မှုကို သတိပေးခံရပြီးနောက် အချိုရည်ဖျော်စပ်သည့် ဖော်မြူလာကို ပြောင်းလဲပေးခဲ့သည်။

သို့သော်ကုမ္ပဏီက ဗြိတိန်စားသုံးသူများအတွက်ထိုသို့သတိပေးမှုကို လိုက်နာသွားရန် အစီအစဉ်မရှိကြောင်း ဖော်မြူလာပြောင်းလဲရန် မလိုအပ်ကြောင်း ဆိုထားသည်။ ယခုကဲ့သို့ 4-MI ပါဝင်မှုကိုပူပန်ခြင်းမှာ ယခုနှစ်ဆန်းပိုင်းက ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျန်းမာရေးအာဏာပိုင်များက ယင်းဓာတ်ကို ၎င်း တို့၏ တရားဝင်ထုတ်ပြန်ထားသော ကာစီနိုဂျင်ဓာတ်များ စာရင်းတွင် ထည့်သွင်းခဲ့၍ဖြစ်သည်။ ယင်းမှာ ၃၃၀ မီလီလီတာပါဝင်သော ပက်စီကိုလာတစ်ဘူးသည် 4-MI ဓာတ် ၃၀ မိုက်ကရိုဂရမ်ကျော် ပါဝင်နေပြီး ကျန်းမာရေးထိခိုက်နိုင်သည့် သတိပေးချက်အဆင့် ရောက်နေသောကြောင့်ဖြစ်သည်။

ပက်စီသည် ယခုအပတ်အတွင်း ကမ္ဘာတစ်ဝန်း၌ ၎င်း၏ ထုတ်ကုန်များတွင် 4-MI ဓာတ်ပါဝင်မှုလျှော့ချရန် ကတိပြုထားသော်လည်း အချိန်အတိအကျကို မထုတ်ပြန်သေးကြောင်း သိရသည်။ ဗြိတိသျှအချိုရည်လုပ်ငန်းများအသင်းကလည်း ကျန်းမာရေးထိခိုက်နိုင်၍ ဖျော်စပ်ပုံဖော်မြူလာပြောင်းရန် မည်သည့်ကိုလာဖျော်ရည်တွင်မှမလိုအပ်သေးကြောင်း ပြောဆိုထားသည်။

—*Ref: Dailymail*




**TRADEMARK CAUTION**

Osotspa Co., Ltd, a Company incorporated in Thailand at 348 Ramkhamhaeng Road, Huamak, Bangkapi, Bangkok 10240, Thailand is the Owner and Sole Proprietor of the following Trademark:-

HANG Original

**Reg: 4/4992/2012**

In respect of : “ Mineral and aerated waters and other non-alcoholic drinks; soft drinks; energy drinks; energy drinks composed of herbs and vitamins (not for medical purposes); isotonic drinks; sport drinks; herbal drinks (not for medical purposes); vitamin drinks; fruit drinks and fruit juices; vegetable juices (beverages); syrups and other preparations for making beverages.”

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 5.July. 2012

# Tourism

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

## ဦးပိန်တံတားနှင့် တောင်သမန်အင်းဝန်းကျင် ပြုပြင်ပြောင်းလဲမှုများလုပ်

**ညီညီဇော်**

**မန္တလေး၊ဇွန်-၃၀**

အမရပူရမြို့ရှိ ဦးပိန်တံတားနှင့် တောင်သမန်အင်းဝန်းကျင်၌ ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်လုပ်ဆောင်နေကြောင်း သတင်းရရှိသည်။

တောင်သမန်အင်း အရှေ့ဘက်ရှိ ၆,၀၅၀ ပေ အရှည်ရှိသော ကန်ပတ်လမ်းမကြီးကို မြေသားလမ်းမှ ကတ္တရာလမ်းအဆင့်သို့ မြှင့်တင်ပြုပြင်နေခြင်း၊ ဦးပိန်တံတားအနောက်ဘက်ထိပ်ရှိ သက်တမ်းနှစ် ၁၅၀ ဝန်းကျင်ခန့်ရှိပြီဖြစ်သည့် မယ်ဇလ်ပင်ကြီး ၈၂ ပင်ကိုပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ လုပ်ဆောင်နေသည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မယ်ဇလ်ပင်ကြီးတွေထဲက အမြစ်တွေပေါ်နေတဲ့ ၆၉ ပင်ကို မြေပေါင်တင်ပြီး ပန်းခုံနံရံတွေပြုလုပ်နေပါတယ်။ တောင်သမန်ရေတိုးလာတဲ့အခါ မယ်ဇလ်ပင်ကြီးတွေကို ရေတိုက်စားမှု ကာကွယ်ဖို့နဲ့ ရေရှည်တည်တံ့ဖို့ပါ" ဟု ၎င်းတာဝန်ရှိသူကပြောသည်။

ထို့အပြင် ဦးပိန်တံတားအနီးတွင်ပင်ရှိသော လင်းဇင်းကုန်းသုသာန်ကို အပြီးတိုင်ရွှေ့ပြောင်းခဲ့ပြီဖြစ်ပြီး ယင်းနေရာတွင် ပန်းဥယျာဉ်စီမံကိန်းကိုလုပ်ဆောင်သွားမည်ဟု အသိပေးထားကြောင်း မြို့ခံများက ပြောသည်။ ဌာနဆိုင်ရာဘက်မှပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နေသကဲ့သို့ ဦးပိန်တံတားအနောက်ထိပ်ရှိ တောင်မင်းကြီးဂေါပကအဖွဲ့မှလည်း ဆိုင်ခန်းများ စနစ်တကျရှိစေရေး၊ ဦးပိန်တံတားဝန်းကျင် သန့်ရှင်းရေးတို့ကိုလည်း ဆောင်ရွက်နေပြီး နိုင်ငံခြားဧည့်သည်များ နားနေရန်အတွက် နားနေဆောင်များလည်း ဆောက်လုပ်ထားကြောင်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဦးပိန်တံတားအနီးတွင် နေထိုင်သည့် အမရပူရမြို့ခံ လုပ်ငန်းရှင်တစ်ဦးက "တောင်သမန်ကို အရင်လို သုံးရာသီရေဝေရေလဲစနစ်လေး ပြန်လုပ်ပေးနိုင်ရင် ပိုလှသွားမှာ။ ခုက ရေအမြဲထည့်ထားတော့ သဘာဝအလှမခံစားရဘူး။ ဟိုးအရင်တောင်သမန်ကို လာခဲ့ဖူးတဲ့နိုင်ငံခြားဧည့်သည်တွေ ခုပြန်လာတော့ တောင်သမန်က အရင်လိုမလှတော့ဘူးလို့ပြောကြတယ်" ဟုပြောသည်။

အမရပူရမြို့ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားကို မန္တလေးရောက်နိုင်ငံခြားဧည့်သည်များ မဖြစ်မနေလာရောက်လေ့ရှိပြီး နာမည်ကျော်စာသင်တိုက်တစ်ခုဖြစ်သော မဟာဂန္ဓာရုံကျောင်းတိုက်နှင့်ဒေသခံလုပ်ငန်းတစ်ခုဖြစ်သည့် အထည်လုပ်ငန်းများကိုလေ့လာကြသည်ဟု ဒေသခံများက ပြောသည်။



*သက်တမ်း နှစ်၁၅၀ကျော်ရှိ မယ်ဇယ်ပင်များကို မြေထိန်းနံရံပြုလုပ်၍ ထိန်းသိမ်းနေသည်ကို တွေ့ရစဉ်*

ဓာတ်ပုံ-ညီညီဇော်

## နိုင်ငံခြား ဧည့်သည်တစ်ဦး ဦးပိန်တံတားပေါ်မှ ပြုတ်ကျ

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၃၀**

အင်္ဂလန်နိုင်ငံသားကမ္ဘာလှည့်အမျိုးသမီးတစ်ဦးသည် တောင်သမန်အင်းကိုဖြတ်၍ဆောက်လုပ်ထားသော အမရပူရမြို့အနီးရှိ ဦးပိန်တံတားပေါ်မှဇွန် ၂၄ ရက်ကပြုတ်ကျသွားကြောင်းသတင်းရရှိသည်။

"မေးရိုးမှာ သုံးချက်၊ ခြေဖနောင့်လေးချက်၊ ခြေသလုံးရိုးကျိုး၊ တင်ပစုံရိုးအက်ဖြစ်သွားတယ်။ တံတားပေါ်မှာလမ်းလျှောက်နေရင်း လေတိုက်လို့စကပ်လန်သွားတာကိုဖုံးလိုက်တာကနေ အောက်ပြုတ်ကျသွားတာ" အဆိုပါ ဖြစ်စဉ်တွင်ကူညီဆောင်ရွက်ပေးခဲ့သော မန္တလေးဧည့်လမ်းညွှန်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဧည့်သည်အား မန္တလေးဆေးရုံကြီးမှတစ်ဆင့် ရန်ကုန်မြို့သို့သယ်လာခဲ့ပြီး စင်းလုံးငှားလေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ ပြန်သွားကြောင်း သတင်းရရှိသည်။

"ဦးပိန်တံတားကနေ နိုင်ငံခြားသားပြုတ်ကျတာ ဒါပထမဦးဆုံးပဲ။ မင်းကွန်းပုထိုးတော်ကြီးကနေတော့ သုံးခါလောက် နိုင်ငံခြားသားပြုတ်ကျဖူးတယ်" ဟု မန္တလေးမြို့တွင် ခရီးသွားကုမ္ပဏီ ဖွင့်လှစ်ထားသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ဧည့်သည်လာရောက်မှုမြင့်တက်လာသလို မတော်တဆမှုများမှာလည်း ပုဂံဒေသအပါအဝင် နေရာအချို့၌ ဖြစ်ပွားခဲ့သည်။

## ကြယ်သုံးပွင့် ဟိုတယ်တစ်လုံး မရမ်းကုန်းတွင်ဖွင့်

**နိုင်ချို**

**ရန်ကုန်၊ဇွန်-၃၀**

အခန်းပေါင်း ၅၃ ခန်းပါဝင်ပြီး ကြယ်သုံးပွင့်အဆင့်ရှိဟိုတယ်တစ်ခု ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အတွင်းထပ်မံဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

"၂၀၁၃ ခုနှစ်မှာ ကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲအတွက် နိုင်ငံခြားသားဧည့်သည်တွေ လုံလောက်စွာ တည်းခိုနိုင်ဖို့ ကျွန်တော်တို့ ဟိုတယ်ကို ထပ်မံတိုးချဲ့သွားမှာပါ။ နေရာအတိအကျကိုတော့ မသိရှိရသေးပါဘူး။ ဖြစ်နိုင်ခြေကတော့ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်တွေမှာ တိုးချဲ့ဖို့များပါတယ်" ဟု Hotel 7 Mile မှ အထွေထွေမန်နေဂျာကိုခင်ဇော်ကပြောသည်။ ယခုလက်ရှိတွင်ရန်ကုန်တိုင်းဒေသကြီး၌ ကြယ်ငါးပွင့်အဆင့်ရှိဟိုတယ်ငါးခု၊ ကြယ်လေးပွင့်အဆင့်ရှိဟိုတယ်ခြောက်ခု၊ Hotel 7 Mileအပါအဝင် ကြယ်သုံးပွင့်အဆင့်ရှိဟိုတယ် ၁၄ ခုရှိကြောင်း သတင်းရရှိသည်။

## လိုင်စင်သက်တမ်း မတိုးခဲ့သည့် ဧည့်လမ်းညွှန်များကို လိုင်စင်ပြန်ထုတ်ပေးရန် စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၃၀**

လိုင်စင်သက်တမ်း သုံးနှစ်နှင့် အထက် သက်တမ်းမတိုးခဲ့သော ဧည့်လမ်းညွှန်များကို လိုင်စင်ပြန်ထုတ်ပေးရန်အတွက် သင်တန်းတစ်ခု ပြုလုပ်ရန် နီးစပ်ရာ ဧည့်လမ်းညွှန်အသင်းများတွင် စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။

"လူ ၅၀ ပြည့်ရင် မွမ်းမံသင်တန်း ရက်တိုသင်တန်းမျိုးလေး လုပ်ပြီး လိုင်စင်ပြန်ထုတ်ပေးမယ်။ အခု မန္တလေးမှာ စုနေတာ ၁၅ ယောက်ရနေပြီ" မန္တလေး ဧည့်လမ်းညွှန်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ကြောင့် လိုင်စင်သက်တမ်း သုံးနှစ်ကျော်လွန်သွားသော ဧည့်လမ်းညွှန်များအနေဖြင့် နီးစပ်ရာမြို့နယ်များရှိ ဧည့်လမ်းညွှန်အသင်းများသို့စာရင်းပေးနိုင်ကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြီးခဲ့သည့်နှစ် ခရီးသွားရာသီမှစ၍ ဧည့်သည်ဝင်ရောက်မှု တိုးလာခဲ့ပြီး ဧည့်လမ်းညွှန်အသစ်များပါ အလုပ်အကိုင်ရရှိလာကာ ဘာသာစကားအလိုက် ဧည့်လမ်းညွှန်မလုံလောက်မှုများ ဖြစ်ပေါ်ခဲ့သည်။


သို့သော် ငွေလဲနှုန်းကျဆင်းခြင်းကြောင့် ဧည့်လမ်းညွှန် ဝန်ဆောင်ခအား တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၃၀ ပေးရန် ပုဂံနှင့် မန္တလေးမှ ဧည့်လမ်းညွှန်များက တောင်းဆိုခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ရွှေဝါရောင်တော်လှန်ရေးဖြစ်ခဲ့သော ၂၀၀၇ ခုနှစ်မှစ၍ ဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၀ ပြည့်နှစ်ထိ ဆက်တိုက်လျော့နည်းခဲ့သဖြင့် လိုင်စင်ရ ဧည့်လမ်းညွှန်များမှာ လိုင်စင်သက်တမ်းမတိုးတော့ဘဲ အခြားအလုပ်ကို ပြောင်းလဲလုပ်ကိုင်လာကြသည်။

ဧည့်လမ်းညွှန်လိုင်စင်မှာ တစ်နှစ်တစ်ခါသက်တမ်းတိုးရပြီး ရက်လွန်ပါက တစ်ရက် ကျပ် ၅၀၀ ဒဏ်ရိုက်၍သက်တမ်းပြန်တိုးပေးသည်။



7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012



7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012



Photo : AFP

# တရုတ်နို့ထွက်ပစ္စည်းကုမ္ပဏီက နို့ဘူးပေါင်းရာချီ ပြန်လည်သိမ်းဆည်း

**ဘေဂျင်း၊ ဇွန် - ၂၈**
စက်ပစ္စည်း ချို့ယွင်းမှုကြောင့် အယ်လ်ကာလိုင်းအရည်များ ရောနှောပါဝင်သွားသည့် နို့ဘူးပေါင်းများစွာကို တရုတ်နို့နှင့် နို့ထွက်ပစ္စည်းကုမ္ပဏီတစ်ခုက ပြန်လည်သိမ်းဆည်းနေကြောင်းနှင့် ယင်းမှာ နာမည်ပျက်မှုများဆက်တိုက်ကြုံတွေ့နေရသော တရုတ်နိုင်ငံ၏ နို့ထွက်ပစ္စည်းလုပ်ငန်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်ကပင် တရုတ်နိုင်ငံ၏ ရောင်းအားအကောင်းဆုံး နို့နှင့် နို့ထွက်ပစ္စည်းကုမ္ပဏီက မာကျူရီဓာတ်များ ပါဝင်မှုကြောင့် ခြောက်လစာခန့်ဖြန့်ဖြူးနိုင်သည့် ကလေးနို့မှုန့်ဘူးများအား ပြန်လည်သိမ်းဆည်းခဲ့ရသည်။

နာမည်ပျက်သော အဖြစ်အပျက်ပေါင်းများစွာကြုံတွေ့ခဲ့ရပြီးနောက် တရုတ်နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှာ စားသုံးသူများ၏စိတ်ချယုံကြည်မှု ရရှိရန် ရုန်းကန်နေရသည်။ အဆိုးဆုံးဖြစ်ခဲ့သော ၂၀၀၈ ခုနှစ်က ဖြစ်ရပ်တွင် မယ်လမင်း ဓာတုပစ္စည်းပါဝင်သောနို့မှုန့်များကြောင့် ကလေးငယ်ခြောက်ဦး သေဆုံးခဲ့ပြီး ၃၀၀,၀၀၀ ခန့် နာမကျန်းဖြစ်ခဲ့ရသည်။

ယခုအဖြစ်အပျက်တွင် ဂွမ်မင်းကုမ္ပဏီက ထုတ်လုပ်သော U best နို့ဘူး ၉၅၀ မီလီမီတာ အထုပ်များမှာ အရောင်ပြောင်းနေပြီး အနံ့တစ်မျိုးပေါ်ထွက်နေကြောင်း စားသုံးသူများက အွန်လိုင်းပေါ်မှနေ၍ တိုင်ကြားရာ၌ စက်ချို့ယွင်းမှုကြောင့် အယ်လ်ကာလိုင်းသန့်စင်ရေများ နို့ဘူး ၃၀၀ ခန့်တွင် ပါဝင်သွားကြောင်း ကုမ္ပဏီက ပြန်ကြားထားခြင်းဖြစ်သည်။

—Ref: Reuters

## ပြီးခဲ့သည့်ငါးလအတွင်း ကမ္ဘောဒီးယား၌ ငှက်ဖျားကြောင့် လူ ၂၇ ဦးသေဆုံး

**ဖနွမ်းပင်၊ ဇွန် - ၂၆**
ပြီးခဲ့သည့် ပထမငါးလတာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားမှုပေါင်း ၂၉,၅၁၀ ရှိခဲ့ပြီး သေဆုံးသူဦးရေ ၂၇ ဦးရှိခဲ့ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးအာဏာပိုင်များက သတင်းထုတ်ပြန်သည်။

အမျိုးသားငှက်ဖျားထိန်းချုပ်ရေးဌာန၏ အစီရင်ခံစာ၌ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းသည် ယမန်နှစ်ငါးလတာကာလနှင့် နှိုင်းယှဉ်လျှင် ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သေဆုံးသူအရေအတွက်မှာမူ အတူတူဖြစ်ကြောင်းသိရသည်။ ယင်းဌာန၏ ဒါရိုက်တာ ချာမင်ချူအာက ငှက်ဖျားရောဂါဖြစ်နှုန်းကျဆင်းမှုသည် ကျန်းမာရေးဝန်ထမ်းများ၏ စည်းရုံးလှုံ့ဆော်မှုနှင့်ရောဂါအဖြစ်များသည့် ဒေသများတွင် ခြင်ထောင်များ ဖြန့်ဝေမှုများလာခြင်းကြောင့်ဖြစ်ကြောင်းဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ မိုးရာသီတွင်ငှက်ဖျားဖြစ်ပွားမှုများသော ဒေသများမှာ တောတောင်ထူထပ်သော ပြည်နယ်များနှင့် နယ်စပ်ဒေသပြည်နယ်များ၌ဖြစ်သည်။ ကမ္ဘောဒီးယားသည် ၂၀၂၅ တွင် ငှက်ဖျားရောဂါ လုံးဝပပျောက်ရေး ကြိုးပမ်းရန် ဦးတည်ဆောင်ရွက်နေပြီး တစ်နှစ်လျှင် ဒေါ်လာသန်း ၂၀ သုံးစွဲရန် တောင်းဆိုထားသည်။ ၂၀၁၁ က နိုင်ငံတွင်း၌ ငှက်ဖျားရောဂါဖြင့် သေဆုံးသူ ၉၈ ဦးရှိခဲ့သည်။

—Ref: Xinhua

# အင်ဒိုနီးရှားသည် အာဆီယံဒေသတွင်း ရေနှင့် မိလ္လာစနစ် ကောင်းမွန်မှု တတိယအနိမ့်ဆုံး အဆင့်သာ ရှိဟုဆို

**ဂျကာတာ၊ ဇွန် - ၂၆**
အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံဒေသအတွင်း အကြီးဆုံးနိုင်ငံဖြစ်သော်လည်း ဒေသတွင်း၌ ရေနှင့် မိလ္လာစနစ်အရည်အသွေး၌ တတိယအနိမ့်ဆုံးအဆင့်သာရနေကြောင်း အင်ဒိုနီးရှားပြည်သူ့လုပ်ငန်းဝန်ကြီး ဂျိုကိုကာမန်တိုက ပြောကြားသည်။ ဝန်ကြီးက “ကျွန်တော်တို့ဟာ အဆိုးဆုံးအခြေအနေမှာမရှိတာ အထင်အရှားပါပဲ။ ဒါပေမဲ့ ဒီနေရာဟာ ကျွန်တော်တို့ ရှိနေတဲ့ နေရာအဆင့်ပါပဲ။ ၂၀၁၁ မှာ ထုတ်ပြန်တဲ့ ယူနီဆက်ဖ်ရဲ့ အချက်အလက်တွေကို ကြည့်ကြပါ။ အဲဒီထဲမှာ အင်ဒိုနိုင်ငံသား ၂၆ ရာခိုင်နှုန်းဟာ ကွင်းပြင်ထဲမှာ အညစ်အကြေးစွန့်နေဆဲ ဖြစ်တာကို ဖော်ပြထားပါတယ်”ဟု ဆိုသည်။




ထို့ပြင် ၎င်းက ဂျာဗား၊ ဆူမတြား၊ ဘာလီနှင့် ဆူလာဝေစီဒေသများတွင် စစ်တမ်းကောက်ယူမှုအရ မြစ်ပေါင်း ၅၃ ခုမှ ၇၆ ဒသမ ၃ ရာခိုင်နှုန်းမှာ အော်ဂဲနစ်ပစ္စည်းဖြင့် ညစ်ညမ်းနေပြီး မြစ် ၁၁ ခုမှာ အမိုနီယမ်ဓာတ်များဖြင့် ညစ်ညမ်းနေကြောင်း ဆိုသည်။ ထို့ကြောင့် ၎င်းက အင်ဒိုနီးရှားအစိုးရသည် ရေပေးဝေရေးနှင့် ရေဆိုးမိလ္လာစွန့်ထုတ်ရေးစနစ်များ ကောင်းမွန်အောင် နိုင်ငံတစ်ဝန်း လုပ်ဆောင်သွားမည်ဟုပြောသည်။

အင်ဒိုနီးရှားအစိုးရသည် ရေနှင့် မိလ္လာစနစ် ကောင်းမွန်ရေးအတွက် ဦးစားပေးဆောင်ရွက်နေပြီး တစ်နှစ်လျှင်ရူပီးယား ၃ ထရီလီယံ (ဒေါ်လာ ၃၁၅,၄၉၈) သုံးစွဲနေကြောင်း သိရသည်။

—Ref: Xinhua

# နိုင်ငံသား မဟုတ်သော ကျောင်းသားများ၏ ကျောင်းလခများ စင်ကာပူ တိုးမြှင့်မည်



**စင်ကာပူ၊ ဇွန် - ၂၆**
စင်ကာပူတွင် တင်းပြည့်နေထိုင်ခွင့်ရထားသူကျောင်းသားများနှင့် အစိုးရနှင့် အစိုးရအထောက်အပံ့ခံကျောင်းများတွင် ပညာသင်နေသော နိုင်ငံတကာကျောင်းသားများအတွက် ကျောင်းလခများကို လာမည့် ၂၀၁၃ ဇန်နဝါရီလမှစ၍ တိုးမြှင့်သွားတော့မည်ဟု သိရသည်။ PR ရထားသော ကျောင်းသားများအတွက် လစဉ်ကျောင်းလခမှာ စင်ကာပူဒေါ်လာ ၅၀ မှ ၈၀ ကြား ထပ်တိုးပြီး နိုင်ငံတကာကျောင်းသားများအတွက် စင်ကာပူဒေါ်လာ ၁၁၅ မှ ၂၅၀ အတွင်း ထပ်တိုးမည်ဟု သိရသည်။

စင်ကာပူနိုင်ငံသားဖြစ်သော ကျောင်းသားများ၏ ကျောင်းလခများမှာမူ ပြောင်းလဲခြင်းမရှိပေ။ စင်ကာပူ ပညာရေးဝန်ကြီးဌာနကအစိုးရနှင့် အစိုးရအထောက်အပံ့ခံကျောင်းများတွင် ပညာသင်နေသော စင်ကာပူနိုင်ငံသားမဟုတ်သည့်ကျောင်းသားများအတွက် ကျောင်းလခသည် နိုင်ငံသားတို့၏ လခနှင့် ဆက်လက်ကွာခြားသွားမည်ဟုဆိုသည်။ ထို့ပြင်လာမည့်နှစ် ဇန်နဝါရီလမှစ၍ ကျောင်းသားအားလုံးအတွက် လစဉ်အထွေထွေ ကျောင်းလခကိုလည်း မြှင့်တင်သွားမည်ဟုဆိုသည်။

အသစ်ပြင်ဆင်ထားသော အထွေထွေစရိတ်များကို အခြေခံပညာအဆင့်နှင့် စင်ကာပူဒေါ်လာ ၁ ဒသမ ၀၀ သို့လည်းကောင်း၊ အလယ်တန်းအဆင့်၌ ၂ ဒေါ်လာသို့လည်းကောင်း၊ တက္ကသိုလ်ဝင်တန်းအဆင့်၌ ၂ ဒသမ ၅ ဒေါ်လာအဆင့်သို့လည်းကောင်း တိုးမြှင့်ထားသည်။ ငွေကြေးအကူအညီလိုအပ်သော သူများအတွက် ဘဏ္ဍာရေးအကူအညီအစီအစဉ်FASကိုချမှတ်ထားပြီး ကျောင်းလခများ၊ အခြေခံကျောင်းကုန်ကျစရိတ်များဖြစ်သည့် ပြဋ္ဌာန်းစာအုပ်ကြေး၊ ကျောင်းဝတ်စုံကြေးများကို ထောက်ပံ့မည်ဖြစ်သည်။

FAS အစီအစဉ်အရ တစ်လလျှင် ဝင်ငွေစုစုပေါင်း စင်ကာပူဒေါ်လာ ၂,၅၀၀ မကျော်သော အိမ်ထောင်စုမှ စင်ကာပူကျောင်းသားများသည် ထောက်ပံ့ကြေးရမည်ဟု သိရသည်။

—Ref: CNA


7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012



## Leader's Profile

### အီဂျစ်သမ္မတသစ်
# မိုဟာမက်မော်စီ

ရဲမင်း

မိုဟာမက်မော်စီသည် အီဂျစ်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၁၂ ဇွန်လတွင် အီဂျစ်နိုင်ငံ၏ သမ္မတအဖြစ်ရွေးချယ်ခံရသည်။

မော်စီအား ၁၉၅၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် အီဂျစ်နိုင်ငံမြောက်ပိုင်း ရှာကီယာပြည်နယ်၌မွေးဖွားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကိုင်ရိုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင်ယင်းတက္ကသိုလ်မှပင် မဟာဘွဲ့ရရှိခဲ့သည်။ ယင်းနောက် ၁၉၈၂ခုနှစ်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတောင်ပိုင်းတက္ကသိုလ်မှ အင်ဂျင်နီယာဘာသာရပ်ဒေါက်တာဘွဲ့ ရရှိခဲ့သည်။

မစ္စတာမော်စီသည် ၎င်းတက္ကသိုလ်၌ပင် ၁၉၈၂ မှ ၁၉၈၅ ခုနှစ်အထိ လက်ထောက်ပါမောက္ခအဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် အီဂျစ်နိုင်ငံသို့ ပြန်လာကာ ဇာဂါဇစ်တက္ကသိုလ်တွင်သင်ကြားပို့ချခဲ့သည်။

မစ္စတာမော်စီသည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ အီဂျစ်ပါလီမန်အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သမ္မတဟိုစနီမူဘာရက်လက်ထက်တွင် မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့မှာနိုင်ငံရေးမှ ပိတ်ပင်ခံရသောကြောင့် မစ္စတာမော်စီမှာ တစ်သီးပုဂ္ဂလလွတ်လပ်သော ကိုယ်စားလှယ်အဖြစ်ပါလီမန်သို့ ဝင်ရောက်ခဲ့ရသည်။ ၂၀၁၁ ခုနှစ် လွတ်လပ်မှုနှင့် တရားမျှတမှု ပါတီအား ထူထောင်ချိန်အထိ မစ္စတာမော်စီသည် မွတ်ဆလင်ဘရာသားဟုဒ် ဦးဆောင်လမ်းညွှန်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ လွတ်လပ်မှုနှင့် တရားမျှတမှု ပါတီသစ်ဖွဲ့စည်းချိန်တွင် ယင်းပါတီသစ်၏ ပထမဦးဆုံးဥက္ကဋ္ဌအဖြစ်မွတ်ဆလင်ဘရားသားဟုဒ်၏ ဦးဆောင်လမ်းညွှန်အဖွဲ့က ရွေးကောက်တင်မြှောက်ခဲ့သည်။

၂၀၁၂ ခုနှစ်သမ္မတရွေးကောက်ပွဲ၌ မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့၏ ဦးဆောင်ကိုယ်စားလှယ် ကိုင်ရက်အယ်ရှာဘာအား အရည်အချင်းမပြည့်မီဟု သတ်မှတ်ခံရသောအခါ အရန်ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းခံရသူ မိုဟာမက်မော်စီမှာ မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့၏ ကိုယ်စားပြုခေါင်းဆောင်သစ်အဖြစ် ပေါ်ထွက်လာခဲ့သည်။

ယင်းနောက် မူဘာရက်ခေတ်လွန် သမ္မတရွေးကောက်ပွဲ ပထမအကျော့တွင် မစ္စတာမော်စီအတွက် ၂၅ ဒသမ ၅ ရာခိုင်နှုန်းမဲရရှိခဲ့ကြောင်း မဲရုံအထွက်စာတမ်းများက ပြဆိုနေခဲ့သည်။ သမ္မတရွေးကောက်ပွဲကာလတွင် မစ္စတာမော်စီ၏ အစ္စလာမ်သဘောသဘာဝများကို သတိပြုမိခဲ့ကြပြီး ၎င်းကလည်း ပြိုင်ဘက် အာမက်ရှာဖစ်အား မူဘာရက်ခေတ်ကို ဆက်လက်တွဲခိုနေသူအဖြစ်ပုံဖော်ခဲ့သည်။ သမ္မတရွေးကောက်ပွဲဒုတိယအကျော့ယှဉ်ပြိုင်ချိန်တွင် မိုဟာမက်မော်စီက မဲအရေအတွက် ၅၁ ဒသမ ၇၃ ရာခိုင်နှုန်းရရှိပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိကြောင်းအီဂျစ်ရွေးကောက်ပွဲအာဏာပိုင်များက ကြေညာခဲ့သည်။ ယင်းနောက် မိုဟာမက်မော်စီက မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ဥက္ကဋ္ဌအဖြစ်မှနုတ်ထွက်ပြီး အီဂျစ်သမ္မတရာထူးကိုလက်ခံရယူခဲ့သည်။

မစ္စတာမော်စီသည် ဆွန်နီအစ္စလာမ်ဘာသာဝင် တစ်ဦးဖြစ်ပြီး ၎င်း၏ သားသမီးငါးဦးအနက် နှစ်ဦးမှာ အမေရိကန်နိုင်ငံတွင် မွေးဖွားခဲ့၍ အမေရိကန်နိုင်ငံသားများဖြစ်ကြသည်။

—Ref: Wikipedia

# Apple က အာရှ ၁၂ နိုင်ငံအတွက် သီချင်းနှင့် ရုပ်ရှင်များ စတင်ရောင်းချ

**စင်ကာပူ၊ ဇွန် - ၂၇**
Apple ကုမ္ပဏီက ၎င်း၏ iTunes စတိုးတွင် အာရှတိုက်မှ ၁၂ နိုင်ငံအတွက် တေးဂီတနှင့် ရုပ်ရှင်များ ထပ်မံထည့်သွင်းလိုက်ပြီး ယင်းနိုင်ငံများမှ သုံးစွဲသူများသည် Apple iTunes စတိုးမှနေ၍ ဝယ်ယူနိုင်ပြီဖြစ်သည်။

ထပ်မံပေါင်းထည့်လိုက်သော အာရှ ၁၂ နိုင်ငံမှာ စင်ကာပူ၊ ဟောင်ကောင်၊ မကာအို၊ မလေးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ ထိုင်း၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် သီရိလင်္ကာနိုင်ငံတို့ဖြစ်သည်။

ယခုအခါ သုံးစွဲသူများသည် Apple စတိုးမှနေ၍ သီချင်းတစ်ပုဒ်လျှင် ၁ ဒသမ ၂၈ စင်ကာပူဒေါ်လာ ဈေးနှုန်းဖြင့် ဝယ်ယူနိုင်သလို ရုပ်ရှင်ကားတစ်ကားလျှင် ၄ ဒသမ ၉၈ စင်ကာပူ ဒေါ်လာဖြင့် ဝယ်ယူနိုင်သည်။ ပုံရိပ်ကြည်လင်ပြတ်သားသော HD ရုပ်ရှင်များဆိုလျှင် စင်ကာပူဒေါ်လာ ၂၄ ဒသမ ၉၈ အထိ ကျသင့်မည်ဖြစ်သည်။

Apple ၏ ဝက်ဘ်ဆိုက်တွင် လူကြိုက်များသော အာရှတေးဂီတာပညာရှင်များကိုလည်း ဦးစားပေးထားပြီး ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ Wonder Girls၊ ထိုင်းနိုင်ငံမှ Potato ဂီတအဖွဲ့များ၏ ဂီတနှင့် လက်ရွေးစင်သီချင်းများ ထည့်သွင်းထားသည်။ အာရှနိုင်ငံများအား မထည့်သွင်းမီ နိုင်ငံပေါင်း ၅၀ တွင်သာ ၎င်း၏ iTunes စတိုးမှတေးဂီတနှင့် ရုပ်ရှင်များဝယ်ယူနိုင်ကြောင်း သိရသည်။

—Ref: Today

# ရုံးလုပ်ငန်း လူမှုကွန်ရက်ကုမ္ပဏီ Yammer ကို မိုက်ကရိုဆော့ဖ်ဝယ်ယူ

**နယူးယောက်၊ ဇွန် - ၂၆**
နည်းပညာကုမ္ပဏီကြီး မိုက်ကရိုဆော့ဖ်သည် ရုံးလုပ်ငန်းဆိုင်ရာ လူမှုကွန်ရက်ဝက်ဘ်ဆိုက် ကုမ္ပဏီ Yammer အားဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖြင့် ဝယ်ယူခဲ့ကြောင်း သိရသည်။ အဆိုပါကုမ္ပဏီသည် သက်တမ်းလေးနှစ်ရှိပြီဖြစ်ပြီး အသုံးပြုသူ ငါးသန်းရှိသည်။ ဝက်ဘ်ဆိုက်မှာဖေ့စ်ဘွတ်ခ်ကဲ့သို့ပင်ဖြစ်ပြီး ကုမ္ပဏီအချင်းချင်း လူမှုကွန်ရက်ဆက်သွယ်ရေးကို ဆောင်ရွက်ပေးသည်ဟု ဆိုသည်။ Yammer လူမှုကွန်ရက်ဝက်ဘ်ဆိုက်ကို ဖို့ဒ်ကဲ့သို့သော ကားကုမ္ပဏီကြီးများနှင့် ဒယ်လွိုက်ကဲ့သို့သော စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများက အသုံးပြုနေကြသည်။

မိုက်ကရိုဆော့ဖ်သည်၎င်း၏ ဆော့ဖ်ဝဲ ထုတ်ကုန်များ ပိုမိုအားကောင်းရေးအတွက် Yammer ကို ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ မိုက်ကရိုဆော့ဖ်သည် ပြီးခဲ့သည့်နှစ်က အင်တာနက်ဆက်သွယ်ရေးလုပ်ငန်းကုမ္ပဏီ Skype အား ဝယ်ယူခဲ့ပြီး ကုမ္ပဏီ၏ ထုတ်ကုန်များအတွင်း ပေါင်းစပ်ခဲ့သည်။

—Ref: BBC

## နောက်ကျောဖုံး - အမေရိကန် အရှေ့ပိုင်း မုန်တိုင်းကြောင့် လူသုံးသန်းခန့် လျှပ်စစ်မီးပြတ်တောက်မှုကြုံတွေ့ မှ

ဝါရှင်တန်မြို့တော်အပါအဝင် အခြားမြို့များတွင် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရန်မှာ ရက်ပေါင်းများစွာကြာမြင့်ဦးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တစ်ချိန်တည်းမှာပင် ဇူလိုင် ၂ရက်နှင့် ၃ရက်များတွင်လေပြင်းမုန်တိုင်းများ ထပ်မံကျရောက်နိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ပြောကြားသည်။

ယခုတိုက်ခတ်ခဲ့သော မုန်တိုင်းမှာသုံးရက်ခန့်ကြိုတင်သတိပေးလက္ခဏာများ ပြသတတ်သောဟာရီကိန်းမုန်တိုင်းကဲ့သို့ မဟုတ်သော်လည်း ဟာရီကိန်းမုန်တိုင်းကဲ့သို့ပင် အပျက်အစီးများ ဖြစ်ပေါ်စေခဲ့ကြောင်း မေရီလန်းပြည်နယ်အုပ်ချုပ်ရေးမှူးမာတင်အိုမော်လီက ပြောသည်။ ယင်းမုန်တိုင်းများကြောင့် အမေရိကန်နိုင်ငံမြို့တော် ဝါရှင်တန်ဒီစီတွင် သစ်ပင်ကြီးများ ပြိုလဲ၍ ကားများပေါ်ပိကာ လမ်းများလည်း ပိတ်ဆို့ခဲ့သည်။ လူပေါင်း ၁၇ ဦး သေဆုံးခဲ့ရာတွင် အများစုမှာ သစ်ပင်များ အိမ်များ၊ ကားများပေါ် ပြိုလဲကျရာမှ သေဆုံးခဲ့ကြခြင်းဖြစ်သည်။

မုန်တိုင်းများကြောင့် မိုဘိုင်းဖုန်းနှင့် အင်တာနက်လိုင်းများလည်း ပြတ်တောင်းပြတ်တောင်းသာဆက်သွယ်နိုင်ပြီး ဓာတ်ဆီဆိုင်များကို ပိတ်ထားရသည်။ မုန်တိုင်းနယ်မြေတွင် နေထိုင်သူများ ရေကိုချွေတာသုံးစွဲရန် တာဝန်ရှိသူများကအကြံ ပေးထားသည်။

တာဝန်ရှိသူများက ကလေးများ၊ နာမကျန်းဖြစ်သူများနှင့် သက်ကြီးရွယ်အိုများကို အဓိကထားကယ်တင်နေပြီး လူအချို့မှာ ဈေးဝယ်စင်တာများ၊ ရုပ်ရှင်ရုံများနှင့်အခြားလေအေးပေးစက်အားကောင်းသော နေရာများတွင် ခိုလှုံနေကြကြောင်းသိရသည်။

—Ref: AP

## နောက်ကျောဖုံး - ဆယ့်နှစ်နှစ်ကြာ အာဏာလက်လွှတ်ခဲ့ရသော မက္ကဆီကိုပါတီ သမ္မတရွေးကောက်ပွဲတွင် တစ်ကျော့ပြန်အနိုင်ရရှိ မှ

ယင်းနောက်များမကြာမီမှာ ပင်ပီနာနီယက်တို၏ ရွေးကောက်ပွဲမန်နေဂျာ လူးဝစ်ဗီဒါဂါရေးက ရွေးကောက်ပွဲ အနိုင်ရရှိပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

“အပြတ်အသတ် အောင်ပွဲခံခဲ့ပါတယ်”ဟု ဗီဒီဂါရေးက ပြောကြားရင်း PRI သည် အထက်လွှတ်တော်၌ လူများစုနေရာရရှိပြီးအောက်လွှတ်တော်ကိုလည်း စိုးမိုးနိုင်မည်ဟု မျှော်လင့်ထားကြောင်းပြောသည်။ PRI ပါတီသည် မက္ကဆီကိုနိုင်ငံအား ၇၁ နှစ်ကြာအုပ်ချုပ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် အာဏာလက်လွှတ်ဆုံးရှုံးခဲ့သည်။ ယခုနှစ်တွင် PRI ပါတီအားကိုယ်စားပြုယှဉ်ပြိုင်စဉ်အတွင်း မက္ကဆီကို၏ တစ်ခုတည်းသော နိုင်ငံပိုင် Pemex ရေနံကုမ္ပဏီအား နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဖွင့်ပေးမည်၊ အခွန်အတုတ်များ တိုးမြှင့်မည်၊ အလုပ်သမားဈေးကွက်အားပွင့်လင်းလာအောင်လုပ်ဆောင်မည်ဟုမစ္စတာပီနာနီယက်က ကတိကဝတ်များပေးခဲ့သည်။

—Ref: Reuters

## နောက်ကျောဖုံး - ဆီးရီးယားတွင် တိုက်ပွဲများ ပြင်းထန်နေ မှ

၁၆ လတာကြာမြင့်ခဲ့ပြီဖြစ်သော ဆီးရီးယားအုံကြွမှုတွင် လူပေါင်း ၁၀,၀၀၀ ကျော်သေဆုံးခဲ့ပြီဖြစ်ပြီး ပြင်းထန်သော တိုက်ခိုက်မှုများနှင့် ပစ်ခတ်မှုများမှာ ဆီးရီးယားမြို့တော်အနီးသို့ပင် ရောက်ရှိလာခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့များက တူရကီဂျက်လေယာဉ်တစ်စီးအား ပစ်ခတ်ခဲ့ပြီးနောက်ပိုင်း ဆီးရီးယားနှင့်တူရကီနယ်စပ်တွင်လည်း တင်းမာမှုများ ရှိလာခဲ့သည်။

ဇာမယ်ကာဒေသ၌ အသုဘအခမ်းအနားတစ်ခုတွင် လုံခြုံရေးတပ်ဖွဲ့များက မော်တာပုံးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် လူ ၄၀ ကျော်သေဆုံးခဲ့ကြောင်းအတိုက်အခံအားပေးထောက်ခံသူ ဆူဆန်အာမတ်က ဒမတ်စကပ် ဆင်ခြေဖုံးမှ ဖုန်းဖြင့် ပြောကြားသည်။

အစိုးရတပ်ဖွဲ့များက သူပုန်များအား ရှင်းလင်းရန် ဒမတ်စကပ်မြို့ပြင်ပရှိလူငါးသိန်း နေထိုင်သော ဇာမယ်ကာနှင့် ဒိုမာဒေသများအား ဝင်ရောက်စီးနင်းခဲ့ပြီးနောက် ယင်းဒေသများမှာလူသူကင်းမဲ့နေသော တစ္ဆေမြို့တစ်မြို့ကဲ့သို့ ဖြစ်နေကြောင်း ဆူဆန်အာမက်က ဆက်လက်ပြောကြားသည်။

—Ref: Reuters

## နောက်ကျောဖုံး - ဩစတြေးလျနှင့် အင်ဒိုနီးရှားဆွေးနွေးပွဲ ရွှေ့ပြောင်းနေထိုင်သူများအရေး လွှမ်းမိုးဖွယ်ရှိ မှ

ခရီးသည် ၅,၂၅၀ ခန့်ရောက်ရှိလာခဲ့သည်။ ယင်းခိုလှုံခွင့်တောင်းခံသူအများစုမှာ အာဖဂန်နစ္စတန်နှင့် အီရန်ကဲ့သို့နိုင်ငံများမှ ထွက်ပြေးလာကြပြီး အင်ဒိုနီးရှားနိုင်ငံမှ တစ်ဆင့် ဩစတြေးလျသို့ လှေဖြင့် လာရောက်ကြခြင်းဖြစ်သည်။

—Ref: AFP

TRADEMARK CAUTION
Fonterra Brands (Singapore) Pte Limited., at 1 Pickering Street, #06-01, Great Eastern Centre, Singapore 048659, Singapore is the Owner and Sole Proprietors of the following Trade mark:-

ANMUM

Reg.No. 4/5924/2008
In respect of : Int'l Class 29: "Infants' and invalids' goods; milk, butter, cheese, milk powder, milk beverages, milk products; edible oils and fats; food spreads; proteins and protein products; products used as ingredients in the production of foodstuffs.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 5.July.2012

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012



Photo : AFP

# “လူသားမျိုးနွယ်ရဲ့ ဒုက္ခကို မော်ကွန်းထိုးလောက်တဲ့ အတိုင်းအတာနဲ့ကို မျက်မြင်ကြုံတွေ့နေရပါတယ်”

## ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး အန်တိုနီယိုဂူတာရက်စ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအဖွဲ့လို့ခေါ်ကြတဲ့ UN High Commissioner for Refugees (UNHCR) ဟာ ကမ္ဘာပေါ်မှာ စစ်ရေး၊ နိုင်ငံရေး ပဋိပက္ခတွေကြောင့် အဓိကအကူအညီပေးနေတဲ့ အဖွဲ့အစည်းကြီး တစ်ရပ်ဖြစ်ပါတယ်။ ယခုအခါ စာရင်း ဇယားတွေအရ ကမ္ဘာကြီးမှာတစ်နေ့တခြား ခိုလှုံသူတွေ ပေါ များလာကာ ၎င်းတို့အတွက် အကူအညီပေးရေးဟာလည်း အရေးပေါ်အခြေအနေရောက်ရှိလာနေတာပါ။ ကမ္ဘာတစ်ဝန်းမှာ ပြီးခဲ့တဲ့ ငါးနှစ်ဆက်တိုက်ကာလအတွင်း အတင်းအဓမ္မနေရာ ရွှေ့ပြောင်းခံရတဲ့ ဒုက္ခသည်ဦးရေဟာ ယခုအခါ ၄၂ သန်းကျော်အထိရှိလာနေပါပြီ။ ဒီအချက်က မငြိမ်းချမ်းတဲ့ကမ္ဘာရဲ့ စိတ်ပျက်စရာ အမှန်တရားကို အားလုံးသတိထားမိအောင် ပြသနေတဲ့သဘောပါ။

ဒါ့ကြောင့် ယူရိုသတင်းဟာ UNHCR အဖွဲ့ကြီးရဲ့ အကြီးအကဲဖြစ်တဲ့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအန်တိုနီယို ဂူတာရက်စ်နဲ့ တွေ့ဆုံကာ လက်ရှိမှာ ကမ္ဘာတစ်ဝန်းက ဒုက္ခသည်တွေရင်ဆိုင်နေရတဲ့ အနေအထားတွေကို သိရအောင် မေးမြန်းထားပါတယ်။ ယခင်က ပေါ်တူဂီဝန်ကြီးချုပ် အဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးသူ မဟာမင်းကြီးဂူတာရက်စ်ကတော့ ဒီတွေ့ဆုံခန်းမှာ ဒုက္ခသည်တွေအတွက် အကူအညီအထောက်အပံ့တွေပေးအပ်နိုင်နေတာတောင်မှ လူတစ်ဦးအဖို့ ဒုက္ခသည်စခန်းထဲမှာ ရှင်သန်နေရခြင်းဟာ အမြဲပဲ ချောက်ချားစရာကိစ္စတစ်ရပ်ပါလို့ ဆိုထားပါတယ်။

**မစ္စတာအန်တိုနီယို ဂူတာရက်စ်ခင်ဗျာ။ ဆက်တိုက် ငါးနှစ်မြောက်အဖြစ် ကမ္ဘာတစ်လွှားမှာ အတင်းအဓမ္မ နေရာရွှေ့ပြောင်းခံရတဲ့ လူအရေအတွက်ဟာ ၄၂ သန်းကျော်လာခဲ့ပါပြီ။ ဒီဖြစ်ရပ်ကနေ ကျွန်တော်တို့ဘာများ နားလည်သဘောပေါက်နိုင်စရာ ရှိပါသလဲ။**

ဒီကိစ္စက အချက်နှစ်ချက်ပေါင်းစပ်ထားမှုလို့ကျွန်တော်ထင်ပါတယ်။ တစ်ဖက်မှာက အကျပ်အတည်းသစ်တွေ အရေအတွက်တိုးလာတာပါ။ ၂၀၁၁ နှစ်ဆန်းကတည်းက အိုင်ဗရီကို့စ်၊ လစ်ဗျား၊ ယီမင်၊ ဆီးရီးယား၊ အာဖရိကဦးချိုဒေသဖြစ်တဲ့ ဆိုမာလီယာတို့နဲ့ မကြာသေးမီကပဲ ဆူဒန်၊ တောင်ဆူဒန်နဲ့ မာလီတို့မှာ ပဋိပက္ခတွေဖြစ်လာနေခဲ့တယ်။ ပြီးတော့ တစ်ချိန်တည်းမှာပဲအကျပ်အတည်းဟောင်းတွေကလည်း ပြီးဆုံးမယ့်ပုံ မပေါ်သေးဘူး။ အာဖဂန်မှာ ပြဿနာတွေဆက်၊ ဆက်ဖြစ်နေတုန်း။ ဆိုမာလီယာနဲ့ ကွန်ဂိုတို့မှာလည်း အဲဒီအတိုင်း။ ပြီးတော့ကမ္ဘာ့ဒုက္ခသည်အားလုံးရဲ့ ၇၀ ရာခိုင်နှုန်းကျော်က ဒုက္ခသည်ဖြစ်နေတာ အချိန်ငါးနှစ်ကျော်ကြာနေပြီလေဗျာ။

**ကမ္ဘာတစ်ဝန်း စီးပွားရေးအခြေပျက်မှုက ဒုက္ခသည်တွေအတွက် ကူညီထောက်ပံ့ပေးနေမှုကို ထိခိုက်မှုရှိပါသလား။**

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းက သက်ရောက်မှုနှစ်ခုကို ဖန်တီးထားပါတယ်။ အဲဒါက အကူအညီလိုအပ်နေတဲ့ လူတွေအတွက် လူသားချင်းစာနာတဲ့ အထောက်အပံ့ ပမာဏကိုလျှော့ချလိုက်ရုံမျှမက အခြေအနေ တော်တော်များများမှာ မတည်ငြိမ်မှုနဲ့ ပဋိပက္ခတွေကိုလည်း ဖြစ်စေခဲ့ပါတယ်။ ဒီကိစ္စမှာ ရှင်းလင်းတဲ့ အချိတ်အဆက်ရှိပြီးသားပါ။ ဥပမာအားဖြင့် စားသောက်ကုန်စျေးနှုန်းတွေ မြင့်တက်လာပြီဆိုရင် မြို့ပြအဆင့်မှာ လူမှုမတည်ငြိမ်မှုတွေ ဖြစ်တော့တာပဲလေ။

**ဒီတော့ ကူညီပေးဖို့ တောင်းဆိုတာတွေ များနေပြီး ရတဲ့ငွေက တော့နည်းနေတယ်ပေါ့။ UNHCR ဟာဒီကိစ္စကို ဘယ်လိုကိုင်တွယ်နေပါသလဲ။**

လတ်တလောမှာတော့ တစ်ချိန်တည်းမှာဖြစ်နေတဲ့ တကယ့်ကြီးကြီးမားမားနေရာ ရွှေ့ပြောင်းခံရမှု အကျပ်အတည်းကြီးသုံးခု ဖြစ်နေတယ်။ ဆီးရီးယား၊ ဆူဒန်နဲ့ တောင်ဆူဒန်၊ မာလီတို့မှာပါ။ ဒီအချက်က ကျွန်တော်တို့ကို ကိုယ်တတ်နိုင်သမျှ လူများများဖြန့်ကြက်ပြီးကိုယ့်မိတ်ဖက်တွေ၊ ဘဏ္ဍာရေးရင်းမြစ်တွေဆီကနေ တိုးတက်လုပ်ဆောင်ပေးဖို့ တောင်းဆိုနေရတာဟာ တကယ့်အဓိကအချက်ပါပဲ။ သေလုမျောပါးအနေအထားမှာ ရှိနေတဲ့ လူအများကြီးရဲ့ လိုအပ်ချက်တွေကို တုံ့ပြန်နိုင်ဖို့ သိပ်ခက်ခဲတဲ့ အနေအထားတစ်ရပ်ထဲ ကျွန်တော်တို့ ရောက်နေပါတယ်။ ကျွန်တော်ပြောနိုင်တာကတော့ ကျွန်တော်တို့ဟာ လူသားမျိုးနွယ်ရဲ့ ဒုက္ခကို မော်ကွန်းထိုးလောက်တဲ့ အတိုင်းအတာနဲ့ကိုမျက်မြင်ကြုံတွေ့နေရတယ်ဆိုတာပါပဲ။

**ဆီးရီးယားဒုက္ခသည်တွေဟာ နေ့တိုင်းနီးပါးကို အိမ်နီးချင်းနိုင်ငံတွေထဲ ဝင်ရောက်နေကြပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဒီပြဿနာကို ဟန့်တားနိုင်ဖို့ ပိုလုပ်ဆောင်သင့်တယ်လို့ လူကြီးမင်းထင်ပါသလား။**

UNHCR အဖွဲ့အနေနဲ့တော့ ကျွန်တော်တို့မှာ နိုင်ငံရေးအရ ဖြေရှင်းချက်မရှိနိုင်ပါဘူး။ ဒါပေမဲ့ အဲဒီကိစ္စမှာ လူသားချင်းစာနာထောက်ထားမှု အခြေခံဖြေရှင်းချက်မျိုး မရှိဘူးဆိုတာကို ကျွန်တော်တို့သိထားတာပဲလေ။ ပြဿနာက ယနေ့ကမ္ဘာမှာ ဘာဖြစ်နေသလဲဆိုတာ ခင်ဗျားကြည့်လိုက်ရင် နိုင်ငံတကာအသိုင်းအဝိုင်းဟာပဋိပက္ခတွေကို ဟန့်တားနိုင်ဖို့ကန့်သတ်စွမ်းဆောင်ရည်ပဲ ရှိထားပြီး အချိန်မီ ပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့လည်း ကန့်သတ်စွမ်းဆောင်ရည်ပဲ ရှိထားပါတယ်။

**ဆီးရီးယားပြည်သူတွေရဲ့ အစုလိုက်အပြုံလိုက် ထွက်ပြေးခြင်းကိစ္စဟာ အိမ်နီးချင်းနိုင်ငံတွေအပေါ် ဖိအားတွေပေးလာနေပါတယ်။ ဒုက္ခသည်တွေကို ကူညီဖို့ဘယ်သူတွေက ငွေထုတ်ပေးနေပါသလဲ။**

ဒီကိစ္စက တစ်နိုင်ငံနဲ့ တစ်နိုင်ငံစီမှာ ကွဲပြားတဲ့ အခြေအနေရှိတယ်။ တူရကီဟာ သူ့တာဝန်ကိုယူနေပြီး ဒုက္ခသည်တွေကို ကာကွယ်မှုပေးနေပါတယ်။ လက်ဘနွန်နဲ့ ဂျော်ဒန်မှာတော့ ကျွန်တော်တို့ဒေသခံအာဏာပိုင်တွေရော၊ အစိုးရနှစ်ဖွဲ့စလုံးနဲ့သာမက အခြားကုလသမဂ္ဂအဖွဲ့တွေဖြစ်ကြတဲ့ ကြက်ခြေနီအဖွဲ့၊ လခြမ်းနီအဖွဲ့၊ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ လှူဒါန်းထောက်ပံ့မှုနဲ့ လုပ်နေတဲ့ အင်န်ဂျီအိုအဖွဲ့တွေနဲ့ပါ ပူးပေါင်းပြီး လူတွေကို သူတို့လိုအပ်တဲ့ ထောက်ပံ့မှုတွေ ပေးနိုင်အောင် လုပ်ဆောင်နေပါတယ်။ ဆီးရီးယားကတော့ လူတိုင်းသတိပြုမိတဲ့ နိုင်ငံလို့ ထင်ပါတယ်။ မာလီကတော့ ပြောရရင် အများကြီးပိုခက်ခဲတယ်။ နေရာရွှေ့ပြောင်းခံရခြင်း ရှုထောင့်ကကြည့်မယ်ဆို ဒုက္ခသည်တွေအများကြီးပဲ။ ဆီးရီးယားထက်နှစ်ဆရှိတယ်။

**အာဖရိကတိုက်မှာ UNHCR အဖွဲ့အတွက် အဓိကစိုးရိမ်ရဆုံးနေရာက ဘယ်နေရာများဖြစ်မလဲ။**

လက်ရှိအာဖရိကမှာဆို အကျပ်အတည်းတွေ အများကြီးပဲ။ ဒါပေမဲ့ လေးနေရာလောက် ကျွန်တော်ပြောချင်တယ်။ ဆူဒန်၊ တောင်ဆူဒန်။ အဲဒီမှာဆို အခုဆူဒန်က ထွက်ပြေးလာတဲ့ ဒုက္ခသည် ၁၉၀,၀၀၀ လောက်က တောင်ဆူဒန်နဲ့ အီသီယိုးပီးယားထဲမှာ။ ဆိုမာလီယာမှာလည်း အဲဒီက ဒုက္ခသည် တစ်သန်းလောက်က ကင်ညာ၊ အီသီယိုးပီးယားနဲ့ ယီမင်မှာပဲ။ ပြီးတော့ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံကတော့ ယနေ့ခေတ်မှာ အဆိုးဝါးဆုံး လူ့အခွင့်အရေးချိုးဖောက်မှုတွေဖြစ်နေတဲ့ နေရာမျိုးပဲ။ နိုင်ငံအရှေ့ပိုင်းမှာ မိန်းမတွေရဲ့ အခြေအနေဟာဆိုရင် မုဒိမ်းမှုတွေ၊ ဒါဟာ သိပ်ဆိုးဝါးဇာတ်နာလွန်းတဲ့ အခြေအနေပဲပေါ့။ မာလီမှာဆိုရင်လည်း နိုင်ငံမြောက်ပိုင်းမှာ ဖြစ်ပျက်နေတာတွေကို ကြည့်လိုက်ရင် သူပုန်ထမှုရှိနေပြီး အဲဒီက လက်နက်တွေ၊ တပ်သားတွေက လစ်ဗျားက လာကြတာ။ ဒေသခံရော၊ ဘာသာရေးမဆန်တဲ့ပုံစံရော၊ အစွန်းရောက်အစ္စလာမ်မစ် အခြေခံပုံစံရော၊ နိုင်ဂျီးရီးယားက ဘိုကိုဟာရမ်အဖွဲ့ရောစသဖြင့် သူပုန်အဖွဲ့အမျိုးမျိုးရှိနေတယ်။ လစ်ဗျားကနေ နိုင်ဂျီးရီးယားအထိ၊ မော်ရီတန်းနီးယားကနေ ဆိုမာလီယာအထိမှာ တစ်ပုံစံတည်းထဲ အကျပ်အတည်းဖြစ်နိုင်မယ့် အန္တရာယ်ရှိနေပြီး အဲဒီမှာ ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဟာ သိပ်ကိုပျက်စီးနိုင်မယ့် အခြေအနေဖြစ်နေတယ်လို့ ကျွန်တော်ကတော့ ယုံကြည်နေတယ်။

**အာဖရိက ဦးချိုဒေသမှာ ရေလွှမ်းမိုးမှုနဲ့ ငတ်မွတ်မှုပြဿနာကို ကမ္ဘာကြီးဟာ မှန်ကန်စွာ တုံ့ပြန်ကိုင်တွယ်နေပါပြီလား။**

ကြီးမားတဲ့ တုံ့ပြန်မှုတော့ရှိတယ်။ ကျွန်တော်တို့ရဲ့ မောင်နှမအဖွဲ့အစည်းနှစ်ခုဖြစ်တဲ့ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် WFP နဲ့ UNICEF အဖွဲ့တွေဟာ အားကြီးမာန်တက် ပါဝင်ဆောင်ရွက်နေပါတယ်။ ဒါပေမဲ့ပြဿနာရဲ့ အတိုင်းအတာက ဒီလိုမျိုးတုံ့ပြန်မှုကြီးကြီးနဲ့ဆောင်ရွက်တာတောင်မှ အထူးသဖြင့် အလှူရှင်တွေရဲ့ ထောက်ပံ့မှုမရှိခဲ့ရင်တောင် စိန်ခေါ်မှုကို အပြည့်အဝ ရင်ဆိုင်နိုင်ဖို့ မလွယ်လှဘူး။

**ဒုက္ခသည်တွေရဲ့ အခြေအနေ တိုးတက်ကောင်းမွန်လာနေတဲ့ဒေသ တစ်ခုရော မရှိဘူးလား။**

အခုတော့ မြန်မာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ မျှော်လင့်ထားတယ်။ မကြာသေးမီက မွတ်ဆလင်နဲ့ဗုဒ္ဓဘာသာဝင်တွေ ထိပ်တိုက်တွေ့မှုဖြစ်ခဲ့တာတွေကတော့ ကျွန်တော်တို့အဖို့ ကြီးကြီးမားမားစိတ်ပူစရာ ဖြစ်ခဲ့တာပေါ့။ ဒါပေမဲ့ ငြိမ်းချမ်းရေး သဘောတူညီချက် ဒါမှမဟုတ် အပစ်အခတ်ရပ်စဲရေးတွေကို နိုင်ငံတွင်းမှာပုန်ကန်နေတဲ့ အခြားတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများစွာနဲ့ လက်မှတ်ရေးထိုးထားပြီးကြပါပြီ။ ဒီတော့ မကြာမီအနာဂတ်မှာ အထူးသဖြင့် အခုထိုင်းမှာရှိနေတဲ့ ဒုက္ခသည်ငါးသိန်းပေါ့လေ။ သူတို့အတွက်တော့ အခြေအနေတွေကောင်းတာနဲ့အမျှ လုံခြုံမှုရှိရှိ၊ ဂုဏ်သိက္ခာရှိရှိနိုင်ငံတွင်းပြန်လာနိုင်မယ့် အခွင့်အလမ်းရှိလာမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

**တချို့သော ဒုက္ခသည်စခန်းတွေဟာ ဆယ်စုနှစ်ပေါင်းများစွာ တည်ရှိနေခဲ့ကြပါတယ်။ ပါကစ္စတန်က စခန်းတွေလို (သို့မဟုတ်) ကင်ညာက ဒါဒတ်စခန်းတွေလို မျိုးပေါ့။ သူတို့အတွက် ဖြေရှင်းချက်တွေ ရှိနေပြီလား။ ဒါမှမဟုတ် သူတို့တင်းပြည့်ကျပ်ပြည့်ရာသက်ပန်ဒုက္ခသည်တွေ ဖြစ်လာနေကြပြီလား။**

ဖြေရှင်းချက်ဆိုတာ နိုင်ငံရေးဆိုင်ရာ ကိစ္စပါပဲ။ ကျွန်တော်အာမခံပြောနိုင်တာကတော့ ကျွန်တော်တို့တကယ်ကောင်းကောင်းလုပ်ပေးပြီး အထောက်အပံ့တွေလည်း မှန်မှန်ကန်ကန်ပေးနေနိုင်တာတွေတောင်မှ ဒုက္ခသည်စခန်းမှာနေရတယ်ဆိုတာ အမြဲပဲ ချောက်ချားစရာ ကိစ္စတစ်ရပ်ပါ။

**နောက်ဆုံးအနေနဲ့ ကျွန်တော်ကလည်း ပေါ်တူဂီနိုင်ငံသားတစ်ဦးဆိုတော့ ဒီမေးခွန်းလေး မေးပါရစေ။ လူကြီးမင်းဟာ ပေါ်တူဂီဝန်ကြီးချုပ်လုပ်ခဲ့ဖူးတယ်။ တက်ကြွတဲ့ နိုင်ငံရေး ဘဝကို ပြန်လာဖို့ လူကြီးမင်း စဉ်းစားနေပြီလား။ တစ်နေ့သောအခါမှာ ပေါ်တူဂီသမ္မတနေရာအတွက် လူကြီးမင်းကိုယ့်ကိုယ်ကိုယ် ပြင်ဆင်နေပါပြီလား။**

အဖြေကတော့ သိပ်ရိုးရှင်းပါတယ်။ ကျွန်တော်မလုပ်ပါဘူး ခင်ဗျာ။

*—Ref: Antonio Guterres: "we're witnessing human suffering on an epic scale" Euronews*

# Entertainment

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

## မြန်မာ့ရုပ်သံဇာတ်လမ်းတွဲမှာ ပါဝင်မယ့် နန်းမြတ်ဖြိုးသင်း

**ကြူကြူဟန်** **ရန်ကုန်၊ ဇွန်-၂၉**

၂၀၁၀ ပြည့်နှစ်ကတည်းက အကယ်ဒမီဇန်းကိုင်အဖြစ် အနုပညာလောကထဲကိုစတင်ဝင်ရောက်လာသူတစ်ဦးဖြစ်သည့် သရုပ်ဆောင် နန်းမြတ်ဖြိုးသင်းသည် 5 Plus ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည့်မြန်မာ့ရုပ်သံဇာတ်လမ်းတွဲဖြစ်သော “နှစ်ဆယ့်တစ်” ဇာတ်လမ်းတွဲ၌ ပါဝင်ရိုက်ကူးနေကြောင်း နန်းမြတ်ဖြိုးသင်းကပြောသည်။

“5 Plus မှာ လွှင့်မယ့် အဲ့ဒီဇာတ်လမ်းတွဲမှာ ပါဝင်ဖြစ်တာကတော့ ကိုယ့်ကိုဒါရိုက်တာက ကမ်းလှမ်းလို့ပါ။ နန်းမြတ်အနေနဲ့ ဇာတ်လမ်းတွဲလေး ရိုက်ရမယ်ဆိုတော့ စိတ်လည်း စိတ်ဝင်စားပါတယ်။ ဒီနှစ်ပိုင်းထဲမှာမှ မြန်မာ ဇာတ်လမ်းတွဲတွေ လွှင့်လာတယ်ဆိုတော့။ ကိုယ်က စပေါ်ပေါ်ချင်းမှာ စလုပ်ရတဲ့အတွက် ဝမ်းသာပါတယ်။ အခုမြန်မာဇာတ်လမ်းတွဲတွေမှာ ကိုယ်ကိုယ်တိုင်ပါပြီး သရုပ်ဆောင်ရတဲ့အတွက် ပရိသတ်က ဘယ်လိုတုံ့ပြန်မှုရှိမလဲဆိုတဲ့ဟာလေးတော့ ရင်ခုန်မှုလေးရှိနေပါတယ်”ဟု သူမက ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ထို“နှစ်ဆယ့်တစ်”ဇာတ်လမ်းတွဲမှာသူငယ်ချင်းငါးယောက်အကြောင်း ဇာတ်အိမ်ဖွဲ့က ရိုက်ကူးထားသော ဟာသ ဇာတ်လမ်းတွဲဖြစ်ပြီး နန်းမြတ်ဖြိုးသင်းက ပိုက်ဆံချမ်းသာပြီးကပ်စီးနည်းသောကောင်မလေးတစ်ယောက် အဖြစ် သရုပ်ဆောင်ထားသည်။ ထိုဇာတ်လမ်းတွဲတွင် အပိုင်း ၄၈ပိုင်းပါဝင်ပြီး ဩဂုတ်လထဲတွင် ပြသနိုင်ရန် စီစဉ်နေကြောင်း နန်းမြတ်ဖြိုးသင်းကပြောသည်။

သရုပ်ဆောင်ခန့်စည်သူ ဦးစီး၍ဖွဲ့စည်းထားသော မေတ္တာသင်္ဂဟအဖွဲ့နှင့် လူမှုရေးလုပ်ငန်းများတွင် လုပ်ကိုင်ဖြစ်နေခြင်းနှင့်ပတ်သက်ပြီး နန်းမြတ်ဖြိုးသင်းက “ပရဟိတလည်း ဝါသနာပါတယ်။ မေတ္တာသင်္ဂဟအဖွဲ့နဲ့လည်း တစ်ခါတစ်ခါ လှူဖြစ်တယ်။ အဲ့လို မလုပ်ဖြစ်ရင်လည်း အမြဲတမ်းလှူဖြစ်ပါတယ်။ ပညာရေးအတွက်လိုအပ်နေတဲ့ကလေးတွေလည်း အလှူလုပ်ပေး။ ကိုယ်တွေက အနုပညာအလုပ်တွေကို လုပ်နေတယ်။ ကိုယ်ဖြစ်ချင်တာတွေလုပ်နေရတယ်။ ကိုယ်လုပ်ချင်တာကို လုပ်ခွင့်မရတဲ့လူတွေ အများကြီးပါ။ အဲ့လို လူတွေကိုကိုယ်ကတစ်ထောင့်တစ်နေရာကထောက်ပံ့ပေးခွင့်ရမယ် ဆိုရင်ဝမ်းသာပါတယ်” ဟု သူမက ပြောကြားသည်။





ပြည်ပခရီးစဉ်တစ်ခုတွင် ဘောလုံးကွင်းတစ်ကွင်း၌ အမှတ်တရဓာတ်ပုံရိုက်ခဲ့သည့် ကျော်ကျော်ဗို

## နေတိုးနှင့် ကျော်ကျော်ဗို အင်္ဂလန်ရှိဘောလုံးကွင်းများတွင် ခရီးသွားမှတ်တမ်းဇာတ်ကား သွားရောက်ရိုက်မည်

**အေးသူစံ** **ရန်ကုန်၊ ဇွန် - ၂၇**

အင်္ဂလန်နိုင်ငံရှိ ကမ္ဘာကျော် ဘောလုံးကွင်းခြောက်ကွင်းတွင် အကယ်ဒမီနေတိုးနှင့် ကျော်ကျော်ဗိုတို့က ခရီးသွားမှတ်တမ်းဇာတ်ကားများ ဇူလိုင်လတွင်သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါအစီအစဉ်တွင် မန်ချက်စတာယူနိုက်တက်၊ မန်ချက်စတာစီးတီး၊ လီဗာပူး၊ အာဆင်နယ်၊ ချယ်လ်ဆီးနှင့်စပါးအသင်းတို့၏ ဘောလုံးကွင်းများသို့ သွားရောက်မည်ဖြစ်ပြီး ပြည်တွင်းရှိ မြဝတီရုပ်မြင်သံကြားအခမဲ့ရုပ်သံလိုင်းတွင် ပရီးမီးယားလိဂ်ဘောလုံးပွဲများကျင်းပမည့် ဩဂုတ်လ၌ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ယင်းအစီအစဉ်ကို တာဝန်ယူထုတ်လွှင့်မည့် ADMA မှ ကိုဝေမင်း မောင်ကပြောသည်။

“နှင်းဆီအငြိမ့်အတွက် ဥရောပလေးနိုင်ငံခရီးသွားရင်းနဲ့ ဒီမှတ်တမ်းကားလေးရိုက်ခဲ့မှာပါ။ ကျွန်တော် ဘောလုံးကို ဝါသနာပါတယ်။ ဒါကြောင့် ဒီခရီးစဉ်မှာ ဘောလုံးကွင်းတွေရဲ့ Themeကို ကျစ်ကျစ်လျစ်လျစ်နဲ့ရသလောက်အချိန်လေးမှာ ရိုက်သွားမှာပါ” ဟု ကျော်ကျော်ဗိုကပြောသည်။ ပြည်ပခရီးစဉ်များ သွားရောက်သည့်အခါတိုင်းတွင်မှတ်တမ်းမှတ်ရာအဖြစ် ရိုက်ကူးခဲ့ခြင်းများရှိခဲ့သော်လည်း ယခုအစီအစဉ်ကဲ့သို့ အချိန်ယူရသည့်အစီအစဉ်မျိုးရိုက်ကူးရန် အခြေအနေမပေးခဲ့ဘဲ ယခုဥရောပလေးနိုင်ငံခရီးစဉ်တွင်မှ အချိန်တစ်လနီးပါးရရှိခြင်းကြောင့် ရိုက်ကူးရန်စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။ ယခုမှတ်တမ်းကားအတွက် နေတိုးဇာတ်ဝင်ခန်းများကို ကျော်ကျော်ဗိုက မှတ်တမ်းတင်ရိုက်ကူးပေးမည်ဖြစ်ပြီး ကျော်ကျော်ဗိုဇာတ်ဝင်ခန်း များကို နေတိုးက အပြန်အလှန်ရိုက်ကူးပေးကြမည်ဖြစ်သည်။

## The Avengers ဇာတ်ကား ရုပ်ရှင်သမိုင်းတွင် တတိယဝင်ငွေအကောင်းဆုံး ဖြစ်လာ

**လော့စ်အိန်ဂျလိစ်၊ ဇွန် - ၂၇**

ကာတွန်းရုပ်ပြဇာတ်လမ်းကို ပြန်လည်အသက်သွင်းထားသည့် The Avengers ရုပ်ရှင်ဇာတ်ကားသည် ရုပ်ရှင်သမိုင်းတွင် Titanic နှင့် Avator ဇာတ်ကားများပြီးနောက်တတိယမြောက်ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ဇွန် ၂၆ရက်က စံချိန်တင်ခဲ့ကြောင်း သိရသည်။



ဒါရိုက်တာဂျော့စ်ဝီဒန်ရိုက်ကူးပြီး ဝေါ့တ်ဒစ်စနေးကုမ္ပဏီမှထုတ်လုပ်သော ယင်းဇာတ်ကားသည် ပြီးခဲ့သည့်အပတ်အတွင်း အမေရိကန်၌ ဝင်ငွေဒေါ်လာ ခုနစ်သန်းရခဲ့ကာ မေလဆန်းစတင်ပြသခဲ့ချိန်မှစ၍ ယခုအထိ စုစုပေါင်းဝင်ငွေဒေါ်လာ ၅၉၈ သန်းရခဲ့ကြောင်း သိရသည်။

ဒစ်စနေးကယင်းဇာတ်ကားမှမကြာမီရက်ပိုင်းအတွင်း ဝင်ငွေ ဒေါ်လာသန်း ၆၀၀ ကျော်ရရှိရန် မျှော်လင့်ထားသည်။ ယင်းဇာတ်ကားသည် ယခုအခါ တစ်ကမ္ဘာလုံးဝင်ငွေစုစုပေါင်းအဖြစ် ဒေါ်လာ ၁,၄၃၈ ဒသမ ၃ သန်းရရှိထားသည်။ ဇာတ်ကားထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ခန့်မှန်းခြေဒေါ်လာသန်း ၂၂၀ ခန့်ရှိသည်။

The Avengers ဇာတ်ကား သည်ရုံတင်ပြသပြီး သုံးရက်အတွင်း ဝင်ငွေဒေါ်လာသန်း ၂၀၀ အမြန်ဆုံးရခဲ့သည့် စံချိန်ကိုလည်း ရရှိထားသည်။ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားနှစ်ကား မှာ ဒါရိုက်တာဂျိမ်းစ်ကင်မရွန်း၏ Avator(ဒေါ်လာ ၂ဒသမ ၇၈ ဘီလီယံ)နှင့် Titanic(ဒေါ်လာ ၂ဒသမ ၁၉ ဘီလီယံ)ဇာတ်ကားများဖြစ်သည်။

—Ref: Xinhua




# အငြင်းပွားဖွယ်မရှိ ကမ္ဘာ့အကောင်းဆုံး အသင်းအဖြစ် သက်သေပြလိုက်တဲ့ စပိန်

ကိုအေးမြတ်

ကမ္ဘာတစ်ဝန်းက ဘောလုံးပရိသတ်တွေအားလုံး ရင်ခုန်စွာအားပေးခဲ့ရတဲ့ ယူရို ၂၀၁၂ ပြိုင်ပွဲကြီးကတော့ သမိုင်းမှတ်တမ်းသစ်တွေနဲ့ ပြီးဆုံးခဲ့ပါပြီ။

ဒီနှစ်ရဲ့မှတ်တမ်းတွေထဲမှာ အထူးခြားဆုံးကတော့ ချန်ပီယံဖြစ်ခဲ့တဲ့ စပိန်ဟာ ယူရို ၂၀၀၈ တုန်းကလည်း ချန်ပီယံဖြစ်ခဲ့တာမို့ ယူရိုချန်ပီယံဖလားကို ပထမဆုံးအကြိမ် ကာကွယ်သွားနိုင်တဲ့ လက်ရှိချန်ပီယံဖြစ်ခဲ့သလို၊ ၂၀၀၈ ယူရိုချန်ပီယံ၊ ၂၀၁၀ ကမ္ဘာ့ဖလားချန်ပီယံနဲ့ ၂၀၁၂ ယူရိုချန်ပီယံဆု သုံးဆုကို ဆက်တိုက်ရခဲ့တာမို့ ဒီနှစ်ပိုင်းကာလများရဲ့ အငြင်းပွားဖွယ်ရာမရှိ ကမ္ဘာ့အကောင်းဆုံး၊ ခြေစွမ်းအမြင့်ဆုံး ဘောလုံးအသင်းဆိုတာ ပြသနိုင်ခဲ့ပါတယ်။ ဒါ့အပြင် စပိန်ဟာ ယူရိုပြိုင်ပွဲတွေတစ်လျှောက်မှာ ၁၉၆၄၊ ၂၀၀၈ နဲ့ ၂၀၁၂ တို့မှာ ချန်ပီယံဆုသုံးကြိမ်ရရှိဖူးတဲ့အသင်းလည်း ဖြစ်လာခဲ့ပါတယ်။ ဒါ့ကြောင့် စပိန်ဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ဂျာမနီနဲ့အတူ ချန်ပီယံသုံးကြိမ်ဖြစ်တဲ့ အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။



ဒီနှစ် ယူကရိန်း-ပိုလန်ပူးတွဲအိမ်ရှင်လုပ်ခဲ့တဲ့ ယူရို ၂၀၁၂ ပြိုင်ပွဲဟာ မှတ်တမ်းတွေအရ အီတလီ အိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ ယူရို ၆၈ ပြိုင်ပွဲမှာ တစ်ပွဲချင်းပျမ်းမျှ ကြည့်ရှုသူပရိသတ်ဦးရေ၅၉,၈၄၇ ဦးရှိတဲ့စံချိန်နဲ့ အနောက်ဂျာမနီ အိမ်ရှင်လုပ်ခဲ့တဲ့ ယူရို၈၈ ပြိုင်ပွဲမှာ ပျမ်းမျှကြည့်ရှုသူဦးရေ ၅၉,၂၄၃ ဦး စံချိန်တို့နောက် ယူရိုသမိုင်းမှာ တစ်ပွဲချင်းပျမ်းမျှ ကြည့်ရှုသူပရိသတ်ဦးရေတတိယအများဆုံးပြိုင်ပွဲတစ်ရပ်လည်းဖြစ်ခဲ့ပါတယ်။ ယူရို ၂၀၁၂ မှာ တစ်ပွဲချင်းပျမ်းမျှ ကြည့်ရှုသူပရိသတ်ဦးရေ၄၆,၄၈၁ အထိရှိခဲ့ပါတယ်။

ဒီနှစ်ပြိုင်ပွဲမှာ နောက်ထပ်ထူးခြားမှုတစ်ခုကတော့ ဂိုးအများဆုံးသွင်းသူအဖြစ် ရွှေဖိနပ်ဆုရခဲ့တဲ့ စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ဟာပြိုင်ပွဲမှာ အခြားအသင်းများမှ တိုက်စစ်မှူးငါးဦးဖြစ်တဲ့ ဂိုမက်ဇ်(ဂျာမနီ)၊ ဇဂိုယက်ဗ်(ရုရှား)၊ မန်ဂျူလစ်(ခရိုအေးရှား)၊ ဘယ်လော့တယ်လီ(အီတလီ)၊ ရော်နယ်ဒို(ပေါ်တူဂီ)တို့ကို စုစုပေါင်း သုံးဂိုးသာ သွင်းယူနိုင်ခဲ့တာပါ။ ဒါပေမဲ့ ပွဲပါဝင်မှုနှစ်ကြိမ်မှာ သုံးဂိုးရခဲ့ခြင်းဖြစ်ပြီး ဂိုးဖန်တီးပေးမှုတစ်ကြိမ်ပါ ပြုလုပ်နိုင်ခဲ့တာကြောင့် ပါဝင်မှုရော၊ ဖန်တီးမှုပိုင်းသာမက ကစားချိန်ပမာဏအနည်းဆုံး (၁၈၉ မိနစ်)နဲ့လည်း အခြေခံတွက်ချက်လို့ ရွှေဖိနပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားခဲ့တာပါ။

စာ(၅၁)သို့



# အေအက်ဖ်စီ ယူ-၂၂ ဇူလိုင် ၁ ရက်အထိ အသင်း ၉ သင်း ခြေစစ်ပွဲအောင်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ဇူလိုင်-၁

အာရှဘောလုံးအဖွဲ့ချုပ် (AFC)က ယခုနှစ်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် အသက် ၂၂ နှစ်အောက် အာရှဖလားခြေစစ်ပွဲစဉ်များ၏ ဇူလိုင် ၁ ရက် ပွဲစဉ်များအပြီး ခြေစစ်ပွဲအောင်မြင်သည့်အသင်း (၉) သင်း ထွက်ပေါ်လာခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ခြေစစ်ပွဲစဉ်များကို အာရှနိုင်ငံပေါင်း(၄၁)နိုင်ငံမှ လူငယ်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး အသင်းခြောက်သင်းပါ အုပ်စုခြောက်ခုနှင့် အသင်းငါးသင်းပါ အုပ်စုတစ်ခု စုစုပေါင်း အုပ်စု(၇)ခု ခွဲဝေထားသည်။ အုပ်စုတစ်ခုစီမှ ပထမ၊ ဒုတိယအသင်း စုစုပေါင်း ၁၄ သင်း နှင့် အုပ်စုအားလုံးမှအကောင်းဆုံး တတိယရသည့် တစ်သင်း စုစုပေါင်း (၁၅)သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ဇွန်လ ၁၆ ရက်မှ ၂၄ ရက်အထိ နီပေါနိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု (D)မှ ဂျော်ဒန်နှင့် ဥဇဘက်ကစ္စတန်အသင်းတို့သည် အစောဆုံးခြေစစ်ပွဲအောင်မြင်ခဲ့ပြီဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲအုပ်စု (A, B, C, F, G)များကို ဇွန်လ ၂၃ ရက်မှ ဇူလိုင် ၃ ရက်အထိ ကျင်းပလျက်ရှိသည်။

ဇူလိုင် ၁ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု (B)မှ ဆော်ဒီအာရေးဗီးယား၊ ဆီးရီးယား၊ အုပ်စု (F) မြောက်ကိုရီးယား၊ တရုတ်၊ အုပ်စု (G) မှ တောင်ကိုရီးယားအသင်း၊ အုပ်စု(C)မှ အီရန်၊ ကူဝိတ်အသင်း များ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီဖြစ်သည်။

ရန်ကုန်တွင် ကျင်းပနေသည့် အုပ်စု (G)ခြေစစ်ပွဲအောင်တစ်သင်းအတွက် ဇူလိုင်လ ၃ ရက် တွင် အိမ်ရှင်မြန်မာနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ကာ မြန်မာအသင်းအနေဖြင့် အနိုင်(သို့မဟုတ်) သရေရလဒ်ထွက်ပေါ်ခဲ့လျှင် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

သြစတြေးလျ၊ ဂျပန်၊ အင်ဒိုနီးရှား၊ မကာအို၊ စင်ကာပူနှင့် တီမောအသင်းများပါဝင်သည့် အုပ်စု (E) ပွဲစဉ်များကိုမူ လာမည့် ဇူလိုင် ၅ ရက်မှ ၁၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်သည်။

အကောင်းဆုံးတတိယနေရာအတွက်မြန်မာအသင်းပါဝင်သည့် အုပ်စု (G)မှ အသင်းတစ်သင်း တက်ရောက်ရန် ရာခိုင်နှုန်းများလျက်ရှိပြီး မြန်မာနှင့် မကစားရသေးမီ ဇူလိုင် ၁ ရက် ပွဲစဉ်များပြီးသည်အထိ မလေးရှားအသင်းက ရမှတ်ကိုးမှတ်ဖြင့် တတိယအကောင်းဆုံးနေရာရရန် ဦးဆောင်ထားခဲ့သည်။ သို့သော် အုပ်စု(E) ခြေစစ်ပွဲများကို ဇူလိုင် ၅ ရက်မှသာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည့်အတွက် အကောင်းဆုံးတတိယနေရာတစ်နေရာအတွက် ယင်းအုပ်စုမှ တတိယနေရာရအသင်း၏ ရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။

၎င်းပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် နိုင်ငံကိုမူ ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။




# မြန်မာလိဂ်ပွဲစဉ်များ ဇွန်လ ၇ ရက်တွင် ပြန်လည်ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ဇူလိုင်-၁

အသက် ၂၂ နှစ်အောက် အာရှဖလား (AFC U-22)အုပ်စု(ဆ)ပွဲစဉ်များကို ရန်ကုန်တွင် အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့သည့်အတွက် ရပ်နားထားရသည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များကို ဇူလိုင် ၇ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၂မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ၁၄ အပြီး ပြီးခဲ့သည့် ဇွန်လ ၁၄ ရက်မှ စတင်ကာ ပွဲစဉ်များကို တစ်လကျော်ခန့် ရပ်နားထားခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းမြန်မာလိဂ်ပွဲစဉ်များအား ပရိသတ်များ စိတ်ဝင်စားအားပေးမှု ကျဆင်းနေချိန်၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အာရှယူ-၂၂ပွဲစဉ်များတွင်မူ မြန်မာအသင်းအား ပရိသတ်များ ကွင်းလုံးပြည့် အားပေးခဲ့ကြသည်။

စာ(၅၁)သို့



# စင်ကာပူဖလား ကွာတားဖိုင်နယ် ကမ္ဘောဇနှင့် ဖိလစ်ပိုင်ကလပ် ဇူလိုင် ၅ရက်၊ ၈ ရက် ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇွန်-၃၀

စင်ကာပူဖလားပြိုင်ပွဲဝင် မြန်မာနေရှင်နယ်လိဂ်ကလပ် ကမ္ဘောဇဘောလုံးအသင်းသည် ပြိုင်ပွဲ၏ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အား ဇူလိုင် ၅ ရက်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကမ္ဘောဇအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဖိလစ်ပိုင်ကလပ် လိုယိုလားအသင်းနှင့် တွေ့ဆုံနေပြီး ပွဲစဉ်နှစ်ကျော့စလုံးအား စင်ကာပူနိုင်ငံ၌ပင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်အား ဇူလိုင် ၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ နှစ်ပွဲစလုံးအား စင်ကာပူနိုင်ငံ JBS အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။

"ကွာတားဖိုင်နယ်နှစ်ပွဲစလုံး စင်ကာပူဒေသခံတော်ချိန် ည ၇ နာရီ ၄၅ မိနစ်အချိန်မှာ ကစားရမှာပါ။ ဒီပွဲစဉ်တွေနဲ့ တိုက်ဆိုင်နေတဲ့မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၁၈ ကိုလည်း အဖွဲ့ချုပ်က ရက်ပြောင်းရွှေ့ပေးမယ်လို့ သိရပါတယ်" ဟု ကမ္ဘောဇအသင်းတာဝန်ရှိသူတစ်ဦးက ဇွန်လ ၃၀ ရက်က ပြောသည်။

ကမ္ဘောဇအသင်းသည် ၎င်းပြိုင်ပွဲ၏ ပထမအဆင့်ပြိုင်ပွဲတွင် စင်ကာပူလိဂ်ကလပ် ဝုဒ်လန်းစ်အသင်းအား ၂-၁ ဂိုးဖြင့်လည်းကောင်း၊ လိုယိုလားအသင်းသည်လည်း စင်ကာပူလိဂ်ကလပ် ဂီလန်းယူနက်တက်အသင်းအား ၂-၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

စင်ကာပူဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် အဆိုပါပြိုင်ပွဲသည် စင်ကာပူလိဂ်ကလပ် ၁၁ သင်းနှင့် ပြည်ပကလပ် ၅ သင်း စုစုပေါင်းအသင်း ၁၆ သင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကာ ကွာတားဖိုင်နယ်အဆင့်သို့ ပြည်ပကလပ်နှစ်သင်း တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# အာရှ ယူ-၂၂ ခြေစစ်ပွဲစဉ်များ လက်ခံကျင်းပရာတွင် ကန်ဒေါ်လာ ငါးသိန်းခန့်ကုန်



ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ဇူလိုင်-၁

အသက် ၂၂ နှစ်အောက် အာရှခြေစစ်ပွဲ (AFC U-22) အုပ်စု(ဆ) ပွဲစဉ်များကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရာတွင် အမေရိကန်ဒေါ်လာငါးသိန်းခန့်ကုန်ကျခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီပြိုင်ပွဲရဲ့ အုပ်စု(ဆ)ပွဲစဉ်တွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရာမှာ ကုန်ကျစရိတ်ဒေါ်လာငါးသိန်းဝန်းကျင်ရှိပါတယ်။ အာရှဘောလုံးအဖွဲ့ချုပ် (AFC)က ပံ့ပိုးငွေမရပါဘူး။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကပဲ အားလုံးအကုန်အကျခံကျင်းပခြင်းဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဇူလိုင် ၁ ရက်ကပြောသည်။

ပြည်တွင်းမြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များအား ပရိသတ်စိတ်ဝင်စားမှုကျဆင်းနေချိန်တွင်ကျင်းပသည့် အဆိုပါခြေစစ်ပွဲစဉ်များအား ပရိသတ်များ စိတ်ဝင်စားအားပေးလာရန်အတွက်ဘောလုံးအဖွဲ့ချုပ်သည်ကြိုတင်စီစဉ်မှုများပြုလုပ်ထားခဲ့ပြီး ပရိသတ်များကလည်း အိမ်ရှင်မြန်မာအသင်းပွဲစဉ်များတွင် ကွင်းလုံးပြည့်လာရောက်အားပေးခဲ့ကြသည်။

"ကျွန်တော်တို့အနေနဲ့ ဒီပြိုင်ပွဲကို ပရိသတ်စိတ်ဝင်စားအောင် ဘယ်လောက်ပဲလုပ်လုပ်ဘောလုံးပွဲမကောင်းရင် ပရိသတ်လာမှာမဟုတ်ပါဘူး။ မြန်မာအသင်းမကောင်းရင်လည်း ကွင်းထဲကိုလာအားပေးမှာ မဟုတ်ပါဘူး။ မြန်မာအသင်းလည်းကောင်းကောင်းကစားတဲ့အတွက် ပရိသတ်တွေလည်း မျှော်မှန်းထားတာထက်လာအားပေးကြတာပါ"ဟု၎င်းကဆိုသည်။

ဘောလုံးအဖွဲ့ချုပ်သည် ၎င်းပွဲစဉ်များတွင် မှောင်ခိုလက်မှတ်များ ပပျောက်စေရန်အတွက် ကြိုတင်လက်မှတ်များ ရောင်းချခြင်းမရှိဘဲ ပွဲယှဉ်ပြိုင်ကစားမည့်နေ့တွင်မှ လက်မှတ်များကို ရောင်းချပေးခဲ့သည်။ အထူးတန်း ကျပ်နှစ်ထောင်၊ ရိုးရိုးတန်း ကျပ်တစ်ထောင် သတ်မှတ်ရောင်းချခဲ့သော လက်မှတ်ဈေးနှုန်းများတွင် ကျပ်ငါးထောင်ဝန်းကျင် မှောင်ခိုလက်မှတ်ဈေးရှိခဲ့ကြောင်းလည်း ပရိသတ်အချို့၏ ပြောပြချက်အရသိရှိရသည်။

သုဝဏ္ဏဘောလုံးကွင်းသည် လက်ရှိအနေအထားတွင် အထူးတန်း ပရိသတ်ဦးရေ ၈,၀၀၀၊ ရိုးရိုးတန်းပရိသတ်ဦးရေ ၁၂,၀၀၀ ဝင်ဆံ့ပြီး AFC U-22 အုပ်စုခြေစစ်ပွဲစဉ်မြန်မာအသင်းပွဲစဉ်အားလုံးတွင်ပရိသတ်များကွင်းလုံးပြည့်လာရောက်အားပေးခဲ့ကြသည်။

# မြန်မာအသင်းဝတ်စုံများသည် နိုင်ငံအသင်း၏ တရားဝင်ဂျာစီဒီဇိုင်းမဟုတ်သေး

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇွန် - ၂၇

အာရှ ယူ-၂၂ AFC ခြေစစ်ပွဲဝင် မြန်မာအသင်းဝတ်စုံများသည်နိုင်ငံအသင်း၏ တရားဝင်ဂျာစီဒီဇိုင်းမဟုတ်သေးကြောင်းသတင်းရရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အီတလီအခြေစိုက် အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Lotto နှင့် ဆွေးနွေးမှုများပြုလုပ်ထားပြီး အပြီးသတ်စာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသေးသော်လည်း မြန်မာအသင်းသည် အာရှ ယူ-၂၂ ပြိုင်ပွဲခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ရန်ရှိသည့်အတွက် အဆိုပါကုမ္ပဏီမှ အမြန်ဒီဇိုင်းဆွဲကာ ပံ့ပိုးထားခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးကပြောသည်။

"Lotto နဲ့ စာချုပ်တော့ မချုပ်ရသေးပါဘူး။ ယူ-၂၂ပြိုင်ပွဲရှိတဲ့အတွက် မြန်မာအသင်းအတွက် သူတို့ဘက်က အရင်ပံ့ပိုးပေးထားတာပါ။ နောက် ဒီဂျာစီက မြန်မာအသင်းရဲ့ တရားဝင်ဂျာစီမဟုတ်သေးပါဘူး။တရားဝင်



စာချုပ်ချုပ်ဆိုပြီးရင်တော့ လာမယ့် ဆုဇူကီးဖလားပြိုင်ပွဲမတိုင်ခင် နိုင်ငံအသင်းရဲ့ တရားဝင်ဂျာစီဒီဇိုင်း ထွက်လာမှာပါ"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

မြန်မာဘောလုံးအသင်းများသည် ယခင်က ဂျာစီအမှတ်တံဆိပ်ပုံသေမရှိဘဲ ဝတ်ဆင်ယှဉ်ပြိုင်ခဲ့ရပြီး အမှတ်တံဆိပ်တစ်ခု သတ်သတ်မှတ်မှတ် ဂျာစီများဖြင့် နိုင်ငံကိုယ်စားပြုအသင်းအားမြင်တွေ့ချင်ကြောင်း ပရိသတ်များကဆိုသည်။

ရန်ကုန်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အာရှ ယူ-၂၂ခြေစစ်ပွဲတွင် အီတလီမှ တိုက်ရိုက်လာသည့် Lotto အမှတ်တံဆိပ် မြန်မာအသင်းဂျာစီများအား အဖွဲ့ချုပ်မှတစ်ထည်လျှင်ကျပ်တစ်သောင်းဖြင့် ပရိသတ်များအား ရောင်းချပေးခဲ့သည်။

"အမှန်တကယ် တန်ဖိုးက ဂျာစီတစ်ထည်ကို ကျပ်တစ်သောင်းမကပါဘူး။ အရည်အသွေးပိုင်းကလည်း ကစားသမားတွေဝတ်တဲ့ အရည်အသွေးအတိုင်းပါပဲ။ အီတလီက တိုက်ရိုက်လာတာပါ။ ဒါပေမဲ့ ပရိသတ်အတွက်အဆင်ပြေအောင် အဖွဲ့ချုပ်ဥက္ကဋ္ဌက လိုအပ်တာ စိုက်ပေးပြီး ရောင်းချပေးတာပါ။ ကျွန်တော်တို့ မျှော်လင့်တာထက် ပရိသတ်တွေအားပေးကြပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။

မြန်မာလက်ရွေးစင်အသင်းဂျာစီအတွက် မူလက Umbro အမှတ်တံဆိပ်နှင့် ဆွေးနွေးမှုများရှိခဲ့သော်လည်း တာဝန်ရှိသူများ၊ ပရိသတ်များ၏ အကြံဉာဏ်များရယူကာ ဈေးနှုန်းပိုမိုသက်သာသည့် Lotto အား ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Lotto သည် လက်ရှိတွင် ကော့စတာရီကာ၊ ပနားမား၊ ဘရူနိုင်း စသည့် နိုင်ငံလက်ရွေးစင်အသင်းများအပါအဝင် လက်ရွေးစင်အသင်းအချို့နှင့် ကလပ်အသင်းများစွာတို့အား စပွန်ဆာပေးထားကြောင်းသိရသည်။

## စာ(၅၀) - မြန်မာလိဂ်ပွဲစဉ်များ ဇွန်လ ၇ ရက်တွင် ပြန်လည်ကျင်းပမည် မှ

"မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်တွေမှာ ပရိသတ်တွေ လျော့နည်းနေပေမယ့်မြန်မာယူ-၂၂အသင်းပွဲစဉ်တွေကို ပရိသတ်တွေ ကွင်းလုံးပြည့်လာအားပေးကြတာတွေ့ရပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲအရှိန်ကြောင့် ပြန်လည်ကျင်းပမယ့်ပြည်တွင်းမြန်မာလိဂ်ပွဲစဉ်တွေကိုလည်း အရင်ကထက် ပရိသတ်စိတ်ဝင်စားမှု ပိုမြင့်တက်လာမယ်လို့မျှော်လင့်ပါတယ်"ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇူလိုင်လ (၇၊ ၈၊ ၉)ရက်များတွင် ပြန်လည်စတင်မည့် မြန်မာလိဂ်ပွဲစဉ် ၁၈ တွင် မကွေးနှင့် ဇွဲကပင်၊ ရတနာပုံနှင့် မနော်မြေ၊ နေပြည်တော်နှင့် ချင်းယူနိုက်တက်၊ ဆောက်သမ်းမြန်မာနှင့် ရက္ခပူရ၊ ဟံသာဝတီနှင့် ရန်ကုန်၊ ဇေယျာရွှေမြေနှင့် မောရဝတီအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ကမ္ဘောဇနှင့်ရောဝတီအသင်းပွဲစဉ်ကိုမူ ကမ္ဘောဇအသင်းသည် စင်ကာပူဖိတ်ခေါ်ဖလားပြိုင်ပွဲယှဉ်ပြိုင်ရန်ရှိသည့်အတွက်သြဂုတ်လအတွင်း ရွှေ့ဆိုင်းထားကြောင်း သတင်းရရှိသည်။

## စာ(၅၀) - အငြင်းပွားဖွယ်မရှိ ကမ္ဘာ့အကောင်းဆုံးအသင်းအဖြစ် သက်သေပြခဲ့တဲ့ စပိန် မှ

### ယူရို ၂၀၁၂ ၌ စပိန်၏ ထူးခြားမှတ်တမ်းများ

၁။ စပိန်သည် နောက်ဆုံးချန်ပီယံ ဖြစ်သည်အထိ ယူရိုပြိုင်ပွဲ ၁၂ ပွဲ ဆက်တိုက် ရှုံးပွဲမရှိ(ကိုးပွဲနိုင်၊ သုံးပွဲသရေ) စံချိန်ရရှိခဲ့။

၂။ စပိန်သည် နောက်ဆုံးယူရိုပြိုင်ပွဲ ပွဲစဉ်ငါးပွဲ၌ တစ်ဂိုးမှ ပေးရခြင်းမရှိသော ပြိုင်ပွဲ၏ ခံစစ်အကောင်းဆုံးစံချိန်ကို ရရှိခဲ့။

၃။ စပိန်အသင်းကပ္ပတိန်ဂိုးသမား ကာဆီးလတ်စ်သည် ဟော်လန်မှ ဗန်ဒါဆားတင်ထားသော ယူရို ကိုးပွဲဆက်တိုက် ဂိုးမပေးရသည့် စံချိန်ကို မှီခဲ့။

၄။ ကာဆီးလတ်စ်သည် ၎င်း၏ နိုင်ငံတကာပွဲ ၁၃၇ ပွဲတွင် အသင်းနှင့် နိုင်ပွဲ ၁၀၀ ရခဲ့၍ နိုင်ငံတကာပွဲများ၌ ရာပြည့်နိုင်ပွဲရဖူးသော ပထမဆုံး ကစားသမားဖြစ်လာ။ ထို့ပြင်၎င်းသည် ၇၉ ပွဲဆက်တိုက် ဂိုးမပေးရသည့် ကမ္ဘာ့စံချိန်လည်းရရှိခဲ့။

၅။ စပိန်ကွင်းလယ်လူ ဒေးဗစ်ဆေးဗားသည် ယူရို ၂၀၁၂ ၌ ဖန်တီးမှုအမြင့်ဆုံးဖြစ်ခဲ့ပြီး ကိုယ်တိုင်နှစ်ဂိုးသွင်းကာ၊ သုံးဂိုးဖန်တီးပေးနိုင်ခဲ့။

၆။ ယူရို ၈၈ ဗိုလ်လုပွဲတွင် ဆိုဗီယက်အသင်း၌ ဒိုင်နမိုကီယက်ဗ်မှ ကစားသမားခုနစ်ဦး ပါဝင်ပွဲ ထွက်ခဲ့ပြီးနောက် ယူရို ၂၀၁၂တွင် ဘာစီလိုနာမှ ကစားသမားခြောက်ဦး စပိန်ပွဲထွက်စာရင်းတွင် ပါဝင်ခဲ့ကာ ကလပ်တစ်ခုတည်းမှ ကစားသမားအများဆုံးပါဝင်သည့် ဒုတိယမြောက် လက်ရွေးစင်အသင်းဖြစ်လာ။

### ယူရို ၂၀၁၂ ပွဲမှတ်တမ်း



အိမ်ရှင် - **ပိုလန်၊ ယူကရိန်း**

နေ့ရက် - **ဇွန် ၈ - ဇူလိုင် ၁**

ပြိုင်ပွဲဝင်အသင်း - **၁၆ သင်း**

ကစားကွင်း - **၈ ကွင်း**

ချန်ပီယံ - **စပိန်**

ကစားခဲ့သောပွဲပေါင်း - **၃၁**

သွင်းဂိုးစုစုပေါင်း - **၇၆ ဂိုး(တစ် ပွဲပျမ်းမျှ ၂ ဒသမ ၄၅ ဂိုး)**

ပရိသတ်ဦးရေစုစုပေါင်း - **၁,၄၄၀,၈၉၆**
**(ပျမ်းမျှတစ်ပွဲကြည့် ရှုသူ ၄၆,၄၈၁ ဦး)**

ထိပ်တန်းဂိုးသွင်းရှင်ဆု - **ဖာနန် ဒိုတောရက်စ် (စပိန်)**

# ကန်ဒေါ်လာတစ်သန်းခွဲတန်ဖိုးရှိ ဘောလုံးအကယ်ဒမီဆောက်ရေး ဖီဖာအထောက်အပံ့ရရန် အဆိုသွင်းမည်

ဖိုလ်ဖိုလ်ဝင်း

**ရန်ကုန်၊ ဇွန်-၂၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ငါးကြိမ်မြောက် Goal Project ရရှိရန် ဖီဖာသို့ အဆိုတင်သွင်းသွားမည်ဖြစ်ပြီး ရန်ကုန်တွင် ကန်ဒေါ်လာတစ်သန်းခွဲတန်ဖိုးရှိ ဘောလုံးအကယ်ဒမီတစ်ခု လသတင်းရရှိသည်။



အဆိုပါဘောလုံးအကယ်ဒမီအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရုံးအနီးရှိ ကွင်း ၃၊ ၄ တို့တွင် တည်ဆောက်မည်ဖြစ်ကာ မြက်ခင်းတုတစ်ကွင်းနှင့် ရိုးရိုးမြက်ခင်းကွင်းတစ်ကွင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မှာ ဘောလုံးအကယ်ဒမီဆောက်ဖို့ စီစဉ်ထားပါတယ်။ လက်ရှိ အကြမ်းဖျင်းဘတ်ဂျက်အရ ဒေါ်လာတစ်သန်းခွဲလောက် ကုန်ပါမယ်။ ဖီဖာက ငါးသိန်းပေးရင် ကျွန်တော်တို့က တစ်သန်းလောက်စိုက်ရပါမယ်။မန္တလေးလိုပဲ အောက်မြန်မာပြည်မှာ အကယ်ဒမီ တစ်ခုထပ်ရှိလာမယ်။ မြက်ခင်းတု တစ်ကွင်းနဲ့ ရိုးရိုးမြက်ခင်းကွင်း တစ်ကွင်းပါလာမယ်။ အများကြီး အကျိုးရှိပါလိမ့်မယ်" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က ဇွန်လ ၂၇ ရက်တွင် ပြောသည်။

မြန်မာနိုင်ငံအနေဖြင့်နောက်ဆုံးရရှိထားသည့် Goal Project ဖြင့် သုဝဏ္ဏဘောလုံးကွင်းအတွင်း ထိုင်ခုံပြည့် တပ်ဆင်မှုအား ပြုလုပ်ထားပြီး ကုန်ကျငွေကန်ဒေါ်လာ ခြောက်သိန်းခွဲခန့်ရှိသည့်အတွက် လိုအပ်ငွေဒေါ်လာတစ်သိန်းခွဲကို အဖွဲ့ချုပ်မှ စိုက်ထုတ်ကျခံထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Goal Project 5 နှင့် ပတ်သက်၍ လာမည့် စက်တင်ဘာလအတွင်း ပြုလုပ်မည့် FIFA Development Committe တွင် ဆုံးဖြတ်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသို့ Goal Project လေးကြိမ်တိတိ ပေးအပ်ပြီးရာတွင် တစ်ခုချင်းစီအလိုက် အကျိုးရှိရှိ အသုံးချလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုအပိုင်းတွင်လည်း အားရစရာ ကောင်းကြောင်း ဖီဖာကိုယ်စားလှယ်မစ္စတာ ဂျေဆင်းက ပြောကြားသည်။

"ဘောလုံးအကယ်ဒမီက ဒေါ်လာတစ်သန်းခွဲနဲ့ နှစ်သန်းကြား ကုန်မယ်လို့ မှန်းထားပါတယ်။ ဖီဖာက ပရောဂျက်က ဒေါ်လာငါးသိန်းရမယ်ဆိုရင် ကျွန်တော်က ဒေါ်လာတစ်သန်းကျော်လောက် စိုက်ထုတ်လှူမှာပါ။ ပုံတောင်ဆွဲနေပါပြီ။ ဖီဖာက မရလည်း ကျွန်တော်လုပ်မှာပါ။ သူတို့ပေးမယ်ဆိုရင်တော့ ထည့်သုံးလိုက်မှာပါ" ဦးဇော်ဇော်က ပြောကြားသည်။

**TRADEMARK CAUTION**

Osotspa Co., Ltd, a Company incorporated in Thailand at 348 Ramkhamhaeng Road, Huamak, Bangkapi, Bangkok 10240, Thailand is the Owner and Sole Proprietor of the following Trademarks:-

SHARK COOL BITE

**Reg: 4/4991/2012**


OLÉ Cutie

**Reg: 4/4988 /2012**

In respect of : " Soft drinks; fruit drinks; sport drinks; isotonic drinks (not for medical purposes); energy drinks and fruit juices; syrups; powders and other preparations for making soft drinks, fruit drinks, sport drinks, isotonic drinks, energy drinks and fruit juices."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 5.July. 2012






# ယူရိုငွေတိုက်စာချုပ်ကိစ္စ အလျင်စလို မလုပ်ဆောင်ရန် ဂျာမနီဗဟိုဘဏ် အကြီးအကဲသတိပေး

**ဘာလင်၊ ဇွန် - ၂၇**

ဥရောပနိုင်ငံများ၏ ကြွေးမြီများကိုပေါင်းစည်းရန် အလျင်စလိုလုပ်ဆောင်ခြင်းမှာ ဥရောပတိုက်၏ ငွေကြေးပေါင်းစည်းမှုကိုအန္တရာယ်ဖြစ်စေနိုင်ကြောင်း ဂျာမနီဗဟိုဘဏ်အကြီးအကဲက သတိပေးပြောကြားသည်။

ယူရိုဘွန်းများ (ငွေတိုက်စာချုပ်များ) ပူးတွဲထုတ်ဝေခြင်းနှင့် အခြားကြွေးမြီစုပေါင်းရေး စနစ်များကို တောင်းခံနေခြင်းအတွက် ဂျာမနီနိုင်ငံမှာ ဖိအားများနှင့် ပိုမိုရင်ဆိုင်နေရသည်။

ဥရောပပေါင်းစည်းရေးအတွက်ရှည်လျားသော အစီအစဉ်များ မလုပ်ဆောင်ရသေးဘဲ ကြွေးမြီကုန်ကျစရိတ်များကို အားလုံးစုပေါင်းမျှဝေခံစားရန်မှာ အဓိပ္ပာယ်ရှိမည်မဟုတ်ဟု ဆွေးနွေးငြင်းခုံရင်း ဂျာမနီအဓိပတိ အန်ဂျလာမာကယ်က အခိုင်အမာရပ်တည်လျက်ရှိသည်။



Photo : AP

ဂျာမနီနိုင်ငံကလည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများ မလုပ်ဆောင်နိုင်ဘဲ အခြားနိုင်ငံများ၏ ကြွေးမြီများအားပေးဆပ်ရမည်ဆိုခြင်းကို စိုးရိမ်ပူပန်နေသည်။

ကြွေးမြီစုပေါင်းကျခံခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းဖြင့် ငွေကြေးပေါင်းစည်းမှုအား ပိုမိုနက်ရှိုင်းအောင် လုပ်ဆောင်ခြင်းမှာ ငွေကြေးပေါင်းစည်းမှုအား အန္တရာယ်ဖြစ်လာနိုင်ကြောင်း ဂျာမနီဗဟိုဘဏ် ဥက္ကဋ္ဌ မစ္စတာဝိုက်ဒ်မန်းက ပြောကြားသည်။

—*Ref: AP*

# ဘစ်ဘန်နာရီစင်ကို အယ်လိဇဘက်တာဝါအဖြစ် အမည်ပြောင်းမည်

**လန်ဒန်၊ ဇွန် - ၂၇**

ဗြိတိန်နာမည်ကျော် ပါလီမန်နာရီစင်ကြီးဖြစ်သည့် ဘစ်ဘန်ကို အယ်လိဇဘက်ဘုရင်မကြီး၏နန်းတက်စိန်ရတုသဘင်ကို ဂုဏ်ပြုသောအားဖြင့် အယ်လိဇဘက်တာဝါဟု အမည်ပြောင်းလဲမှည့်ခေါ်မည်ဖြစ်ကြောင်း သိရသည်။ ယခုအပြောင်းအလဲမှာ လွှတ်တော်အမတ်များစွာက ဘစ်ဘန်ဟု လူသိများသော Clock Tower ကို ဘုရင်မကြီး နန်းစံသက်နှစ် (၆၀) ပြည့်ချိန်ကို ဂုဏ်ပြုသောအားဖြင့် အမည်ပြောင်းမှည့်ခေါ်ရန် စည်းရုံးလှုပ်ရှားရာမှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဘစ်ဘန်ဆိုသည်မှာ မျှော်စင်ထိပ်ရှိ အလွန်ကြီးမားသော ခေါင်းလောင်းကြီး၏ အမည်ဖြစ်သည်။

ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း၏ပြောခွင့်ရပုဂ္ဂိုလ်ကလည်း ယခုကဲ့သို့နာမည်ပြောင်းလဲခြင်းသည် ဘုရင်မကြီးအား ဂုဏ်ပြုရန် အသင့်တော်ဆုံးပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

—*Ref: AFP*






7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

## သမ္မတရာထူး ယှဉ်ပြိုင်ရန် အိန္ဒိယ ဘဏ္ဍာရေးဝန်ကြီး နုတ်ထွက်

**နယူးဒေလီ၊ ဇွန် – ၂၇**

အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပရာနက်မူကာဂျီးသည် သမ္မတနေရာအတွက်ဝင်ရောက်ယှဉ်ပြိုင်ရန် ရာထူးမှနုတ်ထွက်သွားခဲ့ရာယိမ်းယိုင်နေသော နိုင်ငံစီးပွားရေးနှင့် တန်ဖိုးကျဆင်းနေသော ရူပီးငွေကိုနောက်တွင် ချန်ထားရစ်ခဲ့ကြောင်းအေအက်ဖ်ပီသတင်းက ရေးသားသည်။

အသက် ၇၇ နှစ်အရွယ် ဝါရင့်နိုင်ငံရေးသမားကြီးသည် အာရှတိုက်၏ တတိယအကြီးဆုံးစီးပွားရေးအား ၎င်း၏ထိန်းကျောင်းမှုအပေါ် ဝေဖန်မှုများ မြင့်တက်လာချိန်မှာပင် ဘဏ္ဍာရေးဝန်ကြီးအဖြစ်မှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယစီးပွားရေးမှာလည်း ငွေကြေးဖောင်းပွမှု ဆက်လက်မြင့်တက်နေမှုနှင့်အတူ ဖွံ့ဖြိုးမှုနှေးကွေးလာသည်။

အိန္ဒိယနိုင်ငံသုံးငွေ ရူပီးတန်ဖိုးမှာ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်လျှင် ယမန်နှစ်အတွင်း လေးပုံတစ်ပုံတန်ဖိုးကျဆင်းခဲ့ပြီး တစ်ဒေါ်လာလျှင် ရူပီးငွေ ၅၇ ဒသမ ၃၂အထိစံချိန်တင်တန်ဖိုးကျဆင်းလာကြောင်း သိရသည်။

ထို့အတွက် မစ္စတာမူကာဂျီးကဘဏ္ဍာရေးဝန်ကြီးအဖြစ် ၎င်း၏နောက်ဆုံးနေ့တွင် ရူပီးငွေတန်ဖိုးတိုးတက်လာစေရန် အရေးယူဆောင်ရွက်ခဲ့ပြီး ယင်းကဲ့သို့ အရေးယူမှုများ၌ အစိုးရငွေတိုက်စာချုပ်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား လက်ရှိကန်ဒေါ်လာ ၅ ဘီလီယံမှ ၂၀ ဘီလီယံအထိ တိုးမြှင့်သည့် အစီအစဉ်လည်းပါဝင်သည်။ မစ္စတာမူကာဂျီက နုတ်ထွက်စာကို ဝန်ကြီးချုပ်မန်မိုဟန်ဆင်းထံ တင်သွင်းလိုက်ပြီဖြစ်သော်လည်း ၎င်း၏နေရာအားမည်သူဆက်ခံမည်ဆိုသည်မှာ ရှင်းရှင်းလင်းလင်း မရှိသေးဘဲ စီးပွားရေးပညာရှင် ဝန်ကြီးချုပ်မန်မိုဟန်ဆင်းကိုယ်တိုင် ဘဏ္ဍာရေးဝန်ကြီးဌာနကိုကိုင်တွယ်သွားမည်ဟူသော ခန့်မှန်းချက်များလည်းကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွက်နေသည်။

—Ref: AFP






## အီရန်ရေနံတင်သွင်းမှု ဇူလိုင်လမှစ၍ တောင်ကိုရီးယား ပိတ်ပင်မည်

**ဆိုးလ်၊ ဇွန် – ၂၆**

တောင်ကိုရီးယားအစိုးရသည် အီရန်အပေါ် ဥရောပသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှုများကြောင့် ဇူလိုင်လမှစ၍အီရန်ရေနံများ တင်သွင်းခြင်းကို ပိတ်ပင်တော့မည်ဟု ကြေညာလိုက်သည်။ တောင်ကိုရီးယား စီးပွားရေးဝန်ကြီးဌာန၏ ကြေညာချက်၌ အီးယူသည် ဇူလိုင် ၁ ရက်မှစ၍ အီရန်၏ ရေနံတင်ပို့မှုများအား မည်သည့်ပုံစံဖြင့် အာမခံပေးမှုကိုမဆို ရပ်တန့်မည်ဖြစ်သောကြောင့် တောင်ကိုရီးယားကလည်း တင်သွင်းမှု ရပ်တန့်မည်ဖြစ်ကြောင်းဆိုသည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် အီးယူဝန်ကြီးများ အစည်းအဝေးတွင်လည်း အီရန်အပေါ်ပိတ်ဆို့မှုများမှာ တောင်ကိုရီးယားအတွက် ခြွင်းချက်မပေးထား၍ ထိုသို့ပြုလုပ်ရခြင်းဖြစ်ကြောင်း ကြေညာချက်၌ဖော်ပြသည်။

တောင်ကိုရီးယားသည် ယမန်နှစ်က ၎င်း၏ ရေနံစိမ်းလိုအပ်ချက်အားလုံးမှ ၉ ဒသမ ၄ ရာခိုင်နှုန်း (ရေနံစည် ၈၇ ဒသမ ၂ သန်း)ကို အီရန်နိုင်ငံမှ ဝယ်ယူခဲ့ရပြီးနောက်ပိုင်းတွင် အမေရိကန်၏ အီရန်အပေါ် သီးခြားပိတ်ဆို့မှုကြောင့်လာမည့် ဇူလိုင်လမှစ၍ ဥရောပကုမ္ပဏီများသည် ကမ္ဘာ့မည်သည့် နေရာတွင်မဆို အီရန်ရေနံကို သယ်ယူပို့ဆောင်ပေးသောသင်္ဘောများအား အာမခံပေးခြင်း ပြုလုပ်နိုင်တော့မည်မဟုတ်ဟု သိရသည်။ —Ref: AP

## ဆီးရီးယားတွင် ညီညွတ်ရေး အစိုးရဖွဲ့စည်းရန် ရုရှားထောက်ခံ

**ကုလသမဂ္ဂ၊ ဇွန် – ၂၈**

ဆီးရီးယားနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲကို ဦးဆောင်နိုင်ရန် ညီညွတ်ရေးအစိုးရတစ်ရပ်ဖွဲ့စည်းရေး ကုလသမဂ္ဂ အထူးကိုယ်စားလှယ်မစ္စတာကိုဖီအာနန်၏အဆိုပြုချက်ကို ထောက်ခံရန် ရုရှားနှင့် အခြားကမ္ဘာ့အင်အားကြီးနိုင်ငံများက သဘောတူညီခဲ့ကြောင်း သိရသည်။



Photo : AP

အဆိုပြုထားသော ညီညွတ်ရေးအစိုးရအဖွဲ့တွင် အစိုးရနှင့် အတိုက်အခံဘက်မှ လူများပါဝင်မည်ဖြစ်ပြီး ယင်းအစိုးရ၏ တာဝန်ခံမှုကိုမည်သူကမျှသေးသိမ်အောင် လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း အနောက်တိုင်း သံတမန်များက ပြောကြားသည်။

ယင်းအဆိုပြုချက်ကို ကုလသမဂ္ဂ၏ ဆီးရီးယားအရေးယူဆောင်ရွက်ရေးအုပ်စု အစည်းအဝေးတွင် ဆွေးနွေးတိုင်ပင်ကြမည်ဖြစ်သည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ကမူ ဆီးရီးယားနိုင်ငံသည် စစ်ဖြစ်နေသော အနေအထားရောက်ရှိနေပြီဟု ပြောကြားခဲ့သည်။

မစ္စတာအာနန်ကလည်းမည်သည့် သဘောတူဖြေရှင်းချက်ပေါ်ထွက်လာသည်ဖြစ်စေ၊ ယင်းကိုပြန်လည်ပြင်ဆင်ခွင့် ရှိမည်မဟုတ်ဘဲ အသွင်ကူးပြောင်းရေးအဆင့်ဆင့်နှင့် အချိန်အတိအကျသတ်မှတ်ချက်လည်းပါဝင်မည်ဟု ရှင်းလင်းစွာ ပြောကြားကြောင်း ရိုက်တာမှ ကိုးကားခဲ့သည့် အမည်မခံသံတမန်က ပြောကြားသည်။

သို့သော်ရှုပ်ထွေးမှုရှိနိုင်သည်မှာ မစ္စတာအာဆတ်အနေဖြင့် အစိုးရအစိတ်အပိုင်းတွင် ပါဝင်မှုမရှိဟူသော အချက်ဖြစ်ကြောင်း နယူးယောက်မှ ဘီဘီစီ သတင်းထောက် ဘာဘရာပလက်ကပြောကြားသည်။

—Ref: BBC



7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

## အမေရိကန်နိုင်ငံတွင် တောမီးများကြောင့် လူပေါင်း ၃၂,၀၀၀ နေအိမ်များမှ ထွက်ပြေး

**ကိုလိုရာဒို၊ ဇွန် – ၂၈**

အမေရိကန်နိုင်ငံ ကိုလိုရာဒိုပြည်နယ်တွင် တောမီးများ အကြီးအကျယ်လောင်ကျွမ်းလျက်ရှိရာ မီးသတ်သမားများက အမေရိကန်လေတပ်အကယ်ဒမီအား မီးမလောင်ကျွမ်းစေရန် အပြင်းအထန်ကြိုးစားနေရပြီး တောမီးကြောင့် လူ ၃၀,၀၀၀ ကျော်နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြောင်း သိရသည်။

လေတပ်အကယ်ဒမီမှ လူများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ကိုလိုရာဒိုအနောက်မြောက်ဘက် Mountain Shadows ဒေသတစ်ခုလုံးတွင်မီးလောင်နေပုံရသည်ကိုဆယ်မိုင်အကွာအဝေးမှပင် မြင်တွေ့နေရသည်။

"မီးလောင်နေတဲ့ အတိုင်းအတာက ကြောက်စရာ လန့်စရာကောင်းအောင် ကြီးမားကျယ်ပြန့်ပါတယ်" ဟုကိုလိုရာဒိုစပရင်းဒေသမီးသတ်ဌာနအကြီးအကဲ ရစ်ချ်ဘရောင်းက ပြောကြားသည်။ ထိုအချိန်မှာပင် ကိုလိုရာဒိုစပရင်းမြို့ပေါ်တွင် ပြာမှုန်များ လွင့်ပျံကျလာပြီး အချက်ပေးခေါင်းလောင်သံများကြားနေရကြောင်း လေထုမှာလည်း မီးခိုးများဖြင့် မွန်ထူနေကြောင်းသိရသည်။

ကိုလိုရာဒို ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျွန်ဟစ်ကင်လူပါကလည်း မီးလောင်ကျွမ်းရာ ဒေသများကို ရဟတ်ယာဉ်ဖြင့် ကြည့်ရှု၍ မီးသတ်အရာရှိကြီးများနှင့် တွေ့ဆုံခဲ့သည်။ ယခုနှစ်အတွင်း ကိုလိုရာဒိုတောမီးများကြောင့် လူလေးဦးသေဆုံးခဲ့ပြီး နေအိမ်ပေါင်း ၃၀၀ ခန့် မီးလောင်ကျွမ်းခံခဲ့ရသည်ဟု ခန့်မှန်းကြသည်။

—Ref: CBS



Photo : AFP

## ပါလက်စတိုင်း သမ္မတ အစ္စရေး ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံမည်

**ရာမာလား၊ ဇွန် – ၂၈**

၂၀၁၀ ပြည့်နှစ်အတွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပျက်ပြားခဲ့ပြီးနောက်ပိုင်း အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား နှစ်ဖက်အဆင့်မြင့်အရာရှိများ တွေ့ဆုံမှုအဖြစ် ပါလက်စတိုင်း သမ္မတ မိုဟာမက်အာဘတ်စ်သည် အစ္စရေးဒုတိယဝန်ကြီးချုပ် ရှာအူးမိုဖက်စ်နှင့် ဇူလိုင်လ ၁ ရက်တွင် တွေ့ဆုံမည်ဖြစ်သည်။

"ဇူလိုင်လ ၁ ရက်မှာ သမ္မတအာဘတ်စ်နဲ့ မစ္စတာမိုဖက်စ်တို့ တွေ့ဆုံပါလိမ့်မယ်။ ဒီလိုတွေ့ဆုံဖို့ မစ္စတာမိုဖက်စ်က တောင်းဆိုခဲ့တာဖြစ်ပါတယ်"ဟုပါလက်စတိုင်းညှိနှိုင်းရေးမှူး ဆာအစ်အီရီကတ်က ပါလက်စတိုင်းအသံ ရေဒီယိုအား ပြောကြားသည်။

မစ္စတာမိုဖက်စ်၏ ပြောခွင့်ရပုဂ္ဂိုလ်ကမူ အစည်းအဝေးပြုလုပ်မည်ဆိုခြင်းကို အတည်ပြုပြောကြားခြင်း မရှိသော်လည်း မစ္စတာအာဘတ်စ်၏ ရုံးနှင့် အဆက်အသွယ်ရှိကြောင်း ပြောကြားသည်။

ယင်းမတိုင်မီကလည်းမစ္စတာမိုဖက်စ်ကိုယ်တိုင်က မစ္စတာအာဘတ်စ်နှင့် တွေ့ဆုံရန် ရည်ရွယ်ထားကြောင်းပြောကြားပြီးပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများ ပြန်လည်စတင်ရန်လမ်း စရှာနိုင်ရေးအတွက်ဖြစ်သည်ဟု ယခုလအတွင်း သတင်းထောက်များအား ပြောကြားခဲ့သည်။ —Ref: Reuters



7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
International
Vol.11, No.17 • JULY 5 , 2012



Photo : AFP

# ဆယ့်နှစ်နှစ်ကြာ အာဏာလက်လွှတ်ခဲ့ရသော မက္ကဆီကိုပါတီ သမ္မတရွေးကောက်ပွဲတွင် တစ်ကျော့ပြန်အနိုင်ရရှိ

**မက္ကဆီကိုစီးတီး၊ ဇူလိုင် - ၂**

မက္ကစီကိုနိုင်ငံအား နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့ရာမှ ၁၂ နှစ်ကြာ ဘေးရောက်နေခဲ့သော ပါတီမှ သမ္မတလောင်းသည် မက္ကဆီကို သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသွားကြောင်း ပါတီခေါင်းဆောင်များက ပြောကြားသည်။

Institutional Revolutionary Party (PRI) မှ သမ္မတအဖြစ် ရွေးကောက်ပွဲဝင်သူ ပီနာနီယက်တို (၄၅ နှစ်)သည် မဲရုံအထွက် စစ်တမ်းများအရ ၎င်း၏ ပြိုင်ဘက်များအပေါ် မဲအရေအတွက် ၅ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်း အသာစီးရရှိနေကြောင်း မက္ကဆီကိုနိုင်ငံ၏ အဓိကရုပ်သံကွန်ရက် ၃ ခုက တွက်ချက်ဖော်ပြသည်။

စာ(၄၅)သို့

# ဆီးရီးယားတွင် တိုက်ပွဲများ ပြင်းထန်နေ



**ဘေရွတ်၊ ဇူလိုင် - ၂**

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကပ်စ်မြို့ ဆင်ခြေဖုံးဒေသရှိ အတိုက်အခံများ စိုးမိုးထားရာ ခရိုင်များသို့ ဆီးရီးယားတပ်ဖွဲ့များက ဝင်ရောက် ထိုးစစ်ဆင်ခဲ့ရာ ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့များကနိုင်ငံတစ်ဝန်း အခြားမြို့များတွင်လည်း လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ ဗုံးခွဲခြင်းများ ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းမတိုင်မီတစ်ရက်က ကမ္ဘာ့အင်အားကြီးနိုင်ငံများ အစည်းအဝေးတစ်ရပ်တွင်သမ္မတ အာဆတ်အား အာဏာစွန့်ရန် တိုက်တွန်းမည့် ကြေညာချက်ပါ စကားလုံးအသုံးအနှုန်းများကို ရုရှားနိုင်ငံက ပိတ်ပင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

စာ(၄၅)သို့

# အမေရိကန် အရှေ့ပိုင်း မုန်တိုင်းကြောင့် လူသုံးသန်းခန့် လျှပ်စစ်မီးပြတ်တောက်မှုကြုံတွေ့



**ဝါရှင်တန်၊ ဇူလိုင် - ၂**

အမေရိကန်နိုင်ငံ အရှေ့ဘက်ခြမ်းတွင် အပူပိုင်းမုန်တိုင်းများ တိုက်ခတ်၍ လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ပြီး လူသုံးသန်းကျော်မှာ ၁၀၀ ဒီဂရီဖာရင်ဟိုက်အထိ တက်လာသောအပူချိန်ကို လျှပ်စစ်မီးမရှိဘဲ ရင်ဆိုင်နေရသည်။ မုန်တိုင်းကြောင့် သေဆုံးသူမှာလည်း ၁၇ ဦးထိရှိလာခဲ့သည်။

စာ(၄၅)သို့

# သြစတြေးလျနှင့် အင်ဒိုနီးရှားဆွေးနွေးပွဲ ရွှေ့ပြောင်းနေထိုင်သူများအရေး လွှမ်းမိုးဖွယ်ရှိ

**ဆစ်ဒနီ၊ ဇူလိုင် - ၂**

လူကုန်ကူးမှုနှင့်ပတ်သက်၍ သြစတြေးလျနိုင်ငံတွင် နိုင်ငံရေးမုန်တိုင်းတစ်ရပ်ဖြစ်ပေါ်နေစဉ်မှာပင် အင်ဒိုနီးရှားသမ္မတ ဘမ်ဘန်းယူဒိုယူနိုသည် သြစတြေးလျနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ပြီး သြစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂီးလာ့ဒ်နှင့် ယင်းကိစ္စကို အဓိကထားဆွေးနွေးရဖွယ်ရှိကြောင်း သိရသည်။



အင်ဒိုနီးရှားသမ္မတသည် သြစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂီးလာ့ဒ်နှင့်နှစ်စဉ်ပြုလုပ်သည့် အစည်းအဝေးသို့တက်ရောက်ရန် နိုင်ငံမြောက်ပိုင်း ဒါဝင်မြို့သို့ ရောက်ရှိလာမည် ဖြစ်သည်။

"ကျွန်မဟာ အင်ဒိုနီးရှားသမ္မတနဲ့ ဒီနေ့နဲ့ မနက်ဖြန်မှာ တွေ့ဆုံပြီး စီးပွားရေးကိစ္စတွေ၊လူထုချင်းဆက်သွယ်မှုတွေ၊ ကျွန်မတို့နေထိုင်တဲ့ဒေသတွင်းက မဟာဗျူဟာမြောက် ဘုံအကျိုးစီးပွားတွေအကြောင်းဆွေးနွေးသွားပါမယ်" ဟု မစ္စဂျူလီယာဂီးလာဒ့်က အေဘီစီရေဒီယိုအား ပြောကြားသည်။ ထို့အပြင် မကောင်းဆိုးဝါးကုန်သွယ်ရေးဖြစ်သည့် လူကုန်ကူးမှု အကြောင်းလည်း ဆွေးနွေးပွဲအကြောင်းအရာများတွင် သေချာပေါက်ပါဝင်မည်ဖြစ်ကြောင်း မစ္စဂျူလီယာက ပြောသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ဆိုလျှင် အရေအတွက် မများပြားသော်လည်း ၂၀၁၂ ခုနှစ်အတွင်း သြစတြေးလျနိုင်ငံသို့လှေစီး

စာ(၄၅)သို့

NEWS ANALYSIS

## နယူးယောက်မှ ဆီလီကွန်ကျွန်း

စာ(၃၆)သို့




7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL အချုပ်ပို
Vol.11, No.17 • JULY 5 , 2012

# လက်ထောက်ဆရာဝန် ၁,၅၀၀ ဦး ခန့်ထားရန် လျှောက်လွှာခေါ်ယူ

**နေလင်းထွန်း**

**ရန်ကုန်၊ဇူလိုင်-၃**

ဆေးပညာဘွဲ့ရရှိထားသူ ၁,၅၀၀ ဦးကို လက်ထောက်ဆရာဝန် ရာထူးခန့်ထားရန် ကျန်းမာရေးဝန်ကြီးဌာနမှ လျှောက်လွှာခေါ်ယူထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်၍ ၂၀၁၁ ခုနှစ်အထိ ဘွဲ့ရရှိထားပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများအနေဖြင့် ဇူလိုင်လ ၂၄ ရက် နောက်ဆုံးထားကာ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း ဇူလိုင် ၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

"တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ခေါ်တာပါ။ မနှစ်ကတော့ ၅၀၀ ခေါ်ထားတယ်။ ဒီနှစ်က အများဆုံး တိုးခေါ်တာပါ။ လစာက တစ်သိန်းနှစ်ထောင်(ကျပ်)ဖြစ်ပါတယ်"ဟုပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆေးပညာဘွဲ့ရရှိထားသူများသည် လက်ထောက်ဆရာဝန် ရာထူးအတွက် မြန်မာစာနှင့် အထွေထွေဗဟုသုတကို စက်တင်ဘာ ၁ ရက်နှင့် အင်္ဂလိပ်စာကို စက်တင်ဘာ ၂ ရက်တွင် ဖြေဆိုရမည်ဖြစ်ပြီး www.ucsb.imis.com.mm တွင်လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ဖတ်ရှုလေ့လာနိုင်သည်ဟု ဆိုသည်။

# လွတ်ငြိမ်းချမ်းသာခွင့်တွင် မတရားအသင်း ဆက်သွယ်မှုဖြင့် အရေးယူခံရသူများပါဝင်



လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသူအချို့ကို ရန်ကုန်မြို့ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ရုံးတွင် ဦးကိုကိုကြီး၊ ဦးမင်းကိုနိုင်၊ ဦးပြုံးချိုတို့နှင့်အတူ တွေ့ရစဉ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အောင်သူရ၊ ညီညီဇော်**

**ရန်ကုန်၊ဇူလိုင်-၃**

နိုင်ငံတော်သမ္မတ၏ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ဇူလိုင် ၃ ရက်က လွတ်လာသူအများစုမှာမတရားအသင်းနှင့် ဆက်သွယ်သည့် အက်ဥပဒေပုဒ်မ ၁၇ (၁) ဖြင့် အရေးယူခံထားရသူများဖြစ်ကြောင်း ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များက ပြောသည်။

ဇူလိုင် ၃ ရက် နေ့လယ်ပိုင်းအထိ လွတ်မြောက်လာသူ ၂၂ ဦးရှိပြီး အင်းစိန်ထောင်မှ ၆ ဦးအပါအဝင်၊ ကလေး၊ ထားဝယ်၊ ပြည်၊ မြစ်ကြီးနား၊ ကသာ၊ ကော့သောင်း၊ မြင်းခြံထောင်တို့မှ လွတ်မြောက်လာကြပြီး ၎င်းတို့အထဲတွင် ၁၉၉၈ ခုနှစ်က ဖမ်းဆီးခံရပြီး ထောင်ဒဏ် ၅၉နှစ်ကျခံခဲ့ရသောကိုအေးအောင် ပါဝင်ကြောင်း သတင်းရရှိသည်။

"မတရားအသင်းတို့ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတို့နဲ့ ဆက်သွယ်လို့ ၁၇ (၁) ၁၇ (၃) တို့က ဒီအချိန်မှာ ဘယ်လိုမှ အဓိပ္ပာယ်မရှိတော့ဘူး။ အစိုးရကိုယ်တိုင် လက်ဆွဲနှုတ်ဆက်ပြီး ငြိမ်းချမ်းရေးစကားတွေလည်း ပြောနေကြပြီ"ဟု ယနေ့ လွတ်လာသော အကျဉ်းသားများနှင့် ပတ်သက်၍ ကိုမင်းကိုနိုင်ကပြောသည်။

ဇူလိုင် ၁ ရက်က နေပြည်တော်တွင် ပြုလုပ်သော တွေ့ဆုံပွဲတွင်လည်း မီးရထားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးဆောင်ရွက်နေသူများအနေဖြင့်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဆက်သွယ်ရာတွင် ပုဒ်မ ၁၇ (၁)ဖြင့် အဖမ်းမခံရရန် အာမခံကြောင်း ပြောကြားခဲ့သည်။

အကျဉ်းသားများ လွှတ်ပေးလိုက်သော်လည်း ဇူလိုင် ၃ ရက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဒေါက်တာဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ အမြဲပဲ ပြောထားတယ်။ အားလုံးလွှတ်ပေးပါလို့ ပြောထားတယ်။ ကျွန်မတို့နောက်ဆုံးရထားတဲ့စာရင်းက နိုင်ငံရေးအကျဉ်းသား ၃၃၀။ ဒီ ၃၃၀ ကိုလွှတ်ဖို့ တောင်းဆိုမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပုံနှိပ်အက်ဥပဒေ၊ဗီဒီယိုအက်ဥပဒေတို့ဖြင့် ပြစ်ဒဏ်ထောင် ၁၀ နှစ် ချမှတ်ခံခဲ့ရသော မန္တလေးမြို့ အိုးဘိုအကျဉ်းထောင်မှ သံဃာတစ်ပါးက "နံနက် ၁၁ နာရီ ၁၅ မိနစ်က လွှတ်ပေးခဲ့တာဖြစ်တယ်။ ၂၀၀၉ နိုဝင်ဘာလကုန်က စတင်ပြီး ပြစ်ဒဏ်ကျခဲ့တာ အခု လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်မြောက်လာခြင်းဖြစ်တယ်"ဟု လွတ်မြောက်လာသည့် ဆရာတော်ဦးဝိရိယက မိန့်ကြားသည်။

မန္တလေးမြို့ အိုးဘိုအကျဉ်းထောင်တွင်နိုင်ငံရေးအကျဉ်းသား ၉၁ ဦးခန့်ရှိသည်ဟု မန္တလေးမြို့ရှိ နိုင်ငံရေးအကျဉ်းသား လူမှုကူညီရေးအဖွဲ့မှဦးကိုလေးကပြောသည်။

နိုင်ငံတော်သမ္မတက ဇူလိုင် ၃ ရက်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (က) နှင့် အညီ နိုင်ငံသားအကျဉ်းသား ၃၇ ဦး၊နိုင်ငံသားအကျဉ်းသူ ၉ ဦး၊ နိုင်ငံခြားသားအကျဉ်းသား ၃၄ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသားများအား ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

အစိုးရသစ်တက်လာပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးနေသော်လည်း အဆိုပါအဖွဲ့အစည်းများအား သတ်မှတ်ထားသော မတရားအသင်း ဥပဒေအား မပယ်ဖျက်ရသေးပေ။

# ပညာရေးစနစ်တွင် မကြာခဏစမ်းသပ်နေခြင်းက ကျောင်းသားများအတွက် အထိနာသည်ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အေးမြကျော်**

**ရန်ကုန်၊ဇူလိုင်-၃**

မြန်မာနိုင်ငံ၏ နိမ့်ကျနေသော ပညာရေးအဆင့်အတန်း ပြန်လည်ကောင်းမွန်လာစေရန် အခြေခံမှစ ပြုပြင်ရန်လိုပြီး ပညာရေးစနစ်တွင် မကြာခဏ စမ်းသပ်နေခြင်းများက ကျောင်းသားများအတွက် အထိနာစေကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

"အခြေခံကနေ ပြုပြင်ရမယ်ဆိုတော့ ဘယ်ကနေစရမလဲဆိုတော့ ဆရာ၊ ဆရာမတွေအနေနဲ့ကို စရမယ်။ ဆရာ၊ ဆရာမတွေက ကောင်းကောင်းမွန်မွန် သင်ကြားပေးနိုင်မှသာ ကျွန်မတို့ရဲ့ ကျောင်းသူ၊ ကျောင်းသားတွေ၊ ကလေးတွေဟာပညာကောင်းကောင်း တတ်နိုင်မှာပါ။ နောက်ပြီး ပညာရေးနဲ့ ပတ်သက်လို့ ခဏခဏ အစမ်းလုပ်နေတာဟာ ကျောင်းသူကျောင်းသားတွေအတွက်လည်း နာတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က သူမ၏ ဥရောပခရီးစဉ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသွားခဲ့သည်။

ထို့နောက် ပညာရေးနှင့်ပတ်သက်၍ အသုံးစရိတ်ကို ပိုမိုသုံးစွဲရန်လည်း တိုက်တွန်းလိုက်ပြီး ပညာရေးစနစ် ပိုမိုကောင်းမွန်လာစေရန် ပညာရှင်များနှင့် ဆွေးနွေးကာ သေချာသတ်မှတ် ဆောင်ရွက်သင့်ကြောင်း အကြံပြုသည်။

"ပညာရေးနဲ့ ပတ်သက်ရင် ဒီနိုင်ငံကပညာရေးဟာ လုပ်စရာတွေက အများကြီးပါပဲ။ ချက်ချင်းလက်ငင်းလုပ်ရမယ့်အထဲမှာဆိုရင် အသက်မွေးဝမ်းကျောင်းပညာပေါ့။ ဒီလို ပြောရခြင်းအကြောင်းကတော့ ကျွန်မတို့ နိုင်ငံက လူငယ်တွေ အလုပ်လက်မဲ့ ဖြစ်နေရခြင်း အကြောင်းပါ။ ဒီအလုပ်လက်မဲ့ဖြစ်နေတဲ့ လူငယ်တွေ အလုပ်ရဖို့ဆိုရင် အသက်မွေးဝမ်းကျောင်းပညာဟာ သင်ပေးဖို့လိုပါတယ်။ အလုပ်လည်း ဖန်တီးပေးရမှာပေါ့။ အတန်းပညာသင်ပေးပြီး အလုပ်မဖန်တီးပေးလို့ရှိရင် ပညာတတ်ပြီး အလုပ်မရှိရင်လည်း မဖြစ်ဘူး" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏ ဥရောပခရီးစဉ်အတွင်းတွင်လည်း မြန်မာနိုင်ငံ၏ ပညာရေးအကြောင်း အလေးပေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ ပညာရေးစနစ် ပြန်လည်ကောင်းမွန်လာစေရေး ကူညီလိုသည်ဟု ကမ်းလှမ်းထားသော အစိုးရများ၊ တက္ကသိုလ်များ၊ အဖွဲ့အစည်းများ များစွာရှိကြောင်း သူမက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

# အိုးအိမ်ရုံးရှေ့က လယ်သမားများကိစ္စ လေးပွင့်ဆိုင်ဆွေးနွေးမည်

**ထွန်းခိုင်၊ခိုင်ချို**

**ရန်ကုန်၊ဇူလိုင်-၃**

သိမ်းဆည်းခံလယ်မြေများအရေး တရားမျှတစွာ ဆောင်ရွက်မှုမပေးမချင်း အိုးအိမ်ရုံးရှေ့တွင် မထတမ်း ဆန္ဒပြမည်ဆိုသည့် လှိုင်သာယာမြို့နယ်မှလယ်သမားများကိစ္စ တာဝန်ရှိသူများ လေးပွင့်ဆိုင်ဆွေးနွေးသွားမည့်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးရှေ့တွင် ဇူလိုင် ၂ ရက်မှစတင် ဆန္ဒပြခဲ့ကြသည့် လှိုင်သာယာမြို့နယ် အတွင်းပဒံ၊ အပြင်ပဒံနှင့် ကျွန်းကြီးကျေးရွာမှ လယ်သမားများသည် ဆန္ဒပြသည့် ဒုတိယနေ့တွင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကိုယနေ့ ဇူလိုင် ၃ ရက်တွင် အိုးအိမ်ရုံးတွင် ကျင်းပမည်ဖြစ်ကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိသူနှင့်လယ်မြေများ သိမ်းဆည်းသည်ဟု စွပ်စွဲခံရသော ကုမ္ပဏီမှ တာဝန်ရှိသူများ၊ လယ်သမားခေါင်းဆောင်များနှင့် ၎င်းတို့ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်သူ ဦးဝင်းချိုတို့ လေးပွင့်ဆိုင်ဆွေးနွေးမည်ဖြစ်ကြောင်း လယ်သမားများက ပြောသည်။

အဆိုပါ လယ်မြေများကိစ္စ ယခုနှစ် မေလ ၃၁ ရက်၊ ဇွန်လ ၁၊ ၄ နှင့် ၅ ရက်များကလည်း လယ်သမားများက အိုးအိမ်ရုံးရှေ့တွင် ဆန္ဒပြခဲ့ဖူးပြီး တာဝန်ရှိသူများဘက်မှ တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသောကြောင့် ယခုတစ်ကြိမ်တွင် မထတမ်းဆန္ဒပြရခြင်းဖြစ်ကြောင်း လယ်သမားများအရေး ဆောင်ရွက်ပေးနေသူ ဦးဝင်းချိုကပြောသည်။

7DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

## ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်သစ် သုံးနှစ်အတွင်း အပြီးတည်ဆောက်မည်

**ပြည်သိမ်း၊ မိုးညို**

**ရန်ကုန်၊ ဇူလိုင် - ၂**

ရန်ကုန်မြို့မှ ၄၈ မိုင်ကွာ ပဲခူးမြို့အနီးတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးတစ်ခုကို ၂၀၁၃ ခုနှစ်မှစတင်ကာ သုံးနှစ်အတွင်း အပြီးတည်ဆောက်ရန်စီစဉ်နေကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်နိုင်ထွန်းကပြောကြားသည်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ဟု အမည်ပေးထားသည့် ယင်းစီမံကိန်းကိုဆောင်ရွက်ရခြင်းမှာ တိုးပွားလာမည့် ခရီးသည်နှင့် လေကြောင်းလိုင်းများရှိနေခြင်း၊ မြို့တွင်းပိုင်းနှင့်နီးကပ်နေခြင်း၊ လူနေအိမ်များအနီးတွင်ရှိခြင်း၊ လေဆိပ်နှင့် လေယာဉ်ပြေးလမ်း ထပ်မံချဲ့ရန် မြေနေရာမရှိခြင်းတို့ကြောင့် ရန်ကုန်မြို့အနီး လေဆိပ်သစ်တစ်ခုတည်ဆောက်ရန် နေရာခြောက်နေရာကို သုတေသနပြုလုပ်ခဲ့ကြောင်း ဦးတင်နိုင်ထွန်းကရှင်းပြသည်။

"ပဲခူးမြို့နားမှာ လေဆိပ်အသစ်တည်ဆောက်ဖို့ကို ၁၉၉၄ ကတည်းက စီမံခဲ့တယ်။ ၂၀၀၀ မှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်ခဲ့ရပြီး အခုမှပြန်စလုပ်တာ"ဟု ဦးတင်နိုင်ထွန်းကဆိုသည်။

အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အသစ်တည်ဆောက်ရန် ထန်းတပင်၊ မှော်ဘီ၊ လှည်းကူး၊ အင်းတိုင်၊ တိုက်ကြီး၊ ပဲခူးတို့တွင် လေ့လာသုတေသနပြုခဲ့ သည်။ ထို့နောက် ပဲခူးမြို့ ၁၀ မိုင်အကွာရှိ ဂျပန်ခေတ် လေယာဉ်ကွင်းဟောင်းနေရာကို ရွေးချယ်ပြီး မြေ ဧက ၉,၀၀၀ ကျော်တွင် တည်ဆောက်ရန် စီစဉ်ခဲ့ကြောင်းသိရသည်။ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်အသစ် တည်ဆောက်ရန်လိုအပ်သည့် မြေဧက ၉,၀၀၀ ကျော်အတွက် လျော်ကြေးငွေ ကျပ်သန်းပေါင်း ၁၁၆ သန်းကျော်ကိုလည်းပေးခဲ့ကြောင်း ပြည်တွင်းလေကြောင်းဦးစီးဌာနမှ သတင်းရရှိသည်။

"၁၉၉၇ ခုနှစ်က ပေါက်ဈေးနဲ့တွက်ပြီးတော့ ပေးခဲ့တာပါ"ဟု လေယာဉ်ကွင်းဆိုင်ရာ လုံခြုံရေးနှင့် စံချိန်စံညွှန်းထိန်းသိမ်းရေးဌာန (Aerodrome Standards & Safety Division)မှ ညွှန်ကြားရေးမှူး ဦးကျော်စိုးကဆိုသည်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းအသစ် တည်ဆောက်ရန် ၁၉၉၀ ပြည့်နှစ်မှစတင်ပြီး ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး ကြေးတိုင်းနှင့်မြေစာရင်းဦးစီးဌာနတို့နှင့်ပူးပေါင်း ကော်မတီဖွဲ့၍ မြေများ စတင်သိမ်းယူခဲ့သည်။ ယင်းသို့ သိမ်းယူရာတွင် ကော်မတီက မြေ ၉,၆၃၁ ဧကအတွက် လျော်ကြေးငွေကို သတ်မှတ်ပေးခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

"လျော်ကြေးရတာ နှစ်မျိုးပဲ။ လေယာဉ်ကွင်းအတွက် အသိမ်းခံရတဲ့ မြေအတွက်လည်း ရသလို စက်မှုဇုန်အတွက်လည်း ရတယ်။ ၁၉၉၈ ခုနှစ် ပေါက်ဈေးအတိုင်း လယ်မြေနဲ့ ဥယျာဉ်မြေတွေပေးတယ်။ ရွာမြေတွေက တပ်မြေ လျော်ကြေးထဲမှာပေါင်းပြီး ပေးတယ်"ဟု ပဲခူးမြို့ခံ အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးက ရှင်းပြသည်။

## ပြည်တွင်းစစ်ဖြစ်ပွားသောနေရာများတွင် ငါးနှစ်အောက်ကလေး သေပျောက်မှုနှုန်း မြင့်မား



**လိုင်ဇာမြို့ မနောကွင်းမှ ဒုက္ခသည်များနားခိုရာ စခန်းတစ်ခု။** ဓာတ်ပုံ - အားမာန်

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဇူလိုင် - ၂**

မြန်မာနိုင်ငံရှိ ပြည်တွင်းစစ် ဖြစ်ပွားဆဲနှင့် ဖြစ်ပွားခဲ့ရာဒေသများတွင် ငါးနှစ်အောက်ကလေးသေပျောက်မှုနှုန်း မြင့်မားနေသည်ကို စစ်တမ်းများအရတွေ့ရှိရကြောင်း အဆိုပါဒေသများတွင် သုတေသနစစ်တမ်းကောက်ယူခဲ့သည့် Gender and Development Initiative အဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဆလိုင်းအိုက်ဇက်ခန်ကပြောသည်။

Peace Network မှဇူလိုင် ၂ ရက်တွင် စီစဉ်ပြုလုပ်သော လက်တွဲချိတ်ဆက် တူညီတက် ငြိမ်းချမ်းသောအနာဂတ်ဆွေးနွေးဟောပြောပွဲတွင်အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"ပြည်တွင်းစစ်ဖြစ်ပွားဆဲဖြစ်တဲ့ ကချင်ပြည်နယ်နဲ့ ပြည်တွင်းစစ်တွေ ဖြစ်ပွားခဲ့တဲ့နေရာတွေမှာ စစ်တမ်းတွေကောက်ခဲ့ပါတယ်။ စစ်တမ်းအရ အဲဒီဒေသတွေမှာ ငါးနှစ်အောက်ကလေးသေပျောက်နှုန်းတွေများလာတယ်။ အဲလိုပဲ သားဆက်ခြားမှုတွေလည်း မလုပ်တော့ မွေးနှုန်းတွေလည်းများတယ်"ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။

ယင်းဒေသများတွင် လက်နက်ကိုင်အဖွဲ့များက ဒေသခံတိုင်းရင်းသားများအပေါ် အဓမ္မခိုင်းစေမှုများရှိနေသည့်အပြင် အိမ်ထောင်ဦးစီးဖြစ်သူ အမျိုးသားများက မိမိအိမ်ထောင်ဖက်အား ပြုမူသည့် အိမ်တွင်း အကြမ်းဖက်မှုများလည်းရှိနေကြောင်း၊ အမျိုးသမီးများမှာ အမျိုးသားများ၏ စောင့်ရှောက်မှုကို မခံရသဖြင့် မွေးဖွားလာသော ကလေးများအား ကောင်းမွန်စွာ ဂရုစိုက်နိုင်ခြင်းမရှိကြောင်း၊ ထို့အပြင် ဇနီးသည်၏ သဘောဆန္ဒမပါဘဲ အကြိမ်ကြိမ်ကိုယ်ဝန်ဆောင်စေခြင်းများရှိနေသည့်အတွက် မွေးဖွားနှုန်းများပြီး သေဆုံးနှုန်းများလည်း မြင့်တက်နေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"အဲဒီနေရာတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေလည်း မရှိသလောက် နည်းတယ်။ ဒေသခံအမျိုးသမီးတွေအနေနဲ့လည်း သားဆက်ခြား နည်းပညာတွေ ကျန်းမာရေးစောင့်ရှောက်မှုတွေကိုမသိကြဘူး။ ဘယ်အင်န်ဂျီအိုကလည်း လာရောက်ကူညီတယ်ဆိုတာမရှိသလောက်ပဲ"ဟု ဒေါက်တာဆလိုင်းအိုက်ဇက်ခန်ကပြောသည်။

အဆိုပါစစ်တမ်းများကို ယခုနှစ် မေ ၂၈ ရက်မှ ဇွန် ၂၀ ရက် ထိကွင်းဆင်းကောက်ခံခဲ့ခြင်းဖြစ်ပြီး ကရင်ပြည်နယ်အတွင်းရှိ သံတောင်၊ ဘားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်များတွင်လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မူဆယ်၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ တာမိုးညဲမြို့နယ်များနှင့် ကချင်ပြည်နယ်အတွင်းရှိ ဗန်းမော်၊ မိုးမောက်မြို့နယ်များအတွင်းရှိ ရပ်ကွက်များ ကျေးရွာများအထိ သွားရောက်ကောက်ခံခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

သုတေသနစစ်တမ်းကောက်ခံရာတွင် အထက်ပါဒေသများရှိ ဒေသခံ အမျိုးသား ၁၈၄ ဦး၊ အမျိုးသမီး ၃၄၅ ဦးတို့အား တွေ့ဆုံခဲ့ပြီး ကရင်လူမျိုး ၂၇၇ ဦး၊ ကချင်လူမျိုး ၂၁၇ ဦး၊ ရှမ်းလူမျိုး ၁၈ ဦး၊ ကယန်းလူမျိုး ၁၁ ဦးနှင့် ဗမာလူမျိုးရှစ်ဦးတို့အား တွေ့ဆုံစစ်တမ်းကောက်ယူခဲ့သည်။

"ဒီစစ်တမ်းတွေရဲ့ အသေးစိတ်ကိန်းဂဏန်းတွေကို တော့ လတ်တလော ထုတ်ပြန်နိုင်ခြင်းမရှိသေးပါဘူး။ မကြာခင်မှာတော့ ထုတ်ပြန်မှာပါ"ဟု ဒေါက်တာဆလိုင်းအိုက်ဇက်ခန်ကပြောသည်။

## ဂျပန်အစိုးရချေးငွေ လေကြောင်းလမ်းညွှန်လုပ်ငန်းအတွက်သာ အခြေခံ၍ပေးမည်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင်-၂**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွက် ဂျပန်နိုင်ငံအစိုးရက ပေးမည့် ချေးငွေတွင် အဆောက်အအုံတည်ဆောက်ရေးအတွက် မဟုတ်တော့ဘဲ လေကြောင်းလမ်းညွှန်လုပ်ငန်းများကို အခြေခံ၍သာ ပေးတော့မည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဝင်းဆွေထွန်းက ပြောကြားသည်။

ယခင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွက် ဂျပန်နိုင်ငံက အိုဒီအေ (Over-sea Development Assitant) ချေးငွေပေးရာတွင် လေဆိပ်အဆောက်အအုံ တည်ဆောက်ရေးအတွက်သာ ပေးခဲ့ပြီး ယင်းချေးငွေကို ၁၉၈၇ ခုနှစ်နောက်ပိုင်းမှစတင်ကာ ရပ်နားထားခဲ့သည်။

လက်ရှိဂျပန်နိုင်ငံက ပေးမည့် အိုဒီအေချေးငွေတွင် လေကြောင်းလမ်းညွှန်အခြေခံသည့် စက်ကိရိယာများ၊ လုံခြုံရေးနှင့် ပတ်သက်သည့်ပစ္စည်းများအတွက် အဓိကပါဝင်မည်ဖြစ်သည်။

လေယာဉ်ပြေးလမ်းသုံးမီးများ လုံခြုံရေးဆိုင်ရာX ray စက်များ၊ ပြေးလမ်းနှင့် ပတ်သက်သည့် အလင်းရောင်အတွက် လိုအပ်သည့် ပစ္စည်းများဖြစ်ကြောင်း သိရသည်။

## စိုးရိမ်ရေမှတ်ကျော်လွန်သော မြစ်ကြီးရှစ်စင်းအနီးရှိ မြို့များ ရေကြီးနိုင်

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင် - ၂**

ယခုနှစ် မိုးလယ်ကာလအတွင်း မြစ်ကြီးရှစ်စင်း စိုးရိမ်ရေမှတ်ကျော်လွန်နေပြီး မြစ်များနှင့်နီးသောမြို့ ၂၃ မြို့တွင် ရေကြီးမှုများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်းပြောကြားသည်။

မိုးလယ်ကာလ ဇူလိုင်လအတွင်း ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်၊ ငဝန်မြစ်တို့သည် စိုးရိမ်ရေမှတ်ထက် တစ်ကြိမ် ကျော်လွန်ပြီး မြစ်ရေကြီးမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန လစဉ်ထုတ် သတင်းထုတ်ပြန်ချက်အရသိရသည်။

"အရင်နှစ်ထက် ပိုကြီးနိုင်သလား၊ ပိုဆိုးနိုင်သလားဆိုတာတော့ စောင့်ကြည့်ရမယ်။ စိုးရိမ်ရေမှတ် ကျော်လွန်ရင်တော့ ရေကြီးတာပဲ။ ဘယ်ရက်လောက်ကြီးမယ်ဆိုတာတော့ စောင့်ကြည့်ရမယ်။ လာမယ့် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ကြပါ"ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးချစ်ကျော်ကပြောကြားသည်။

ရေကြီးမည်ဖြစ်သော်လည်း မြစ်ရှစ်စင်းနှင့်နီးသောမြို့ကြီးများတွင် ရေဘယ်နှပေတက်မည်နှင့် ရေကြီးချိန် မည်မျှကြာမြင့်မည်ကို တစ်ရက်တစ်ကြိမ်သတင်းထုတ်ပြန်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်မံပြောကြားသည်။

မြစ်ကြီးရှစ်စင်းနှင့်နီးသော ခန္တီး၊ဟုမ္မလင်း၊မော်လိုက်၊ကလေးဝ၊ မုံရွာ၊ ဗန်းမော်၊ ကသာ၊ မန္တလေး၊ စစ်ကိုင်း၊ ပခုက္ကူ၊ ညောင်ဦး၊ မင်းဘူး၊ မကွေး၊ ဆိပ်သာ၊ ဟင်္သာတ၊ ဇလွန်၊မြစ်ငယ်၊တောင်ငူ၊မဒေါက်၊ ရွှေကျင်၊ ဘားအံ၊ ပဲခူး၊ ငါးသိုင်းချောင်းမြို့တို့တွင် ရေလွှမ်းမိုးမည်ဖြစ်သည်။

ယင်းမြို့များအနက် အချို့သောမြို့များသည် ယခင်နှစ် (၂၀၁၁)မိုးရာသီတွင် ရက်ရှည်ရေလွှမ်းမှုကိုခံစားရကြောင်း ယခုနှစ်မိုးရာသီတွင် မိုးလယ်ကာလ၌ မေလတွင် ပြုလုပ်သော ၂၀၁၂ ခုနှစ် မုတ်သုံဖိုရမ်ပွဲတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရှိ ပုဂ္ဂိုလ်များကပြောကြားခဲ့သည်။

ဇူလိုင်လ ပထမပတ် ဆယ်ရက်အတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနား၊ ဗန်းမော်နှင့် ကသာမြို့တို့တွင် သုံးပေ၊မန္တလေး၊ စစ်ကိုင်းမြို့တို့တွင် ငါးပေ၊ပခုက္ကူ၊ ညောင်ဦး၊ချောက်၊မင်းဘူး၊မကွေး၊ အောင်လံ၊ပြည်၊ ဆိပ်သာ၊ဟင်္သာတ၊ ဇလွန်မြို့တို့တွင် ခြောက်ပေ မြင့်တက်မည်ဖြစ်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီး၊ ဟုမ္မလင်းမြို့တို့တွင် ငါးပေ၊ မော်လိုက်၊ ကလေးဝနှင့် မုံရွာမြို့တို့တွင် သုံးပေမြင့်တက်မည်ဖြစ်သည်။

မိုးလယ်ကာလသည် ဇူလိုင်လမှ ဩဂုတ်လကုန်အထိဖြစ်ပြီး နှစ်လကြာမြင့်သည်။



7DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

## တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် စစ်မြေပြင်စည်းကမ်းများ ရေးဆွဲနေဟုဆို

**အောင်သူရ၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ဇူလိုင်-၁**

တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ စစ်မြေပြင်တွင် လိုက်နာရမည့် စစ်မြေပြင်စည်းကမ်းများကို ရေးဆွဲနေပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက ပြောသည်။

"တပ်မတော်မှာ ကျင့်ဝတ်ရှိပြီးသား၊ ကရင်တို့ ကချင်တို့မှာလည်းရှိမှာပဲ၊ တူရာတွေပေါင်းပြီး တစ်စောင်ထုတ်မှာပါ"ဟု ၎င်းကပြောသည်။ အဆိုပါ စစ်မြေပြင်စည်းကမ်းများကို နှစ်ဦးနှစ်ဖက်သဘောတူပြဋ္ဌာန်းပြီးပါက ဖြစ်ပေါ်လာသော ပြဿနာကိစ္စရပ်များကို အဆင့်သုံးဆင့်ဖြင့် စောင့်ကြပ်စစ်ဆေးသွားမည်ဖြစ်သည်။ ဦးဆုံးအဆင့်၌ ဒေသတွင်း စောင့်ကြပ်စစ်ဆေးရေးဖြစ်သော ပြည်တွင်းမီဒီယာများ၊ နှစ်ဦးနှစ်ဖက်သဘောတူခန့်အပ်သည့် သမာဓိလူကြီးများက စစ်ဆေးမည်ဖြစ်သည်။

ဒုတိယအဆင့်ဖြစ်သောနိုင်ငံတကာစောင့်ကြည့်ရေးတွင်ပြည်ပနိုင်ငံများ၊ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာသံတမန်များပါဝင်သွားမည်ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် မည်သူမဆို ပါဝင်စစ်ဆေးနိုင်သော အခြေအနေသို့ရောက်အောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားခဲ့သည်။

## တောင်သူလယ်သမားများ အဆိုးရွားဆုံးအခြေအနေနှင့် ရင်ဆိုင်နေရဟု ဆန်စပါးအသင်းဥက္ကဋ္ဌပြောကြား

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ဇွန်-၃၀**




**စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် တွေ့ရသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း**

လက်ရှိတောင်သူလယ်သမားများ အခြေအနေမှာ အဆိုးရွားဆုံးအခြေအနေနှင့် ရင်ဆိုင်နေရပြီဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌဦးချစ်ခိုင်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသို့ ပြောကြားလိုက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအပါအဝင် လွှတ်တော်ကော်မတီလေးခုမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲပြုလုပ်ခဲ့သော ဇွန်လ ၃၀ ရက်တွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ငွေကြေးမတတ်နိုင်လို့ တာဝန်ကျေစိုက်တဲ့ အနေအထားပဲရှိတော့ ကြပဲစိုက်ကြတော့တယ်။ ဒီအခြေအနေဟာ ပြည်တွင်းစားသုံးမှုရော ပြည်ပတင်ပို့မှုကိုပါ စိုးရိမ်စရာပါ"ဟု ဦးချစ်ခိုင်ကပြောသည်။

ပုံမှန်အားဖြင့် ကြခင်းနှင့် စိုက်ခင်းမှာ တစ်ဧကလျှင် စပါး ၁၅ တင်းမှ တင်း ၂၀ ထိ အထွက်ကွာလေ့ရှိပြီး ယခုနှစ်တွင် ငွေကြေးမတတ်နိုင်သဖြင့် စပါးကို ကြခင်းအဖြစ် စိုက်ပျိုးသူများလာကြောင်း ပဲခူးနှင့် ဧရာဝတီတိုင်းမှ တောင်သူများက ပြောသည်။

"ကြခင်းပဲစိုက်စိုက်၊စိုက်ခင်းပဲစိုက်စိုက် စိုက်တဲ့လူပေါ် မူတည်တယ်။ ကြခင်းက စိုက်ခင်းထက် ကုန်ကျစရိတ်က သုံးပုံတစ်ပုံသက်သာတယ်"ဟု စိုက်ပျိုးရေးပညာရှင်ဒေါက်တာထွန်းဝင်းကပြောသည်။

အစိုးရက ယခင်က တစ်ဧကလျှင် ကျပ်လေးသောင်းသာ ချေးပေးခဲ့သော်လည်း ယခုနှစ်မိုးစပါးရာသီတွင် တစ်ဧက တစ်သောင်းတိုးကာ ကျပ်ငါးသောင်းချေးပေးနေသည်။

"အခုချိန်လုပ်ရင်တော့ မီနိုင်သေးတယ်။ လယ်တစ်ဧကကို ပျမ်းမျှ တစ်သိန်းခွဲကနေ နှစ်သိန်းကျပ် ကုန်တယ်။ အနည်းဆုံးတစ်သိန်းလောက် လယ်သမားကရရင်တော့လုပ်ငန်းအဆင်ပြေနိုင်တယ်"ဟု ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီမှအုပ်ချုပ်မှုဒါရိုက်တာဒေါက်တာစိုးထွန်းကပြောသည်။

ယခင် အထူးပြုကုမ္ပဏီ ၅၈ ခုက သက်ဆိုင်ရာမြို့နယ်များတွင် တောင်သူအချို့အား တစ်ဧကလျှင် ကျပ်နှစ်သောင်းနှင့် သွင်းအားစု အနည်းငယ်ချေးပေးခဲ့သော်လည်း ပြီးခဲ့သည့် မိုးစပါးရာသီက ချေးငွေအပြည့်အဝပြန်မရကြသဖြင့် ကုမ္ပဏီ ၃ ခုသာ ငွေချေးနိုင်တော့သည်။

မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၈ သန်းခန့် ရှိပြီး တစ်ဧကလျှင် တင်း ၅၀ ခန့်သာ ပျမ်းမျှထွက်ရှိကာ ပြီးခဲ့သည့်နှစ်ကလည်း ရာသီဥတု ဖောက်ပြန်မှုကြောင့် အထွက်လျော့ခဲ့သည်။

## ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ပမာဏအတိုင်း ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားသားများကို ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံခွင့်ပေးမည်

**အောင်သူရ၊ ရန်မျိုးနိုင်**

**နေပြည်တော်၊ဇူလိုင်-၁**

ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ငါးသိန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတွင် အမေရိကန်ဒေါ်လာသုံးသိန်း ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားသားများကို ၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံခွင့်ပေးမည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဦးဆောင်ညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးကပြောသည်။

သို့သော် စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများတွင် နိုင်ငံခြားသားများအား ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံခွင့် ပေးမထားကြောင်းနှင့် ခရီးသွားလုပ်ငန်းတွင် ၇၀ ရာခိုင်နှုန်းသာ နိုင်ငံခြားများကို ရင်းနှီးမြှုပ်နှံခွင့်ပေးထားကြောင်း ဦးအောင်နိုင်ဦးကပြောသည်။

ထို့အပြင် ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံခွင့် ပြုပေးထားသောစာရင်းများအား ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သော www.dica.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိမြန်မာနိုင်ငံစီးပွားရေး ကျဆင်းနေသည်မှာ ၂နှစ်ခန့် ရှိနေပြီဖြစ်နေသဖြင့် ဝင်ရောက်လာမည့်ရင်းနှီးမြှုပ်နှံမှုများထဲမှ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအား နိုင်ငံခြားသားများကို ၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံခွင့်ပေးပါက ပြည်တွင်းလုပ်ငန်းရှင်များ ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း လုပ်ငန်းရှင်များက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ထို့အပြင် အိမ်နီးချင်းနိုင်ငံများမှ တရားမဝင် ဝင်ရောက်လာသော စားသောက်ကုန်ပစ္စည်းများကြောင့် ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်ငန်းမှာ ရပ်ဆိုင်းလုနီးပါးအခြေအနေတွင် ရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်သူများအသင်း ဒုဥက္ကဋ္ဌဦးဝေဖြိုးကပြောသည်။

အစိုးရသစ်တက်လာပြီး ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်လာသောကြောင့် ပြည်ပနိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့်သူများ မြန်မာနိုင်ငံသို့ စိတ်ဝင်တစားလာရောက်လေ့လာမှုများပြုလုပ်လျက်ရှိ သည်။

ထိုကဲ့သို့ လာရောက်သူများထဲတွင် ဂျပန်နိုင်ငံမှ အများဆုံးဖြစ်ပြီး စက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် အစီအစဉ်ရှိကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သတင်းရရှိသည်။

## မြေဈေးကွက်ကို ကားဈေးကွက်ကဲ့သို့ဖြစ်အောင်လုပ်ရန် အစီအစဉ်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းပြောကြား

**အောင်သူရ၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇူလိုင် - ၂**

အာရှတွင် ဈေးအကြီးဆုံးဖြစ်နေသော မြန်မာနိုင်ငံမြေဈေးနှုန်းများကို ကားဈေးကွက်ကဲ့သို့ဖြစ်သွားရန် ပြုလုပ်မည့်အစီအစဉ်တစ်ခုရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကပြောကြားလိုက်သည်။

နေပြည်တော်တွင် ဇူလိုင်၁ရက်က ပြည်တွင်းမီဒီယာများနှင့် တွေ့ဆုံပွဲ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"အခွန်စနစ်လုပ်လို့ရပါတယ်။ ဥပဒေတစ်ခုပြဋ္ဌာန်းပေးရမှာပေါ့" ဟု ဦးစိုးသိန်းက ဆက်လက်ပြောကြားသည်။

ဈေးကွက်စီးပွားရေးစနစ်တွင် လက်တွေ့ဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ ဥပဒေပြုခြင်း၊ ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများကို လွှတ်တော်တွင်ပြုလုပ်ရကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လည်းဖြစ်သူ ရှေ့နေလည်းဖြစ်သူ ဦးသိန်းညွန့်က ပြောသည်။

လက်ရှိ ရန်ကုန်နှင့် မန္တလေးမြို့များရှိ စက်မှုဇုန်များ၏ မြေဈေးနှုန်းနှင့် လျှပ်စစ်မီးပြဿနာများမှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်သူများအတွက် အဓိကစိန်ခေါ်မှုဖြစ်ကြောင်း လုပ်ငန်းရှင်များကပြောသည်။

"စက်မှုဇုန်တွေမှာ မြေဝယ်ပြီး ခြံစည်းရိုးခတ်ထားတာတွေ အများကြီးပဲ။ ဒါက ဝယ်ပြီး ရင်းနှီးမြှုပ်နှံထားတာ။ ဒီလူတွေကြောင့် စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးဖြစ်နေတယ်"ဟု စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဦးအေးလွင်က ဇွန် ၃၀ ရက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံပွဲ၌ ပြောသည်။

ရန်ကုန်မြို့ရှိစက်မှုဇုန်ဈေးနှုန်းမှာ ဈေးအနိမ့်ဆုံးဖြစ်သော တောင်ဥက္ကလာစက်မှုဇုန်တွင် မြေတစ်ကွက်လျှင် ကျပ်သိန်း ၄,၀၀၀ ဈေးရှိပြီး မြောက်ဥက္ကလာစက်မှုဇုန်တွင်ပေ၁၈၀မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၈,၅၀၀ ထိ ဈေးခေါ်နေကြကြောင်း အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။

သို့သော် မြေကွက်အများစုပိုင်ဆိုင်ထားသူများမှာ ချမ်းသာသောလုပ်ငန်းရှင်ကြီးများနှင့် အစိုးရအဖွဲ့နှင့် နီးစပ်သူများဖြစ်သဖြင့် အလွယ်တကူလုပ်ဆောင်၍ရမည်မဟုတ်ကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ဆိုသည်။

အစိုးရသစ်တက်လာပြီးနောက် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်သည့်နှုန်းထား ကျဆင်းသွားသဖြင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ၎င်း၏ လုပ်ပိုင်ခွင့်ထဲမှ အချို့မူဝါဒများ ဆောင်ရွက်ခဲ့ရာ ဈေးအနည်းငယ်ပြန်တက်လာခဲ့သည်။

ယခင်ကကျပ်သိန်းထောင်ချီပေးဝယ်နေရသောကားဈေးများအား အစိုးရသစ်လက်ထက်တွင်ဆောင်ရွက်ခဲ့သောဥပဒေများကြောင့် ကားဈေးနှုန်းမှာ တဖြည်းဖြည်းကျဆင်းလာပြီး သိန်းထောင်ချီဈေးရှိ ကားများမှာ ကျပ်သိန်းရာဂဏန်းမျှသာဈေးရှိတော့သည်။

ယခုလက်ရှိတွင် အစိုးရအား အိမ်ခြံမြေနှင့်ပတ်သက်၍ ရောင်းသူက အခွန် ၁၀ရာခိုင်နှုန်းနှင့် ဝယ်သူက အခွန် ၁၅ ရာခိုင်နှုန်းပေးဆောင်နေရသည်။

မြန်မာ့လက်ခစား(CMP)လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ဇွန်လ ၃ ရက်က ပြုလုပ်သောဆွေးနွေးပွဲတွင်ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်သည့်နှုန်းထား မြင့်တက်လာစေရန် အစီအစဉ်တစ်ခုရှိသည်ဟု ပြောကြားခဲ့သည်။

ထိုကဲ့သို့ပြောပြီး သုံးရက်အကြာတွင်အစိုးရကတစ်သောင်းတန်ငွေစက္ကူထုတ်ဝေရန် ကြေညာခဲ့ပြီး ဇွန်လ ၁၅ ရက်တွင်ထုတ်ဝေခဲ့သည်။ ထို့နောက်ပိုင်း ဒေါ်လာတန်ဖိုး တဖြည်းဖြည်းတက်လာပြီး ဇူလိုင်လဆန်းတွင် သိမ်ဖြူနိုင်ငံခြားငွေလဲကောင်တာရောင်းဈေး တစ်ဒေါ်လာလျှင် ၈၈၀ ကျပ်ဝန်းကျင်ဈေးတက်လာခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.17 • JULY 5 , 2012

# ကေအိုင်အေဗိုလ်ကြီးဟု ဖမ်းဆီးခံထားရသော စစ်ဘေးဒုက္ခသည်အရေး ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မည်

**အေးမြကျော်၊အောင်နိုင်**

**ရန်ကုန်၊ဇူလိုင်-၂**

ဂျန်မိုင်ကောင်းဒုက္ခသည်စခန်းတွင် နေထိုင်ခဲ့ပြီး ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ)မှ ဗိုလ်ကြီးအဆင့်ဟု စွပ်စွဲဖမ်းဆီးခံထားရသူ ဦးလထော်ဘရမ်ရှောင်ကိုပြန်လွှတ်ပေးရေး၊ စစ်ဘေးဒုက္ခသည်များကို စခန်းများအတွင်း အဓမ္မဝင်ရောက်ဖမ်းဆီးခြင်းများ မပြုလုပ်ရန် စသည့်အချက်များအပါအဝင် အချက် ၅ ချက်ကို ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) မှ ဦးဆောင်ပြီး စစ်ဘေးဒုက္ခသည်များက ဇူလိုင် ၆ ရက်၌ မြစ်ကြီးနားမြို့တွင် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်တောင်းဆိုသွားမည်ဖြစ်ကြောင်း KBC အထွေထွေအတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဆွန်က ပြောကြားသည်။

မြစ်ကြီးနားမြို့ရှိ စစ်ဘေးဒုက္ခသည်ဦးရေ အများဆုံးနေထိုင်ရာ စခန်းဖြစ်သည့် ဂျန်မိုင်ကောင်းစခန်းသို့ ဇွန်လ ၁၇ ရက် နံနက်က အမှတ်(၁) ရဲစခန်းမှ စခန်းမှူးနှင့် စစ်ဖက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ ရောက်ရှိကာ အဆောင်(၂)တွင် နေထိုင်သူ ဦးလထော်ဘရမ်ရှောင်ကို ပေါက်ကွဲ(၃)အမှုနှင့် စစ်ဆေးရန် ရှိသည်ဟုဆိုကာ လက်ထိပ်ခတ်ဖမ်းဆီးသွားပြီး ဇွန်လ ၂၃ ရက်တွင် နိုင်ငံပိုင်ရုပ်သံသတင်းများနှင့် ရတနာပုံနှင့်မြဝတီသတင်းစာတို့တွင် ဦးလထော်ဘရမ်ရှောင်အား ကေအိုင်အေမှ ဗိုလ်ကြီးအဆင့်နှင့် ဒုက္ခသည်စခန်းတွင် လာရောက်နေထိုင်နေသူတစ်ဦးအဖြစ် ဖော်ပြထားသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကချင်ပြည်နယ်ရဲတပ်ဖွဲ့သို့ ဆက်သွယ်မေးမြန်းရာ ရဲစစ်အဆင့်သာရှိသေးကြောင်းနှင့် ဦးဘရမ်ရှောင်ကိုယခုအခါပုဒ်မ ၁၇(၁)ဖြင့်စွဲဆိုထားကြောင်းဖြေကြားသည်။

"ဦးဘရမ်ရှောင်က စခန်းစဖွင့်ပြီး နောက်တစ်ရက်(ဇူလိုင် ၂၉၊ ၂၀၁၁)ကစလို့ စခန်းမှာ တစ်နှစ်ကျော်ကြာအောင် နေလာသူပါ။ ကျွန်တော် သူနဲ့ပတ်သက်ပြီး အာမခံချက်အပြည့်အဝပေးနိုင်တယ်။ သူဟာ စည်းကမ်းလိုက်နာသူတစ်ဦးပါ"ဟု ဂျန်မိုင်ကောင်းစစ်ဘေးဒုက္ခသည်စခန်းမှ တာဝန်ခံ ဦးအောင်မြတ်က ပြောကြားသည်။

အစိုးရဘက်မှ ကေအိုင်အေဗိုလ်ကြီးအဆင့်ရှိသူဟု သတ်မှတ်ထားသော ဦးဘရမ်ရှောင်နှင့်ပတ်သက်ပြီး ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)မှ တာဝန်ရှိသူတစ်ဦးကို ဆက်သွယ်မေးမြန်းရာ "တကယ်တမ်းသာ ကျွန်တော်တို့တပ်ဖွဲ့ဝင်ဆိုရင် အစိုးရထိန်းချုပ်နယ်မြေက ဒုက္ခသည်စခန်းမှာဒုက္ခသည်အနေနဲ့ နေစရာအကြောင်း မရှိပါဘူး"ဟု ဖြေကြားသည်။

ဇွန်လ ၁၇ ရက်က ဖမ်းဆီးခေါ်ဆောင်သွားသော ဦးဘရမ်ရှောင်ကိုဇွန်လ ၂၀ ရက်တွင် လူဦးရေ ခုနစ်ရာကျော်နေထိုင်သော ဂျန်မိုင်ကောင်းဒုက္ခသည်စခန်းသို့ ပြန်လည်ခေါ်ဆောင်လာပြီး ဖမ်းဆီးခေါ်ဆောင်သွားပုံကိုပြန်လည်သရုပ်ပြခြင်းပြုလုပ်ခိုင်းခဲ့ရာ စစ်မေးထားစဉ်က ရရှိထားသော ဖုံးယောင်နေသည့် ဒဏ်ရာများနှင့် ဦးဘရမ်ရှောင်ကို တွေ့ရှိခဲ့သဖြင့် စခန်းတွင် နေထိုင်သူ စစ်ဘေးဒုက္ခသည်များက ကြောက်ရွံ့ကာ စခန်းတွင် ဆက်လက်မနေထိုင်လိုကြတော့ကြောင်း စခန်းတာဝန်ခံ ဦးအောင်မြတ်ကပြောကြားသည်။

မြန်မာ့တပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်လာပြီး အစိုးရထိန်းချုပ်နယ်မြေဖြစ်သော မြစ်ကြီးနားမြို့တွင် ယခုလပိုင်းများ၌ ယင်းဖြစ်စဉ်နှင့်ဆက်စပ်ကာ စစ်ဘေးဒုက္ခသည်စခန်းများတွင်ဝင်ရောက်စစ်ဆေးခြင်း၊ ရှာဖွေခြင်းများပြုလုပ်နေသဖြင့် စစ်ဘေးရှောင်ဒုက္ခသည်များမှာ စိုးရိမ်ကြောက်လန့်ပြီး ထပ်မံထွက်ပြေးရန်ပင် စဉ်းစားနေကြကြောင်း အနီးကပ်ကူညီပေးနေသူများထံမှ သိရသည်။

"ဒီကိစ္စပြီးနောက်မှာကျွန်းပင်သာဆိုတဲ့စစ်ဘေးဒုက္ခသည်စခန်းမှာ အိမ်ထောင်စု ၄ စု၊ လူဦးရေ ၂၀ ယောက် ထွက်ပြေးသွားတယ်။ စိုးရိမ်ပြီးတော့။ အခုဆို စစ်ဘေးဒုက္ခသည်တော်တော်များများက ကြောက်နေကြတယ်" ဟု ဒေါက်တာခလမ်ဆမ်ဆွန်က ပြောသည်။

စစ်ကြောင့်စစ်ဘေးဒုက္ခသည်အရေအတွက်မှာ တစ်နှစ်ကျော်ကြာမြင့်ချိန်တွင် ပြည်နယ်တစ်ခုလုံး၌ ရှစ်သောင်းအထိရှိလာပြီး မြစ်ကြီးနားနှင့် ဗိုင်းမော်မြို့နယ်တို့တွင် ဒုက္ခသည်စခန်း ၁၇ ခုရှိသည်။

# ဆဲဗင်းဂျူလိုင် နှစ်(၅၀)ပြည့်ပွဲများ ကျင်းပခွင့် မရ

**ခင်ငြိမ်းချမ်းစိုး**

**ရန်ကုန်၊ဇူလိုင်-၂**

ဇူလိုင် ၇ ရက်တွင် ကျင်းပရန် စီစဉ်ထားသော အနယ်နယ်အရပ်ရပ်မှ ဆဲဗင်းဂျူလိုင် နှစ်(၅၀)ပြည့် အခမ်းအနားပွဲများ ကျင်းပမည့် အစီအစဉ်ကို အစိုးရတာဝန်ရှိသူများက ကျင်းပခွင့်ပိတ်လိုက်သောကြောင့် ပွဲများဖျက်သိမ်းလိုက်ရကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ သတင်းရရှိသည်။

တက္ကသိုလ်သမဂ္ဂအဆောက်အဦ ဖောက်ခွဲခံရသည့် နှစ်(၅၀)ပြည့်အောက်မေ့ဖွယ်အခမ်းအနားကို မူလက ရန်ကုန်မြို့ တော်ဝင်နှင်းဆီစားသောက်ဆိုင်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ဇူလိုင် ၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံမှ ပွဲကျင်းပခွင့်ပိတ်ပင်သည့်စာရောက်ရှိလာခြင်းကြောင့် ပွဲကျင်းပမည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။

ဇူလိုင် ၂ရက်တွင် ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တော်ဝင်နှင်းဆီစားသောက်သို့ဆဲဗင်းဂျူလိုင်ပွဲကိုလက်ခံကျင်းပခြင်းမပြုရန်၊ လက်ခံကျင်းပပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားစာရောက်ရှိလာကြောင်း တော်ဝင်နှင်းဆီ စားသောက်ဆိုင်မှ တာဝန်ရှိသူ မနှင်းမွန်ဆွေက ပြောသည်။

မန္တလေးမြို့တွင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၏ ပိတ်ပင်မှုကြောင့် ဇူလိုင် ၇ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်များကို ဖျက်သိမ်းလိုက်ရကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ (အ ထက်မြန်မာပြည်)မှ ကိုမိုးထက်နေ က ပြောကြားသည်။

ကျောင်းသားများ ရာနှင့်ချီ၍ အသက်စွန့်ခဲ့ကြရသည့် ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက် အရေးတော်ပုံနှင့်ကျောင်းသားသမဂ္ဂအဆောက်အဦ ဖောက်ခွဲဖျက်ဆီးခံရသည့် နှစ်ငါးဆယ်ပြည့်အထိမ်းအမှတ် အောက်မေ့ဖွယ်အခမ်းအနားများကို ယခုနှစ်တွင် ကြီးကျယ်ခမ်းနားစွာ ပြုလုပ်သွားမည်ဟု ကျောင်းသားသမဂ္ဂအဖွဲ့များက စီစဉ်ခဲ့သော်လည်း ယခုအခါ ကျင်းပနိုင်ခြင်း မရှိတော့ကြောင်း သိရသည်။

# နိုင်ငံအမည် ခေါ်ဝေါ်သုံးစွဲခြင်းနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်မှတ်ချက်ပြုပြောကြား

**အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင်-၃**

မြန်မာနိုင်ငံကို လွတ်လပ်ရေးရစဉ်ကတည်းက အင်္ဂလိပ်ဘာသာအရ တရားဝင် BURMA ဟု သုံးနှုန်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် Myanmar ဟု ပြောင်းလဲခဲ့ခြင်းဖြစ်ကာ ပြောင်းလဲချိန်တွင် ပြည်သူလူထု၏ ဆန္ဒကိုလုံးဝ မလေ့လာဘဲနှင့် ပြောင်းလဲခဲ့ခြင်းဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ယနေ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ပြောကြားလိုက်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပခရီးစဉ်အတွင်း မိန့်ခွန်းများပြောကြားခဲ့ရာတွင်"BURMA" ဟု သုံးနှုန်းခဲ့သောကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကန့်ကွက်ထားခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က ထိုကဲ့သို့ Myanmar ဟု ပြောင်းလဲခေါ်ဝေါ်ခိုင်းခြင်းနှင့်ပတ်သက်၍ "နိုင်ငံတစ်နိုင်ငံရဲ့ နာမည်နဲ့ပတ်သက်လို့ တရားဝင်နာမည်ပဲဖြစ်ဖြစ်၊ ကုလသမဂ္ဂမှာ သုံးဖို့ဆိုပြီး ပေးလိုက်တဲ့ နာမည်ပဲဖြစ်ဖြစ် ကုလသမဂ္ဂမှာသုံးတဲ့ နာမည်ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆိုင်ပါဘူး။ ဒါက သက်သက်ပါ ဒါပြည်သူ ပြည်သားတွေရဲ့ သဘောတရားတွေကိုလေ့လာပြီးတော့ လုပ်သင့်တယ်လို့ ကျွန်မထင်တယ်။ ဒါက ဒီမိုကရေစီနည်းအရပါ။ ပြည်သူတွေကို လေးစားတဲ့ အနေနဲ့။ နောက်တစ်ခုကလည်း လွတ်လွတ်လပ်လပ် ပြောဆိုပိုင်ခွင့်ပါ။ လွတ်လွတ်လပ်လပ် ကိုယ့်ရင်ထဲမှာရှိတဲ့အတိုင်း ပြောဆိုပိုင်ခွင့်ဆိုတာဟာ ဒါဘယ်သူ့ကိုမှလည်း စော်ကားတာ မဟုတ်ဘူး။ အဲဒါဟာလည်း ဒီမိုကရေစီသဘောတရား၊ ဒီမိုကရေစီရဲ့ မူဝါဒတွေနဲ့ ဆိုင်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်မအနေနဲ့တော့ ဒီမိုကရေစီကို ယုံကြည်လို့၊ ကျွန်မဟာ ကျွန်မသုံးချင်သလို သုံးခွင့်ရှိတယ်လို့ ကျွန်မကတော့ ယူဆတယ်" ဟု ပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က အသုံးအနှုန်းများနှင့်ပတ်သက်၍ ဥပမာပေးရာတွင် "ကျွန်မတို့ အင်္ဂလန်၊ အင်္ဂလန်ခေါ်နေတာ၊ တကယ်တော့ သူတို့ရဲ့ တရားဝင်နာမည်က United Kindom ပါ။ ဒါပေမဲ့ ကျွန်မတို့ ဒီလိုပဲပြောတာပဲ။ အင်္ဂလန်တို့လည်း ပြောတာပဲ။ ဗြိတိန်လို့လည်း ပြောတာပဲ"ဟု ပြောကြားသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

7Day News ဂျာနယ် အတွဲ(၁၁)၊ အမှတ်(၁၄)၊ စာမျက်နှာ-၂၄ တွင်ပါဝင်ခဲ့သော **'စီဒီအမ်အေ ၈၀၀ နှင့် ၄၅၀ ဖုန်းများတွင် My Ring Tune စနစ်သုံးနိုင်မည်'** သတင်း၌ ဖော်ပြခဲ့သော **"မိမိကြိုက်နှစ်သက်သည့်သီချင်းကို ရွေးချယ်ထည့်သွင်းနိုင်ပြီး သီချင်း တစ်ပုဒ်လျှင် ကျပ်နှစ်ထောင်နှင့် လစဉ်ဝန်ဆောင်မှုမှာ ကျပ်သုံးထောင်"**အစား **"သီချင်းတစ်ပုဒ်လျှင် ကျပ် ၃၀၀ နှင့် လစဉ်ဝန်ဆောင်မှုမှာ ကျပ် ၂,၀၀၀"**ဟုပြင်ဆင်သိမှတ်ပေးပါရန် ဖော်ပြအပ်ပါသည်။

---------------

ယခုတစ်ပတ်ထုတ် 7 Day News ဂျာနယ် အတွဲ(၁၁) အမှတ်(၁၇) စာမျက်နှာ(၇)ပါ **ဓမ္မစေတီခေါင်းလောင်းဆယ်ယူရေး**သတင်းတွင် **'မြန်မာ နိုင်ငံဗြိတိသျှလက်အောက်သို့ ကျရောက်ပြီးနောက် ၁၆၁၂ ခုနှစ်'** စာသားအစား **'၁၆၁၂ ခုနှစ်'**ဟူ၍သာ ပြင်ဆင်သိမှတ်ပေးပါရန် ဖော်ပြအပ်ပါသည်။

**(အယ်ဒီတာ)**

# မျက်နှာဖုံး-ထားဝယ်ရေနက်ဆိပ်ကမ်းတွင် မက်စ်မြန်မာ၏ ရင်းနှီးမြှုပ်နှံမှု ဖြည်းဖြည်းချင်း လျှော့ချသွားမည် မှ

မျက်နှာဖုံး-

ရာခိုင်နှုန်း မြှုပ်နှံမည်ဟု ဆိုသော်လည်း မည်သည့်ပမာဏအထိ လျှော့ချမည်ကို ကုမ္ပဏီနှစ်ခုလုံးက ဖြေကြားခဲ့ခြင်းမရှိချေ။

စီမံကိန်း အကောင်အထည်ဖော်ရာတွင် အဓိကအဆင့်သုံးဆင့်ဖြင့် သတ်မှတ်ထားပြီး လုပ်ငန်းစီမံကိန်းကို ၂၀၁၀ မှ ၂၀၁၉ ခုနှစ်အတွင်း အပြီးသတ်တည်ဆောက်မည်ဟု အီတာလျံ-ထိုင်းကုမ္ပဏီ၏ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

မက်စ်မြန်မာကုမ္ပဏီက လုပ်ဆောင်နေသော လုပ်ငန်းများကို ယခုလကုန်တွင် အပြီးသတ်လုပ်ဆောင်ပြီး နုတ်ထွက်မည်ဟု သတင်းများထွက်ပေါ်လာသော်လည်း ရွှေ့ပြောင်းရမည့်ရွာများအတွက် နေအိမ်တည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ယခုလက်ရှိဆောင်ရွက်နေကြောင်း ထားဝယ်အခြေစိုက် မက်စ်မြန်မာကုမ္ပဏီ တာဝန်ခံ ဦးစောမြသောင်းကပြောသည်။

"ကြားတော့ကြားတယ်။ ဒါပေမဲ့ လက်ရှိ လုပ်နေတယ်။ ဘာမှ အကြောင်းကြားတာမျိုး မရှိသေးဘူး"ဟု ဦးစောမြသောင်းကပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင် အီတာလျံ-ထိုင်းကုမ္ပဏီမှ ၅၀ ရာခိုင်နှုန်းနှင့် မက်စ်မြန်မာမှ ၂၅ ရာခိုင်နှုန်း မြှုပ်နှံ၍ စီမံကိန်းခြောက်ခုကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ အကောင်အထည်ဖော်ရမည့်စီမံကိန်းခြောက်ခုမှာ ဇုန်အတွင်း ရေရရှိရေးအတွက် ဆည်တည်ဆောက်ခြင်း၊ ပြောင်းရွှေ့ကျေးရွာများကို နေရာချထားပေးခြင်းနှင့် လျော်ကြေးပေးခြင်း၊ ရေနက်ဆိပ်ကမ်းတည်ဆောက်ပေးခြင်း၊ လမ်းမကြီးနှင့် လမ်းကွန်ရက်များ ဖောက်လုပ်ခြင်း၊ ကျောက်မိုင်းခွဲခြင်းတို့ဖြစ်သည်။

"စက်ရုံ တည်ဆောက်ရေးတွေမပါဘူး။ ဒီပရောဂျက်ခြောက်ခုကိုပဲ အတူတူလုပ်ကြတာပါ" ဟု အီတာလျံ-ထိုင်းကုမ္ပဏီမှ တာဝန်ခံဦးစောစိုးကြည်ကပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် အီတာလျံ-ထိုင်းကုမ္ပဏီနှင့် မက်စ်မြန်မာကုမ္ပဏီတို့ ပူးပေါင်း၍ ထားဝယ်ဖွံ့ဖြိုးရေးကုမ္ပဏီကိုတည်ထောင်ခဲ့သည်။ မြန်မာအစိုးရအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေကိုပြဋ္ဌာန်းထားသည့်အပြင်ဝန်ကြီးအဆင့် ပါဝင်သော ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီတစ်ရပ်ကိုဖွဲ့စည်းပေးခဲ့သည်။

မက်စ်မြန်မာကုမ္ပဏီမှ အကောင်အထည်ဖော်ရာတွင် ၂၅